စာပေဗိမာန်စာမူဆု ဘာသာပြန်စာပေ ပထမဆု

# အုပ်ချုပ်မှု
# နှင့်
# နိုင်ငံသားဖြစ်မှု

တင်မောင်သန်း (ရွာမ)

၂၀၁၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ဘာသာပြ၊ ၁ပေ၊ ပထမဆု

# အုပ်ချုပ်မှု
# နှင့်
# နိုင်ငံသားဖြစ်မှု

## တင်မောင်သန်း (ရှာဓ)


တည်းဖြတ်သူ - ဒေါ်နုနုယဉ် (နန်းညွန့်ယဉ်ခမ်း)
စာတည်းမှူး
- ဒေါ်မေသူစိုး (လင်းထက်သော်တာ)
စာတည်း

အဖုံးပန်းချီ - သူဇာဝင်း



စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အုပ်ချုပ်မှု** | ၁ |
| | – နောက်ကြောင်းသမိုင်း | ၆ |
| | – အုပ်ချုပ်မှုဆိုင်ရာ ရှုထောင့်အမျိုးမျိုးနှင့် နည်းလမ်းအသွယ်သွယ် | ၁၃ |
| | – အုပ်ချုပ်မှုကို အဆောက်အအုံတစ်ခုအဖြစ်ရှုမြင်ခြင်း | ၁၅ |
| | – အုပ်ချုပ်မှုကို လုပ်ငန်းစဉ်တစ်ရပ်အဖြစ်ရှုမြင်ခြင်း | ၁၉ |
| | – အုပ်ချုပ်မှုကို ချဉ်းကပ်ပုံအမျိုးမျိုးနှင့် ကျင့်သုံးမှုပုံစံအသွယ်သွယ် | ၂၀ |
| | – အုပ်ချုပ်မှုဆိုင်ရာအယူအဆများ | ၂၈ |
| | – သုံးသပ်ချက် | ၅၄ |
| ၂။ | **နိုင်ငံသားဖြစ်မှု** | ၅၆ |
| | – နိုင်ငံသားဖြစ်မှု၏နောက်ခံသမိုင်း | ၅၈ |
| | – အလယ်ခေတ်ဦးပိုင်းနှင့် နှောင်းပိုင်းကာလ နိုင်ငံသားဖြစ်မှု | ၆၈ |
| | – ခေတ်သစ်နိုင်ငံသားဖြစ်မှု အယူအဆ | ၇၇ |
| | – လူမျိုး၊ ဘာသာပေါင်းစုံအယူအဆနှင့် နိုင်ငံသားဖြစ်မှု | ၈၉ |

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်လွန်နိုင်ငံများ၏ နိုင်ငံသားဖြစ်မှု ၁၀၀
- သုံးသပ်ချက် ၁၁၁

**၃။ ကောင်းမွန်သော အုပ်ချုပ်ရေးအယူအဆ** ၁၁၄
- အုပ်ချုပ်မှုဆိုတာ ဘာလဲ ၁၁၆
- ကောင်းမွန်သောအုပ်ချုပ်ရေး ၁၁၈
- သမိုင်းနောက်ခံအခြေအနေ ၁၂၀
- ကောင်းမွန်သောအုပ်ချုပ်ရေးအကြောင်း လူမှုသိပ္ပံ၏ အချေအတင်ဆွေးနွေးမှုများ ၁၂၄
- ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ဒီမိုကရေစီ အခြေခံသောအုပ်ချုပ်ရေး ၁၂၈
- စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး ၁၃၅
- အိန္ဒိယနိုင်ငံ စီးပွားရေးဖွံ့ဖြိုးလာမှု ၁၄၂
- အိန္ဒိယနိုင်ငံ၏ ကောင်းမွန်သောအုပ်ချုပ်ရေး ပဏ္ဏာမခြေလှမ်းများ ၁၄၈
- ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် စိန်ခေါ်မှုများ ၁၆၁
- သုံးသပ်ချက် ၁၆၇

**၄။ နိုင်ငံသားပိုင်ခွင့်များ၊ တာဝန်များနှင့် ယဉ်ကျေးမှု** ၁၇၀
- နိုင်ငံသားအဓိပ္ပာယ် ၁၇၀
- နိုင်ငံသားဖြစ်မှုအဓိပ္ပာယ် ၁၇၂
- နိုင်ငံသား၏ပိုင်ခွင့်များ ၁၇၉
- ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပိုင်ခွင့်များ ၁၈၈



| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|



- နိုင်ငံသားဆိုင်ရာပိုင်ခွင့်များ ၁၉၂
- နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များ ၁၉၆
- ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ ၁၉၉
- အရေးကြီးသောတာဝန်များ ၂၀၀
- ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားတို့၏အပြန်အလှန် ဆက်နွယ်မှုများ ၂၀၃
- ပိုင်ခွင့်များတိုးတက်လာမှု ၂၁၁
- နိုင်ငံသားတို့၏ တာဝန်ဝတ္တရားများ ၂၁၆
- နိုင်ငံသားယဉ်ကျေးမှု ၂၂၀
- နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာပြောင်းလဲမှုများ၊ လူမျိုး၊ ဘာသာပေါင်းစုံ နိုင်ငံသားဖြစ်ခွင့် ၂၂၅

**၅။ ကျမ်းကိုးစာရင်း** ၂၃၂

# အုပ်ချုပ်မှု

**ရက်ပ်တီမစ်ရှရာ**

ကမ္ဘာလွှမ်းခြုံပြောင်းလဲမှုဖြစ်စဉ်နှင့် ဒီမိုကရေစီစနစ်ကျင့်သုံးမှု ထွန်းကားကျယ်ပြန့်လာသော ယနေ့ကမ္ဘာကြီးသည် ရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို အောင်မြင်စွာဖြေရှင်းဆောင်ရွက်ပေးရန်အတွက် အစိုးရယန္တရားများသည် ဖိအားပေးမှုများနှင့်ရင်ဆိုင်နေရကာ ယနေ့ရေပန်းစားလူပြောများနေသည့် "အုပ်ချုပ်မှု" ဟူသော ဝေါဟာရသည် နိုင်ငံတော် (အစိုးရ) ၏ အခန်းကဏ္ဍနှင့် ကျင့်သုံးသည့် စည်းမျဉ်းစည်းကမ်းများ၏အပြောင်းအလဲကို ထင်ဟပ်ဖော်ပြနေပေသည်။ ဤနေရာတွင် မေးခွန်းထုတ်စရာတစ်ခုမှာ အဘယ်ကြောင့် ဤအယူအဆအရေးပါလာရသနည်းနှင့် ရှုပ်ထွေးပွေလီလွန်းသည့် နိုင်ငံရေး၊ လူမှုရေးပြဿနာများကိုကိုင်တွယ်ရာတွင် ဤနည်းလမ်းကအကောင်းဆုံးဖြစ်သည်ဟု အဘယ်ကြောင့်ရှုမြင်သနည်း။ ၁၉၈၀ ပြည့်နှစ်နှောင်းပိုင်းကာလမတိုင်မီအထိ အုပ်ချုပ်မှုဟူသောဝေါဟာရမှာ ရေပန်းစားခြင်းမရှိသေးပေ။ နိုင်ငံတော် (အစိုးရ) ၏ ပြောင်းလဲလာသည့် အခန်းကဏ္ဍနှင့်ပတ်သက်သော ပညာရှင်များ၏ယူဆဖွင့်ဆိုချက်များကို ယင်းစကားလုံးက ထင်ဟပ်ဖော်ပြနေသည်။ အချို့ပညာရှင်များအဖို့မူ အုပ်ချုပ်မှုဆိုသည်မှာ နိုင်ငံတော်၏ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍကိုလျှော့ချရန်နှင့် အခြားသောလူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍကို ဒီမိုကရေစီနည်းအရပြန်လည်ချိန်ညှိပေးရန်ဖြစ်သည်။ အခြားပညာရှင်များအတွက်မူ အုပ်ချုပ်မှုဆိုသည်မှာ

အစိုးရမဟုတ်သော လုပ်ရှားဆောင်ရွက်လုပ်ကိုင်နေသူများ၊ လူမှုအဖွဲ့အစည်းများစသည်တို့နှင့် နိုင်ငံတော်က မိတ်ဖက်အဖြစ် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သည့်စနစ်ပင်ဖြစ်သည်။ နိုင်ငံတော်၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့် အခြေခံကျသောဆွေးနွေးမှုများကို မဆွေးနွေးမီ ကမ္ဘာ့ရှေ့ဆောင်အဖွဲ့အစည်းများက လက်ခံအသိအမှတ်ပြုထားကြသော အခြေခံကျသည့် အုပ်ချုပ်မှုဆိုင်ရာ ဖွင့်ဆိုချက်များကို လေ့လာသွားမည် ဖြစ်သည်။

အုပ်ချုပ်မှုနှင့်ပတ်သက်သည့် ကမ္ဘာ့ရှေ့ဆောင်အဖွဲ့အစည်းများ၏ဖွင့်ဆိုချက်များနှင့် လေ့လာချက်များသည် ဩဇာအာဏာကိုင်တွယ်အသုံးပြုမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရည်ညွှန်းဖော်ပြသည့်နေရာတွင် လာရောက်ပေါင်းဆုံနေကြောင်းတွေ့ရှိရသည် (ဖုကုဒါပါနှင့် ရစ်ချဒ်ပွန်ဇီယို ၂၀၀၂။ စာ-၂)။

**ကမ္ဘာ့ဘဏ်။** အုပ်ချုပ်မှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအရင်းအမြစ်များကို စီမံခန့်ခွဲမှုပြုရာတွင် ရရှိထားသောဩဇာအာဏာကို ကိုင်တွယ်အသုံးပြုခြင်းပင် ဖြစ်သည်။ အုပ်ချုပ်မှုတွင်ပါဝင်သော မတူကွဲပြားခြားနားသည့် ကဏ္ဍသုံးရပ်အကြောင်းကို ကမ္ဘာ့ဘဏ်က ထောက်ပြထားသည်။

(၁) နိုင်ငံရေးစနစ်ပုံသဏ္ဌာန်၊
(၂) နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးနှင့် လူမှုရေးအရင်းအမြစ်များကိုစီမံခန့်ခွဲရာတွင် အာဏာခွဲဝေသုံးစွဲမှုဆိုင်ရာ လုပ်ငန်းစဉ်၊
(၃) မူဝါဒများပုံစံထုတ်ခြင်း၊ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းတာဝန်များခွဲဝေလုပ်ကိုင်စေခြင်း စသည်တို့နှင့် ပတ်သက်၍ အစိုးရအဖွဲ့အစည်း၏ လုပ်နိုင်ကိုင်နိုင်သော စွမ်းဆောင်ရည် (ဖုကုဒါပါနှင့် ရစ်ချဒ်ပွန်ဇီယိုတို့၏ ၂၀၀၂ခုနှစ်၊



စာ -၂ တွင် ကိုးကားထားသော ကမ္ဘာ့ဘဏ်၏ ၁၉၉၇ ခုနှစ် အစီရင်ခံစာ)။

**ယူအင်ဒီပီ။** အုပ်ချုပ်မှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအဆင့်တိုင်းရှိအရေးကိစ္စအရပ်ရပ်ကို ဖြေရှင်းဆောင်ရွက်ရန် စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို သုံးစွဲမှုပင်ဖြစ်သည်။ ထိုလုပ်ငန်းတွင် နိုင်ငံသားများနှင့် လူအုပ်စုများက ၎င်းတို့၏လိုလားချက်များကို ထုတ်ဖော်ပြောကြားခြင်း၊ ဥပဒေကခွင့်ပြုထားသော ၎င်းတို့၏ရပိုင်ခွင့်များကိုသုံးစွဲခြင်း၊ ပြုဖွယ်ဝတ်များကို ဖြည့်ဆည်းထမ်းဆောင်ခြင်း၊ သဘောထားကွဲလွဲမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသောလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းများ ပါဝင်ပေသည် (ဖုကုဒါပါနှင့် ရစ်ချဒ်ပွန်ဇီယို ၂၀၀၂ခုနှစ်၊ စာ-၂ တွင် ကိုးကားထားသော ယူအင်ဒီပီ၏ ၁၉၉၇ ခုနှစ် အစီရင်ခံစာ)။

**အိုအီးစီဒီ။** အုပ်ချုပ်မှုဟူသောအယူအဆသည် လူ့အဖွဲ့အစည်းတစ်ခု၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးလာစေရန် ယင်းလူ့အဖွဲ့အစည်း၏အရင်းအမြစ်များကို စီမံခန့်ခွဲရန်အတွက် နိုင်ငံရေးအာဏာသုံးစွဲခြင်းနှင့် ထိန်းကျောင်းလုပ်ငန်းစဉ်တို့ကို ရည်ညွှန်းနေပေသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အကျယ်တွင် အာဏာပိုင်များက စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်း၊ ဖြစ်ထွန်းလာသော အကျိုးစီးပွားများကို ခွဲဝေသတ်မှတ်ပေးခြင်း၊ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံတို့အကြားရှိ ဆက်ဆံရေးသဘောသဘာဝကို သတ်မှတ်ပေးခြင်းစသည်တို့ ပါဝင်နေပေသည် (ဖုကုဒါပါနှင့် ရစ်ချဒ်ပွန်ဇီယို၊ ၂၀၀၂ ခုနှစ်၊ စာ-၂ တွင် ကိုးကားထားသော အိုအီးစီဒီ၊ ဒီအေစီ၏ ၁၉၉၅ ခုနှစ် အစီရင်ခံစာ)။

**အုပ်ချုပ်မှုဆိုင်ရာတက္ကသိုလ်၊ အော့တဝါ။** အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် လူ့အဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်အာဏာသုံးစွဲမှုနှင့် ပတ်သက်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လုပ်ငန်းစဉ်များ၊ အစဉ်အလာများပါဝင်ပြီး၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို အကျိုးသက်ရောက်မှုရှိစေသော အရေးကြီးဆုံးဖြတ်ချက်များကို မည်သို့ဆုံးဖြတ်ဆောင်ရွက်သည်၊ ထိုသို့ဆုံးဖြတ်ဆောင်ရွက်ရာတွင် အမျိုးမျိုးသောအကျိုးစီးပွားများကို မည်သို့ထည့်သွင်းပေါင်းစပ်ပေးသည်ဟူသော အကြောင်းအချက်များ အားလုံးပါဝင်နေသည် (ဖုကုဒါပါနှင့် ရစ်ချဒ်ပွန်ဇီယို၊ ၂၀၀၂ ခုနှစ်၊ စာ-၂ တွင် ကိုးကားထားသော အုပ်ချုပ်မှုဆိုင်ရာ တက္ကသိုလ်၏ဖွင့်ဆိုချက်)။

**ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုကော်မရှင်။** အုပ်ချုပ်မှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ ပုဂ္ဂလိက/အများနှင့် သက်ဆိုင်သောအဖွဲ့အစည်းများက ယင်းတို့၏ဘုံအကျိုးစီးပွားများကို စီမံခန့်ခွဲမှုပြုရာတွင် ကျင့်သုံးသောနည်းလမ်းအပေါင်းအစုပင် ဖြစ်သည်။ ယင်းသည် တစ်ခုနှင့်တစ်ခုဆန့်ကျင်နေသော သို့မဟုတ် ကွဲပြားခြားနားနေသောအကျိုးစီးပွားများကို လက်ခံနေရာပေးကာ ပူးပေါင်းဆောင်ရွက်ပေးရသည့် စဉ်ဆက်မပြတ်လုပ်ကိုင်ပေးရသော်လုပ်ငန်းစဉ်သာ ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရန် သဘောတူထားကြသော သို့မဟုတ် မိမိတို့အကျိုးစီးပွားအတွက် ပါဝင်လုပ်ဆောင်သင့်သည်ဟု ခံယူထားသူများနှင့် အဖွဲ့အစည်းများလည်း ပါဝင်နေပေသည် (ဖုကုဒါပါနှင့် ရစ်ချဒ်ပွန်ဇီယို၊ ၂၀၀၂ ခုနှစ်၊ စာ-၂ တွင် ကိုးကားထားသော ကောင်းမွန်သည့် အုပ်ချုပ်မှုဆိုင်ရာကော်မရှင်၏ ၁၉၉၅ ခုနှစ် အစီရင်ခံစာ)။



အထက်ဖော်ပြပါဖွင့်ဆိုချက်များသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့အကြား အဓိကကျသည့်ဆက်ဆံရေးများ၊ နိုင်ငံရေးစနစ်၊ အုပ်ချုပ်မှုဆိုင်ရာကြီးကြပ်ကွပ်ကဲမှုအပါအဝင် လူမှုရေးနှင့် စီးပွားရေးအရင်းအမြစ်များကို စီမံခန့်ခွဲခြင်းအပေါ် မည်သို့နားလည်သဘောပေါက်သည်ကို ထင်ဟပ်ဖော်ပြထားကြခြင်း ဖြစ်သည်။ အဆိုပါဝေါဟာရအပေါ် နားလည်မှုကို ထပ်ဆင့်တိုးချဲ့ရန်အတွက် ဂဲရီစတိုကာကဲ့သို့သောပညာရှင်များက မှန်သည်သို့မဟုတ် မှားသည်ဟုသတ်မှတ်နိုင်သော အုပ်ချုပ်မှုနှင့်ပတ်သက်သည့်ရှုထောင့်အမျိုးမျိုးကို ထင်ဟပ်နိုင်သောအဆိုပြုချက် (၅) ချက်ကို တင်ပြထားကြသည်။ ယင်းတို့မှာ-

(၁) အုပ်ချုပ်မှုဆိုသည်မှာ သတ်သတ်မှတ်မှတ် ဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အတွင်းမှသာမက ပြင်ပမှာပါ ရွေးချယ်ထားသောလူပုဂ္ဂိုလ်များ၏လုပ်ငန်းစဉ်ကို ရည်ညွှန်းသည်။
(၂) အုပ်ချုပ်မှုသည် လူမှုရေးနှင့် စီးပွားရေးပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် မှုန်ဝါးဝါးဖြစ်နေသော နယ်ပယ်ခွဲခြားမှုများနှင့် တာဝန်သတ်မှတ်မှုများကို ဖော်ထုတ်ပြသပေးသည်။
(၃) စုပေါင်းလုပ်ကိုင်ရသောလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသောအဖွဲ့အစည်းများအကြား ပတ်သက်ဆက်နွှယ်မှုများသည် ဩဇာအာဏာခွဲဝေသုံးစွဲမှုအပေါ် မှီခိုနေရကြောင်းကို အုပ်ချုပ်မှုက ထုတ်ဖော်ပြသပေးနေသည်။
(၄) အုပ်ချုပ်မှုသည် သီးခြားလွတ်လပ်စွာ ရပ်တည်လှုပ်ရှားနေသော ကွန်ရက်အကြောင်းပင်ဖြစ်သည်။
(၅) အုပ်ချုပ်မှုသည် အစိုးရ၏အမိန့်ပေးပိုင်ခွင့် သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာများအပေါ် အခြေခံခြင်းမပြုဘဲ လုပ်ငန်းများကို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်သည်ဟူသော

အချက်ကို အသိအမှတ်ပြုသည်။ လုပ်ငန်းများကို ပွဲကိုင်လမ်းညွှန်မှုပြုရာတွင် အစိုးရက နည်းလမ်းနှင့် တန်ဆာပလာအသစ်များကို အသုံးပြုနိုင်စွမ်းရှိကြောင်း ၎င်းကရှုမြင်ထားသည် (စတိုကာ ၁၉၉၈၊ စာ-၁၈)။

အုပ်ချုပ်မှုဟူသောအယူအဆကို အခြားအကြောင်းအရာများနှင့်ဆက်စပ်မှုမပြုဘဲ သီးခြားခွဲထုတ်ကာစဉ်းစား၍မရနိုင်ပေ။ ယင်းဝေါဟာရနှင့်ပတ်သက်သည့် ကျွန်ုပ်တို့၏သိနားလည်မှုကို ပိုမိုကြွယ်ဝလာစေရန်အတွက် အစိုးရအာဏာမှသည် အုပ်ချုပ်မှုဟူသောသဘောတရားသို့ ပြောင်းလဲလာစေသောနိုင်ငံရေးဖြစ်ပေါ်မှုသမိုင်းစဉ်ကို ပြန်လည်ဆင်ခြင်ရန်လိုအပ်ပေမည်။ အုပ်ချုပ်မှုဟူသောအယူအဆကို ပိုမိုပြည့်စုံကျယ်ပြန့်စွာသဘောပေါက်လာစေရန် နောက်ကြောင်းအကျဉ်းကို လာမည့်အပိုင်းတွင် ဖော်ပြသွားမည်ဖြစ်သည်။

## နောက်ကြောင်းသမိုင်း

အုပ်ချုပ်မှုနှင့်ပတ်သက်သည့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ လျင်မြန်စွာပြောင်းလဲနေသည်ကို မျက်မှောက်ကာလတွင် တွေ့မြင်နေရပေသည်။ ဤသို့ပြောင်းလဲနေသောအဆင့်ကို "နှစ်ဆယ်ရာစု၏ မုန်တိုင်းထန်မှုမဟုတ်တောင် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု၏အဆုံးသတ်ပိုင်းဖြစ်သည်" ဟု ပြန်နှင့်ပီတာ (၂၀၀၀) တို့ကဲ့သို့သောပညာရှင်များက ခေါ်ဆိုကြသည်။ လက်ရှိပုံသဏ္ဌာန်သို့ရောက်ရှိလာစေသော နိုင်ငံရေးပြောင်းလဲတိုးတက်မှုများကို အခြေခံကျကျရှင်းလင်းတင်ပြထားသည်။ မျက်မှောက်ခေတ်အုပ်ချုပ်မှုအခြေခံများ စုစည်းခိုင်မာလာစေရန် ပုံဖော်ပေးသောနိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုအစဉ်အလာများကိုအခြေခံ၍ မတူညီသောဆယ်စုနှစ်များခွဲခြားကာ ဆွေးနွေးတင်ပြထားသည်။



သို့သော်လည်း ဤနေရာတွင် အစိုးရအုပ်ချုပ်ခြင်းနှင့် အုပ်ချုပ်မှုဟူသောစကားလုံးတို့သည် စကားအရင်းအမြစ်တစ်ခုတည်းဖြစ်သော်လည်း ယင်းနှစ်ခုကို အဓိပ္ပာယ်တူဖလှယ်၍ သုံးနိုင်သည်ဟု မှတ်ယူခြင်းမပြုရန်ရှင်းလင်းထားရမည်။ အုပ်ချုပ်မှုအဝန်းအဝိုင်းတွင် အစိုးရသည် အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသော်လည်း ပုံသေမဟုတ်ဘဲပြောင်းလဲမှုရှိနေသည်။ အစိုးရ သို့မဟုတ် နိုင်ငံတော်သည် အုပ်ချုပ်မှုတွင်ပါဝင်သောပုံစံတစ်မျိုးဖြစ်သည်။ လူ့အဖွဲ့အစည်းဗဟိုပြုဟူသော အခြားပုံစံတစ်ခုလည်းရှိသေးသည်။ သို့ဖြစ်၍ နိုင်ငံတော်ဗဟိုပြုနှင့် လူ့အဖွဲ့အစည်းဗဟိုပြုဟူသောပုံစံတို့သည် ၎င်းတို့အသုံးတော်ခံရသော အခန်းကဏ္ဍ၏အရေးပါမှုအပေါ်မူတည်၍ နေရာရလျက်ရှိသည်။ ယင်းပုံစံနှစ်မျိုးနှင့်ပတ်သက်၍ ယခုအခန်း၏လာမည့်အပိုင်းတွင် နိုင်ငံတော်ဗဟိုပြုချဉ်းကပ်နည်းနှင့် လူ့အဖွဲ့အစည်းဗဟိုပြုချဉ်းကပ်နည်းတို့ကို ဆွေးနွေးသွားမည် ဖြစ်သည်။ သို့သော်လည်း အစိုးရအုပ်ချုပ်ခြင်းဟူသောအယူအဆမှ အုပ်ချုပ်မှုဟူသောအယူအဆသို့ ပြောင်းလဲလာသောအဆင့်များကို အောက်ပါအတိုင်း အတိုချုပ်တင်ပြနိုင်သည်။

(၁) အနောက်ကမ္ဘာခြမ်းတွင် ဒီမိုကရေစီစနစ်အခြေခံသော အစိုးရများ အခြေခိုင်လာခြင်းသည် ပထမအဆင့်ဖြစ်သည်။

(၂) ဒုတိယကမ္ဘာစစ်နောက်ပိုင်းကာလ၌ အနောက်ကမ္ဘာနှင့် ထိုထက်အနည်းငယ်နောက်ကျ၍ အမေရိကန်ပြည်ထောင်စုတို့တွင် အစိုးရက ထိန်းချုပ်မှုများပိုမိုလုပ်ဆောင်ရန် တာဝန်ပေးခံရခြင်း၊ နေ့ဥစ္စာခွဲဝေမှုတွင် ပိုမိုပါဝင်လုပ်ဆောင်လာခြင်းစသော လူမှုရေးနယ်ပယ်တွင် နိုင်ငံရေးက ပိုမိုဝင်ရောက်နေရာယူလာခြင်းသည် ဒုတိယအဆင့်ဖြစ်သည် (ပြန်နှင့် ပီတာ၊ ၂၀၀၀၊ စာ ၂)။ အမေရိကန်ပြည်ထောင်စုကို "မဟာလူ့အဖွဲ့အစည်း"၊ ဆို့ဒင်

နိုင်ငံကို "သန်မာသောလူ့အဖွဲ့အစည်း" ဟု သမုတ်ကြကာ ယင်းနှစ်နိုင်ငံသည် ကြီးထွားလာသောအစိုးရ၏ ကွဲပြားသည့် အမျိုးသားရေး သရုပ်သကန်နှစ်ခုဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် လူမှုဖူလုံရေးလုပ်ငန်းများတွင် ပြည်သူ့ဘဏ္ဍာငွေများ ပိုမိုသုံးစွဲလာခြင်း (နိုင်ငံအလိုက်ကွဲပြားမှုရှိနိုင်)၊ ဈေးကွက်အတွင်း နိုင်ငံရေးအပိုင်းက ပိုမိုစွက်ဖက်လုပ်ကိုင်လာခြင်းများ ရှိလာသည် (မိုင်ယာ၊ ၁၉၉၇၊ စာ ၁-၂၆)။ လူမှုဘဝပြောင်းလဲရေး၊ သာတူညီမျှရှိရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက်လုပ်ဆောင်ရာတွင် အစိုးရသည်သာ လျော်ကန်သင့်မြတ်သော၊ တရားဝင်လက်ခံနိုင်သော၊ ပြိုင်ဘက်ကင်းသောယာဉ်ရထားအဖြစ် လက်ခံထားသောအဆင့်ဖြစ်သည် (ပြုနှင့် ပီတာ၊ ၂၀၀၀၊ စာ-၂)။

(၃) အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပေါ်ပေါက်ခဲ့သော သက်ချာဝါဒနှင့် ရီဂင်ဝါဒတို့ကို တတိယအဆင့်အဖြစ် သတ်မှတ်ကြသည် (ရော့ခ်မန်း ၁၉၉၈၊ ဆာဗွီး ၁၉၉၄)။ ထိုအဆင့်သည် ၎င်းမတိုင်မီအဆင့်နှင့် ဆန့်ကျင်ဘက်ဖြစ်ကာ အစိုးရပါဝင်ပတ်သက်မှုကိုလျှော့ချပြီး ဈေးကွက်ကို ဦးစားပေးလာသည်။ လူ့အဖွဲ့အစည်း၏ပြဿနာများဖြေရှင်းပေးရာတွင် အစိုးရသည် အဓိကကျသောဇာတ်ကောင်မဟုတ်၊ ထိုပြဿနာများကို ပေါက်ပွားလာစေသော အရင်းခံအကြောင်းတရားဖြစ်နေသည်ဟု ရှုမြင်သည်။ ဤအဆင့်တွင် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့လွှဲပြောင်းပေးခြင်း၊ ကန့်သတ်မှုများကို ဖြေလျှော့ပေးခြင်း၊ အစိုးရအသုံးစရိတ်များကိုလျှော့ချခြင်း၊ အခွန်အတုတ်များလျှော့ပေးခြင်း၊ ငွေကြေးထိန်းချုပ်ရေးမူဝါဒများချမှတ်ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ



များကို အခြေခံမှစ၍ ပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်း၊ "ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုမူသစ်" ဟု အမည်တွင်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ဈေးကွက်ပေါ်အခြေခံသော သဘောတရားများကျင့်သုံးလာခြင်းတို့သည် ထူးခြားသည့် သွင်ပြင်လက္ခဏာများဖြစ်ကြသည် (ဟုဒ် ၁၉၉၁၊ စာ ၃-၉)။ သို့ဖြစ်၍ အစိုးရကြီးထွားလာမှုကို ပြောင်းပြန်လှန်ပစ်လိုက်ကြသော ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့တွင် ပြောင်းလဲမှုကို အဓိကစွမ်းဆောင်ပေးနိုင်သည်မှာ ဈေးကွက်ဖြစ်လာခဲ့သည်။

(၄) စတုတ္ထအဆင့်သည် ၁၉၉၀ ပြည့်နှစ်များအတွင်း တွေ့မြင်ခဲ့ရသော အုပ်ချုပ်မှုနှင့်ပတ်သက်သည့် "တစ်စိတ်တစ်ပိုင်းပြောင်းလဲလာသောပုံစံသစ်" ပင်ဖြစ်သည်။ ယင်းပုံစံသည် အစိုးရဆိုသည်မှာ "ဘာလဲ"၊ "ဘယ်လိုဖြစ်သင့်သလဲ" ဆိုသည့် အချက်များနှင့်ပတ်သက်နေသည် (ပြုနှင့် ပီတာ၊ ၂၀၀၀၊ စာ-၃)။ ထိုအဆင့်သည် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍနှင့် ဈေးကွက်အတွင်း နိုင်ငံတော်က အကန့်အသတ်ဖြင့်သာ ပါဝင်ဆောင်ရွက်သော စစ်ကြီးပြီးစနှစ်များအတွင်းကအခြေအနေနှင့် များစွာဆင်တူနေသည် (ထို)။ ၁၉၉၀ ပြည့်နှစ်များအတွင်း ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေးအခြေအနေများနှင့်အညီ ဒီမိုကရေစီစနစ်အခြေခံသော အစိုးရတစ်ရပ်က မည်သို့လုပ်ကိုင်ဆောင်ရွက်မလဲနှင့် ထိုအခြေအနေများကို မည်သို့ပေါင်းစပ်ညှိနှိုင်းထိန်းကျောင်း၍ ဩဇာညောင်းအောင် လုပ်ဆောင်မလဲဆိုသည်မှာ နိုင်ငံတော်အတွက် အဓိကကျသောတာဝန်ဖြစ်သည်ဟု ယူဆထားကြသည် (ထို)။ အစိုးရများက ၎င်းတို့၏ လုပ်ငန်းအစီအစဉ်များကို ဘယ်လိုအကောင်အထည်ဖော်

သလဲနှင့် ဈေးကွက်စံနှုန်းများအတိုင်း တဖြည်းဖြည်း လုပ်ကိုင်ဆောင်ရွက်လာသောလူ့အဖွဲ့အစည်းအတွင်း ပေါင်းစပ်ညှိနှိုင်းပေးရသည့်တာဝန်ကိုသာ ထမ်းဆောင်နေရသော ရွေးချယ်တင်မြှောက်ခံ အစိုးရတစ်ရပ်က နှစ်ရှည်လများတည်ရှိနေသော ပြဿနာများကို ဖြေရှင်းပုံနှင့်ပတ်သက်၍ ရှုထောင့်အသစ်များ ပေါ်ထွန်းလာခဲ့သည်။

ထိုမှတစ်ဆင့် ပြောင်းလဲပေါ်ထွန်းလာသောအစိုးရနှင့် ပတ်သက်သည့် အတွေးအမြင်၊ အယူအဆများကို ပြနှင့် ပီတာတို့က ထောက်ပြဖော်ထုတ်လာခဲ့ကြသည်။ ပထမအချက်မှာ " သွင်းအားစု ထိန်းချုပ်ရေးမှသည် ရလဒ်နှင့် ထွက်ကုန်ထိန်းချုပ်ရေးသို့ ပြောင်းလဲ၍ နိုင်ငံရေးအုပ်ချုပ်မှုပိုင်းဆိုင်ရာပုဂ္ဂိုလ်များနှင့် လူမှုရေးသိပ္ပံရှင်များက အာရုံစိုက်လာကြသည်" (ထို၊ စာ-၄)။ သို့သော်လည်း ဖွဲ့စည်းမှုဆိုင်ရာနှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြဿနာများက အရေးမကြီးဟုဆိုလိုခြင်းမဟုတ်ဘဲ ပြည်သူ့ဝန်ဆောင်မှုများ ထုတ်လုပ်ဖြန့်ဖြူးရာတွင် ဖွဲ့စည်းမှုပုံစံများသည် ထုတ်လုပ်မှုစွမ်းအားမြင့်မားမှုနှင့် လုပ်ငန်းထိရောက်မှုတို့ထက် အရေးမပါကြောင်းကို ပြဆိုနေသည် (ထို)။

ဒုတိယအချက်သည်ကား နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကြား တည်ရှိနေသောဆက်ဆံမှုများနှင့် အမှီသဟဲပြုနေမှုအနေအထားများပြောင်းလဲလာခြင်းပင်ဖြစ်သည်။ အစောပိုင်းကာလများတွင် လူ့အဖွဲ့အစည်းအတွင်း၌ နိုင်ငံတော်သည် မေးခွန်းထုတ်စရာမလိုသော ပြိုင်ဘက်ကင်းသည့်အာဏာပိုင်ဖြစ်နေခဲ့သည်။ သို့သော် မျက်မှောက်ကာလရှုမြင်သုံးသပ်မှုတွင်မူ စီမံခန့်ခွဲမှု၊ ဥပဒေပြုမှု၊ ပြည်သူ့ရေးရာမူဝါဒအကောင်အထည်ဖော်မှု စသည်တို့ကို တာဝန်ယူဆောင်ရွက်ရသည့် လူ့အဖွဲ့အစည်းအတွင်းရှိ အတုမရှိ အာဏာရ



အဖွဲ့အစည်းများအပေါ် နိုင်ငံတော်၏ဩဇာသက်ရောက်မှုသည် အကန့်အသတ်များနှင့်ကြုံတွေ့လာရကာ ပြောင်းလဲမှုရှိကြောင်း ယူဆထားကြသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန် အရင်းအနှီးမပြည့်စုံခြင်းကြောင့်သော်လည်းကောင်း၊ အများပြည်သူ လက်ခံယုံကြည်မှု မရှိခြင်းကြောင့်သော်လည်းကောင်း၊ "အုပ်ချုပ်၍မရ" ဖြစ်လာသော ပတ်ဝန်းကျင်ကြောင့်သော်လည်းကောင်း လူ့အဖွဲ့အစည်းအတွင်း လုပ်ရှားလုပ်ကိုင်နေကြသော စွမ်းဆောင်ရှင်များကို နိုင်ငံတော်က ပိုမိုမှီခို အားထားလာရသည် (ထို၊ စာ-၅)။ ထိုပြဿနာသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း ရှေ့တန်းသို့ ပိုမိုရောက်လာခဲ့သည် (ဘာ့ချ် ၁၉၈၂၊ ခရိုဇီယာနှင့် အများ ၁၉၇၅၊ လိုဝီ ၁၉၇၉ တို့ကိုလည်း ရှုပါ)။ ၁၉၇၀ ပြည့်နှစ်များတွင် မနိုင်ဝန်ထမ်းနေရမှုကို သတိပြုမိလာကြပြီး ၁၉၉၀ ပြည့်နှစ်များအတွင်း၌ ဈေးကွက်အခြေခံသော အုပ်ချုပ်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုကို ပေါ်ထွန်းလာစေမည့် နိုင်ငံတော်၏နိုင်ငံရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများအကြား ဆက်ဆံရေးများကို ပြန်လည်၍သတ်မှတ်မှုများ ပြုလုပ်လာခဲ့ကြသည် (ထို၊ စာ-၅)။

တတိယအချက်မှာ စစ်ပြီးခေတ်အနောက်နိုင်ငံများတွင် နိုင်ငံတော်၏အခန်းကဏ္ဍကို ဝေဖန်သုံးသပ်မှုပိုမိုလုပ်ဆောင်လာကြခြင်းကလည်း ရှုထောင့်အမြင်များကို ပြောင်းလဲလာစေသည်။ ထိုသုံးသပ်ဝေဖန်မှုတွင် တင်းကျပ်မှုပြဿနာ၊ ဗျူရိုကရေစီ၏ သဘောသဘာဝ၊ ကုန်ကျစရိတ်ပြဿနာ၊ နိုင်ငံတော်က ဖြည့်ဆည်းပေးသောဝန်ဆောင်မှုများတွင် စွမ်းရည်မပြည့်ဝခြင်း စသည်တို့ ပါဝင်နေသည်။ ဥပမာဆောင်ရသော် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံအစိုးရက ဗဟိုအစိုးရ၏ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရက လုပ်ဆောင်ပေးနေသောဝန်ဆောင်မှုအပေါ် တိုက်ခိုက်ဝေဖန်မှု

ပင်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များ၏ နိုင်ငံရေးပတ်ဝန်းကျင်အနေအထားသည် ပြည်သူ့ရေးရာမူဝါဒနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာသမားရိုးကျပုံစံများအပေါ် အယုံအကြည်ကင်းမဲ့လာကာ ပြည်သူတို့၏ထောက်ခံမှုမရရှိတော့ပေ။ ဗြိတိန်နိုင်ငံ၏လေဘာပါတီအပါအဝင် အချို့နိုင်ငံများရှိ နိုင်ငံရေးပါတီများ၏ "အုပ်ချုပ်ခြင်း" နှင့်ပတ်သက်၍ ရှုမြင်ပုံများ ပြောင်းလဲလာခဲ့ကြသည် (ထို၊ စာ ၅-၆)။

ဤကဲ့သို့ မကျေနပ်မှုများနှင့် မယုံကြည်မှုများက အနောက်ကမ္ဘာရှိ အရွေးချယ်ခံပုဂ္ဂိုလ်များ၏အခန်းကဏ္ဍကို ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များအတွင်း ပြန်လည်၍ အဓိပ္ပာယ်သတ်မှတ်မှုများ ပြုလုပ်လာခဲ့ကြသည်။ အစိုးရ၏ဥပဓိရုပ်အသစ်ကိုအကြောင်းပြု၍ နိုင်ငံတော်သည် ပြည်သူတို့၏လက်ခံအသိအမှတ်ပြုမှုနှင့် ထောက်ခံမှု ပိုမိုရရှိလာကာ ပြည်သူ့ရေးရာမူဝါဒအသုံးစရိတ်များကို လျှော့ချဖြတ်တောက်လာနိုင်ခြင်းဖြင့် "အုပ်ချုပ်မှုဆိုသည်မှာ အသုံးစရိတ်ဖြတ်တောက်မှုကို လက်ခံနိုင်သောမျက်နှာစာ" ဟု အဓိပ္ပာယ်သက်ရောက်လာသည်။

အချုပ်အားဖြင့်ဆိုရသော် "ရောမအစိုးရ" ခေတ်မှာ ကုန်ဆုံးသွားပြီဖြစ်သော်လည်း အစိုးရ၏ အစဉ်အလာအခန်းကဏ္ဍအချို့မှာ ဆက်လက်တည်ရှိနေဆဲဖြစ်ကာ အစိုးရကို ထိုတာဝန်များထမ်းဆောင်ရန် အကောင်းဆုံးအဖွဲ့အစည်းအဖြစ် ဆက်လက်ရှုမြင်ထားဆဲဖြစ်သည်။ ထိုတာဝန်များမှာ တရားဥပဒေစိုးမိုးရေး၊ လူမှုဖူလုံရေးကို တစ်စုံတစ်ခုသောအဆင့်ဖြင့် ထိန်းသိမ်းထားရေး၊ နိုင်ငံတော်ကာကွယ်ရေး စသည်တို့ဖြစ်သည်။ အနောက်ကမ္ဘာဒေသန္တရအစိုးရများကို အရင်းရှင်စနစ်ဖွံ့ဖြိုးလာစေရေးနှင့် ဈေးကွက်ပညာသင်ကြားပေးရေးတို့ကို ဆောင်ကြဉ်းပေးသူအဖြစ် ရှုမြင်ထားပြီး ပြည်သူ့ဆိုင်ရာများအန္တရာယ်မှ ပြည်တွင်းလုပ်ငန်းရှင်များကို



ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာကန့်သတ်မှုများဖြင့် အကာအကွယ်ပေးရန်ဖြစ်သည် (ပိုလျာနီ ၁၉၄၁၊ ရှူနီဖီးလ် ၁၉၆၅)။

"အုပ်ချုပ်မှု" ဟူသည့် ဝေါဟာရပေါ်ထွန်းစေရန် အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အထက်ဖော်ပြပါအပိုင်းနှစ်ပိုင်းတွင် ရှင်းလင်းတင်ပြထားသည်။ သို့သော်လည်း အကြောင်းအရာသည် ဤနေရာတွင် အဆုံးမသတ်သေးပေ။ နောက်ကြောင်းသမိုင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုများကို နားလည်သဘောပေါက်စေရန်ကြိုးပမ်းရာတွင် ထိုဝေါဟာရသည် အခင်းအကျင်းပေါင်းစုံတွင် အသုံးပြု၍ရနိုင်ကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ပိုမိုနက်ရှိုင်းပြည့်စုံစွာ နားလည်သဘောပေါက်လာစေရန်အတွက် ထိုအခင်းအကျင်းများနှင့် ရှုထောင့်အမြင်များကို အသုံးပြုကြပါစို့။

## အုပ်ချုပ်မှုဆိုင်ရာ ရှုထောင့်အမျိုးမျိုးနှင့် နည်းလမ်းအသွယ်သွယ်

အုပ်ချုပ်မှုဟူသောဝေါဟာရသည် တိကျသော သို့မဟုတ် အားလုံးတညီတညွတ်တည်း လက်ခံအသိအမှတ်ပြုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသည့် ဆုပ်ကိုင်ရန်ခက်ခဲသော လူမှုသိပ္ပံရှင်များနှင့် ယင်းပညာကို လက်တွေ့အသုံးချသူများ မကြာခဏသုံးစွဲနေသောစကားလုံးပင်ဖြစ်သည်။ ၎င်းသည် လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံတော်၏ ပြောင်းလဲလာသောအခန်းကဏ္ဍနှင့်လည်းကောင်း၊ အရွယ်အစားနှင့် ဗဟိုဒ္ဓကန့်သတ်ချက်ဘောင်အမျိုးမျိုးအတွင်း၌ "ဘုံအကျိုးစီးပွား" ကို ဖော်ဆောင်နိုင်သည့် နိုင်ငံတော်၏ စွမ်းရည်နှင့်လည်းကောင်း သက်ဆိုင်နေပေသည်။

အုပ်ချုပ်မှု၏ မတူကွဲပြားသောပုံသဏ္ဌာန်အမျိုးမျိုးကိုလည်း ရည်ညွှန်းဖော်ဆောင်လျက်ရှိပေရာ ရှဒ်စ် (၁၉၉၇) က မူဝါဒဆိုင်ရာကွန်ရက်များအဖြစ်လည်းကောင်း၊ ဟုဒ်စ် (၁၉၉၀) က ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအဖြစ်လည်းကောင်း၊ ကင်းဘဲလ်နှင့် အများ

(၁၉၉၁)၊ ဟော်လင်းဝဲလ်နှင့် အများ (၁၉၉၄) တို့က စီးပွားရေးကဏ္ဍများကို ပေါင်းစပ်ညှိနှိုင်းပေးမှုအဖြစ်လည်းကောင်း၊ ပြု (၁၉၉၈) က အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအဖြစ်လည်းကောင်း၊ ဗီလျံဆင် (၁၉၉၆) က အများစုပေါင်းထားသည့်လုပ်ငန်းကို အုပ်ချုပ်ခြင်းအဖြစ်လည်းကောင်း ရည်ညွှန်းပြောဆိုကြပြီး ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့က ထောက်ခံတင်ပြထားသော ပြုပြင်ပြောင်းလဲမှုဆိုင်ရာရည်မှန်းချက်များ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းကို ကောင်းမွန်သောအုပ်ချုပ်မှုဟု ဆိုကြသည်။

အုပ်ချုပ်မှုကိုနားလည်ခံစားမှုပြုရာတွင် ပြု၊ ရွှန်နှင့် ဂိုင်းပီတာတို့က အုပ်ချုပ်ခြင်းလုပ်ငန်းကို တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုနှင့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် သဘောထားကြသည်။ ပြုနှင့် ပီတာတို့၏အဆိုအရ အုပ်ချုပ်မှုတည်းဟူသော ဖွဲ့စည်းတည်ဆောက်ထားသောပုံစံတစ်ခုတွင် အထက်အောက် အဆင့်ဆင့်ဖွဲ့စည်းထားရှိမှု၊ ဈေးကွက်၊ ကွန်ရက်များ၊ လူထုအဖွဲ့အစည်းများ ပါဝင်နေသည်။

အလားတူစွာပင် စတီဗင်ဘဲလ်နှင့် အင်ဒရူးဟင်းဒ်မိုးရ် (၂၀၀၉) တို့က အုပ်ချုပ်မှုဆိုင်ရာနည်းလမ်း (၅) သွယ်ကို တင်ပြဆွေးနွေးထားသည်။ (၁) အထက်မှအောက်သို့ အမိန့်ဖြင့်ခိုင်းသည့်နည်း၊ (၂) ဖျောင်းဖျစည်းရုံးခြင်းနည်း၊ (၃) ဈေးကွက်ယန္တရားကိုသုံးသည့်နည်း၊ (၄) ထိတွေ့ဆက်ဆံသည့်နည်းနှင့် (၅) အသင်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်သည့်နည်း တို့ဖြစ်သည်။ အုပ်ချုပ်မှုကို ဖွဲ့စည်းတည်ဆောက်ထားသော အဆောက်အအုံတစ်ခုအဖြစ်နားလည်ရာတွင် အထက်ဖော်ပြပါ ကိန်းရှင်များက အဆောက်အအုံတစ်ခုအကြောင်းကို ပိုမိုသဘောပေါက်နားလည်စေသည်ဟု ၎င်းတို့က ရှင်းလင်းတင်ပြထားသည်။ ဤနေရာတွင် နည်းလမ်းအသွယ်သွယ်ဖြင့်တည်ဆောက်ထားသော အဆောက်အအုံ



တစ်ခုဖြစ်သည့် အုပ်ချုပ်မှုအကြောင်းကို ပိုမိုသိနားလည်လာစေရန်အတွက် ပါဝင်နေသောအကြောင်းအရာတစ်ခုချင်းစီကို အသေးစိတ်ရှင်းလင်းတင်ပြရန် အရေးကြီးလာပေတော့သည်။

## အုပ်ချုပ်မှုကို အဆောက်အအုံတစ်ခုအဖြစ်ရှုမြင်ခြင်း

**အုပ်ချုပ်မှုနှင့် အဆင့်ဆင့်ဖွဲ့စည်းထားမှုပုံစံ။** ၎င်းသည် နိုင်ငံတော်အတွက် အကောင်းဆုံးဖွဲ့စည်းမှုပုံစံဖြစ်သည်။ ဒီမိုကရေစီနည်းလမ်းအရ ဖွဲ့စည်းထားသောအစိုးရအဖွဲ့နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးစနစ်တို့ကကျင့်သုံးသော အထက်အောက်ဒေါင်လိုက်ပေါင်းစပ်ထားသည့် ထိန်းကျောင်းကွပ်ကဲမှုအမျိုးအစားဖြစ်သည်။ ဝေဘာ၏ပုံစံမှယူထားသော ဗျူရိုကရေစီစနစ်ပုံစံဖြစ်ကာ လူကြိုက်အများဆုံးပုံစံဖြစ်သည်။ ယင်း၏အရေးပါသောအချက်သည်ကား ဥပဒေနှင့်အညီအုပ်ချုပ်ခြင်းနှင့် တစ်ဦးချင်းနှင့်အများကို စည်းခြားထားခြင်းဖြစ်သည်။ နိုင်ငံတော်ကို ဘုံအကျိုးစီးပွား၏အမြင့်ဆုံးသော ဗဟိုဌာနအဖြစ်လည်းကောင်း၊ လူ့အဖွဲ့အစည်းနှင့်ခွဲခြား၍လည်းကောင်း ရှုမြင်ထားသည်။ ၎င်းက ဥပဒေ၊ စည်းမျဉ်းများထုတ်ပြန်၍ လူ့အဖွဲ့အစည်းကို အုပ်ချုပ်သည်။ သို့သော်လည်း ယင်းပုံစံကို ဝေဖန်မှုများပြုလုပ်လာပြီး အရွယ်အစားလျှော့ချရန်၊ ပြောင်းလွယ်ပြင်လွယ်ရှိရန်၊ နယ်ပယ်စုံသို့ ဖြန့်ခွဲလုပ်ဆောင်ရန်၊ သမားရိုးကျပုံစံဖြင့် ထိန်းကျောင်းမှုပြုခြင်းထက် အလွတ်သဘောထိန်းကျောင်းမှုပြုရန် သည်ဖြင့် တိုက်တွန်းလာကြသည်။ တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းအကြား တင်းတင်းကျပ်ကျပ်စည်းခြားထားခြင်းအစား နိုင်ငံတော်နှင့် ဈေးကွက်အကြား အာဏာခွဲဝေသုံးစွဲမှုပြုရန် တိုက်တွန်းထားသည် (ပြုနှင့်ပီတာတို့၏ ၂၀၀၀ ပြည့်နှစ် အစီရင်ခံစာ၊ စာ-၁၅ တွင် ကိုးကားထားသော ကက်တယ်လ်၏အဆိုပြုချက် ၁၉၉၃ ခုနှစ်)။

**အုပ်ချုပ်မှုနှင့်ဈေးကွက်။** အရင်းအမြစ်များခွဲဝေရာတွင် အကောင်းဆုံးနှင့် အကျွမ်းကျင်ဆုံးယန္တရားအဖြစ် ဈေးကွက်ကိုရှုမြင်ထားကြသည်။ အကျိုးရှိရှိအသုံးမပြုရသေးသောအရင်းအမြစ်များကို နိုင်ငံတော်ကခွဲဝေအသုံးပြုနိုင်ရန် ဈေးကွက်ကဖန်တီးပေးသည် (ပြုနှင့် ပီတာ၊ ၂၀၀၀၊ စာ-၁၈-၁၉)။ စားသုံးသူများအဖြစ် သူတို့၏လုပ်ပိုင်ခွင့်များကိုကျင့်သုံးခြင်းဖြင့် ပြည်သူများကိုလည်း အလားတူပင်စွမ်းအားပြည့်လာစေသည်။ သတ်မှတ်ထားသောဘောင်များအတွင်းမှ ဈေးကွက်ကို ပိုမိုတာဝန်ယူခွင့်ပေးခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍတွင် ပြည်သူ၏ပါဝင်ပြောဆိုခွင့်ကိုတိုးပွားလာစေပြီး ထိုကဏ္ဍကိုဈေးကွက်ပိုဆန်လာစေကာ ပြည်သူများအတွက် တိုက်ရိုက်ရွေးချယ်ပိုင်ခွင့်ပိုမိုရရှိလာစေရန် စီစဉ်ပေးနိုင်လိမ့်မည်။

အုပ်ချုပ်မှုဟူသောစကားစပ်အတွင်း၌ ဈေးကွက်ကို တစ်မူကွဲပြားစွာနားလည်နိုင်သည်။ ပထမအချက်မှာ ဈေးကွက်သည်အရင်းအမြစ်များ ခွဲဝေသုံးစွဲမှုပြုရာတွင် နိုင်ငံတော် (အစိုးရ) ထက်ပိုမိုထိရောက်စွာလုပ်ဆောင်ပေးနိုင်သောယန္တရားအဖြစ် ယူဆနိုင်သည်။ အခြားအချက်မှာ ဈေးကွက်ကို အလေအလွင့်နည်းပါးစွာလုပ်ကိုင်ဆောင်ရွက်နိုင်သူအဖြစ် နားလည်နိုင်သည်။ ဈေးကွက်၏သဘောသဘာဝကို ကိုယ်ကျိုးစီးပွားအတွက် အမည်ဖော်၍မရသော တစ်ဦးချင်းလှုပ်ရှားဆောင်ရွက်နေသူများ၏ အဝန်းအဝိုင်းအဖြစ် နားလည်နိုင်ပေရာ ထိုစကားစပ်ဘောင်အတွင်း၌ အုပ်ချုပ်မှုအား ဈေးကွက်ယန္တရား၏အခြေခံများကို စိန်ခေါ်ခြင်း သို့မဟုတ်ပုံပျက်စေခြင်းမပြုဘဲ ရင်ဆိုင်နေရသောဘုံပြဿနာများကို ဖြေရှင်းပေးရန် စီးပွားရေးလောကအတွင်း လှုပ်ရှားနေသူများနှင့် ပူးပေါင်းဆောင်ရွက်မှုရှိလာစေရန် စုစည်းပေးနိုင်သော ယန္တရားအဖြစ်ရှုမြင်နိုင်သည် (ထို၊ စာ-၁၉)။



**အုပ်ချုပ်မှုနှင့်ကွန်ရက်များ (သို့) အသင်းအဖွဲ့များ။** သတ်မှတ်ထားသည့် မူဝါဒကဏ္ဍများအတွင်းရှိ နိုင်ငံတော်၊ အကျိုးစီးပွားတစ်ခုခုအတွက် ဖွဲ့စည်းထားသောအဖွဲ့အစည်းများအပါအဝင်မတူညီသည့်လှုပ်ရှားဆောင်ရွက်သူများဖြင့် ပါဝင်ဖွဲ့စည်းထားသောမူဝါဒဆိုင်ရာကွန်ရက်များကို ရည်ညွှန်းနေခြင်းဖြစ်သည်။ အကြောင်းအကျိုးညီညွတ်သည့် မူဝါဒရှိသောအဖွဲ့အစည်းသည် ပေါ်ပေါက်လာသည့်ပြဿနာတစ်ရပ်အပေါ် အခြေခံသည့် (သို့မဟုတ်ပြဿနာအခြေပြု) ယာယီညွန့်ပေါင်းအဖွဲ့အစည်းများအထိ စည်းလုံးနိုင်မာမှုအပေါ် အခြေခံကာ အမျိုးမျိုးသောကွန်ရက်များ ကွဲပြားလျက်ရှိသည် (ရှုဒ်စ်၊ ၁၉၉၇)။ မူဝါဒကွန်ရက်သည် တစ်ဦးချင်းနှင့် အများပြည်သူတို့၏အကျိုးစီးပွားကို အရင်းအမြစ်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ပြီး အများပြည်သူဆိုင်ရာမူဝါဒ အကောင်အထည်ဖော်နိုင်မှုစွမ်းဆောင်ရည်ကိုလည်း အားဖြည့်ပေးနိုင်စွမ်းရှိသည် (ပြုနှင့် ပီတာ၊ ၂၀၀၀၊ စာ-၂၀)။ ထို့ကြောင့် "အုပ်ချုပ်မှုသစ်" တွင် ကွန်ရက်သည်အများပြည်သူဆိုင်ရာမူဝါဒကို အာရုံစိုက်ရမည့်အစား ကွန်ရက်တွင်လှုပ်ရှားနေသူများ စိတ်ကြိုက်ရွေးချယ်ထားသောမူဝါဒကဏ္ဍများကိုအလေးထားကာ ပေါင်းစပ်ညှိနှိုင်း ထိန်းကျောင်းလျက်ရှိသည်။ ပေါ်ပေါက်လာသော အကျိုးဆက်သည်ကား ပိုမိုကျယ်ပြန့်သည့် "ဘုံအကျိုးစီးပွား" ထက် "ကွန်ရက်တွင် ပါဝင်လှုပ်ရှားသူများ၏ကိုယ်ကျိုးစီးပွား" ကသာ ပြည်သူ့အကျိုးစီးပွားဆိုင်ရာမူဝါဒများကိုပုံဖော်လာသည် (ထို)။ ထို့ပြင် မူဝါဒကဏ္ဍများကို ကွန်ရက်များကသာထိထိရောက်ရောက်ထိန်းကျောင်းလာချိန်တွင် ပြည်သူများကထိုကဏ္ဍများ၌ ဖြစ်ပျက်သမျှနှင့်ပတ်သက်၍ နိုင်ငံတော် (အစိုးရ) တွင်သာတာဝန်ရှိသည်ဟု ခံယူထားကြသည် (ထို)။ သို့ဖြစ်၍ ကွန်ရက်နှင့် နိုင်ငံတော်တို့အကြားရှိဆက်ဆံရေးသည် ကိုင်းကျွန်းမှီ၊

ကျွန်းကိုင်းမှီ ဖြစ်လာတော့သည်။ ကွန်ရက်များတွင် ကျွမ်းကျင်သူများနှင့် ဖော်ဆောင်လိုသော အကျိုးစီးပွားများပါဝင်နေပေရာ ၎င်းကို မူဝါဒလုပ်ငန်းစဉ်တွင် တန်ဖိုးရှိသည့်အစိတ်အပိုင်းတစ်ရပ်အဖြစ် သဘောထားကြသည်။ ဥပဒေနှင့်အညီလုပ်ကိုင်နေသော သမားရိုးကျ လုပ်ငန်းစဉ်အပေါ် အားထားမှုလျော့နည်းလာသည်ကိုအကြောင်းခံ၍ အစိုးရအုပ်စိုးမှုမှသည် အုပ်ချုပ်မှုသို့ပြောင်းလဲလာမှုက မူဝါဒဆိုင်ရာကွန်ရက်များကို အားကောင်းလာစေသည် (ဘဲလ်နှင့် ဟင်းဒ်မိုးရ် ၂၀၀၉၊ စာ-၁၈)။

**အုပ်ချုပ်မှုနှင့်လူထုအစုအဖွဲ့များ။** စုပေါင်းလုပ်ကိုင်ဆောင်ရွက်ရသည့်ကိစ္စရပ်များတွင် လူထုအစုအဖွဲ့များ ပိုမိုပါဝင်ဆောင်ရွက်လာခြင်းကို ဤအချက်ကရည်ညွှန်းနေသည်။ ပြည်သူလူထု၏ ဘုံအကျိုးစီးပွားဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံတော် (အစိုးရ) သို့မဟုတ် ဒေသန္တရအစိုးရတို့သည် အရွယ်အစားကြီးမားလွန်းပြီး ဗျူရိုကရေစီဆန်လွန်းနေသည်။ ယင်းရေခံ မြေခံအခြေအနေတွင် နိုင်ငံရေးအားပြိုင်မှုများကို ထိန်းသိမ်းပေးရသူအဖြစ်ရှုမြင်ထားသည့် နိုင်ငံတော် (အစိုးရ) သည် ယခုအချိန်အခါတွင် ပင်ကိုအားဖြင့် အငြင်းပွားစရာမဟုတ်သောကိစ္စရပ်များကို ပြဿနာဖြစ်လာစေရန် အားပေးအားမြှောက်ပြုလုပ်သူဟု လူထုအဖွဲ့အစည်းဝါဒီများက စောဒကတက်လာကြသည် (ပြူနှင့် ပီတာ ၂၀၀၀၊ စာ-၂၁)။ သို့ဖြစ်၍ နိုင်ငံတော်ကို ပြဿနာဖြေရှင်းပေးသူအဖြစ်ထက် ပြဿနာဖန်တီးသူအဖြစ် လူထုအဖွဲ့အစည်းဝင်များက ရှုမြင်လာကြသည်။ ထို့ကြောင့် အစိုးရမပါဝင်သောအုပ်ချုပ်မှုကို တင်ပြဆွေးနွေးလာကြသည်။ လူထုအဖွဲ့အစည်းဝါဒီများ၏အဆိုအရ အားလုံးနှင့်စပ်ဆိုင်နေသောပြဿနာကို ကြီးမားသောဗျူရိုကရေစီယန္တရားမပါရှိဘဲ အထက်ပါနည်းလမ်းအတိုင်း အုပ်ချုပ်မှုက ဖြေရှင်း



ဆောင်ရွက်ရန်နှင့် လူထုကို ပြည်သူ့နီတိစိတ်ဓာတ်ပြည့်ဝလာစေရေး အားပေးတိုက်တွန်းရန် ဖြစ်သည်။

**အုပ်ချုပ်မှုနှင့်စည်းရုံးဖျောင်းဖျမှု။** ဘဲလ်နှင့် ဟင်းဒ်မိုးရ်တို့က "*အုပ်ချုပ်မှုကိုပြန်လည်သုံးသပ်ခြင်း၊ ခေတ်သစ်လူ့အဖွဲ့အစည်းအတွင်း နိုင်ငံတော်၏အချက်အချာကျမှု*" စာအုပ်တွင် စည်းရုံးဖျောင်းဖျမှုနှင့် အုပ်ချုပ်ခြင်းအကြောင်းကို ဆွေးနွေးတင်ပြထားသည်။ "မိမိကိုယ်မိမိ ထိန်းကျောင်းလာစေခြင်း သို့မဟုတ် ပစ်မှတ်ပုဂ္ဂိုလ်က စိတ်လိုလက်ရ စည်းကမ်းလိုက်နာလာစေခြင်း" ဖြင့် အုပ်ချုပ်သောနည်းလမ်းတစ်ရပ်ကို ဆောင်ရွက်နိုင်သည်ဟု ဆိုထားသည် (ဘဲလ်နှင့် ဟင်းဒ်မိုးရ် ၂၀၀၀၊ စာ-၁၇)။ ဆေးလိပ်လျှော့သောက်ရန်၊ ကျန်းမာခြင်းနှင့် ညီညွတ်အောင်စားသောက်နေထိုင်ရန်၊ အကြမ်းဖက်သမားဖြစ်နိုင်ခြေရှိသူများကို သတင်းပို့အကြောင်းကြားရန်၊ စေတနာအလျောက်လုပ်အားပေးရန်စသည်ဖြင့် စည်းရုံးသိမ်းသွင်းသကဲ့သို့ ဥပဒေစည်းမျဉ်းများ၊ အခွန်အတုတ်များ၊ ကန့်သတ်ချက်အသုံးပြု၍လည်း နိုင်ငံသားများ၏အမူအကျင့်များကို ပြောင်းလဲလာစေရန် တိုက်တွန်းနှိုးဆော်နိုင်သည် (ထို)။

**အုပ်ချုပ်မှုကို လုပ်ငန်းစဉ်တစ်ရပ်အဖြစ်ရှုမြင်ခြင်း**

အုပ်ချုပ်မှုဆိုသည်မှာ လူမှုရေးနှင့် နိုင်ငံရေးလုပ်ကိုင်ဆောင်ရွက်သူများကိုအပြောင်းအလဲဖြစ်စေသည့် အင်အား၏အကျိုးရလဒ်ပင်ဖြစ်သည်ဟု ရှုမြင်ထားသည့် ကွဲပြားခြားနားသောအမြင်ဖြစ်ပေရာ ပြောင်းလဲရန်တောင်းဆိုမှုများရှိလာခဲ့လျှင်လည်း အဆိုပါအပြောင်းအလဲကိုဖြစ်စေသော အင်အားအကြောင်းကိုသာ ဆွေးနွေးရန်လိုအပ်ပေမည်။ အဆိုပါရှုထောင့်အမြင်သည် ဖွဲ့စည်းမှုဆိုင်ရာများစီစဉ်ထားရှိမှုများထက် လုပ်ငန်းစဉ်နှင့် ရလဒ်အပေါ်

ပိုမိုအာရုံစိုက်ထားသည်။ ထိုသို့ဆိုစေကာမူ အဖွဲ့အစည်းများက အရေးမကြီးဟု မဆိုလိုပေ။ အုပ်ချုပ်မှုလုပ်ငန်းစဉ်အတွင်းရှိ နိုင်ငံတော်၏အခန်းကဏ္ဍသတ်မှတ်ရေးတွင် အဆိုပါအဖွဲ့အစည်းများသည် အရေးပါသောအခန်းမှ ပါဝင်ပတ်သက်နေသည်။ အုပ်ချုပ်မှုသည် ဖွဲ့စည်းထားသောအဆောက်အအုံများအကြား အပြန်အလှန်အကျိုးပြုမှုလုပ်ငန်းဖြစ်ပေရာ လုပ်ငန်းစဉ်နှင့်ရလဒ်သဘောပင် ဖြစ်ပေသည်။

နိုင်ငံအများတွင် မူဝါဒရေးဆွဲဖော်ဆောင်ရေးဖြစ်စဉ်ကို ပြုပြင်ပြောင်းလဲရန်အတွက် စိတ်ပါဝင်စားမှုမြင့်တက်လျက်ရှိသည်။ အနောက်ဒီမိုကရေစီနိုင်ငံများတွင် မူဝါဒညှိနှိုင်းရေးဆွဲမှုဆိုင်ရာပုံစံသစ်များကို စမ်းသပ်လုပ်ဆောင်ရန် စိတ်ဝင်စားမှုမြင့်တက်လာခြင်းကိုအကြောင်းပြု၍ မူဝါဒညှိနှိုင်းရေးဆွဲမှုလုပ်ငန်းစဉ်တွင် ပြည်သူများပါဝင်လာကြပြီး၊ ပညာရှင်အဖွဲ့များ၊ အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ အများပြည်သူဆိုင်ရာမူဝါဒနှင့်ပတ်သက်၍ မိမိအမြင်များကို ထုတ်ဖော်ရေးသားနိုင်သည့် ကွန်ပျူတာကွန်ရက်များ စသည်တို့ကိုလည်း ပို၍အားကိုးအားထားပြုလာကြသည် (ပြ၊ ၁၉၉၈)။ နိုင်ငံတော်၏ ဘဏ္ဍာရေးအကျပ်အတည်းအကျိုးဆက်ကြောင့် အစဉ်အလာအကျိုးစီးပွားကိုယ်စားပြုပုံစံသည်လည်း အင်အားချည့်နဲ့လာပြီး အုပ်ချုပ်မှုဆိုသည်မှာ အဆောက်အအုံတစ်ခုဆိုသည်ထက် လုပ်ငန်းစဉ်တစ်ရပ်သာဖြစ်သည်ဟူသော စောဒကတက်မှုကို ပို၍အားကောင်းလာစေသည်။

## အုပ်ချုပ်မှုကို ချဉ်းကပ်ပုံအမျိုးမျိုးနှင့် ကျင့်သုံးမှုပုံစံအသွယ်သွယ်

အုပ်ချုပ်မှုဟူသောအယူအဆကို နားလည်သဘောပေါက်ရန် ချဉ်းကပ်ပုံနည်းလမ်း နှစ်သွယ်ရှိသည်။ ယင်းနည်းလမ်းနှစ်သွယ်မှာ (က) လူ့အဖွဲ့အစည်းဗဟိုပြုနှင့် (ခ) နိုင်ငံတော်ဗဟိုပြုဟူသော



ဆက်ဆံမှုပုံစံများဖြစ်သည်။ ယင်းချဉ်းကပ်ပုံ ချဉ်းကပ်နည်းများသည် အထက်ပါ ဗဟိုချက်နှစ်ခုအကြားရှိ နက်နဲရှုပ်ထွေးသောဆက်သွယ်မှုကွန်ရက်ကို ပိုမိုသဘောပေါက်လာစေပြီး ထိုအရေးပါသည့် ဗဟိုချက်တစ်ခုချင်းစီ၏ အရေးပါမှုရှုထောင့်မှရှုမြင်သည့် အုပ်ချုပ်မှု၏ သဘောသဘာဝကို ပိုမိုနားလည်လာစေမည် ဖြစ်သည်။ အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့်ကွန်ရက်များကို သဘောပေါက်နားလည်စေရန် အထောက်အကူပြုနေသောဗဟိုချက်တစ်ခုချင်းစီကို ကျွန်ုပ်တို့လေ့လာသွားကြမည်ဖြစ်သည်။

## (က) လူ့အဖွဲ့အစည်း ဗဟိုပြုချဉ်းကပ်နည်း

လူ့အဖွဲ့အစည်းအတွင်းရှိ ခက်ခဲရှုပ်ထွေးမှုရှိသော အလျားလိုက်ဆက်ဆံရေးများနှင့် အုပ်ချုပ်မှုဆိုင်ရာကွန်ရက်များ ပျံ့နှံ့လာမှုကိုအကြောင်းပြု၍ လူ့အဖွဲ့အစည်းဗဟိုပြုချဉ်းကပ်နည်းက အစိုးရ၏အခန်းကဏ္ဍကို ဒွိဟဖြစ်လာစေကာ အရေးမပါသောနေရာသို့ တွန်းပို့လာခဲ့သည်။ ဆော်ရင်ဆင်နှင့် တော်ဖင်တို့က အဆိုပြုသကဲ့သို့ "အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတော်သည် သူ၏ချုပ်ကိုင်ထားနိုင်မှုကို လက်လွှတ်လာနေရကာ အပြန်အလှန်အမှီသဟဲပြုမှု၊ စေ့စပ်ညှိနှိုင်းမှု၊ ယုံကြည်မှုစသည်တို့အပေါ် အခြေခံသော ဗဟိုချက်အများအပြားပေါ် အခြေခံသည့် အုပ်ချုပ်ရေးစနစ်အယူအဆသစ်က အစားထိုးနေရာယူလာသည် (ဆော်ရင်ဆင်နှင့် တော်ဖင် ၂၀၀၈ က၊ စာ-၃)။

ဘဲလ်နှင့် ဟင်းဒ်မိုးရ်တို့က လူ့အဖွဲ့အစည်းဗဟိုပြုချဉ်းကပ်နည်းတွင် အစိတ်အပိုင်းနှစ်ခုပါဝင်ပြီး ပထမအချက်မှာ အစိုးရအုပ်ချုပ်ခြင်းမှ အုပ်ချုပ်မှုသို့ရွေ့လျားသွားသောအခါ အုပ်ချုပ်သည့်ပုံစံတွင် ပတ်သက်သူပေါင်းစုံပါဝင်လာကြကာ ၎င်းတို့ကို စည်းမျဉ်း

စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အထက်အောက်အဆင့်ဆင့်ချည်နှောင်ထားခြင်းများထက် သာတူညီမျှမှုကိုအခြေခံထားသောကွန်ရက်များဖြင့် အလွတ်သဘောစုစည်းထားသည့်ပုံစံဖြစ်သည် (ဘဲလ်နှင့် ဟင်းဒ်မိုးရ် ၂၀၀၉၊ စာ-၃)။ ကွန်ရက်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတို့အပေါ် ပိုမိုအာရုံစိုက်လာပြီး ပုဂ္ဂလိကနှင့် အများပိုင်ကဏ္ဍတို့အကြား ပိုင်းခြားသတ်မှတ်ထားမှုများ မှုန်ဝါးသွားသည်။ ဘီဗွီရာနှင့် ရုဒ်စ်တို့က "ကွန်ရက်များသည် အုပ်ချုပ်မှုကိုပုံဖော်ပေးနေသည့် ထင်ရှားပေါ်လွင်နေသော သွင်ပြင်လက္ခဏာ ဖြစ်နေသည်" ဟု ဆိုကြသည် (ဗွီရာနှင့် ရုဒ်စ် ၂၀၀၃၊ စာ-၅၅-၅၆)။ လူ့အဖွဲ့အစည်းဗဟိုပြုချဉ်းကပ်မှုပုံစံ၏ မူဝါဒရေးဆွဲမှုလုပ်ငန်းစဉ်တွင် ကိုယ့်အားကိုယ်ကိုးဖွဲ့စည်းထားသောမူဝါဒကွန်ရက်သည် အဓိကကျသောကိစ္စဖြစ်လာသည်။ လက်စတာဆော်လမွန်က အုပ်ချုပ်မှုဆိုသည်မှာ အစိုးရအာဏာကို အစိုးရမဟုတ်သော သို့မဟုတ် အခြားအစိုးရအစိတ်အပိုင်းများမှ လှုပ်ရှားလုပ်ကိုင်နေသူများပါဝင်သည့် ပြင်ပအင်အားစုများနှင့် မျှဝေသုံးစွဲသည့် အသေးစိတ်စီမံဆောင်ရွက်ထားသော တတိယအင်အားစုအုပ်ချုပ်ရေးစနစ်ပုံစံဖြစ်ကြောင်းနှင့် မကြာခဏဆိုသလိုပင် ထိုရှုပ်ထွေးသည့် ပူးပေါင်းဆောင်ရွက်မှုစနစ်ကို ထိထိရောက်ရောက် ကွပ်ကဲရန်မဆိုထားဘိ၊ နားလည်သဘောပေါက်ရန်ပင် ခက်ခဲကြောင်း တင်ပြထားသည် (လက်စတာ၊ ၂၀၀၂၊ စာ-၂)။

ဒုတိယအချက်မှာ အစိုးရ၏လူ့အဖွဲ့အစည်းကို ထိန်းကျောင်းပဲ့ကိုင်နိုင်မှုကျဆင်းလျက်ရှိသည်ဟူသော ဆွေးနွေးချက်ဖြစ်သည်။ ထိုသဘောထားအမြင်ကို အင်ဒရူးဂျော်ဒန်၊ ရူဒီဂျာဝါဇယ်လ်၊ အင်တနီဇီတို စသောပညာရှင်များက ထောက်ခံထားကြပြီး "အုပ်ချုပ်မှုကို ဗဟိုအစိုးရ၏လူ့အဖွဲ့အစည်းအား ပဲ့ကိုင်နိုင်မှုကျဆင်းလာခြင်းနှင့် တွဲဖက်ဆက်စပ်၍ ပညာရှင်အများစုက ရှုမြင်နေကြကြောင်း" ပြောကြားလျက်ရှိသည် (ဂျော်ဒန်၊ ဝါဇယ်လ်၊ဇီတို၊ ၂၀၀၅၊ စာ-၄၈၀)။ "အုပ်ချုပ်မှုဆိုင်ရာကွန်ရက်များသည် နိုင်ငံတော် (အစိုးရ)၏ ထိန်းကျောင်းမှုမှ သိသိသာသာကင်းလွတ်နေကာ ကိုယ်ပိုင်အုပ်ချုပ်စီမံလျက်ရှိသည်" ဟု ရုဒ်စ်က ရှင်းပြထားသည် (ရှုဒ်စ် ၁၉၉၇၊ စာ-၅၇)။

ပြနှင့် ပီတာတို့ကမူ ထိုအမြင်နှင့်ဆန့်ကျင်သောအမြင်များ မည်သို့ပင်ရှိနေစေကာမူ "လူ့အဖွဲ့အစည်းတွင် နိုင်ငံတော်သည် အဓိကကျသောနိုင်ငံရေးဇာတ်ဆောင်ဖြစ်နေပြီး အများပြည်သူတို့၏ ဘုံအကျိုးစီးပွားကို ပေါ်လွင်စွာထင်ဟပ်ဖော်ပြလျက်ရှိနေသည်" ဟု ပြောကြားလျက်ရှိသည်။ နိုင်ငံတော်၏အခန်းကဏ္ဍ တဖြည်းဖြည်း ကွယ်ပျောက်လျက်ရှိသည်ဟူသော စောဒကတက်မှုကို လက်မခံဘဲ နိုင်ငံတော်ဗဟိုပြုချဉ်းကပ်နည်းကို ထောက်ခံသော်လည်း နိုင်ငံတော်၏အခန်းကဏ္ဍနှင့် စွမ်းဆောင်နိုင်စွမ်းသည် အခြေခံမှစ၍ပြောင်းလဲသွားကြောင်း သူတို့က လက်ခံထားကြသည်။ နိုင်ငံတော်သည် "သူ၏အချက်အချာကျမှုကို မေးခွန်းထုတ်စရာမလိုသော"၊ "အင်အားကြီးသောနိုင်ငံရေးအစိတ်အပိုင်း၏ နိုင်ငံရေးဆန္ဒကို လိုက်နာလာစေရန် ဖိအားပေးလုပ်ဆောင်နိုင်သော" အဓိကဇာတ်ဆောင် မဟုတ်တော့ပေ (ထို၊ စာ-၈၂)။

## (ခ) နိုင်ငံတော်ဗဟိုပြုဆက်ဆံရေးချဉ်းကပ်နည်း

နိုင်ငံတော် (အစိုးရ) ၏ အထက်အောက်အဆင့်ဆင့် အုပ်ချုပ်သည့်စနစ်သည် ဆက်လက်ရှင်သန်လျက်ရှိသည် ဟူသော ချဉ်းကပ်မှုပုံစံဖြစ်သည်။ "ကာကွယ်ရေး၊ လုံခြုံရေး၊ ငွေကြေးမူဝါဒစသော နယ်ပယ်များတွင် အထက်အောက်အဆင့်ဆင့် ထိန်းချုပ်မှု

စနစ်ကို နိုင်ငံတော်က ဆက်လက်ကျင့်သုံးလျက်ရှိပြီး ညှိနှိုင်းတိုင်ပင်မှု လုံးဝမရှိ သို့မဟုတ် အလွန်ရှားပါးကာ အခြားနည်းဖြင့် အုပ်ချုပ်ရန် ရွေးချယ်လျှင်လည်း နိုင်ငံတော်ကသာ အထက်စည်းနေရာကို ရယူထားသည်" ဟု ဘဲလ်နှင့် ဟင်းဒ်မိုးရ်တို့က လက်ခံထားသည် (ဘဲလ်နှင့် ဟင်းဒ်မိုးရ်၊ ၂၀၀၉၊ စာ-၂၀)။ အလားတူစွာပင် ပြုနှင့် ပီတာတို့ကလည်း အုပ်ချုပ်မှုကို ပြန်လည်ဖွဲ့စည်းမှု ပြုလုပ်လာခြင်းသည် နိုင်ငံတော်နှင့် အစိုးရတို့က တဖြည်းဖြည်းနောက်ဆုတ်သွားခြင်းဖြစ်ကြောင်း သုတေသီအတော်များများက အခိုင်အမာပြောဆိုကြသည်။ အုပ်ချုပ်မှုကနေရာရလာခြင်းကြောင့် အစိုးရကအရာကျသွားသည်ဟု ယူဆ၍မရ။ ထိုသို့ နေရာရမှုမြင့်တက်လာရခြင်း အကြောင်းရင်းမှာ ယခုအချိန်မတိုင်ခင်အထိ ပူးပေါင်းလုပ်ကိုင်နိုင်ခြင်းမရှိသေးသော လူ့အဖွဲ့အစည်းအတွင်းရှိ အစိုးရမဟုတ်သော အဝန်းအဝိုင်းများအပေါ် နိုင်ငံတော်က ဩဇာသက်ရောက်မှုရှိလာခြင်းကြောင့် နိုင်ငံတော်၏လုပ်ရည်ကိုင်ရည်များ ကြီးထွားကျယ်ပြန့်လာသည်ဟု လက်ခံထားကြသည် (ဘဲလ်နှင့် ဟင်းဒ်မိုးရ်၊ ၂၀၀၉၊ စာ-၁၀ တွင် ကိုးကားထားသော ပြုနှင့် ပီတာ၊ ၂၀၀၀)။

လူ့အဖွဲ့အစည်းကို အုပ်ချုပ်သည့်လုပ်ငန်းစဉ်တွင် အထောက်အကူဖြစ်စေရန် ပုဂ္ဂလိကလုပ်ငန်းများ၏ အကူအညီ ရယူနိုင်သည့်နည်းစနစ်များကို နိုင်ငံတော်ကအသုံးချလာခြင်းဖြင့် ကျွမ်းကျင်မှုများကို အစိုးရကဝယ်ယူနိုင်ကာ အငြင်းပွားဖွယ်ရာ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍လည်း နိုင်ငံရေးအရ ယုံကြည်လက်ခံနိုင်မှုတိုးပွားလာစေရန် လုပ်ဆောင်နိုင်သည်။ "အဓိကကျသည့် အကျိုးစီးပွားပါဝင်ပတ်သက်နေသူများ၏ထောက်ခံမှုဖြင့် စာနယ်ဇင်းများနှင့် အများပြည်သူတို့က မူဝါဒများသည် သဘာဝကျ၍ တရားဝင်မှုရှိကြောင်း ပိုမိုလက်ခံလာနိုင်စေမည် ဖြစ်သည်။



နိုင်ငံတော်တစ်ဦးတည်းကိုသာမဟုတ်ဘဲ အခြားအမျိုးမျိုးသော ဇာတ်ဆောင်များကိုပါ အားကိုးအားထားပြုလာခြင်းကြောင့် နောက်ဆုံးတွင် အုပ်ချုပ်မှုစွမ်းရည်တစ်ခုလုံးကို တိုးမြှင့်လာစေမည်ဖြစ်ပြီး နိုင်ငံတော်ချည်းသက်သက် လုပ်ကိုင်ဆောင်ရွက်သည်ထက် ပိုမိုသည့်စွမ်းဆောင်ရည်များရရှိလာစေမည်ဖြစ်သည်။ သို့သော်လည်း အုပ်ချုပ်မှုကို ဤသို့ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ဆောင်ရွက်လာခြင်းသည် ဆက်ဆံရေးတွင် တန်းတူရည်တူဖြစ်လာသည်ဟူသော အဓိပ္ပာယ်သက်ရောက်ခြင်းမရှိပေ (ထို၊ စာ-၂၂)။

အလားတူပင် မိုက်ကယ်လ်လစ္စတာနှင့် ဒေးဗစ်မာ့ရှ တို့ကလည်း "ခေတ်သစ်အစိုးရလုပ်ငန်းတွင် အခြားသောအုပ်ချုပ်ရေးပိုင်းနှင့် လူထုအသင်းအဖွဲ့ပိုင်းမှ ဇာတ်ကောင်များနှင့် ပိုမိုရှုပ်ထွေးသည့် ဆက်ဆံမှုပုံစံများဖြင့် နိုင်ငံတော်ကို ပိုမိုပတ်သက်လာစေသော်လည်း နိုင်ငံတော်၏အခန်းကဏ္ဍနှင့်ဩဇာအာဏာကို အမှန်တကယ်လျော့ပါးသွားစေမည် မဟုတ်ပေ" ဟု ဆိုသည် (လစ္စတာနှင့် မာ့ရှ ၂၀၀၆၊ စာ-၂၅၅)။ လူထု၊ ဈေးကွက်၊ အသင်းအဖွဲ့စသည်တို့မှတစ်ဆင့်အုပ်ချုပ်ရန် အစိုးရကရွေးချယ်ဆောင်ရွက်ထားသော်လည်း "လွှမ်းခြုံသောအုပ်ချုပ်မှု" သို့မဟုတ် "အုပ်ချုပ်မှု၏အစိုးရ" ၏ တာဝန်များကိုမူ ၎င်းကပင်ဆက်လက်ရယူထားသည်ဟု ဤချဉ်းကပ်ပုံနည်းလမ်းက လက်ခံထားသည် (ဘဲလ်နှင့် ဟင်းဒ်မိုးရ် ၂၀၀၉၊ စာ-၁၁)။ ကြီးကြပ်ကွပ်ကဲခြင်း၊ ပွဲကိုင်ခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ အစီအမံများ ပေါင်းစပ်ပေးခြင်း စသည်တို့တွင်လည်းကောင်း၊ အဓိကပါဝင်သူများကို ရွေးချယ်ခြင်း၊ အထောက်အကူပေးခြင်းတို့တွင်လည်းကောင်း၊ အရင်းအနှီးများစုစည်းမှုတွင်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သောအုပ်ချုပ်မှုစနစ်များ မျှမျှတတနှင့် ထိထိရောက်ရောက်လည်ပတ်စေရန်အတွက် သေသေချာချာ ဆောင်

ရွက်နိုင်စေရန်လည်းကောင်း နိုင်ငံတော်က အဓိကအခန်းမှလုပ်ကိုင်ဆောင်ရွက်နေရသည် (ဖြစ်လည်းဖြစ်သင့်သည်) ဟု ဟင်းဒ်မိုးရ်နှင့်ဘဲလ်တို့က ဖြည့်စွက်ဖော်ပြကြသည် (ထို၊ စာ-၁၁-၁၂)။

ဇာတ်ဆောင်အများအပြားကိုထည့်သွင်းပေါင်းစပ်၍ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အစိုးရက အဓိကနေရာတွင်ရှိနေသော နိုင်ငံတော်ဗဟိုပြုဆက်ဆံရေးချဉ်းကပ်နည်းပုံစံနှင့် အစိုးရက အကန့်အသတ်ဖြင့်ပါဝင်ဆောင်ရွက်သည့် လူ့အဖွဲ့အစည်းဗဟိုပြုချဉ်းကပ်နည်းပုံစံအပါအဝင် ချဉ်းကပ်နည်းနှစ်မျိုးတွင် တွေ့ရှိနိုင်ခြေရှိသည့် အမျိုးမျိုးသောအယူအဆများကို လေ့လာမှုပြုရာတွင် ရွှန်ပြနှင့် ဂိုင်းပီတာတို့က ခေတ်သစ်ဒီမိုကရေစီအခြေခံသောစနစ်များတွင် လောလောဆယ်ကျင့်သုံးနေကြသည့် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကြားရှိနေသည့် ကွဲပြားသောအပြန်အလှန်ဆက်ဆံရေး (၅) မျိုးကို တင်ပြထားသည်။ ထိုပုံစံတစ်ခုချင်းသည် "ပါဝင်ပတ်သက်နေသောဇာတ်ဆောင်များ၏ ကွဲပြားခြားနားမှု၊ သက်ဝင်လှုပ်ရှားနေသောနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ၊ လုပ်ငန်းစဉ်များ၏ သဘောသဘာဝ၊ အုပ်ချုပ်မှုလုပ်ငန်းစဉ်များ၏ ရလဒ်များ" ပေါ်မူတည်၍ ကွဲပြားခြားနားကြသည်။ ယင်းအချက်များကို ပေါင်းစုလိုက်လျှင် အစိုးရက အရာရာကိုကြီးစိုးထားသည့်ပုံစံမှသည် အစိုးရအနည်းဆုံးပါဝင်လုပ်ဆောင်သည့်ပုံစံအထိ တရစပ်ဖြစ်ပေါ်ပြောင်းလဲနေကြောင်း တွေ့ရှိရသည် (ဘဲလ်နှင့် ဟင်းဒ်မိုးရ်၊ ၂၀၀၉၊စာ-၂ ကို ပြနှင့် ပီတာ ၂၀၀၀ တွင် ကိုးကားထားချက်)။ ပြနှင့် ပီတာတို့က တင်ပြထားသောပုံစံတစ်ခုချင်းကို လေ့လာကြည့်ကြပါစို့။

(၁) **အစိုးရကြီးစိုးသောပုံစံ။** အုပ်ချုပ်မှုကဏ္ဍအားလုံးတွင် အစိုးရက အဓိကဇာတ်ဆောင်နေရာယူထားပြီး အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် အသင်းအဖွဲ့များမှ ပါဝင်လှုပ်ရှားသူများ၏ ပါဝင်ပတ်သက်မှုပုံစံများကို ၎င်းကထိန်းချုပ်ထားသည် (ထို)။

(၂) **လွတ်လပ်သည့်ဒီမိုကရေစီဝါဒအခြေခံသောပုံစံ။** အကျိုးစီးပွားတစ်ခုခုကို ဦးတည်ဆောင်ရွက်သည့်အုပ်စုများက အစိုးရအပေါ်ဩဇာလွှမ်းမိုးမှုရှိသောပုံစံဖြစ်သည်။ အစိုးရက လုပ်စရာအနည်းအပါးသာရှိသော်လည်း သူနှင့်လက်တွဲလိုသောအဖွဲ့အစည်းများကို စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရှိနေသည် (ထို)။

(၃) **နိုင်ငံတော်ဗဟိုပြုပုံစံ။** အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် အစိုးရသည် ဗဟိုချက်တွင်ရှိနေပြီး စည်းမျဉ်းစည်းကမ်းသတ်မှတ်၍ လူ့အဖွဲ့အစည်းအတွင်းမှ လှုပ်ရှားသူများကို ကော်ပိုရေးရှင်းပုံစံဖြင့် အုပ်ချုပ်သောပုံစံဖြစ်သည် (ထို)။

(၄) **ဒတ်ချ်အုပ်ချုပ်မှုအယူအဆပုံစံ။** အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် ပါဝင်သောဇာတ်ဆောင်များကြား၌ အစိုးရသည် ဇာတ်ဆောင်တစ်ဦးမျှသာဖြစ်ပြီး လူ့အဖွဲ့အစည်းသည် အားကောင်းသောဇာတ်ဆောင်ဖြစ်သည် (ထို)။

(၅) **အစိုးရမပါဝင်သောအုပ်ချုပ်မှုပုံစံ။** နိုင်ငံတော် (အစိုးရ) က အုပ်ချုပ်နိုင်သည့် စွမ်းရည်ဆုံးရှုံးသွားသောပုံစံဖြစ်သည်။ ဤပုံစံက မိမိအကျိုးစီးပွားကို ပိုမိုဖန်တီးနိုင်သော မိမိဘာသာမိမိထိန်းကျောင်းပဲ့ကိုင်နိုင်သည့် အုပ်ချုပ်မှုအစီအစဉ်များအပေါ်အခြေပြုထားသော ပုဂ္ဂလိကဇာတ်ဆောင်များက ဩဇာထက်သောအခန်းမှ ပါဝင်သောပုံစံဖြစ်သည် (ထို)။

သို့ဖြစ်၍ နိုင်ငံတော်ဗဟိုပြုဆက်ဆံရေးချဉ်းကပ်မှုပုံစံသည် အမျိုးမျိုးသောဇာတ်ဆောင်များပါဝင်မှု အရေးတကြီးလိုအပ်လာသည့် နိုင်ငံရေးအခင်းအကျင်းပြောင်းလဲလာချိန်၌ပင်လျှင် နိုင်ငံတော်၏ အဓိကကျသည့်အနေအထားကို အလေးပေးထားသည်။ ယင်းပုံစံက နိုင်ငံတော်ကို ဗဟိုချက်နေရာတွင် ထားရှိပြီး

(၁) နိုင်ငံတော်က အုပ်ချုပ်မှုလုပ်ငန်းကို ထောက်မရန်နှင့် အရှိန်မြှင့်တင်ပေးရန် ဧရာမဘဏ္ဍာရေးအရင်းအမြစ်များကို ဖန်တီးပေးနိုင်ခြင်း၊

(၂) နိုင်ငံတော်သည် အဓိကဇာတ်ဆောင်ဖြစ်ကာ အခြားမည်သည့်ဇာတ်ဆောင်များက နိုင်ငံတော်ကဲ့သို့ အုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ရွေးချယ်သတ်မှတ်ပိုင်ခွင့်မရှိခြင်း၊

(၃) အခြားဇာတ်ဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်း မူဝါဒဆိုင်ရာလိုက်လျောမှုများကို အစိုးရကသာလျှင်ချပေးနိုင်ခြင်း (တစ်ဖက်သတ်လုပ်ကိုင်ဆောင်ရွက်ပါက လူအများကလက်ခံသည့် တရားဝင်မှုဆုံးရှုံးသွားနိုင်ခြေရှိသည့်သဘောဖြစ်သည်)၊

(၄) နိုင်ငံတော်သည်သာ တရားဝင်အချုပ်အခြာအာဏာပိုင်ဖြစ်ပြီး၊ **ကစားပွဲ၏စည်းမျဉ်းစည်းကမ်းများကို** ပြင်ဆင်ပိုင်ခွင့်ရှိသကဲ့သို့ **နိုင်ငံရေးအသိုင်းအဝိုင်း၏နောက်ဆုံးနှင့်** အကြွင်းမဲ့အာဏာပိုင်ဖြစ်သည်။ ပြည်သူတို့က ဒီမိုကရေစီနည်းကျလုပ်ပိုင်ခွင့်အပ်နှင်းထားမှုကြောင့် ၎င်းသည်အများ၏လက်ခံမှုကိုရရှိထားသည်သာမက ဥပဒေနှင့်အညီ အင်အားသုံးစွဲခွင့်ကို တစ်ဦးတည်းချုပ်ကိုင်ထားနိုင်ပြီး မိမိလိုလားသောပုံစံအတိုင်း အခြားဇာတ်ဆောင်များကလိုက်နာစေရန် တွန်းအားပေးနိုင်စွမ်းရှိမှုကို အခြေခံ၍ အုပ်ချုပ်မှုစည်းမျဉ်းစည်းကမ်းများကို မိမိဆန္ဒအတိုင်း တစ်ဖက်သတ်ပြောင်းလဲပစ်နိုင်ပေရာ နိုင်ငံတော်သည် လွှမ်းမိုးခြယ်လှယ်နိုင်သည့်အနေအထားကို ပိုင်ဆိုင်ထားပေသည် (ထို၊ စာ ၁၃-၁၅)။

## အုပ်ချုပ်မှုဆိုင်ရာအယူအဆများ

ရွှန်ပြနှင့် ဂိုင်းပီတာ ၂၀၀၀ တို့ကတင်ပြသော အုပ်ချုပ်မှုဆိုင်ရာအယူအဆအများအပြားရှိသည်။ ယင်းတို့မှာ



(၁) အစဉ်အလာအာဏာပိုင်အမျိုးအစား၊
(၂) ကိုယ့်တာသာကိုယ်ရှင်သန်နိုင်စွမ်းနှင့် ကွန်ရက်များပဲ့ကိုင်သည့်ပုံစံ၊
(၃) ဆက်သွယ်ထိန်းချုပ်မှုသိပ္ပံနှင့် ပဲ့ကိုင်ခြင်း သို့မဟုတ် စနစ်သဘောတရားပုံစံ၊
(၄) မူဝါဒကို တန်ဆာပလာအဖြစ် အသုံးပြုသည့်နည်းလမ်းပုံစံ၊
(၅) အဖွဲ့အစည်းဆိုင်ရာ သရုပ်ခွဲလေ့လာမှုပုံစံ၊
(၆) ဆင်ခြင်တုံတရားဖြင့် ရွေးချယ်မှုပုံစံ၊
(၇) ကွန်ရက်နှင့် မူဝါဒဆိုင်ရာအစုအဖွဲ့များ သို့မဟုတ် မူဝါဒကွန်ရက်သဘောတရားပုံစံ၊
(၈) အဓိပ္ပာယ်ကောက်ယူမှု သဘောတရားပုံစံ၊
(၉) အဖွဲ့အစည်းဆိုင်ရာ သဘောတရားပုံစံ စသည်တို့ဖြစ်သည်။

ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်အတွက် အယူအဆတစ်ခုချင်းစီကို အသေးစိတ်လေ့လာသွားမည် ဖြစ်သည်။

## (၁) အစဉ်အလာအာဏာပိုင် အယူအဆ

အစဉ်အလာအာဏာပိုင်ပုံစံဆိုသည်မှာ အထက်မှအောက်သို့ အမိန့်ပေးစေခိုင်းနိုင်ခွင့်ကို နိုင်ငံတော်ကပိုင်ဆိုင်ထားသည့်စနစ်ကို ရည်ညွှန်းသည်။ ဤနေရာ၌ အများပြည်သူ၏ဆန္ဒကို ထပ်မံဖော်ပြနေသော အစိုးရ သို့မဟုတ် ဘုရင်/ဘုရင်မ သို့မဟုတ် အာဏာပိုင်အဖြစ် လက်ခံယူဆထားသောတစ်စုံတစ်ရာတို့သည်သာလျှင် အုပ်ချုပ်မှုစတင်ရာရေသောက်မြစ်အဖြစ် ဤပုံစံများက လက်ခံထားသည် (ပြနှင့် ပီတာ၊ ၂၀၀၀၊ စာ-၃၇)။ ဤပုံစံတွင် ဥပဒေနှင့်အမေ့စေခိုင်းမှုတို့သည် အုပ်ချုပ်မှု၏နည်းနိသယဖြစ်ပြီး နိုင်ငံတော်၏အာဏာကို စိန်ခေါ်ခြင်း သို့မဟုတ် အားနည်းအောင်မှုလုပ်ခြင်းတို့ကို လက်ခံ၍မရနိုင်သည့် နိုင်ငံတော်အာဏာကို တရားသိမ်းပိုက်မှုအဖြစ် ရှုမြင်သည်။ ဤအစဉ်အလာအာဏာ

ပိုင်စနစ်ဖြင့် အုပ်ချုပ်သောအစိုးရပုံစံသည် (၁၈) ရာစု ဒီမိုကရေစီမထွန်းကားသေးသော အနောက်ဥရောပနိုင်ငံများ သို့မဟုတ် (၂၀) ရာစုအသွင်ကူးပြောင်းဆဲ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တွေ့မြင်ရသည်။ ဤအစဉ်အလာအုပ်ချုပ်မှုပုံစံကို အရင်းမဲ့တို့၏အာဏာရှင်စနစ်အကြောင်းပြောဆိုနေသော ကွန်မြူနစ်နိုင်ငံများတွင် တွေ့နေကျဖြစ်သည်။

အာဏာဖြင့် အထက်အောက်အဆင့်ဆင့် အုပ်ချုပ်မှုဝါဒီများဖြစ်သော ဟုဒ်၊ ရှဒ်စ်နှင့် ဆာဝဒ်တို့က ယူနိုက်တက်ကင်းဒမ်း၏ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေစံနှုန်းများကို ဆွေးနွေးကြရာတွင် ပါလီမန်၌ ဘုရင်မကြီးရရှိထားသော ထိန်းချုပ်၍မရနိုင်သည့် ဩဇာအာဏာအကြောင်းကို ရည်ညွှန်းပြောဆိုကြသည်။ "အုပ်ချုပ်မှုစနစ်သစ်" နှင့် ဆက်စပ်စဉ်းစားရာ၌ ရှဒ်နှင့် ဆာဝဒ် ကဲ့သို့သောပညာရှင်များကယင်းသည် ဝက်စ်မင်စတာစနစ်များအတွင်း၌ နက်ရှိုင်းစွာ အမြစ်စွဲနေသော ဘုရင့် (အစိုးရ) ဩဇာအာဏာအယူအဆ၏ လုပ်ငန်းတာဝန်များ ဖြစ်ကြောင်းတင်ပြကြသည် (ထို၊ စာ-၂၃)။ ဤအစဉ်အလာ အာဏာပိုင်အယူအဆက အုပ်ချုပ်ခြင်းလုပ်ငန်း၏ ဥပဒေကြောင်းဆိုင်ရာများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ရည်ညွှန်းကိုးကားသည်။ ဤနေရာတွင် ရှိုက်ရှတပ် လွှတ်တော် (ဥပဒေအပေါ်အခြေခံသည့် နိုင်ငံတော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဂျာမန်တို့၏အခြေခံသဘောတရားတို့၏အပေါင်းအစု) က နိုင်ငံတော်၏ဗဟိုချက်မအဖြစ်တည်ရှိနေသော အစဉ်အလာရှိသည့် ဂျာမနီသည် ကောင်းမွန်ရှင်းလင်းသော ပုံစံတစ်ခုဖြစ်သည်။ ဥပဒေကိုလက်ခံခြင်းနှင့် ဥပဒေနှင့်အညီ နိုင်ငံတော်က ဆန့်ကျင်မှုအနည်းဆုံးဖြင့် အုပ်ချုပ်နိုင်စွမ်းရှိခြင်းဆိုသောအချက်ကို လက်ခံထားသည် (ထို)။ အပေးအယူလုပ်ခြင်း၊ ယာယီညွှန့်ပေါင်း



အစွဲစွဲခြင်း၊ သဘောထားကွဲလွဲမှုကို ကိုင်တွယ်ဖြေရှင်းခြင်းစသည့် သမိုင်းကြောင်းရှိခဲ့ကြသော ဥရောပနိုင်ငံငယ်များနှင့်မူ ထိုအထက်မှအောက်သို့အုပ်ချုပ်သောစနစ်မှာ လိုက်ဖက်ခြင်းမရှိလှပေ။ အထက်ကထုတ်ပြန်လိုက်သော လမ်းညွှန်ချက်များကို စောဒကတက်ကြသည်ဟု အဓိပ္ပာယ်သက်ရောက်နေသည်။ အလားတူပင် ပြည်ထောင်စု (ဖက်ဒရယ်) သို့မဟုတ် သမ္မတ အုပ်ချုပ်သောစနစ်များနှင့်လည်း အဆိုပါ အထက်မှအောက်သို့ အမိန့်ပေးအုပ်ချုပ်သောစနစ်သည် သဟဇာတမဖြစ်နိုင်ပေ (ထို)။

### (၂) ကိုယ့်ဘာသာကိုယ်ရှင်သန်နိုင်စွမ်းနှင့် ကွန်ရက်များပဲ့ကိုင်မှုစနစ်

အာဏာသည် နိုင်ငံတော်၏လက်ထဲတွင် ရှိသည်ဆိုသော ရှုထောင့်နှင့် ကွဲပြားခြားနားသောအမြင်တစ်ရပ်ဖြစ်သည်။ ၎င်းသည် လူ့အဖွဲ့အစည်းနှင့်ဆက်ဆံရေးတွင် အစိုးရ၏ဩဇာအာဏာ တဖြည်းဖြည်းလျော့ပါးလာသည်ဟု စောဒကတက်သည့်အမြင် ဖြစ်သည်။ ၎င်းတို့အကြောင်းပြသည်ကား လူ့အဖွဲ့အစည်းနှင့် ဈေးကွက်က မိမိဘာသာမိမိ ရှင်သန်နိုင်သောစွမ်းပကားများ တိုးတက်လာလျက်ရှိပြီး အစိုးရ၏ထိန်းချုပ်မှုကို ရှောင်ရှားလာနိုင်သည်ဟူ၍ ဖြစ်သည်။ ဤအုပ်ချုပ်မှုဆိုင်ရာချဉ်းကပ်ပုံနည်းလမ်းကို အဖွဲ့အစည်းများဖွဲ့စည်းလုပ်ကိုင်သည့် ယဉ်ကျေးမှုကြွယ်ဝပြီး အစိုးရကလည်း ထိုအဖွဲ့အစည်းများကို နေရာပေးသော သမိုင်းကြောင်းရှိသည့် နယ်သာလန်ကဲ့သို့သော နိုင်ငံများတွင် တွေ့ရှိရသည်။ ဤနေရာတွင် အစိုးရကလည်း သူ့ချည်းသက်သက် ပဲ့ကိုင်နိုင်ခြင်းမရှိပေ။ အများလက်ခံသည့် တရားဝင်အစိုးရအဖွဲ့အစည်းက လုပ်ငန်းဆိုင်ရာမူဘောင်တစ်ရပ်ကိုသာ သတ်မှတ်ပေးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော လူမှုရေးနှင့် စီးပွားရေးအဖွဲ့အစည်းများက ထိုဘောင်အတွင်း၌ မိမိတို့ရည်မှန်းချက်များကို အကောင်အထည်

ဖော်နိုင်ခွင့်ရှိကြသည်။ အစိုးရအဖွဲ့တွင် ဩဇာအထိုက်အလျောက်ရှိသော်လည်း ဗဟိုက တိုက်ရိုက်အုပ်ချုပ်ခြင်းမပြုပေ (စာ-၃၉)။

လူ့အဖွဲ့အစည်း၏ မိမိခြေထောက်ပေါ် မိမိဖွဲ့စည်းရပ်တည်နိုင်မှု စွမ်းအားအကြောင်းကို ရောဘတ်ပွတ်မန်းကဲ့သို့သောပညာရှင်က လူထုလူတန်းစားအဖွဲ့အစည်းနှင့်ဆက်စပ်၍ အကျယ်တဝင့်တင်ပြဆွေးနွေးထားသည်။ အစိုးရ၏လုပ်ငန်းဆောင်တာများကို အထောက်အကူပြုနိုင်သော အားကောင်းသည့် လူထုလူတန်းစားအဖွဲ့အစည်းများရှိနေလျှင် ဒီမိုကရေစီအုပ်ချုပ်မှုစနစ်က ပိုမိုထိရောက်မှုရှိကြောင်း ဆွေးနွေးတင်ပြထားသည်။ ပြကဲ့သို့သောပညာရှင်များကလည်း လူ့အဖွဲ့အစည်း၏ အားကောင်းသော ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်သည့်စွမ်းပကားကို အစိုးရ၏လုပ်ငန်းဆောင်တာများအတွက် အားဖြည့်ဆောင်ရွက်ပေးရန် အသုံးပြုနိုင်သကဲ့သို့ အစိုးရလုပ်ငန်းလည်ပတ်နိုင်သော အခြေခံအဆောက်အအုံအဖြစ် အသုံးပြုနိုင်သည်ဟု ပြောဆိုကြသည်။ ထို့သို့ဖြင့် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့၏ဆက်ဆံရေးသည် ပြိုင်ဘက်များအဖြစ်ထက် အပြန်အလှန်အထောက်အကူပြုကာ ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်များအဖြစ်သို့ ပြောင်းလာခဲ့သည် (ထို)။

သို့သော်လည်း အုပ်ချုပ်မှုကို ကိုယ်တိုင်ဖွဲ့စည်းလှုပ်ရှားမှုနည်းလမ်းဖြင့်ချဉ်းကပ်ခြင်းကို ဝေဖန်မှုများရှိနေသည်။ ယင်းဝေဖန်မှုအရ ဈေးကွက်နှင့် လူမှုအဖွဲ့အစည်းများ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် မူဘောင်ကို အစိုးရကသာ ထူထောင်ပေးသည်ဟုဆိုသည်။ တရားဥပဒေစိုးမိုးမှုနှင့် ရှင်းလင်းပြတ်သားသော ပစ္စည်းပိုင်ဆိုင်ခွင့်များမရှိဘဲ ဈေးကွက်မတည်ရှိနိုင်။ အလားတူပင် အစိုးရ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော ထိန်းကျောင်းမှုမရှိဘဲ လူထုအဖွဲ့ငယ်များနှင့် အသင်းအဖွဲ့များ (အစိုးရနှင့် နိုင်ငံရေးအသိုင်းအဝိုင်းနှင့် ကင်းလွတ်သောအဖွဲ့အချို့ရှိသော်လည်း) မရပ်တည်



နိုင်ပေ။ အဖွဲ့ငယ်အတော်များများ၏ရှင်သန်ရပ်တည်နိုင်မှုသည် အလှူဒါနပြုနေသောအဖွဲ့အစည်းများအတွက် အခွန်ကင်းလွတ်ခွင့်ပေးခြင်းကဲ့သို့သော အခွင့်အရေးမျိုးရရှိအောင် အစိုးရကိုတိုက်တွန်းနှိုးဆော်နိုင်သည့် ဩဇာသက်ရောက်မှုမျိုးအပေါ် တည်မှီနေပေသည် (ထို)။

### (၃) ဆက်သွယ်ထိန်းချုပ်မှုသိပ္ပံနှင့် ပဲ့ကိုင်မှု (သို့) စနစ်သဘောတရား

အုပ်ချုပ်မှုဘောင်အတွင်းရှိ အခြားနည်းဖြင့် ပဲ့ကိုင်သောလုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်သည်။ ဤအယူအဆအရ အစိုးရသည် ပတ်ဝန်းကျင်၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို သဘောပေါက်လက်ခံလွယ်ပြီး အချို့သောအဓိကညွှန်းကိန်းများ၏ ဟန်ချက်ညီမှုကို ထိန်းသိမ်းထားရန် လုံ့လစိုက်ထုတ်မှုပြုသည်။ ကားလ်ဒွိုက်ရှ ကဲ့သို့သော ပညာရှင်များက အုပ်ချုပ်စီမံခန့်ခွဲခြင်းကို ဆက်သွယ်ထိန်းချုပ်မှုစနစ်တစ်ရပ်အဖြစ် ပုံဖော်တည်ဆောက်ခဲ့သည်။ အစိုးရများသည် ဆက်သွယ်ထိန်းချုပ်မှုစနစ်တစ်ခုကဲ့သို့ ဖြစ်ရန်ကြိုးပမ်းသင့်ကြောင်း၊ သတင်းအချက်အလက် စုစည်းသုံးသပ်မှုစွမ်းဆောင်ရည် မြင့်မားလာအောင်ဆောင်ရွက်ခြင်းဖြင့် အစိုးရက မိမိကိုယ်တိုင်နှင့် လူ့အဖွဲ့အစည်းကို ပိုမိုထိရောက်စွာပဲ့ကိုင်နိုင်သည်ဟူသောခံယူချက်ဖြင့် ပတ်ဝန်းကျင်ကို ပိုမိုထိရောက်စွာတုံ့ပြန်နိုင်ရန် လိုအပ်ကြောင်း ဆွေးနွေးထားသည် (ထို၊ စာ-၄၀)။

အတွေ့အကြုံအရလည်းကောင်း၊ စံသတ်မှတ်ချက်များအရလည်းကောင်း အဆိုပါချဉ်းကပ်မှုနည်းလမ်းကို ဝေဖန်မှုအများအပြား ရှိနေသည်။ အတွေ့အကြုံအရဆိုသော် လူမှုဆိုင်ရာညွှန်းကိန်းများ၏တည်ရှိနေမှုနှင့် ယုံကြည်အားကိုးထိုက်မှုတို့နှင့်ပတ်သက်၍ မေးခွန်းထုတ်စရာအများအပြားရှိနေသည်။ လူမှုညွှန်ကိန်းများဖွံ့ဖြိုးလာသည်မှာ ကာလအတန်ကြာပြီဖြစ်သော်လည်း

အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဆက်သွယ်ထိန်းချုပ်မှုပညာတွင် ထည့်သွင်းအသုံးပြုနိုင်လောက်အောင် ဖွံ့ဖြိုးမှုမရှိသေးပေ။ အစိုးရ၏အချက်အလက်များ စုစည်းသုံးသပ်နိုင်မှုတွင် အကန့်အသတ်များရှိနေခြင်းကြောင့် အစိုးရ၏ဆက်သွယ်ထိန်းချုပ်နိုင်မှုစွမ်းရည်တွင် ကန့်သတ်ချက်များရှိနေသည်။ ယုံကြည်စိတ်ချရ၍ ခိုင်မာမှုမရှိသော လူမှုညွှန်းကိန်းများချို့တဲ့မှုကလည်း စနစ်ကို အလွန်ခေတ်နောက်ကျနေးကွေးစေသည်။ စီးပွားရေးနယ်ပယ်တွင် ရှေ့ပြေးညွှန်းကိန်းအချို့ရှိနေသော်လည်း သူတို့၏ခိုင်မာမှုနှင့် အားကိုးထိုက်မှုတို့သည် လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့သော စီးပွားရေးညွှန်းကိန်းများလောက် မြင့်မားမှုမရှိဟု ပီတာနှင့် ပြတို့က ပြောသည်။

ဆက်သွယ်ထိန်းချုပ်မှုသိပ္ပံပုံစံသည် ပိုနေမြဲကျားနေမြဲအနေအထားဘက်သို့ ယိမ်းလွန်းနေကြောင်း၊ အထူးသဖြင့် ဟန်ချက်ညီမှုကို ထိန်းထားရန် ကြိုးပမ်းမှုဖြစ်ကြောင်း၊ ဆက်သွယ်ထိန်းချုပ်မှုနှင့် ပဋိပက္ခပုံစံကို သတ်မှတ်ချက်များအပေါ်အခြေခံ၍ ဝေဖန်မှုများက ထောက်ပြကြသည်။ လူ့အဖွဲ့အစည်းတွင် ရွေ့လျားနေသော သို့မဟုတ် လှုပ်ရှားပြောင်းလဲနေသော အားမျှခြေရှိကြောင်းနှင့် ဤရေခံမြေခံအခြေအနေတွင် တည်ငြိမ်သော သို့မဟုတ် ပုံသေအားမျှခြေအကြောင်းပြော၍မရကြောင်းကို ဤချဉ်းကပ်ပုံနည်းလမ်းကလက်ခံထားသော်လည်း တည်ငြိမ်မှုကို အစွဲအလမ်းကြီးလွန်းနေကြောင်း၊ ခေတ်ပြိုင်လောက၏ မူဝါဒရေးဆွဲချမှတ်မှုနှင့် အုပ်ချုပ်မှုတို့အတွက် အလွန်အမင်း ယန္တရားဆန်နေကြောင်း ဝေဖန်သူများက ထောက်ပြကြသည်။ ဒုတိယအချက်မှာ အဆိုပါမူဝါဒရေးဆွဲချမှတ်မှုပုံစံတွင် ရည်မှန်းချက် ရှာဖွေသတ်မှတ်ရေးပြဿနာပင်ဖြစ်သည်။ ပီတာနှင့် ပြတို့၏ လက်ရာကို ကိုးကားရသော်-



ဆက်သွယ်ထိန်းချုပ်မှုပုံစံအမြင်၏ရည်မှန်းချက်သည် ဒုံရင်းအခြေအနေသို့ ပြန်သွားရန် သို့မဟုတ် တစ်နည်းဆိုရသော် တည်ငြိမ်မှုပျက်ပြားသွားသောအခြေအနေမတိုင်မီက ရှိနေခဲ့သော တည်ငြိမ်သည့်အခြေအနေသို့ ပြန်သွားရန်ဖြစ်သည်။ ယင်းအမိပ္ပာယ်ဖွင့်ဆိုမှုအရ ပဋိပက္ခမဆိုစလောက်သာပါဝင်သည်ဟု ယူဆနိုင်သည်။ စနစ်အတွင်းရှိ အခြားကန့်သတ်ချက်ဘောင်အတွင်း၌ တစ်စုံတစ်ရာသော ဟန်ချက်ညီမှုကိုထိန်းသိမ်းထားနိုင်သည့် ရည်မှန်းချက်ရှာဖွေမှုတည်းဟူသော လှုပ်ရှားပြောင်းလဲနေသည့် အားမျှခြေအယူအဆက ဤရှုထောင့်အမြင်ကို ကယ်တင်ပေးနိုင်သည်။ သို့သော်လည်း ဤတွေးခေါ်မှု၌ပင်လျှင် အုပ်ချုပ်မှုလုပ်ငန်းအတွင်းရှိ ပဋိပက္ခသဘောတရားသည် အားမျှခြေအယူအဆ၏ လက်အောက်ခံဖြစ်နေကြောင်း ပေါ်လွင်နေပေရာ ဆက်သွယ်ထိန်းချုပ်မှုသိပ္ပံသည်လည်း တန်ဖိုးအပြည့်အဝပေးနိုင်ပုံမရပေ (ထို၊ စာ-၄၁)။

## (၄) မူဝါဒကို တန်ဆာပလာအဖြစ် အသုံးပြုသည့်နည်းလမ်း

အစိုးရသည် ကောင်းမွန်စွာအုပ်ချုပ်နိုင်ကြောင်းနှင့် မိမိလက်ဝယ်တွင်ရှိနေသော ကိရိယာတန်ဆာပလာ အကူအညီဖြင့် ထိထိရောက်ရောက်အုပ်ချုပ်နိုင်ကြောင်းကို ကိရိယာတန်ဆာပလာနည်းလမ်းအသုံးပြုသူများက လက်ခံထားကြသည်။ ဟုဒ်၊ ဆယ်လာမွန်နှင့် လွန်းဒ်၊ ပီတာနှင့် ဗန်နစ္စပင်စသူတို့သည် အထက်ပါနည်းလမ်းအသုံးပြုသူများတွင် ပါဝင်ကြသည်။ တန်ဆာပလာရွေးချယ်မှုနှင့်ပတ်သက်သော နိုင်ငံရေးအကျိုးဆက်များကို ထိုချဉ်းကပ်ပုံနည်းလမ်းက အာရုံစိုက်လေ့လာသည်။ ဝုဒ်၏အဆိုအရ (၁၉၈၈) "ခေတ်ပြိုင်နိုင်ငံရေး အခြေအနေများအရ နိုင်ငံရေးအကြောင်းအရာဆိုသည်မှာ အစိုးရများသည် ထိပါးမှုအနည်းဆုံး

ဖြစ်သည့် တန်ဆာပလာများကို ရွေးချယ်အသုံးပြုမည်" ဆိုသည့် သဘောဖြစ်သည် (ထို)။

ဤချဉ်းကပ်မှုပုံစံ၏အဆိုအရ အုပ်ချုပ်ရာတွင် အသုံးပြုရန် အစိုးရကရွေးချယ်သောတန်ဆာပလာများသည် မူဝါဒနယ်ပယ်ကိုသာမက စီးပွားရေးနယ်ပယ်နှင့် လူ့အဖွဲ့အစည်းနယ်ပယ်ကိုပါ ဆင့်ပွားရိုက်ခတ်လာမည့်အပြင် အစိုးရကိုယ်တိုင်ကိုပင်လျှင် အကျိုးသက်ရောက်မှု ရှိလာနိုင်သည်။ တန်ဆာပလာအသုံးပြုမှုနည်းလမ်းဖြင့် ချဉ်းကပ်သည့်ပုံစံသည် ယခင်နည်းလမ်းနှစ်ရပ်နှင့်မတူဘဲ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အကြားဆက်ဆံရေးကို အလေးပေးစဉ်းစားခြင်းမပြုပေ။ မူဝါဒရည်မှန်းချက်များထမြောက်စေရေး ရွေးချယ်အသုံးပြုရန်အတွက် နည်းလမ်းများနှင့် အုပ်ချုပ်မှုအစီအစဉ်များ နေရာတကျရှိနေပြီးဖြစ်သည်ဟု ၎င်းအယူအဆက ယုံကြည်ထားသည်။ သို့ဖြစ်၍ ဤချဉ်းကပ်နည်းပုံစံက အုပ်ချုပ်မှုကို နိုင်ငံရေးသိပ္ပံတွင်ပါဝင်သော ပြည်သူ့ရေးရာမူဝါဒသုတေသနလုပ်ငန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းတို့နှင့် ချိတ်ဆက်ထားသည်။ အုပ်ချုပ်မှုကို အစိုးရ၏မူဝါဒရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုစွမ်းရည်အဖြစ် ဤချဉ်းကပ်နည်းက ရှုမြင်ထားသည်။ ကိရိယာတန်ဆာပလာက ရည်မှန်းချက်ထမြောက်အောင်မြင်ရေးဆိုင်ရာအခြေခံကျသောပြဿနာကို ဖမ်းဆုပ်ထားနိုင်ပြီး အောင်မြင်မှုအတွက် အဓိကကျသောကိန်းရှင်တစ်ခုကို နားလည်သဘောပေါက်စေနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဤချဉ်းကပ်ပုံချဉ်းကပ်နည်းသည် အုပ်ချုပ်မှုကို လုပ်ငန်းလည်ပတ်မှုရှုထောင့်မှကြည့်သည့်အမြင်ဖြစ်ပြီး ရွေးချယ်ထားသည်များကို အကောင်အထည်ပေါ်အောင်လုပ်ဆောင်နိုင်သည့် အစိုးရ၏စွမ်းဆောင်ရည်ကို အခြေခံအားဖြင့်အာရုံစိုက်ကာ ရည်မှန်းချက်အောင်မြင်



ရေးအတွက် ရွေးချယ်ထားသောတန်ဆာပလာများ၏ အမျိုးမျိုးသောလက္ခဏာများကို ခွဲခြားဖော်ထုတ်ပေးသည်။

ဤချဉ်းကပ်ပုံချဉ်းကပ်နည်းက အစိုးရတိုင်းသည် တန်ဆာပလာအားလုံးကို အသုံးချနိုင်စွမ်းရှိသည်ဟု ယူဆထားပေရာ သက်တွေ့တွင် ထိုသို့မဟုတ်ဟု တန်ဆာပလာအသုံးပြုမှုချဉ်းကပ်နည်းကို ဝေဖန်ချက်များ ဖော်ပြကြသည်။ ထိုသို့အသုံးပြုနိုင်ရန်မှာ သက်ဆိုင်ရာနိုင်ငံတစ်ခုချင်း၏အခြေအနေပေါ်တွင် တည်မှီနေပေရာ၊ ဥပမာအားဖြင့် ကိုယ့်ကျင့်သိက္ခာဆိုင်ရာ မက်လုံးကဲ့သို့သောတန်ဆာပလာကို ကျင့်သုံးနိုင်ရန်အတွက် အစိုးရတစ်ရပ်၏ တရားဝင်မှုနှင့် ပြည်သူများ၏လေးစားကြည်ညိုမှု ရေချိန်အနိမ့်အမြင့်ပေါ်တွင် တည်မှီနေပေသည်။ အချို့အစိုးရများသည် ငွေကြေးအင်အားတောင့်တင်းမှုကြောင့် သူတို့ရည်မှန်းချက်အောင်မြင်စေရန် ငွေပိုသုံးစွဲနိုင်ခြင်းသည် ဒုတိယအချက် ဖြစ်ပေသည်။ တတိယအချက်မှာ အချို့အစိုးရများသည် အခြားအစိုးရများထက် အတင်းအကျပ်စေခိုင်းသည့်နည်းလမ်းကို ပိုမိုသုံးစွဲနိုင်ပြီး ယင်းနည်းလမ်းသည် ရည်မှန်းချက်ထမြောက်အောင်မြင်ရေးအတွက် ထိရောက်မှုအနည်းဆုံးနည်းလမ်းဖြစ်သော်လည်း မကြာခဏဆိုသလိုပင် ယင်းကို မူဝါဒရည်မှန်းချက်များ၏ အခြေခံအဖြစ်ထားရှိကြသည် (ထို၊ ၈၁-၄၂)။ အစိုးရက တီထွင်ထားသည့် တန်ဆာပလာများကို ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းက ရှောင်တိမ်းနိုင်ကြောင်း ဝေဖန်ချက်များထောက်ပြထားသည်။ လူ့အဖွဲ့အစည်းက ခွင့်ပြုထားသည့်ပမာဏအတိုင်းသာ အစိုးရကအုပ်ချုပ်နိုင်သည့် သဘောသက်ရောက်နေသည်။ ဤသို့ဝှက်စွာအုပ်ချုပ်သည့်နည်းလမ်းသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပိုင်းတွင် ပွင့်လင်းမြင်သာမှုရှိရန်လိုသည်ဟူသော မျက်မှောက်ခေတ်လိုလားချက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေပေသည်။

## (၅) အဖွဲ့အစည်းဆိုင်ရာ သဘောတရား

အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် အဖွဲ့အစည်းများ၏အခန်းကဏ္ဍကို ဤချဉ်းကပ်နည်းက အဓိကထားစဉ်းစားထားသည်။ အစိုးရတစ်ရပ်၏ ထိရောက်စွာအုပ်ချုပ်နိုင်သောစွမ်းရည်ကို အဆုံးအဖြတ်ပေးနိုင်စွမ်းရှိသည့် အဖွဲ့အစည်းများ၊ ဥပမာအားဖြင့် နိုင်ငံတစ်ခု၏အုပ်ချုပ်မှုလုပ်ငန်းစဉ် အောင်မြင်စွာလည်ပတ်နိုင်မှုကို ဖန်တီးပေးသည့် သမ္မတ (သို့) ပါလီမန်တည်းဟူသော အဖွဲ့အစည်း၏အခန်းကဏ္ဍသည် ဤချဉ်းကပ်မှုပုံစံ၏ အာရုံစိုက်ရာဗဟိုချက်ဖြစ်ပေသည်။ အုပ်ချုပ်မှုလုပ်ငန်းစဉ်အတွင်းရှိ အဖွဲ့အစည်းများ၏အခန်းကဏ္ဍကို အာရုံစိုက်လေ့လာသောပညာရှင်များမှာ ဆာတိုရီ ရစ်ဂ်၊ ပီတာနှင့် ရှော့ခ်မန်တို့ ဖြစ်ကြသည်။ တရားရုံးများ၊ ဗျူရိုကရေစီအဖွဲ့အစည်းများ၊ ဗဟိုဘဏ်များစသည့် လူများစုအပေါ် အခြေမခံသော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ပတ်သက်သော အရေးပါသည့် မေးခွန်းများကိုလည်း ဤချဉ်းကပ်မှုပုံစံက ဖော်ထုတ်ကြသည်။ အဖွဲ့အစည်းများ၏ သဘောသဘာဝကို နားလည်နိုင်မည့်နည်းလမ်းများကို သူတို့က အာရုံစိုက်လေ့လာသည်။ ပညာရှင်များဖြစ်သော မာ့ချ်နှင့် အောလ်ဆွန်တို့က အဖွဲ့အစည်းများကို “မူဝါဒရေးဆွဲသူများအစား လမ်းညွှန်မှုပေးနိုင်သော စံနှုန်းအစုများနှင့် ထောက်ပတ်သော တွေးခေါ်မှုစနစ်များ” အဖြစ် ပုံဖော်ကြသည် (ထို၊ စာ-၄၃)။ ဤချဉ်းကပ်မှုပုံစံ၌ စီမံအုပ်ချုပ်ရာတွင် အသုံးပြုသည့် တွေးခေါ်မှုစနစ်နှင့် အုပ်ချုပ်ရန်ကြိုးပမ်းရာတွင် နိုင်ငံတော်က လိုက်နာကျင့်သုံးသော သတ်မှတ်စံနှုန်းများနှင့် စနစ်များမှတစ်ဆင့် အုပ်ချုပ်မှုကို နားလည်သဘောပေါက်နိုင်သည်။ သမိုင်းကြောင်းအခြေခံသောအဖွဲ့အစည်းဝါဒီများက အုပ်ချုပ်မှုသည် သွားရာလမ်းကြောင်းအပေါ် တည်မှီနေသည်ဟု ခံယူထားသည်။ အတိတ်က



အောင်မြင်သောလမ်းသည် အနာဂတ်တွင်လည်း ဆက်လက်အောင်မြင်နေမည်ဖြစ်သည်။ သူတို့အဖို့ အုပ်ချုပ်မှုဆိုသည်မှာ လှုပ်ရှားမှုမရှိခြင်းမှ နိုးထခြင်းပင် ဖြစ်နေသည် (ထို၊ စာ-၄၄)။ ကြောင်းကျိုးညီညွတ်သော ရွေးချယ်မှုကိုအခြေခံသော အဖွဲ့အစည်းဝါဒီများအဖို့မူ အုပ်ချုပ်မှုဆိုသည်မှာ ပါဝင်လုပ်ကိုင်သူများအတွက် မက်လုံးများကို အကျိုးရှိစွာ အသုံးချခြင်းပင်ဖြစ်ပြီး ယင်းကို သဟဇာတဖြစ်အောင် မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်လျှင် အုပ်ချုပ်မှုသည် မှီးစင်းလွယ်ကူသောလေ့ကျင့်ခန်းတစ်ရပ် ဖြစ်လာတော့သည်။

အုပ်ချုပ်မှုလုပ်ငန်းစဉ်အတွက် အကောင်းဆုံးမဟာဗျူဟာရှာဖွေတွေ့ရှိရေးတွင် လူထုလူတန်းစားအဖွဲ့အစည်းနှင့် ဆက်စပ်နေသော အဖွဲ့အစည်းဆိုင်ရာပြဿနာသည်လည်း ထိုချဉ်းကပ်မှုပုံစံအတွက် အရေးကြီးသော ကိစ္စဖြစ်နေသည်။ အုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် လူထုလူတန်းစားအဖွဲ့အစည်းသို့မဟုတ် အဖွဲ့အစည်းများကို တည်ဆောက်မည်လော၊ အုပ်ချုပ်သည့်နည်းလမ်းများ တိုးတက်ကောင်းမွန်လာစေရန်အတွက် ဆောင်ရွက်ပေးနိုင်သောအဖွဲ့အစည်းများ ပေါ်ပေါက်လာရေးကို အာရုံစိုက်လုပ်ဆောင်ပေးမည့် အဖွဲ့အစည်းတစ်ခု တည်ဆောက်မည်လောဟူသည့် ကိစ္စရပ်များဖြစ်သည်။ ထိုသို့ဆိုခြင်းကြောင့် အုပ်ချုပ်မှုကိစ္စတွင် လူထုလူတန်းစားအဖွဲ့အစည်းများ၏ အရေးပါမှုကို ငြင်းပယ်ခြင်း မဟုတ်ပေ။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် နှိုင်းယှဉ်လျှင် အဖွဲ့အစည်းများက ပိုမို ပြောင်းလွယ် ပြင်လွယ်မှုရှိ သည်ဟု သူတို့က ယုံကြည်ထားကြသည်။ သူတို့၏ဖွဲ့စည်းတည်ဆောက်ပုံများကို နိုင်ငံရေးခေါင်းဆောင်က အလွယ်တကူပြောင်းလဲပစ်နိုင်သည် (ပြုနှင့် ပီတာ ၂၀၀၀၊ စာ-၄၂ တွင် ကိုးကားထားသော ပိုလစ် ၁၉၄၈ ၏ ရေးသားချက်)။ ဤနေရာတွင် ပြင်ပ၏

တွန်းအားဖြင့် ဆောင်ရွက်သောပြုပြင်ပြောင်းလဲမှုကို လူ့အဖွဲ့အစည်းက ပို၍ ကာကွယ်နိုင်စွမ်းရှိပေမည် (ထို)။

## (၆) ကြောင်းကျိုးညီညွတ်သော ရွေးချယ်မှုသဘောတရား

ဤချဉ်းကပ်မှုပုံစံသည် စီးပွားရေးပညာ၏ လက်တွေ့အသုံးကျမှုသဘောတရားအပေါ် အခြေခံထားသည့် လူမှုသိပ္ပံဘာသာရပ်နယ်ပယ်ရှိ ဩဇာလွှမ်းမိုးမှုအရှိဆုံး ချဉ်းကပ်မှုပုံစံတစ်ခုဖြစ်သည်။ ဤချဉ်းကပ်မှုပုံစံက ဗျူရိုကရေစီယန္တရားကို အမိက ကိုယ်စားလှယ်အဖြစ် လက်ခံထားပြီး နိုင်ငံရေးအရ ဆုံးဖြတ်ပိုင်ခွင့်ရှိသူ တစ်ဦးဦးက ပဋိညာဉ်များ သို့မဟုတ် အခြားနားလည်မှုများအရ သူ/သူမ၏ ကိုယ်စားလှယ်များကို ထိန်းချုပ်သောစနစ်ဖြစ်သည်။ ဤကိုယ်စားလှယ်များ (ကိုယ်စားလှယ်လုပ်ငန်းများ သို့မဟုတ် တစ်ဦးချင်း ဗျူရိုကရက်များ) က သူတို့၏ ကိုယ်ပိုင်ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အမိကပုဂ္ဂိုလ်များ၏ထိန်းကျောင်းမှုကို ရှောင်လွှဲလုပ်ဆောင်ရန် မက်လုံး ရှိနေသည် (ထို)။

အာဏာသုံး၍စီမံခန့်ခွဲခြင်းနှင့် ကြောင်းကျိုးညီညွတ်သော ရွေးချယ်မှု သဘောတရားတို့အကြားရှိနေသည့် ကွင်းဆက်ကို ဖော်ပြနိုင်သည်။ အထက်ပါယူဆချက်၏ နောက်ခံသည်ကား အမိကပုဂ္ဂိုလ်များသည် အစိုးရက တရားဝင်ချမှတ်ထားသော မူဝါဒများကို ကိုယ်စားပြုသူများဖြစ်ပေရာ ကိုယ်စားလှယ်များ၏ ရှောင်ကွင်းလုပ်ဆောင်မှုများသည် တရားဝင်ချမှတ်ထားသော လိုလားချက်များကို သွေဖည်ခြင်းဖြစ်သည်ဟူသော အမြင်ပင်ဖြစ်သည်။ ထိုရှုထောင့်အမြင်သည် အကောင်အထည်ဖော်မှုဆိုင်ရာ စာပေနှင့် အလွန်ပင် နီးစပ်မှုရှိသည်။ ဤနေရာတွင် ဗဟိုအစိုးရက ရေးဆွဲထားသည့် မူဝါဒရည်ရွယ်ချက်များကို စိစစ်လေ့လာပြီးနောက်



ထိုရည်ရွယ်ချက်များမှသွေဖည်မှုများကို ရှာဖွေဖော်ထုတ်သည်။ အကောင်အထည်ဖော်မှုရှုထောင့်နှင့် ကြောင်းကျိုးညီညွတ်သော ရွေးချယ်မှုရှုထောင့်အကြားရှိ ကွဲပြားခြားနားမှုသည်ကား ကြောင်းကျိုးညီညွတ်သောရွေးချယ်မှုသည် အဖွဲ့အစည်းများအကြား၌ ပဋိညာဉ်သဘောဆက်ဆံရေးများတည်ရှိပြီး မှန်ကန်သတ်မှတ်သော မက်လုံးများ ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် ထိရောက်သော ဆက်ဆံရေးများ ဖြစ်ထွန်းလာစေသည်ဟူသော ယူဆချက်အပေါ်တွင် အခြေခံထားခြင်းဖြစ်သည် (ထို၊ စာ-၄၄-၄၅)။

## (၇) ကွန်ရက်များနှင့် မူဝါဒအဖွဲ့များ (သို့) မူဝါဒကွန်ရက် အယူအဆ

၁၉၇၀ ပြည့်နှစ်များအတွင်း အမေရိကတွင် စနစ်တစ်ခုအတွင်း သီးခြားရပ်တည်နေသောစနစ်ငယ်၊ အစိုးရအဖွဲ့အတွင်း သီးခြားရပ်တည်နေသောအုပ်စုငယ်၊ တြိဂံစသည်တို့အပေါ် အာရုံစိုက်ရေးသားသောစာပေအတော်များများ ပေါ်ထွက်လာခဲ့သည်။ အလားတူပင် ဗြိတိန်နိုင်ငံတွင် "မူဝါဒအသိုင်းအဝိုင်း" ဆိုသည့် ဝေါဟာရခေတ်စားလာပြီး ဗြိတိန်၏ ပြည်သူ့ဝန်ထမ်းဆိုင်ရာ သုတေသနလုပ်ငန်းကို များစွာအထောက်အကူပြုခဲ့သည်။ ပြဿနာတစ်ရပ်ရပ် သို့မဟုတ် နယ်ပယ်တစ်ခုခုနှင့် ပတ်သက်၍ အကျိုးစီးပွားနှင့် သဘောထားတူညီမှုကိုအခြေခံ၍ ပူးပေါင်းလှုပ်ရှားနေကြသည့် ခိုင်မာသောကွန်ရက်များရှိနေသည့် သဘောသက်ရောက်နေသည် (ဘီဗာ ၂၀၁၁၊ စာ-၂၁ တွင် ကိုးကားထားသော ဂျော်ဒန် ၁၉၉၀ ၏ ရေးသားချက်)။ ဟူးချ်ဟက်ကလို ကဲ့သို့သော ပညာရှင်က ၁၉၇၈ ခုနှစ် အမေရိကန်မူဝါဒရေးဆွဲမှုများကို ဆန်းစစ်မှုပြုရာတွင် ပြဿနာက တြိဂံပုံစံပိတ်ထားသော ထိန်းချုပ်သည့် ကိစ္စမဟုတ်ဘဲ "ရင်ဆိုင်နေရသော ပြဿနာရပ်ပေါ်မူတည်ပြီး ဆန္ဒတစ်စုံတစ်ရာအတွက် ရည်ရွယ်၍ ဖွဲ့စည်းထားသော

ဝင်ထွက်ရလွယ်ကူပြီး ကိစ္စရပ်ပေါ်မူတည်၍ ပြောင်းလွယ်
ပြင်လွယ်ရှိသည့် ကွန်ရက်များကိစ္စဖြစ်သည်" ဟု ဆိုသည်
(အင်န်ရော့သ် ၂၀၁၁၊ စာ-၂၁)။ သို့ဖြစ်၍ ဤအင်္ဂလိပ်-အမေရိကန်
စာပေများသည် မူဝါဒကွန်ရက်အကြောင်း လေ့လာသူနောင်လာ
နောက်သားများအတွက် ရည်ညွှန်းကိုးကားစရာ အဖိုးတန်ပညာရပ်
ဆိုင်ရာ အမွေအနှစ်များ ဖြစ်ပေသည်။ အထက်မှအောက်သို့
အဆင့်ဆင့်အုပ်ချုပ်သည့်စနစ်နှင့် မတူ တစ်မူကွဲပြားသော အမိက
အယူအဆတစ်ရပ် ဖြစ်နေပေသည်။ ၎င်းအယူအဆက လူ့အဖွဲ့
အစည်းအတွင်းရှိ အစုအဖွဲ့များနှင့် အစိုးရတို့အကြား အပြန်အလှန်
အကျိုးရှိစွာဆက်ဆံမှု သို့မဟုတ် အစိုးရက တိုက်ရိုက်ပါဝင်
ပတ်သက်ခြင်းမရှိမှုတို့ကို အာရုံစိုက်လေ့လာသည်။ ယင်းအယူ
အဆများကို "ခေတ်သစ်အုပ်ချုပ်မှု" (ကိုအီမန် ၁၉၉၃) သို့မဟုတ်
"အုပ်ချုပ်မှုသစ်" (ရုဒ်စ် ၁၉၉၇) ဟူ၍ အမျိုးမျိုးတံဆိပ်တပ်
ကြသည်။ ဤချဉ်းကပ်မှုပုံစံတွင် အုပ်ချုပ်မှုကို အထက်မှ အောက်သို့
အမိန့်ဖြင့် ထိန်းချုပ်သည့်သဘောထက် အပြန်အလှန် အကျိုးပြု
ဆက်ဆံမှုအဖြစ် ရှုမြင်သည်။ လူ့အဖွဲ့အစည်းသည် မိမိ ကိုယ်တိုင်
ဖွဲ့စည်းရပ်တည်နိုင်သည်။ နိုင်ငံတော်မှ အမိန့်ပေးစေခိုင်းမှုများသည်
ဆန့်ကျင်မှု၊ တိမ်းရှောင်မှုတို့နှင့် ရင်ဆိုင်ရဖွယ်ရှိပြီး ထိုဆန့်ကျင်
တိမ်းရှောင်မှုများသည်လည်း အောင်မြင်နိုင်သည်ဟု အကြောင်းပြ
ကြသည်။ နိုင်ငံတော်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍတို့၏
ပြောင်းလဲလာသောသဘောသဘာဝတို့ကြောင့် ဤချဉ်းကပ်နည်း
သည် ပို၍အရေးပါလာသည်။ ယင်းအဆိုအရ ထိုသို့သော
ချဉ်းကပ်ပုံ ချဉ်းကပ်နည်းက ပိုမိုကောင်းမွန်သောအုပ်ချုပ်မှု
ပေါ်ပေါက်လာရေးကို ဖြည့်ဆည်းပေးနိုင်မည်။ အကြောင်းမှာ
အချိန်ကြာလာသည်နှင့်အမျှ ပြည်သူများ၏ယုံကြည်မှုလျော့ပါး



လာခြင်းကို လက်ရှိအစိုးရအဖွဲ့များက ရင်ဆိုင်နေရခြင်းသည် ထိထိ
ရောက်ရောက် အုပ်ချုပ်နိုင်ရန်အတွက် လုပ်ဆောင်ပေးရမည့်
လုပ်ငန်းအားလုံးကို ဖြည့်ဆည်းနိုင်သောစွမ်းအား အစိုးရတွင် မဲ့နေ
သည့်သဘော သက်ရောက်နေသည်။ ထို့ပြင် အထက်မှ အောက်သို့
အမိန့်ပေးစေခိုင်းသည့်စနစ် လျော့ပါးလာစေရေးအတွက်
ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကနှင့် အကျိုးတူ
ပူးပေါင်းခြင်း၊ အခြားနည်းအမျိုးမျိုးဖြင့် ဆက်ဆံခြင်းစသည် များကို
အစိုးရများက တိုးမြှင့်လုပ်ဆောင်လာကြသည့်သဘော
သက်ရောက်နေပေသည်။ ထို့အပြင် လုပ်ငန်းမလုပ်မီ အစိုးရက လူ့
အဖွဲ့အစည်းအတွင်းရှိ အသင်းအဖွဲ့များထံမှ အကြံဉာဏ်တောင်း
ခံခြင်း၊ ညှိနှိုင်းခြင်းများ ပြုလုပ်သည့်သဘောသက်ရောက်နေသည်။
သို့သော်လည်း မကြာခဏဆိုသလိုပင် အဆိုပါကွန်ရက်များတွင်
အစိုးရက တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်နေပေရာ အစိုးရလုံးဝ
ပါဝင်မှုမရှိသည့်သဘောမဟုတ်ကြောင်းကိုလည်း သတိချပ်ရန်
လိုအပ်ပေသည်။ ငွေကြေးနှင့်ဘဏ္ဍာရေးကဲ့သို့ မူဝါဒနယ်ပယ်
အများအပြားသည် အစိုးရ၏ထိန်းချုပ်မှုအောက်တွင်ပင် ရှိနေ
သေးသည်။ ခြုံ၍ပြောရလျှင် မူဝါဒကွန်ရက်အယူအဆ၏ သွင်ပြင်
လက္ခဏာများမှာ

(၁) မိမိတို့ရည်မှန်းချက်များအောင်မြင်ရေးအတွက် တစ်ဦးအရင်းအနှီး အပေါ် တစ်ဦးက အပြန်အလှန်မှီခိုနေရကြသဖြင့် ကွန်ရက်အတွင်း ပါဝင်နေသူများ အချင်းချင်းအပြန်အလှန်မှီခိုနေရခြင်း၊
(၂) ရည်မှန်းချက်ပေါက်မြောက်ရေးအတွက် ပါဝင်သူအားလုံးက အချင်းချင်းညှိနှိုင်း၍ အတူတကွ ပူးပေါင်းဆောင်ရွက်ရခြင်း၊
(၃) ကွန်ရက်တစ်ခုချင်းသည် အခြားကွန်ရက်များနှင့်လည်းကောင်း၊ နိုင်ငံတော် (အစိုးရ)နှင့်လည်းကောင်း သီးခြားကင်းလွတ်စွာ

စီမံအုပ်ချုပ်နေကြပေရာ မူမတူ အတူယှဉ်တွဲနေသည့်သဘော ဖြစ်သည် (ထို၊ စာ-၂၇)။

## (၈) အနက်ကောက်ယူခြင်း အယူအဆ

အုပ်ချုပ်မှုနှင့်ပတ်သက်သော ဤအယူအဆသည် အဓိပ္ပာယ်များကို ဖော်ထုတ်လေ့လာခြင်းနှင့် သက်ဆိုင်နေသည်။ လုပ်ဆောင်ရသည့် ရည်ရွယ်ချက်၊ လက်တွေ့ဆောင်ရွက်မှု၊ လူမှုဘဝစသည်တို့ကို အာရုံစိုက်လေ့လာသော သဘောတရားရေးဆိုင်ရာ အစီအစဉ်များကို လေ့လာသည်။ ၎င်းသည် အုပ်ချုပ်မှုကိုလေ့လာရာတွင် လွှမ်းမိုးနေသည့် လက်တွေ့မှတ်ကျောက်တင်ခံနိုင်မှု အဓိကဝါဒကို အတိုက်အခံပြုသော အယူအဆဖြစ်သည်။ လူတစ်ဦးချင်းစီက သူတို့ယုံကြည်သည့်အတိုင်း အုပ်ချုပ်မှုကိုဖန်တီးရန်၊ ရှင်သန်စေရေးအတွက် ထောက်မရန်၊ ပြုပြင်မွမ်းမံရန်၊ မည်သို့လုပ်ကိုင်ဆောင်ရွက်သည်ကို ကျွန်ုပ်တို့သိမြင်လာစေရန် ဤအယူအဆက အထောက်အကူပေးသည်။ ယုံကြည်မှုများသည် လူတို့လက်တွေ့ကြုံတွေ့နေရသည့် ကိစ္စရပ်များ သို့မဟုတ် တည်ရှိနေသော ထုံးတမ်းဓလေ့များ၏ ရောင်ပြန်ဟပ်မှု သက်သက်သာမဟုတ်။ ယင်းထက်ပိုမိုကြောင်း အနက်ကောက်ယူခြင်း အယူအဆက လက်ခံထားသည်။

လူများသည် ကြုံတွေ့နေရသော အကျပ်ရိုက်မှုများကို ဖြေရှင်းဆောင်ရွက်ကြရင်း သူတို့အမွေခံထားခဲ့ရသော ဓလေ့ထုံးတမ်းများကို ပြောင်းလဲပစ်ခြင်းဖြင့် ယခု သူတို့ပိုင်ဆိုင်ထားသော ယုံကြည်မှုများ ရရှိလာသည်ဟု ၎င်းအယူအဆကလက်ခံထားသည်။ ဓလေ့ထုံးတမ်းများက ယုံကြည်မှုအပေါ် မည်သို့သြဇာသက်ရောက်မှုရှိသည်၊ အကျပ်အတည်းများက ထုံးတမ်းဓလေ့များအပြောင်းအလဲဖြစ်စေရန် မည်သို့စေ့ဆော်သည် စသည်တို့ကို ၎င်းအယူအဆက ရှုမြင်သုံးသပ်သည်။ ဤနေရာတွင် ထုံးတမ်းဓလေ့များဆိုသည်



မှာ လူများ၏ယုံကြည်မှုနှင့် ယုံကြည်သည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်မှုတို့၏ နောက်ခံဖြစ်သော အဆင့်ဆင့်အမွေဆက်ခံလာသည့် အယူအဆ၊ ပုံပြင်၊ အလေ့အထကို ရည်ညွှန်းခြင်းဖြစ်သည် (ဘီဗာ ၂၀၁၁၊ စာ-၅၈)။ အတွေ့အကြုံတစ်ရပ်ရပ်ကို အနက်ကောက်ယူရင်း ပေါ်ထွက်လာသည့် ယုံကြည်မှုအသစ်များက ရှိရင်းစွဲယုံကြည်မှုများနှင့် ဆန့်ကျင်ဘက်ဖြစ်လာသောအခါ အကျပ်အတည်း တစ်ရပ်ပေါ်ပေါက်လာပြီး ရှိရင်းစွဲယုံကြည်မှုများကို ပြန်လည်သုံးသပ်ရန် တွန်းအားပေးလာတော့သည် (ထို)။ ဤအနက်ကောက်ယူခြင်း အယူအဆကို ဘီဗာက ရှင်းပြရာတွင်

"မတူညီသောသူများက ကွဲပြားခြားနားသော အစဉ်အလာများအပေါ် အခြေခံ၍ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းနှင့်ပတ်သက်သည့် ကွဲပြားခြားနားသောယုံကြည်မှုများကို ရရှိလာကြသည်။ မကြာခဏဆိုသလိုပင် ၎င်းတို့က ယုံကြည်မှုများတွင် လက်ရှိအစီအမံများ၏ ပျော့ကွက်ဟာကွက်များအကြောင်း ပါဝင်နေသည်။ ယင်းပျော့ကွက်ဟာကွက်များနှင့် ပတ်သက်ပြီး သူတို့ နားလည်ထားရှိမှုသည် လက်ရှိယုံကြည်မှုများနှင့် ကွဲလွဲလာသောအခါ ထိုဟာကွက်က သူတို့ကို အကျပ်ရိုက်စေသည်။ ထိုအကျပ်ရိုက်မှုက သူတို့ယုံကြည်ထားသည်များကိုလည်းကောင်း၊ ထိုယုံကြည်ထားသည်များကို ဖြစ်ပေါ်စေသည့် အစဉ်အလာများကိုလည်းကောင်း ပြန်လည်သုံးသပ်လာစေသည်။ အရေးကြီးသည့်အချက်မှာ လူများက အဆိုပါအကျပ်ရိုက်မှုများကို မိမိတို့၏ မတူညီသောအစဉ်အလာများအပေါ် အခြေခံ၍ ရင်ဆိုင်ဖြေရှင်းကြပေရာ ထိုပျော့ကွက်ဟာကွက်များ၏ သဘောသဘာဝနှင့် ဖြေရှင်းပုံဖြေရှင်းနည်းတို့နှင့်ပတ်သက်၍ နိုင်ငံရေးအားပြိုင်မှုများ ပေါ်ပေါက်လာတော့သည်။ အယူအဆမတူသည့် ပြိုင်ဘက်များသည်လည်း မိမိတို့လက်ခံထားသော အယူအဆများနှင့် မူဝါဒများ အသာစီးရရန် ကြိုးပမ်းလာကြသည်။

ထိုအားပြိုင်မှုများက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ၊ မရေရာမသေချာသည့်အခြေအနေ၏ အကျိုးဆက်ဖြစ်သော အနက်ကောက်ယူမှုကို ပြိုင်ပွဲကမွေးထုတ်လိုက်သည့် ပြုပြင်ပြောင်းလဲမှုများကို ပေါ်ပေါက်လာစေသည်။ ပြောင်းလဲလာသော အုပ်ချုပ်မှုပုံစံများတွင်လည်း ဟာကွက်အသစ်များပေါ်လာစေပြီး အကျပ်အတည်းအသစ်များဖန်တီးလာကာ ပြုပြင်ပြောင်းလဲမှုအတွက် အဆိုပြုချက်အသစ်များကို အပြိုင်အဆိုင်ပေါ်လာစေတော့သည်။ အနက်ကောက်ယူမှုနှင့်ပတ်သက်သော အခြားအားပြိုင်မှုရှိနေသေးပြီး အဆိုပါအားပြိုင်မှုတွင် အကျပ်အတည်းများသည် သိသိသာသာ ကွဲပြားခြားနားနေကာ အတိတ်က ကြုံတွေ့ခဲ့ရသော အကျပ်ရိုက်မှုများကို တုံ့ပြန်ဖြေရှင်းရင်း အစဉ်အလာများကို ပြုပြင်မွမ်းမံလာကြသည်ဟု ရေးသားထားသည် (ထို)။

အထက်ပါစာပိုဒ်အရ အုပ်ချုပ်မှုဆိုသည်မှာ အစိတ်အပိုင်းများစွာပါဝင်သော ခက်ခဲရှုပ်ထွေးပြီး အဆက်မပြတ်လည်ပတ်နေသော ဖြစ်စဉ်တစ်ခုဖြစ်ကာ အဓိပ္ပာယ်ကောက်ယူမှုများ၊ အားပြိုင်မှုများက ယင်းကိုပိုမိုအရှိန်မြှင့်တက်စေပြီး အုပ်ချုပ်သည့်ပုံစံကို အစဉ်ပြောင်းလဲနေစေရန် ဖန်တီးပေးကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ အနက်ကောက်ယူပုံအမျိုးမျိုး ကွဲပြားလျက်ရှိနေပေရာ ယင်းတို့တွင် အုပ်ချုပ်မှုပြဿနာ မာ့က်စ်ဝါဒအလွန် လူထုကောင်းစားရေးစသော အယူအဆတို့ ပါဝင်သည်။ ထိုအမြင်တစ်ခုချင်းစီသည် လက်တွေ့မှတ်ကျောက်တင်ခံနိုင်မှု အဓိကဝါဒကို ဆန့်ကျင်နေကြသည်။ သို့သော်လည်း ဤနေရာတွင် သတိပြုရန်မှာ ထိုအယူအဆများသည် တသီးတခြားစီရပ်တည်နေခြင်းမဟုတ်သကဲ့သို့ အနက်ကောက်ယူမှုအယူအဆတစ်ရပ်လုံးကို လွှမ်းခြုံခြင်းမရှိသော်လည်း လက်ငင်းဖြစ်ပေါ်နေသော ကွဲပြားခြားနားမှုများအပေါ် မီးမောင်းထိုးပြလျက်ရှိသည်ဆိုသော အချက်ပင်ဖြစ်သည်။



အုပ်ချုပ်မှုပြဿနာအယူအဆသည် ဂရေဟမ်ဘာရှယ်လ် နှင့် ဘောလင်းဂေါ်ဒန်တို့၏ အုပ်ချုပ်မှုဆိုင်ရာလေ့လာချက်နှင့် ၁၉၇၈ ခုနှစ်တွင် ပီတာမီလာတည်းဖြတ်သော "ဖိုကောလ်၏ အကျိုးသက်ရောက်မှု အုပ်ချုပ်မှုပြဿနာအားလေ့လာချက်များ" အမည်ရှိ စာစု ပေါင်းချုပ်တို့ကို အကြောင်းခံ၍ ရေပန်းစားလာခဲ့သည်။ ယင်း အင်္ဂလိပ်-ဖိုကောလ်ဝါဒီပညာရှင်များက ဖိုကောလ်အပေါ် ဩဇာကြီးမားခဲ့သော အောလ်သူဇာ၏ လူမှုထိန်းချုပ်မှု နည်းလမ်းအယူအဆကို လေ့လာခဲ့ကြသည်။ စိတ်မှန်ခြင်း၊ ကျန်းမာခြင်းတို့နှင့် ရူးသွပ်ခြင်း၊ ဖျားနာခြင်းတို့၏ခြားနားမှုကို ရှင်းလင်းရာတွင် ဖိုကောလ်သည် စရပ်ချာရာယ်လစ်နှင့် ပို့စ်စရပ်ချာရာယ်လစ် ချဉ်းကပ်နည်းများကို အသုံးပြုခဲ့သည်။ ထိုအခြေအနေများအကြားရှိ ခြားနားမှုများသည် အသုံးပြုသည့်သိမှုဗေဒ၏ရလဒ်များသာဖြစ်ပြီး ဘက်လိုက်မှုကင်းစွာ တည်ရှိမနေသကဲ့သို့ သီးခြားဖြစ်တည်နေသော အရှိတရား၏ ကြောင်းကျိုးညီညွတ်သည့် ရှင်းလင်းဖော်ပြချက်လည်းမဟုတ်ပေ။ စိတ်ရောဂါကုဆေးရုံနှင့် ဆေးခန်းတို့ကဲ့သို့သောအဖွဲ့အစည်းများသည် လူ့အကျိုးနှင့် သိပ္ပံပညာအကျိုးစီးပွားတို့အတွက်ရည်ရွယ်၍ ပေါ်ပေါက်ခြင်းမဟုတ်ဘဲ သတ်မှတ်စံမှ သွေဖည်သူများကို ထိန်းကွပ်ရန်နှင့် ပုံမှန်ပြန်ဖြစ်စေရန် ရည်ရွယ်၍ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ၎င်းအချက်က ပြသနေသည်။ သို့ဖြစ်၍ အုပ်ချုပ်မှုကိုချဉ်းကပ်ရာတွင် အုပ်ချုပ်မှုပြဿနာအယူအဆက အလားတူသော ရပ်တည်ချက်ထားရှိသည်။

သို့သော်လည်း အင်္ဂလိပ်-ဖိုကောလ်ဝါဒီများက ဖိုကောလ်၏ အုပ်ချုပ်မှုဆိုင်ရာ သဘောတရားကို ငြင်းပယ်ကြသည်။ မျက်မှောက်ကာလကျင့်သုံးမှုများ၏နောက်ခံကို ဖွဲ့စည်းဖြစ်ပေါ်စေသော အာဏာ/အသိပညာ၏ ဆွေစဉ်မျိုးဆက်ပြကားချပ်ကို ပြင်ဆင်ပေး

ခဲ့သည့် လေ့လာမှုနယ်ပယ်နှင့် နည်းလမ်းကို ကောလ်က စေ့ဆော်ပေးခဲ့သည်ဟု သူတို့က ယုံကြည်ထားကြသည်။ ယင်းလေ့လာဆန်းစစ်မှုများက နိုင်ငံတော်အပေါ်တရားလွန်အာရုံစိုက်မှုနှင့် နိုင်ငံသားများ ပုံမှန်နေထိုင်နိုင်ရန် ဆောင်ရွက်ပေးမည့် နည်းလမ်းမျိုးစုံကို အာရုံစိုက်မှုတို့ကို လက်မခံပေ (ဘီဗာ ၂၀၁၁၊ စာ-၅၇)။ လူထုအပေါ်သို့ အကျိုးသက်ရောက်မှုရှိစေသော လူမှုစွမ်းအားနှင့် အစိုးရတို့၏ နားလည်ရန်ခက်ခဲပြီး အမျိုးမျိုးကွဲပြားနေသည့် နည်းလမ်းများကို အုပ်ချုပ်မှုပြဿနာအယူအဆက အာရုံစိုက်လေ့လာသည်။ အလေးအနက်ထား ဟောပြောချက်များနှင့် နည်းပညာများက တစ်စုံတစ်ရာသော ပန်းတိုင်သို့ ရောက်ရှိစေမည့် အပြုအမူများကို ဘယ်လိုပုံသွင်းပေးထားသည်ဆိုသည့်အချက်ကို ရှေ့သို့ ရောက်လာစေရန် ၎င်းအယူအဆက တွန်းပို့ပေးသည် (ထို)။ နီကလပ်စ်က ပြောကြားသကဲ့သို့ပင် ယခုအချိန်တွင် ခေတ်အခြေအနေကိုလိုက်၍သော်လည်းကောင်း၊ ပတ်ဝန်းကျင်အခြေအနေကိုလိုက်၍သော်လည်းကောင်း အသုံးတည့်မှု ပြောင်းလဲနေသောနိုင်ငံတော်သည် အရောင်အသွေးစုံလင်လှသော အဖွဲ့အစည်းမျိုးစုံတို့ စုဝေးရာ အဝန်းအဝိုင်းကြီးအတွင်းရှိ အာဏာပိုင်များနှင့် အင်အားစုများအကြား ဆက်သွယ်ထားသည့် အမျိုးမျိုးသော အာဏာစီးဆင်းရာပတ်လမ်းအတွင်းရှိ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်တော့သည်" (ဘီဗာ ၂၀၁၁၊ စာ-၅၅တွင် ကိုးကားထားသော ရိုဇ်စ်၏ ရေးသားချက်)။

လူထုကောင်းစားရေးဝါဒသည် လက်တွေ့မှတ်ကျောက်တင်ခံနိုင်မှု အမိကဝါဒနှင့် သမရိုးကျ မာ့က်စ်ဝါဒတို့ကို ဆန့်ကျင်၍ ပေါ်ထွန်းလာသည်။ ၎င်းသည် "လက်ဝဲဝါဒသစ်" အဖြစ် ဖြည်းဖြည်းချင်း ဖွံ့ဖြိုးလာခဲ့သည်။ လူထုကောင်းစားရေးဝါဒ ပညာရှင်များထဲ၌ ပါဝင်သူများမှာ ဘင်နီဒက်တိုခရိုချေး၊ အာရ်ဂျီကော်လင်းဝုဒ်၊ တေလာ၊ မက်ခ်အင်တိုင်ယာ၊ အီးပီတွန်မဆင်၊ စတူးဝပ်ဟောလ်တို့ ပါဝင်ကြသည်။ လူထုကောင်းစားရေးဝါဒီများသည် ခေတ်သစ်အုပ်ချုပ်မှုအတွင်း ပျံ့နှံ့ကာ ပဋိပက္ခဖြစ်နေကြသော အယူအဆများနှင့် အစဉ်အလာများကို အဓိကထား လေ့လာဆန်းစစ်ကြသည်။ ထိုမတူညီသောအစဉ်အလာများက အုပ်ချုပ်မှုကျင့်စဉ်ကို မည်သို့မည်ပုံ အကျိုးပြုသလဲဆိုသည်ကို ၎င်းတို့က ရှုမြင်သုံးသပ်ကြသည်။ အစဉ်အလာတစ်ရပ်ရပ်၏ အကျိုးသက်ရောက်မှုကိုအကြောင်းပြု၍ အစိုးရကမူဝါဒများ ချမှတ်လာနိုင်သည်။ သို့သော်လည်း အခြားသော ဇာတ်ဆောင်များက အခြားအစဉ်အလာများ၏ စေ့ဆော်မှုကို အကြောင်းပြု၍ ရရှိလာသောမိမိတို့၏ယုံကြည်ချက်များအတိုင်း အဆိုပါမူဝါဒများ ကြီးထွားဖွံ့ဖြိုးလာစေရန် ဖြည့်ဆည်းဆောင်ရွက်ကြသည်။ ရည်ရွယ်ချက်ရှိရှိဖြစ်စေ၊ သို့မဟုတ် မရှိဘဲနှင့်ဖြစ်စေ သူတို့သည် အမျိုးမျိုးကွဲပြားနေသော အခြားပျိုးထောင်မှုများမှခွန်အားရယူကာ လွှမ်းမိုးနေသောဇာတ်လမ်းများကို တွန်းလှန်ကြသည်။ တွန်းလှန်ဆန့်ကျင်သောအစဉ်အလာ၏ ဩဇာလွှမ်းမိုးမှုရှိသည့် လူထုကောင်းစားရေးဝါဒီများသည် အောက်ခြေအဆင့် ဗျူရိုကရက်များနှင့် သာမန်ပြည်သူများက သူတို့၏နေစဉ်ဘဝများကို စီမံအုပ်ချုပ်ရာတွင် ကျင့်သုံးသောနည်းလမ်းမျိုးစုံတို့ကို လေ့လာကြသည် (ထို၊ စာ-၅၈)။ သို့ဖြစ်၍ သူတို့က မူဝါဒရေးသူများ၏ ဟောပြောရေးသားချက်များအစား ထိုဟောပြောရေးသားချက်များနှင့် မူဝါဒများကို လက်တွေ့လုပ်ငန်းများအဖြစ်သို့ ပြောင်းလဲသွားစေသည့် ကွဲပြားခြားနား၍ ပြန့်ကျဲနေသောနည်းလမ်းများအပေါ် ပိုအာရုံစိုက်လာသည်။

အထက်တွင်ဖော်ပြခဲ့သော အချို့ရှုထောင့်များသည် အရင်းရှင်နယ်ချဲ့နိုင်ငံများ၏အရှိန်အဝါကို တန်ပြန်နိုင်ရန် အင်အား

ကောင်းသည့် နိုင်ငံထူထောင်ရန် ကြိုးပမ်းနေသော မာ့က်စ်ဝါဒ စာပေများအပေါ် အခြေခံထားသည်။ လက်သစ်မာ့က်စ်ဝါဒစာပေများသည် အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် အစိုးရပါဝင်ပတ်သက်မှုအပေါ် ထားရှိသည့် သူတို့သဘောထားက ဒွိဟဖြစ်နေကြသည်။ သို့သော်လည်း ပြောနိုင်သည်မှာ နိုင်ငံတော်သည် အုပ်ချုပ်ရန်ဖြစ်သည်ဟု ယင်းအယူအဆက ယုံကြည်ထားသည်။ “နှောင်းပိုင်းအရင်းရှင်စနစ်၏ တရားဝင်မှုအကျပ်အတည်း” နှင့် ထိုသို့ တရားဝင်ကြောင်း လက်ခံနိုင်မှု လျော့ပါးလာသည်ဆိုသောအကြောင်းကြောင့် အုပ်ချုပ်မှုစွမ်းရည် လျော့ပါးလာရသည်ဟူသောအချက်တို့ပေါ် အခြေခံ၍ ယင်းစာပေ၏ အဓိကအယူအဆ စတင်ပေါက်ဖွားလာသည် (ထို၊ စာ-၄၅)။

ဤချဉ်းကပ်မှုပုံစံ၏ အခြေခံအကြောင်းပြချက်သည်ကား အရင်းရှင်နိုင်ငံတော်သည် အရင်းရှင်များက အရင်းအနှီးနှင့် အခြား လိုအပ်ချက်များကို အဆင်ပြေစွာစုဆောင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပေရာ ယင်းအချက်က နိုင်ငံတော်၏လုပ်ဆောင်မှုများကို တရားဝင် ဖြစ်လာစေသည်ဟူ၍ ဖြစ်သည်။ ဤစာပေများ၌ တွေ့ရှိရသော ပဒေသာပင်နိုင်ငံအယူအဆတွင် အရင်းရှင်တို့ကဖန်တီးလိုက်သော ဝင်ငွေနှင့် ဘဝအခွင့်အလမ်း အလွန်အမင်း မညီမျှမှုများကို ကုစားရန်အတွက် အစိုးရအသုံးစရိတ်များသုံးစွဲခြင်းအား အစိုးရ၏တရားဝင်မှုကို တည်ဆောက်နိုင်စေမည့် နည်းလမ်းအဖြစ် တွေ့ရှိရသည်။ ထိုပဒေသာပင်အစိုးရက မညီမျှမှုများကို လျော့ပါးအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်းရှိ အနိမ့်ပါးဆုံးအုပ်စုများကို လုံလောက်သည့် အဆင့်အတန်းသို့ မြှင့်တင်ပေးနိုင်မည် ဖြစ်ပေရာ အရင်းရှင်စနစ်၏ ဆီလျော်မှုနှင့် ဆက်လက်ရှင်သန်ရေးတို့အပေါ် မေးခွန်းထုတ်တော့မည် မဟုတ်တော့ပေ။ အရင်းရှင်



နိုင်ငံတော်၏ တရားဝင်မှုဆုံးရှုံးလာခြင်းက နောက်ဆုံးတွင် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကိုအကြောင်းပြု၍ အုပ်ချုပ်နိုင်မှုစွမ်းရည် ပျောက်ဆုံးလာစေနိုင်ပြီး ထိုစနစ်၏ကျဆုံးခန်းသို့ ရွေ့ရှုသွားစေနိုင်သည်။

## (၉) အဖွဲ့အစည်းသဘောတရား

အဖွဲ့အစည်းသဘောတရားသည် နိုင်ငံတော်ကို ကြီးမားကြံ့ခိုင်၍ ဘုံအဆင့်ဆင့်ဖြင့် ဖွဲ့စည်းထားသော အဓိကမဏ္ဍိုင်အဖြစ် ရှုမြင်သည့် အတိတ်ကာလအတွင်း၌ ဖွံ့ဖြိုးလာခဲ့သည်။ ဤဖြစ်ပေါ်မှုအဆင့်သည် အထက်ဖော်ပြခဲ့သော သမားရိုးကျ အာဏာပိုင်အယူအဆနှင့် အလွန်ပင်ဆင်တူပေသည်။ သို့သော်လည်း အဖွဲ့အစည်းသဘောတရားနှင့် ပတ်သက်သောလေ့လာမှုနယ်ပယ်သည် အသွင်သစ်ကို ဆောင်ယူကာ လူ့အဖွဲ့အစည်းကို အုပ်ချုပ်ရာတွင် တွေ့ကြုံရသည့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍနှင့် ကဏ္ဍစုံနယ်ပယ်များနှင့် ပတ်သက်သော အုပ်ချုပ်မှုဆိုင်ရာ အခြေခံလှုပ်ရှားပြောင်းလဲမှုကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရင်း ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် အက်စ်တလေနှင့် ဗန်ဒဗင်တို့၏တွေ့ရှိချက်အရ အဖွဲ့အစည်းသဘောတရားသည် အဖွဲ့အစည်း၏လက်တွေ့အခြေအနေကို ထင်ဟပ်ဖော်ပြနေသည်သာမကဘဲ ထိုလက်တွေ့ဘဝကိုလည်း ထုတ်လုပ်ပေးနေကြောင်း တွေ့ရသည် (ခရစ္စတန်ဆင်နှင့် ချီယာဟတ် ၂၀၁၁၊ စာ-၆၆ တွင် ကိုးကားထားသော အက်စ်တလေနှင့် ဗန်ဒဗင် ၁၉၈၃ ၏ ရေးသားချက်)။

စကော့နှင့် ဒေးဗီးစ် (ခရစ္စတန်ဆင်နှင့် ချီယာဟတ် ၂၀၁၁၊ စာ-၈၆) တို့ကဲ့သို့သော ပညာရှင်များက တင်ပြခဲ့သည့် ယုတ္တိတန်သောစနစ်၊ သဘာဝကျသောစနစ်၊ အဝင်အထွက် လွယ်ကူသော

စနစ်စသည့် အဖွဲ့အစည်းဆိုင်ရာ စံမီအမြင်များ ရှိပေသည်။ ယုတ္တိတန်သောစနစ်အယူအဆကို လက်ခံထားသူများက လှုပ်ရှားလုပ်ကိုင်နေသူများသည် ရည်မှန်းချက်များနောက်သို့လိုက်နေကြသည့် ဆင်ခြင်တုံတရားရှိသူများဖြစ်သည်ဟူသော ယူဆချက်အပေါ်အခြေခံကာ အဖွဲ့အစည်းများ၏ ပြုမူလှုပ်ရှားပုံကို ချဉ်းကပ်လေ့လာကြသည်။ သဘာဝကျသောစနစ်အယူအဆကို လက်ခံထားသူများက လှုပ်ရှားလုပ်ကိုင်နေသူများသည် ဘုံအကျိုးစီးပွားအတွက် အလွတ်သဘောဖွဲ့စည်းတည်ထောင်ထားသည့် စုပေါင်းလုပ်ငန်းများတွင် ပါဝင်သူများဖြစ်သည်ဟု ယုံကြည်ထားကြသည်။ အဝင်အထွက် လွယ်ကူသောစနစ်အယူအဆကို လက်ခံထားသူများက ပတ်ဝန်းကျင်၏သြဇာသက်ရောက်မှုကို ပြင်းပြင်းထန်ထန်ခံရမှုကြောင့် အစဉ်အပြောင်းအလဲဖြစ်နေသော အကျိုးစီးပွားများအတွက် ရည်မှန်းချက်ပန်းတိုင်များကို ညှိနှိုင်းပုံဖော်ဆောင်ရွက်လုပ်ကိုင်နေရသည့် ယာယီညွန့်ပေါင်းအဖွဲ့များ ဖြစ်သည်ဟု ယုံကြည်လက်ခံထားကြသည် (ထို)။

၁၉၈၃ ခုနှစ်တွင် အက်စ်တလေနှင့် ဗန်ဒဗင်တို့က လူ့သဘာဝနှင့် အဖွဲ့အစည်းတို့၏ အကန့်အသတ်ဘောင်များနှင့် ပတ်သက်၍ ဆန္ဒပြဋ္ဌာန်းမှုနှင့် ကံကြမ္မာပြဋ္ဌာန်းမှုဟူသည့် ဆန့်ကျင်ကွဲလွဲသော အယူအဆနှစ်ရပ်နှင့် သရုပ်ခွဲလေ့လာသည့်အဆင့်တွင် တွေ့ရှိရသော မက္ကရိုနှင့် မိုက္ကရိုအဆင့်တို့၏ ဆန့်ကျင်ကွဲလွဲချက်တို့ကို အလေးထားသောချဉ်းကပ်နည်းကို တင်ပြလာခဲ့သည်။ မက္ကရိုအဆင့်သည် လူဦးရေနှင့် အဖွဲ့အစည်းအုပ်စုများကို ရည်ညွှန်းပြီး မိုက္ကရိုအဆင့်သည် အဖွဲ့အစည်းတစ်ခုချင်းနှင့် သက်ဆိုင်သည်။ ထိုဆန့်ကျင်ကွဲလွဲချက်နှစ်ခုအကြားတွင် အမျိုးမျိုးသောအယူအဆများ ရပ်တည်နေသည်ဟု ၎င်းတို့က လက်ခံထားသည်။ ယင်း



အယူအဆများတွင် တူညီသောလက္ခဏာများရှိသကဲ့သို့ ကွဲပြားသည့် ရှုထောင့်များလည်း ရှိနေပေသည်။

ခရစ္စတန်ဆင်၊ လီဂရိုက်၊ ရိုနက်စ်နှင့် ရိုဗစ်ခ် (၂၀၀၇) တို့ကဲ့သို့သော ပညာရှင်များက နည်းလမ်းရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်၊ ဒဏ္ဍာရီရှုထောင့် စသည်တို့ကို ခွဲခြား၍ လေ့လာဆန်းစစ်ကြသည်။ နည်းလမ်းရှုထောင့်သည် ရည်မှန်းချက်ပန်းတိုင် ရွေးချယ်သတ်မှတ်မှုနှင့် အခြားရွေးချယ်စရာများကို ဆန်းစစ်ပြီးနောက် ရည်မှန်းချက်အောင်မြင်ရေးအတွက် မဟာဗျူဟာမြောက် ချဉ်းကပ်မှုတို့ကို ရည်ညွှန်းသည်။ ၎င်းရှုထောင့်သည် ယုတ္တိတန်သော အမြင်နှင့် ကိုက်ညီမှုရှိသည်။ ယဉ်ကျေးမှုရှုထောင့်သည် သမိုင်းဖြစ်ရပ်မှန်များနှင့် တည်ဆဲဓလေ့ထုံးစံများအပေါ်အခြေခံပြီး ၎င်းသည် အမူ အကျင့်များကို နောက်ဆုံးပုံသွင်းပေးသော အလွတ်သဘောသတ်မှတ်ထားသည့် စံနှုန်းများနှင့် တန်ဖိုးများ၏ အရေးပါသော စတင်ဖြစ်ပွားရာနေရာ ဖြစ်သည်ဟု ရှုမြင်သည်။ နောက်ဆုံးအနေဖြင့် ဒဏ္ဍာရီရှုထောင့်သည် အဖွဲ့အစည်းများ၏ပုံစံနှင့် လုပ်ငန်းဆောင်တာများနှင့်ပတ်သက်သော ယုံကြည်မှုများကို သရုပ်ဖော်ပေးသော "ကျယ်ပြောလှသည့် သဘာဝဝန်းကျင်မှ ဆေးနည်းများ" ကို ထင်ဟပ်ဖော်ပြနေသည် (ထို)။

သို့ဖြစ်၍ အထက်တွင် တင်ပြဆွေးနွေးထားသော ချဉ်းကပ်ပုံအသွယ်သွယ်၏အကူအညီဖြင့် အုပ်ချုပ်မှုနှင့် ပတ်သက်သည့် ရှုထောင့်အရွေ့အဖုံဖုံကို တွေ့မြင်ရသည်။ ထို့ပြင် ၎င်းက ကျွန်ုပ်တို့ကို အုပ်ချုပ်မှုဟူသောဝေါဟာရက စုဆောင်းရရှိလာသော အရည်အသွေးအမျိုးမျိုးနှင့် တစ်ချိန်လုံးရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို သဘောပေါက်စေရန်အတွက် ခွဲခြမ်းစိတ်ဖြာလေ့လာမှုဘောင်ကို ပိုမိုကျယ်ပြန့်လာစေရန် အထောက်အကူပေးနေသည်။

အဆိုပါ ချဉ်းကပ်ပုံနည်းလမ်းများအကြားတွင်လည်း အချေအတင်ပြောဆိုမှုများ မပြတ်ရှိနေပေရာ အုပ်ချုပ်မှုဖြစ်စဉ်နှင့် ပတ်သက်သောဆန်းစစ်မှုအသစ်များကို ဖြည့်စွက်ပေးလျက်ရှိခြင်းကြောင့် မျက်မှောက်ခေတ်ကာလ၏ ကမ္ဘာလွှမ်းခြုံပြောင်းလဲမှုဖြစ်စဉ်ရှုထောင့်အမြင်အရ တွေ့ရှိရသော နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့၏ အပြန်အလှန်ဆက်ဆံမှုများ၏ သဘောသဘာဝ သိသိသာသာပြောင်းလဲလာမှုအတွက် ပိုမိုကောင်းမွန်သည့်ဖြေရှင်းချက်များ ရရှိစေရန် အထောက်အကူပေးနေသည်။

## သုံးသပ်ချက်

အုပ်ချုပ်မှုသည် ကိုင်တွယ်ရခက်ခဲသော ဝေါဟာရ ဖြစ်သည်။ ၎င်းသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလောကတွင် ရေပန်းအစားဆုံး ဖြစ်နေသည်။ သို့သော်လည်း အုပ်ချုပ်မှုကို တစ်စုံတစ်ရာသော နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်တို့နှင့် ဆက်စပ်ပြောဆိုမှသာလျှင် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန် အထောက်အကူပေးနိုင်မည်ဖြစ်ပြီး၊ ထိုလူ့အဖွဲ့အစည်း၏လိုအပ်ချက်များကို ပိုမိုသဘောပေါက်လာစေမည်ဖြစ်ကြောင်း သတိပြုရန်လိုအပ်သည်။ အစိုးရ၏အလုပ်သည် ထိန်းကွပ်ရန်နှင့် အတင်းအကျပ် စေခိုင်းရန်ဟူသော အစဉ်အလာအမြင်သည်ပြောင်းလဲသွားပြီဖြစ်ကြောင်းကို အုပ်ချုပ်မှုက အလေးဂရုပြုမိလျက်ရှိပြီး မူဝါဒများညှိနှိုင်းခြင်း၊ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းအဆင့်များတွင် လူထုအကျိုးဆောင်ရွက်သူများကကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နေသည်ကို ကျွန်ုပ်တို့ တွေ့မြင်နေရပြီဖြစ်သည်။ ဒီမိုကရေစီဝါဒအခြေခံသော စိတ်ဓာတ်နှင့်တစ်ဦးချင်းလွတ်လပ်ခွင့်တို့ကို မြှင့်တင်ပေးနိုင်ရန်အတွက် လူထုက



ပိုမိုပါဝင်ဆောင်ရွက်လာရန် လိုအပ်လာကြောင်းကို ကမ္ဘာက လက်ခံထားပြီးဖြစ်သည်။ သို့ဖြစ်၍ ဒီမိုကရေစီဝါဒကို အခြေခံသော စိတ်ဓာတ်၊ တာဝန်ယူမှု တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ သယံဇာတများကို ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် စီမံခန့်ခွဲမှုစသည်တို့ မြင့်တက်လာစေရန်အတွက် အုပ်ချုပ်မှုသည် အရေးပါသောလုပ်ငန်းစဉ်အဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း အတိုချုပ်၍ဖော်ပြနိုင်ပေသည်။

# နိုင်ငံသားဖြစ်မှု

**မန်နစ်ရှကူးမား**

နိုင်ငံသားဖြစ်မှုသည် သမိုင်းစဉ်တစ်လျှောက် အငြင်းပွားလျက်ရှိသော အယူအဆတစ်ရပ်ဖြစ်ပြီး ယင်းဝေါဟာရကို အသုံးပြုသည့် သက်ဆိုင်ရာ နိုင်ငံရေးအသိုင်းအဝိုင်းကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်နိုင်သည်။ နိုင်ငံရေးအသိုင်းအဝိုင်း တစ်ခု (အစ္စတ္တနှင့် ဗဟိဒ္ဓ နှစ်ခုလုံး) ကို မည်သို့သော ဆက်ဆံမှုပုံစံက အုပ်ချုပ်သင့်သလဲ သို့မဟုတ် ရပိုင်ခွင့်များ၊ တာဝန်များ အပါအဝင် အဖွဲ့ဝင်ဖြစ်မှု သဘောသဘာဝက မည်သို့ရှိသလဲဆိုသည့် အကြောင်းအချက်များကို ရှေးပဝေသဏီကပင် လူမှုသိပ္ပံပညာရှင်များက အချေအတင် ဆွေးနွေးခဲ့ကြသည်။ သို့ဖြစ်၍ ၎င်းသည် အကြောင်းအရာသစ်မဟုတ်သော်လည်း ကာလဌာနကိုလိုက်၍ နိုင်ငံရေးအသိုင်းအဝိုင်းများက အစဉ်တစိုက် ဖြေရှင်းဆောင်ရွက်ခဲ့ကြသော ကိစ္စရပ်ဖြစ်ပေသည်။

ဤစာအုပ်၏မိတ်ဆက်ရှင်းလင်းချက် အခန်းတွင် ဖော်ပြခဲ့သကဲ့သို့ နိုင်ငံသားဖြစ်မှု ပြဿနာနှင့်ပတ်သက်၍ သက်ဆိုင်ရာလူ့အသိုင်းအဝိုင်း တစ်ခုခုက လက်ခံကျင့်သုံးသည့် ဖွဲ့စည်းမှုဆိုင်ရာ လုပ်နည်းစနစ်များနှင့် အုပ်ချုပ်မှုလုပ်ငန်းစဉ်များ လုံးဝကင်းမဲ့နေသည် မဟုတ်ပေ။ သို့ဖြစ်၍ ယင်းအကြောင်းအရာကို နိုင်ငံစနစ်နှင့် နိုင်ငံအုပ်ချုပ်မှု လုပ်ငန်းစဉ်များ တစ်စတစ်စ ဖွံ့ဖြိုးလာမှုတို့နှင့် လိုက်လျောညီညွတ်မှုရှိစွာ ပိုင်းခြားဝေဖန်ဆန်းစစ်ရန် လိုအပ်ပေမည်။ ထုံးစံအားဖြင့် ခေတ်တစ်ခေတ်ချင်းတွင်ရှိနေသော နိုင်ငံသားဖြစ်တည်မှု ပုံသဏ္ဌာန်နှင့်





အနှစ်သာရတို့သည် ထိုအချိန်ကာလတွင်သက်ဝင်လှုပ်ရှားနေသော လူမှုစီးပွားရေးနှင့် နိုင်ငံရေးအင်အားစုများကို မီးမောင်းထိုးပြလျက်ရှိသည်။ သို့သော်လည်း နက်နက်ရှိုင်းရှိုင်း စူးစမ်းလေ့လာလိုက်သော် မေးခွန်းထုတ်စရာ အများအပြား တွေ့လာသည်။ "ဘယ်သူတွေက နိုင်ငံသားလဲ၊ နိုင်ငံသားဖြစ်စေတဲ့ အကြောင်းအချက်တွေက ဘာလဲ၊ နိုင်ငံသားဖြစ်ခွင့် ဘယ်သူတွေကို ပေးထားပြီး ဘယ်သူတွေကို ဖယ်ထားသလဲနှင့် ဘယ်အပေါ် အခြေခံထားသလဲ၊ ၎င်းသည် ဥပဒေကြောင်းအရ သို့မဟုတ် နိုင်ငံရေးအရ သတ်မှတ်ထားသော အဆင့်အတန်းလား သို့မဟုတ် လူမှုစီးပွားရေး သို့မဟုတ် ဘာသာရေး-လူမှုရေး အခြေအနေများကို အကြောင်းခံထားသလား" သည့် မေးခွန်းများသည် သမိုင်းနောက်ခံနှင့် ယှဉ်ကြည့်မှသာလျှင် နားလည်သဘောပေါက်နိုင်သော ရှုပ်ထွေးနက်နဲသည့် အဖြေများကို ထုတ်ပေးပေမည်။ ဤအခန်းကို နိုင်ငံသားဖြစ်မှုအယူအဆဖြင့် တင်ထားပြီး ရှေးဟောင်းဂရိခေတ်မှသည် ရောမခေတ်အထိ ၎င်းအယူအဆ ပြောင်းလဲတိုးတက်လာသည့် သမိုင်းလမ်းကြောင်းကို ခြေရာကောက်ရင်း နိုင်ငံရေးနယ်ပယ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊ မရှိခြင်းများကို မီးမောင်းထိုးပြမည်ဖြစ်သည်။

ဒုတိယပိုင်းတွင် အလယ်ခေတ်အစောပိုင်းနှင့် နှောင်းပိုင်းကာလတွင် ပေါ်ပေါက်လာသည့် နိုင်ငံသားဖြစ်မှုအပေါ် ကွဲပြားသောသိနားလည်မှုကို ထင်ဟပ်ဖော်ပြမည်ဖြစ်ပေရာ ၎င်းနိုင်ငံသားဖြစ်မှုကိစ္စသည် ခေတ်မီမြို့ကြီးပြကြီးများ တစ်စတစ်စ ဖြစ်ပေါ်တိုးတက်လာမှုနှင့် ဆက်နွယ်နေပေသည်။ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော ခေတ်သစ်အယူအဆ ဖွံ့ဖြိုးလာစေရေးအတွက် ဤဖြစ်စဉ်က လမ်းခင်းပေးခဲ့သည်။ တတိယပိုင်းတွင် အဆိုပါဖြစ်စဉ်များ အကြောင်းကို ရှင်းလင်းဖော်ပြသည်။ စတုတ္ထပိုင်းက လူမျိုး/ဘာသာပေါင်းစုံ

ဝါဒနှင့် နိုင်ငံသားဖြစ်မှုတို့နှင့် စပ်လျဉ်းသည့် အခြေအတင်ပြောဆိုမှုများကို မီးမောင်းထိုးပြထားပြီးမှ နောက်ဆုံးအပိုင်းတွင်မူ ကိုလိုနီခေတ်နှင့် ကိုလိုနီလွန်ခေတ်တို့၏ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော သိနားလည်မှုကို အကျဉ်း ရှင်းလင်းထားသည်။

## နိုင်ငံသားဖြစ်မှု၏နောက်ခံသမိုင်း

ရော်ဂျာအမ်စမစ်က နိုင်ငံသားဖြစ်မှု၏အဓိပ္ပာယ်လေးမျိုးကို ပြောကြားထားသည်။ နိုင်ငံသားဖြစ်မှု၏ ပထမအဓိပ္ပာယ်သည် နိုင်ငံသားတစ်ယောက်ကို နိုင်ငံရေးအရ ရပိုင်ခွင့်များပေးထားသော ရှေးဟောင်းနှင့် ခေတ်သစ်သမ္မတနိုင်ငံများ၊ ဒီမိုကရေစီနိုင်ငံများနှင့် သက်ဆိုင်ပေသည်။ ထိုနိုင်ငံရေးရပိုင်ခွင့်များ၌ ကိုယ်ပိုင်အုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်၊ မဲပေးပိုင်ခွင့်၊ အုပ်ချုပ်ရေးနေရာများတွင် အရွေးချယ်ခံပိုင်ခွင့်၊ ဂျူရီလုပ်ငန်းများ ဆောင်ရွက်ပိုင်ခွင့်၊ နိုင်ငံရေးဆိုင်ရာ အခြေအတင် ဆွေးနွေးမှုများနှင့် အလေးအနက်တိုင်ပင်ဆွေးနွေးမှုများတွင် အဖွဲ့ဝင်အဖြစ် တန်းတူညီတူ ပါဝင်ပိုင်ခွင့်စသည်တို့ ပါဝင်ပေသည်။

ဒုတိယအနက်အဓိပ္ပာယ်သည် မျက်မှောက်ခေတ်တွင် ထင်ရှားစွာ တွေ့မြင်နေရသော နိုင်ငံသားဖြစ်မှု၏ ဥပဒေကြောင်းဆိုင်ရာအဆင့်အတန်းကို စဉ်းစားဆင်ခြင်သည်။ ဤနေရာတွင် နိုင်ငံသားများဆိုသည်မှာ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံရေးလူ့အဖွဲ့အစည်းတစ်ခု၏အဖွဲ့ဝင်အဖြစ် တရားဝင်အသိအမှတ်ပြုခံထားရသူများ ဖြစ်သည်။ ထိုအခြေအနေနှင့် လျော်ညီစွာပင် ထိုသူတို့သည် အစိုးရတစ်ရပ်ရပ်က အာမခံချက်ပေးထားသော အခြေခံရပိုင်ခွင့်များကို ပိုင်ဆိုင်ထားကြသည်။ သို့ဖြစ်၍ နိုင်ငံသားဖြစ်ခွင့်ရရှိထားခြင်းသည် ခေတ်သစ်နိုင်ငံတစ်ခုခု၏ လူမျိုးဖြစ်ခွင့်



ရခြင်းနှင့် အတူတူပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် အသုံးတွင်ကျယ်လာသော နိုင်ငံသားဖြစ်ခြင်းနှင့် ပတ်သက်သည့် တတိယအနက်ဖွင့်ဆိုချက်က နိုင်ငံရေးအသိုင်းအဝိုင်း သို့မဟုတ် အခြားအုပ်စုတစ်ခုခုအပါအဝင် လူ့အသင်းအဖွဲ့အားလုံးနီးပါးတွင် အသင်းဝင်ဖြစ်နေသူကို ရည်ညွှန်းနေပေသည်။ စတုတ္ထအချက်မှာ နိုင်ငံသားဖြစ်မှုသည် အုပ်စုအချို့၏အဖွဲ့ဝင်ဖြစ်ကြောင်း ပေါ်လွင်စေသည်ထက် ပိုမိုပြီး "နိုင်ငံရေးအသိုင်းအဝိုင်း၊ ဘုရားကျောင်းအသိုင်းအဝိုင်း၊ နေ့လယ်စာကျွေးမွေးသော ကလပ်အသင်း သို့မဟုတ် အခြားလူ့အသင်းအဖွဲ့တစ်ခုခု၏ ကောင်းကျိုးအတွက် မိမိအကျိုးစီးပွားအထိခိုက်ခံကာ မကြာခဏ တန်ဖိုးရှိရှိ ပံ့ပိုးသူများသည်သာလျှင် ထိုအဖွဲ့အစည်းများ၏ နိုင်ငံသားစစ်စစ်များ ဖြစ်သည်" ဟု အနက်အဓိပ္ပာယ်ရကြောင်း စမစ်က ဆွေးနွေးထားသည် (စမစ်၊ ၂၀၀၂၊ စာ-၁၀၆)။ စတုတ္ထအနက်ဖွင့်ဆိုချက်မှာ သမ္မတစနစ် လိုလားသူများ (ရီပတ်ပလီကန်) ၏ အယူအဆဖြစ်သည့် နိုင်ငံ့အရေးအရာများတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်နိုင်သော နိုင်ငံသားဖြစ်မှုအယူအဆနှင့် အမျိုးမျိုးသော လူမှုအသင်းအဖွဲ့များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းကို ရည်ညွှန်းသည့် နိုင်ငံသားဖြစ်မှုဆိုင်ရာ ခေတ်သစ်ကျင့်သုံးမှုတို့ကို ပေါင်းစပ်ထားသည့် သဘောဖြစ်သည်။

သဘောတရားအရဆိုလျှင် နိုင်ငံသားဖြစ်ခွင့်ရခြင်းသည် အဖွဲ့ဝင်ဖြစ်သည်။ မည်သူမည်ဝါဖြစ်သည်၊ တန်ဖိုးရှိသည်၊ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်ဆိုသော စသည့်အချက်များကို ချိန်ဆခြင်းဖြစ်ပြီး အများစုလက်ခံနားလည်ထားသည့် နိုင်ငံရေးအနက်အဓိပ္ပာယ်ကိုဆောင်ယူပေသည် (ဟာနစ်ရှ ၂၀၀၆၊ စာ-၆၅၃)။ ထို့ကြောင့် နိုင်ငံသားဆိုသည်ကို မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုမည်နည်း။

ထိုဝေါဟာရသည် ရှုပ်ထွေး၍ အဆင့်ဆင့်ပြောင်းလဲလာသည့် သမိုင်းကြောင်းရှိပေရာ ဒီမိုကရေစီဘောင်အတွင်း၌ နိုင်ငံသားဖြစ်ခြင်းက လူပုဂ္ဂိုလ်များကို နိုင်ငံရေးအသိုင်းအဝိုင်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်ခွင့်ပေးခြင်း၊ လူပုဂ္ဂိုလ်များကို မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ပေးခြင်း၊ တန်ဖိုးများ သတ်မှတ်ပေးခြင်း၊ နိုင်ငံရေး လုပ်ငန်းစဉ်များတွင် အတိုင်းအတာတစ်ရပ်အထိ ပါဝင်ဆောင်ရွက်ရင်း အုပ်ချုပ်မှုနှင့်ပတ်သက်သည့် ဥပဒေများ၊ စာရွက်စာတမ်းများ ဖွဲ့စည်းထားသည့် အဆောက်အအုံများ၊ လုပ်ငန်းစဉ်များကို သိနားလည်လာရပြီး ထိုအသိပညာများကို အသုံးချခြင်း စသည်တို့ အားလုံးပါဝင်နေသည် (ထို၊ အင်စလင် ၂၀၀၀)။ တီအိပ်ချ်မာရှယ်လ်က နိုင်ငံသားဖြစ်ခြင်းဆိုသည်မှာ နိုင်ငံရေးအသိုင်းအဝိုင်းတစ်ခု၏ အခွင့်အရေးတန်းတူညီတူရှိသော တင်းပြည့်အဖွဲ့ဝင်အဖြစ် အဆင့်သတ်မှတ်ပေးခြင်းဖြစ်သည်ဟု အနက်ဖွင့်ဆိုသည်။ ထိုအဆင့်အတန်းများသည် နိုင်ငံသားတစ်ဦး ရယူပိုင်ဆိုင်ထားသည့် ရပိုင်ခွင့်နှင့် တာဝန်များနှင့် အတူတူပင် ဖြစ်သည်။ ထိုရပိုင်ခွင့်နှင့် တာဝန်တို့မှာ ဘာဖြစ်သင့်သလဲဆိုသည်ကို သတ်မှတ်ပေးသော အလုံးစုံ လွှမ်းခြုံသည့်မူများမရှိသော်လည်း နိုင်ငံသားဖြစ်ခြင်း အယူအဆ ဖွံ့ဖြိုးလာသည့်နိုင်ငံများတွင် စံပြုထိုက်သော နိုင်ငံသားဖြစ်မှုပုံရိပ်များကို ဖန်တီးထားကြကြောင်း ဆွေးနွေးထားသည်။ နိုင်ငံသားဖြစ်မှု၏ ရှုပ်ထွေးနက်နဲမှုများကို သဘောပေါက်လာစေရန်အတွက် သမိုင်းနောက်ခံအခြေအနေများနှင့်ယှဉ်တွဲ၍ ယင်းတို့၏သဘောသဘာဝနှင့် အနက်အဓိပ္ပာယ်ကို အလေးအနက်စဉ်းစားရန်လိုပေမည်။

သမိုင်းကြောင်းအရ နိုင်ငံသားဖြစ်မှုအယူအဆသည် ရှေးဟောင်းဂရိနှင့် ရောမမြို့ပြနိုင်ငံများ ဖွံ့ဖြိုးလာမှုနှင့် ဆက်စပ်နေသည်။ မြို့ပြနိုင်ငံသည် အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် လွတ်လပ်၍



ဆင်ခြင်တုံတရားရှိသောယောကျ်ားများက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခွင့်ရသော ပြည်သူ့နေရာဖြစ်သည်။ နိုင်ငံသားဖြစ်ရခြင်း၏ အခွင့်အရေးအပြည့်အဝကို ပြောရေးဆိုခွင့်နှင့် အုပ်ချုပ်ခွင့်ရရှိထားသော မြို့ပြနိုင်ငံ၏အဖွဲ့ဝင်များကိုသာ ပေးထားပေရာ အမျိုးသမီးများ၊ ကျေးကျွန်များနှင့် ကလေးများ ပါဝင်ခွင့်မရှိပေ။

ခေတ်ဦးရောမသမ္မတနိုင်ငံတွင်လည်း ပက်ထရီရှန်နှင့် ပလေဘီယမ်ဟူ၍ လူတန်းစားနှစ်ရပ်ကွဲပြားနေသည်။ ပက်ထရီရှန်များသည် မြေကွက်ကြီးများပိုင်ထားပြီး အစိုးရရာထူးတာဝန်များ ထမ်းဆောင်ရန် နိုင်ငံရေးအခွင့်အာဏာရရှိသူများဖြစ်ပြီး ပလေဘီယမ်တို့ကမူ လယ်မဲ့ယာမဲ့သူရင်းငှားများဖြစ်ကာ နိုင်ငံရေးလောကသို့ ဝင်ရောက်ခွင့်မရသူများ ဖြစ်သည် (တာနာ၊ ၁၉၉၀၊ စာ-၂၀၂ ဒန်စီ ၁၉၇၀)။ ရောမအင်ပါယာဖွံ့ဖြိုးလာသည်နှင့်အမျှ အွန်နက်စတီရောရှီးစ် (အခွင့်ထူးခံ လူတန်းစားများ) နှင့် ဟျူမီလီအိုရီးစ် (အောက်တန်းစားများ) ဟူ၍ တိကျသောပုံစံဖြင့် လူတန်းစား သိသိသာသာ ကွဲပြားသွားသည်။ ထိုလူမှုပတ်ဝန်းကျင်၌ နိုင်ငံသားဖြစ်မှု၏ ရပိုင်ခွင့်များသည် 'မြို့ပြနိုင်ငံ၏ နိုင်ငံ့တာဝန်နှင့် ဝတ္တရားများကို ထမ်းဆောင်ခွင့်ရသည့် (ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော) မြေပိုင်ရှင်ကြီးများ၏ ဂုဏ်ဒြပ် ဖြစ်ပေသည်' (ထို)။

ဂရိတို့၏ပုံစံသည် ခရစ်ရှေ့နှစ် ၃၃၅ နှင့် ၃၂၃ အတွင်း အာရစ္စတော်တယ်လ် ရေးသားခဲ့သော "*The Politics*" (နိုင်ငံရေး) စာအုပ်တွင်ပါရှိသော နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သည့် ရေးသားချက်များ၏ ဩဇာသက်ရောက်မှု ရှိသည်။ အာရစ္စတော်တယ်လ်က နိုင်ငံသားများကို "ယဉ်ကျေးသော လူ့အသိုင်းအဝိုင်းအတွင်း၌ အုပ်ချုပ်ခြင်းနှင့် အုပ်ချုပ်ခံခြင်းတို့ကို မျှဝေတာဝန်ယူနေသူများ" ဟု အနက်ဖွင့်ဆိုခဲ့သည် (ဘယ်လာမီ ၂၀၀၈၊ စာ-၃၂ တွင် ကိုးကားထား

ချက်)။ ဂရိတို့၏ နိုင်ငံသားဖြစ်ခွင့်ပုံစံသည် အာရစ္စတော်တယ်လ်၏ရေးသားချက်များအပြင် အခြားအရင်းအမြစ်နှစ်ခုဖြစ်သော အေသင်မြို့ပြနိုင်ငံ၏ နိုင်ငံရေးပုံစံနှင့် စပါးတား၏ နိုင်ငံရေးပုံစံ (အနည်းအပါး) တို့အပေါ် အခြေခံထားခြင်းဖြစ်သည်။ မြို့ပြနိုင်ငံ၏ လူမှုဘဝတွင် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ခွင့်သည် ဂရိပုံစံကို ပုံဖော်ပေးသောအချက်ဖြစ်သည်။

နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်သည့် အာရစ္စတော်တယ်လ်၏အမြင်တွင် လူသားကို နိုင်ငံရေးသတ္တဝါအဖြစ် ယူဆထားသည်။ လူ၏ပင်ကိုသဘာဝသည် နိုင်ငံရေးအသိုင်းအဝိုင်း (ပိုလီးစ် (သို့) မြို့ပြနိုင်ငံ) တွင် နေထိုင်လိုပြီး ထိုသို့သောအသိုင်းအဝိုင်းအတွင်း နေမှသာလျှင်လည်း မိမိ၏ပင်ကိုအစွမ်းသတ္တိများကို အစွမ်းကုန်အသုံးချနိုင်မည်ဖြစ်သည်။ သို့သော်လည်း နိုင်ငံသားတစ်ယောက်ဖြစ်လာရန်အတွက် လူသားတစ်ယောက်တွင် ပြည့်စုံဖြည့်ဆည်းရမည့် အရည်အချင်းများနှင့်တာဝန်များ ရှိနေသည်။ နိုင်ငံသားတစ်ယောက်ဖြစ်နိုင်ရန် ဖော်ပြပါအရည်အချင်းများဖြစ်သော နိုင်ငံသားမိသားစုမှ ဆင်းသက်ပေါက်ဖွားလာသော အသက်နှစ်ဆယ်နှင့်အထက် အမျိုးသားဖြစ်ခြင်း၊ ပက်ထရီရှန် အိမ်ထောင်စုဝင်ဖြစ်ခြင်း၊ စစ်သည်တော်ဖြစ်ခြင်း၊ အလုပ်သမားများ၏ သခင်ဖြစ်ခြင်း စသည်တို့လိုအပ်သည် (ဘယ်လာမီ ၂၀၀၈၊ စာ-၃၁)။

ထို့ကြောင့် နိုင်ငံသားဖြစ်ခွင့်သည် လူ့အဖွဲ့အစည်းရှိ လူနည်းစုအတွက်သာဖြစ်နေပြီး လူများစုဖြစ်သော အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ပြောင်းရွှေ့အခြေချနေထိုင်လာသူများ သို့မဟုတ်“မက်တစ်” မျိုးဆက်များစွာ အေသင်တွင် အခြေချနေထိုင်လာသော နိုင်ငံခြားသားများ၊ ဥပဒေအရ လွတ်လပ်သူများဖြစ်ကာ စစ်မှုထမ်းခဲ့ဖူးပြီး အခွန်ပေးဆောင်ရန် တာဝန်ရှိသူများနှင့် ကျေးကျွန်



များ စသည်တို့ မပါဝင်ပေ။ ဂန္ထဝင်ဂရိခေတ်တွင် လူတိုင်းနိုင်ငံ့အရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိပေ။ နိုင်ငံ၏ငယ်မွေးခြံပေါက် လွတ်လပ်သော အမျိုးသားများသာ ပါဝင်ခွင့်ရှိပြီး ကလေးသူငယ်များ၊ ကျွန်များနှင့် နိုင်ငံခြားသားများသည် နိုင်ငံသားအဆင့်အတန်း မရနိုင်ပေ။ စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများက နိုင်ငံရေးနယ်ပယ်ကို ခယနေရသည်။ စီးပွားရေးလုပ်ငန်းဆောင်တာများကို ကျေးကျွန်များက တာဝန်ယူလုပ်ကိုင်နေရပြီး အိမ်မှုကိစ္စများကို အမျိုးသမီးများက တာဝန်ယူထားကြပေရာ အမျိုးသားများအတွက် နိုင်ငံရေးလုပ်ငန်းများတွင် အာရုံစူးစိုက် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အားလပ်ချိန်များ ရရှိလာစေသည်။ ဂရိနိုင်ငံတွင် နည်းပါးသည့် မျိုးနွယ်တူလူဦးရေရှိခြင်းနှင့် လူတန်းစားကွဲပြားမှု နည်းပါးခြင်းတို့က နိုင်ငံရေးတွင် လူများတက်တက်ကြွကြွပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းရရှိစေသည်။ ထို့ကြောင့် နိုင်ငံရေးနယ်ပယ်တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်ခွင့်သည် နိုင်ငံသားဖြစ်ခြင်း၏ သိသာထင်ရှားသောလက္ခဏာဖြစ်ပြီး ရောမအင်ပိုင်ယာခေတ်သို့ ရောက်ရှိလာသောအခါ ယင်းအချက်ကို မွမ်းမံပြင်ဆင်ခဲ့သည်။

အေသင်၏ နိုင်ငံသားဦးရေသည် ၃၀,၀၀၀ နှင့် ၅၀,၀၀၀ အကြားရှိပြီး ကျေးကျွန်ပေါင်း ၈၀,၀၀၀ မှ ၁၀၀,၀၀၀ အကြား ရှိသည်ဟု ယုံကြည်ထားကြသည်။ နိုင်ငံသားအတန်းအစား အမျိုးမျိုးကွဲပြားလျက်ရှိပြီး အချို့က စဉ်းစားဝေဖန်သုံးသပ်ရသည့် လုပ်ငန်းတာဝန်များတွင်လည်းကောင်း၊ အချို့က တရားရေးပိုင်းတွင်လည်းကောင်း တာဝန်ထမ်းကြရသည်။ အေသင်နိုင်ငံသားများသည် တစ်နှစ်လျှင် အနည်းဆုံးအကြိမ်လေးဆယ် ကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ကြရပြီး မျက်နှာစုံညီ အစည်းအဝေးများ ထမြောက်ရေးအတွက် အနည်းဆုံး လူ ၆,၀၀၀ တက်ရောက်

ရန် လိုအပ်ကာ အသက် ၃၀ နှစ်နှင့်အထက် ဂျူရီတာဝန် ထမ်းဆောင်နေသူ ၂၀၁ ဦးနှင့် အထက်၊ အချို့အချိန်များတွင် ၅၀၁ ဦးအထိ ရှိသည် (ဘယ်လာမီ ၂၀၀၈၊ စာ-၃၁)။

လွှတ်တော်က စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် အခွန်ကောက်ခံရေးစသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသည်။ ယင်းအပြင် နောက်ထပ် ဒေသန္တရအစိုးရအဖွဲ့ သို့မဟုတ် ဒေးမီးစ် ၁၄၀ ခန့်ရှိနေသေးကာ ဒေသဆိုင်ရာကိစ္စရပ်များ၊ အမိန့်နှင့် ဥပဒေထုတ်ပြန်ရေးကိစ္စရပ်တို့ကို အများပြည်သူတို့က ပါဝင်ဆွေးနွေးနိုင်သည့် လွှတ်တော်များ တည်ထောင်ထားကြသည်။ ထိုလွှတ်တော်များက ဗိုလ်ချုပ်များကို ရွေးချယ်ပေးကြပြီး ထိုသူတို့သည် အောင်မြင်မှုရနေသရွေ့ကာလပတ်လုံး သက်တမ်းများစွာ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ သို့သော်လည်း အခြားပြည်သူ့ဝန်ထမ်းနေရာများကိုမဲချ၍ ရွေးချယ်မှုပြုလုပ်ကြပြီး တစ်နှစ် သို့မဟုတ် အများဆုံး နှစ်နှစ်အထိသာ ထမ်းဆောင်ခွင့်ရှိသည်။ နိုင်ငံသားဖြစ်ခြင်းသည် စစ်မှုထမ်းခြင်းအပါအဝင် ဒေသဆိုင်ရာကိစ္စရပ်ကို အချိန်ပြည့် တာဝန်ထမ်းဆောင်ရခြင်းဖြစ်သည်။ ဂရိမြို့ပြများတွင် နိုင်ငံသားဖြစ်ခြင်းသည် ထိုလူ့အသိုင်းအဝိုင်း၏ နိုင်ငံရေးကိစ္စများ၌ နေ့စဉ် ပါဝင်ဆောင်ရွက်နေရသည့် သဘောဖြစ်သည်။ ဥပဒေပြုရေးနှင့် ဥပဒေအသက်ဝင်ရေးအတွက်သာမက ဥပဒေအတိုင်းနေထိုင်ရန်လည်း တာဝန်ရှိပေသည်။ အနုသုခုမပညာ၊ အတွေးအခေါ်ပညာ၊ အားလပ်ချိန်စသည်တို့ကို တန်ဖိုးထားသော အေသင်နိုင်ငံနှင့်မတူကွဲပြားသည့် စပါးတားနိုင်ငံသည် စစ်မှုရေးရာကိစ္စရပ်များကို ပိုမိုအာရုံစိုက်သည်။ အေသင်သားများနှင့်ယှဉ်ကြည့်သော် စပါးတားနိုင်ငံသားများသည် အချိန်ပြည့် နိုင်ငံ့ဝန်ထမ်းများ ပိုဖြစ်



ကြရသည် (ဘယ်လာမီ ၂၀၀၈၊ စာ-၃၂-၃၄)။ သို့ဖြစ်၍ ဂရိတို့၏ လူထုသမ္မတနိုင်ငံစနစ်သည် အာဏာအလွဲသုံးစားလုပ်မှုကို ကြိုတင်ကာကွယ်ရန်အတွက် အာဏာခွဲဝေသုံးစွဲရေးမူအပေါ် အခြေခံထားသည့် ဥပဒေနှင့်အညီ အုပ်ချုပ်ခြင်းသဘော သက်ရောက်သည်။ နိုင်ငံရေးကိစ္စရပ်များတွင် နိုင်ငံသားများကို ပါဝင်ဆောင်ရွက်စေခြင်းဖြင့် တစ်ဦးချင်း အများအကျိုးစီးပွားဖြစ်ထွန်းစေသည်သာမက အကျိုးစီးပွားကိုလည်း မြှင့်တင်ပေးသည်။ သို့ဖြစ်၍ အများအကျိုးသယ်ပိုးခြင်းနှင့် ပြည်သူ့နီတိကို လိုက်နာခြင်းတို့သည် ဂန္ထဝင်ခေတ်နိုင်ငံသားဖြစ်မှုအယူအဆ၏ အရေးကြီးသော အစိတ်အပိုင်းများဖြစ်ပေသည်။

နောက်ပိုင်းကာလတွင် လူတန်းစားခြားနားမှု ကွာဟလာခြင်း၊ နယ်ပယ်ကျယ်ဝန်းလာခြင်း၊ ဗျူရိုကရေစီ၏ရှုပ်ထွေးမှု စသည်တို့ကိုအကြောင်းခံ၍ ရောမအင်ပိုင်ယာ၏ ပကတိနိုင်ငံရေး အခြေအနေသည်လည်း ပြောင်းလဲသွားခဲ့သည်။ မြို့ပြနိုင်ငံသည် ကျင့်ဝတ်အပေါ် အခြေခံထားသည့် အဖွဲ့အစည်းဖြစ်သည်ဟူသော ကိုယ်ကျင့်သိက္ခာအယူအဆကို အလေးထားခြင်း မပြုတော့ဘဲ ပြောင်းလဲနေသော အခြေအနေများနှင့် အလိုက်သင့်ပြောဆိုတတ်စေရေးကိုသာ အလေးပေးလာတော့သည်။ ဘရိုင်ယန်အက်စ်တန်နာ ဖော်ပြသကဲ့သို့ပင် “ချီချေးရိုး (ခရစ်ရှေ့ ၁၀၆၊ စာ-၄၃) က ရှေးဟောင်းဂရိတို့၏ ပိုလိစ် (မြို့) အပေါ် ထားရှိရမည့် နိုင်ငံသားအကျင့်ကောင်းများနှင့် ပြည်သူ့ဝတ္တရားများကို ပြောင်းလဲလာသော ရောမလူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေရှိစေမည့် ပြောဆိုချက်များအဖြစ်သို့ ပြောင်းလဲပစ်လိုက်သကဲ့သို့ ရောမတို့ အကြွင်းမဲ့ကြီးစိုးသည့် နောက်ပိုင်းကာလတွင် ဆီနေကာ (ခရစ်ရှေ့ ၄၊ ခရစ်နှစ် ၄၃) ကဲ့သို့သော အတွေးအခေါ် ပညာရှင်များကလည်း နိုင်ငံသားများကို နှစ်သိမ့်မှုသာ

အမြင့်ဆုံးပေးစွမ်းနိုင်ကြပြီး ဒီကလီမင်းရှားကလည်း နီရိုးကဲ့သို့သော အုပ်ချုပ်သူများကို ညာတာစွာအုပ်ချုပ်ရန် အနူးအညွတ် တောင်းပန်ခဲ့သည်" (ထို)။ ရောမ၏စစ်အင်အားအတွက်သာမကဘဲ ရောမလူ့အဖွဲ့အစည်း၏သွေးစည်းမှုအတွက် အရေးပါသောအခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံသားလီးဂျင်းတပ်ဖွဲ့သည်လည်း ပြိုကျခဲ့ရသည်ဟု သူက မိုက်ကယ်လ်မန်းနှင့် အင်ဒါဆင်တို့ လေ့သံကိုလိုက်၍ ပြောကြားခဲ့သည် (တန်နာ ၁၉၉၀၊ စာ-၂ တွင် ကိုးကားထားသော အင်ဒါဆင် ၁၉၇၄၊ စာ-၄၅-၁၀၃၊ မန်း ၁၉၈၆၊ စာ-၂၈၃-၂၉၈ တို့၏ ရေးသားချက်)။

ဂန္ဓဝင်ခေတ်၏ပြဿနာဖြစ်သော "ဆင်ခြင်တုံတရားရှိသူများ၏တောင်းကင်မြို့တော်နှင့် ကိုယ်ကျိုးကိုသာကြည့်တတ်သူများ၏ မြေမြို့တော်၊ လူတစ်ဦးချင်း၏ ကိုယ်ကျင့်သိက္ခာဖွံ့ဖြိုးရေးနှင့် လူ့အဖွဲ့အစည်းအတွင်း နိုင်ငံသားဝတ္တရားများလိုအပ်ခြင်းစသည်တို့သည် ခရစ်ယာန်အမွေအနှစ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာကာ ယင်းဘောင်အတွင်းရှိ နိုင်ငံရေးဘဝသည် ကိုယ်ကျင့်သိက္ခာပိုင်းအရ သံသယဝင်စရာ ဖြစ်လာသည်" (ထို)။ ထိုစကားရပ်၏ အဓိပ္ပာယ်သည် ရောမအင်ပိုင်ယာအတွင်း နေထိုင်သူအားလုံးနှင့် အကျုံးဝင်စေနိုင်သည်။ ရောမအင်ပိုင်ယာတွင် မျိုးနွယ်မတူသည့် လူများ အများအပြားရှိနေပေရာ ကျယ်ပြန့်သည့်အင်ပိုင်ယာ အင်အားစုစည်းနိုင်စေရန် ကွဲပြားခြားနားသော နိုင်ငံသားဖြစ်ခွင့်ပေးမှုစနစ် လိုအပ်လာသည်။ ဂရိခေတ်၏ ဦးဆောင်မှုအခန်းမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့်ရှိသော နိုင်ငံသားဖြစ်ခြင်း၏နေရာတွင် မျိုးနွယ်စုမတူသော လူအုပ်စုများကို ဥပဒေအကာအကွယ်နှင့် ရပိုင်ခွင့် အချို့ပေးသော ဥပဒေအရ နိုင်ငံသားဖြစ်မှုဆိုသည့် အပြုခံ နိုင်ငံသားဖြစ်ခြင်းက အစားထိုးနေရာယူလာခဲ့သည်။ ထို့ကြောင့်



ရောမလူမျိုးမဟုတ်သူများသည် ဥပဒေကပေးထားသော အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသော်လည်း နိုင်ငံရေးဆိုင်ရာ အခွင့်အရေးမရရှိသည့် "ဒုတိယတန်းစား နိုင်ငံသားများ" ဖြစ်နေကြသည်။ ဂရိခေတ်မှသည် ထိုအချိန်အထိ မပြောင်းလဲသောအချက်မှာ အမျိုးသမီးများနှင့် "အောက်ခြေလူတန်းစားများ" ကို နိုင်ငံသားဖြစ်ခွင့်မှ ဆက်လက်ဖယ်ထားခြင်းပင် ဖြစ်သည်။

ထိုသို့ ဥပဒေကြောင်းအရ အဆင့်အတန်းတူညီမှုရှိခြင်းသည် နိုင်ငံသားဖြစ်မှု၏ အဓိကအစိတ်အပိုင်းဖြစ်လာသည်။ ရှုထောင့်အတော်များများတွင် ရောမသမ္မတနိုင်ငံ၏ နိုင်ငံသားဖြစ်မှုပုံစံသည် ဂရိပုံစံနှင့် ဆင်တူသော်လည်း မြင်သာသည့်ကွဲလွဲချက်များလည်း ရှိနေသည်။ ဂရိလူ့အဖွဲ့အစည်းတွင် လူတန်းစားကွဲပြားမှုများ ရှိနေသော်လည်း နိုင်ငံသားတစ်ဦးအနေဖြင့် ထိုလူတန်းစားနှင့် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားများကို ဘေးဖယ်ထားလိုက်သည်။ အခြားတစ်ဖက်တွင်မူ ပလေဘီယမ်များက မိမိတို့အခွင့်အရေးအတွက် ပက်ထရီရှန်များကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် လူတန်းစားသဘောထား ကွဲလွဲမှုများကို အကြောင်းပြု၍ ရောမသမ္မတနိုင်ငံ မွေးဖွားလာခဲ့သည်။ အသစ်ဖွဲ့စည်းလိုက်သည့် ပလေဘီယမ်ကောင်စီက ရွေးချယ်ပေးသော မိမိတို့အချင်းချင်းအပါအဝင် အခြားတရားသူကြီးများ၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်နိုင်ခွင့် ဗီတိုအာဏာရှိသည့် "ပြည်သူ့အကျိုးဆောင်များ (ထရီဗျွန်းများ)" ရာထူးကို တီထွင်လာခြင်းသည် ခရစ်ရှေ့ ၄၉၄ ခုနှစ်က အာဗင်တိုင်းတောင်ကုန်းပေါ်သို့ ပလေဘီယမ်များ ခွဲထွက်သွားကာ မိမိတို့အကျိုးစီးပွားကို ကြည့်ရှုဆောင်ရွက်ပေးမည့် အရာရှိများကို ပက်ထရီရှန်များက ခန့်အပ်ပေးလာစေရန် ဆောင်ရွက်သွားဖို့ အချင်းချင်းရိုးပင်းကြရန် ထားရှိသည့် ကတိကဝတ်အပေါ် အကြောင်းခံပေသည်။ ပလေဘီယမ်

ကောင်စီတွင် အရေးကြီးသော လုပ်ငန်းနှစ်ရပ်ရှိပေရာ ၎င်းတို့မှာ တရားမကြောင်းကိစ္စများနှင့် ဥပဒေပြုရေးကိစ္စများဖြစ်သည်။ ထို ဥပဒေများသည် လူတန်းစားအားလုံးနှင့် တဖြည်းဖြည်း သက်ဆိုင်သွားသည် (ဘယ်လာမီ၊ ၂၀၀၈၊ စာ ၃၅-၃၆)။ ဆွေမျိုးစုကို အခြေခံ ၍သော်လည်းကောင်း၊ လီးဂျင်းတပ်ဖွဲ့များအလိုက် တာဝန်ထမ်း ဆောင်ဆဲ စစ်သည်များကို အခြေခံ၍သော်လည်းကောင်း၊ မျိုးနွယ်စုကို အခြေခံ၍သော်လည်းကောင်း အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက် လိုက်သော ထင်ရှားသည့် လွှတ်တော်သုံးရပ် ရှိပေသည်။

ရောမနိုင်ငံသားများသည် ဤလွှတ်တော်များအတွက် မဲပေးခွင့်၊ လွှတ်တော်အဖွဲ့ဝင် တာဝန်ထမ်းဆောင်ခွင့်နှင့် တရားသူကြီးများ ဖြစ်ပိုင်ခွင့်များ ရရှိထားသော်လည်း အေသင်ရှိ ရာထူးတူပုဂ္ဂိုလ်များရရှိသော နိုင်ငံရေးသြဇာမျိုး ပိုင်ဆိုင်ခြင်းမရှိပေ။ အာဏာအစစ်အမှန်သည် ပက်ထရီရှန်များကြီးစိုးသော ဆီးနိတ် (အထက်) လွှတ်တော်လက်ထဲတွင်ရှိနေပြီး အုပ်ချုပ်ရေးအဖွဲ့ဝင်ဖြစ်သော ကွန်ဆယ်လ်များက ချုပ်ကိုင်ထားပေသည်။ ဘယ်လာမီ ရှင်းပြသကဲ့သို့ပင် ဆီးနိတ်နှင့် လူထုအကြား ဆက်ဆံရေးတင်းမာမှု အစဉ်ရှိနေပြီး အားပြိုင်နေသော ပက်ထရီရှန်အုပ်စုအတွက် အထောက်အကူပြုနိုင်မှု အခြေအနေပေါ်တွင် မူတည်၍ ပလေဘီယမ်များ၏ သြဇာအရှိန်အဝါသည် အနိမ့်အမြင့် ဖြစ်နေသည်။ လာမည့်အပိုင်းတွင် အာရုံစိုက်လေ့လာသွားမည်ဖြစ်သော အလယ်ခေတ်တွင် နိုင်ငံသားဖြစ်မှု၏ပုံစံက သိသိသာသာ ပြောင်းလဲသွားခဲ့ပေသည်။

## အလယ်ခေတ်ဦးပိုင်းနှင့် နှောင်းပိုင်းကာလနိုင်ငံသားဖြစ်မှု

အလယ်ခေတ်အတွင်း၌ရှိနေသော နိုင်ငံသားဖြစ်မှု အကြောင်းအရာကို "မြို့ကြီးပြကြီး" နှင့် "ဘုရင်စနစ်" တည်းဟူသော အဖွဲ့အစည်းများ ပေါ်ထွန်းလာမှုနှင့်ယှဉ်တွဲ၍ လေ့လာသဘော



ပေါက်နိုင်သည်။ အနောက်ဥရောပ လူ့အဖွဲ့အစည်းများသည် အလယ်ခေတ်၏မြေရှင်ပဒေသရာဇ်လူ့အဖွဲ့အစည်းပုံစံမှသည် တစ်ဆယ့်ရှစ်ရာစု သက်ဦးဆံပိုင်ဘုရင်စနစ်ပုံစံသို့ ပြောင်းလဲလာခဲ့ပြီးနောက် နှစ်ဆယ်ရာစုအတွင်း၌ လူထုဆန္ဒခံယူပွဲ အခြေပြု ဒီမိုကရေစီလူတန်းစား အဖွဲ့အစည်းများအဖြစ်သို့ ပြောင်းလဲလာခဲ့သည် (အိုင်စင်၊ ၁၉၉၇၊ စာ-၁၂၄၊ ဘင်ဒစ်ခ်၊ ၁၉၆၄)။ ရောမအင်ပိုင်ယာသည် ခရစ်နှစ်ငါးရာစုခန့်တွင် ပျက်သုဉ်းသွားခဲ့သည်။

ထိုခေတ်ကာလ ဥရောပသည် ဘုန်းတော်ကြီးကျောင်းများ၊ ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေသည့် မျိုးနွယ်စုများ၊ ခံတပ်ကြီးများ၊ ရဲတိုက်ကြီးများ၊ ကျန်ရစ်နေသေးသည့် ရောမမြို့ကြီးများ စသည်တို့နှင့် ပြည့်နှက်နေသည်။ ဗဟိုအာဏာပိုင်မရှိပေ။ ခရစ်ယာန်ဘာသာကို လက်ခံယုံကြည်လာသည့် လှည့်လည်သွားလာနေကြသော မျိုးနွယ်စုများသည် ဘုရင်စနစ်ကို ထူထောင်လာပြီး ရဲတိုက်ကြီးများနှင့် ခံတပ်ကျေးရွာများတွင် အတည်တကျ နေထိုင်လာကြသည်။ ယင်းမျိုးနွယ်စုများသည် စစ်မှုမထမ်းမနေရစနစ်ကို ဖန်တီးခဲ့ကာ မြေယာပိုင်ဆိုင်မှုနှင့် စစ်စွမ်းအားအပေါ် အခြေခံထားသော အလယ်ခေတ်သူကောင်း မျိုးရိုးသစ်တစ်ရပ် ပေါ်ထွန်းလာခဲ့သည် (ထို)။ ရှစ်ရာစုနှင့် ကိုးရာစုများအတွင်း၌ ဥရောပ၏မြို့ကြီးပြကြီးများသည် ဆွေကြီးမျိုးကြီးများ ရုံးစိုက်ရာနေရာအဖြစ် စတင်လာခဲ့သည်ဟု အများအားဖြင့် ယုံကြည်ထားကြသည်။

သို့သော်ငြားလည်း တစ်ဆယ်ရာစုနှစ်များအတွင်း ဥရောပ တစ်လွှား၌ မြို့ကြီးများတွင် အခြေစိုက်သည့် မြို့ပြသူကောင်းများနှင့် ကျေးလက်သူကောင်းများအကြား အားပြိုင်မှုများ စတင်ဖြစ်ပွားလာခဲ့သည်။ ကျေးလက်သူကောင်းများက မြို့ပြသူကောင်းများ၏

ရည်မှန်းချက်များနှင့် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းများသည် မိမိတို့နှင့် ကွဲပြားသည်ဟု ယူဆလာကြကာ စစ်ဆင်မှုများနှင့် နိုင်ငံရေးလုပ်ငန်းများ၌ ထိုသူများကို ပါဝင်ဆောင်ရွက်ခွင့်မပေးတော့ပေ။ မြို့ပြသူကောင်းများကလည်း သူတို့ကိုယ်သူတို့ ကျေးလက်သူကောင်းများနှင့်လည်းကောင်း၊ ထိုသူတို့အုပ်ချုပ်ထားသည့် လယ်သမားများ၊ မြေကျွန်များနှင့်လည်းကောင်း မတူညီကွဲပြားသည့် နိုင်ငံသားများအဖြစ် တဖြည်းဖြည်း ကြေညာခဲ့ကြသည်။ အိုင်စင်၏အဆိုအရ ထိုအချက်သည် မြို့ပြတွင်နေထိုင်သည့် နိုင်ငံသားများသည် ပဒေသရာဇ်အနှောင်အဖွဲ့များမှ ကင်းလွတ်သည်ဆိုသောအလယ်ခေတ် လွတ်လပ်မှုအယူအဆ၏ မူလအစပင်ဖြစ်သည် (အိုင်စင် ၁၉၉၇၊ စာ-၁၂၅)။

မြေယာပိုင်ဆိုင်မှုနှင့် တရားဝင်လူ့အဆင့်အတန်းတို့၏ အရေးကြီးသောဆက်နွယ်မှုကို ဝယ်ဘာက ထောက်ပြခဲ့သည်။ ရှေးခေတ်နှင့် အလယ်ခေတ်၏မြို့ပြနှစ်မျိုးစလုံးသည် ဈေးများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ၊ ခံစစ်နေရာများ၊ အသင်းအဖွဲ့များ စသည်တို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားကြောင်း ရှင်းပြထားသည်။ မူလအစက မြို့ကြီးပြကြီးများကို ကုန်သွယ်ခြင်း၊ မြေယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကြွေးတင်သူများနှင့် ကျေးကျွန်များကို ကျွန်ပြုခိုင်းစေခြင်းစသည့် လုပ်ငန်းများလုပ်ဆောင်ရင်း ကြွယ်ဝချမ်းသာလာပြီး ဩဇာအာဏာတက်လာကြသော ပက်ထရီရှန် ခေါ် သူကောင်းလူတန်းစားသစ်များ တည်ထောင်အုပ်ချုပ်လာခဲ့သည်။ ပက်ထရီရှန်များသည် မြို့ပြင်တွင် မြေယာအများအပြား ပိုင်ဆိုင်ထားကြသော်လည်း သူတို့သည် မြို့ပေါ်မှာသာ နေထိုင်သူများဖြစ်သည်။ မြို့ပေါ်ရှိ မြေများကို မြို့ဥပဒေအရလည်းကောင်း၊ မြို့ပြင်ရှိမြေများကို ကွဲပြားခြားနားသော အခြားဥပဒေများအရလည်းကောင်း ပိုင်ဆိုင်ထားကြသည် (ဝယ်ဘာ ၁၉၇၈၊ စာ ၁၂၃၈-၃၉)။ ထိုသို့သော



ခွဲခြားထားမှုကလည်း လူတန်းစားခွဲခြားမှုအသစ်ပေါက်ဖွားရာ အခြေခံဖြစ်သည်။ ကျေးလက်ဒေသနေ သူကောင်းမျိုးများနှင့် သိသိသာသာ ကွဲပြားလာသောအခါ ပက်ထရီရှန်တို့က ကိုယ်ပိုင်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ရာထူးဌာနန္တရများ ထုတ်ပြန်ဖန်တီး၍ မြို့တွင်းနေထိုင်သူ အခြားနိုင်ငံသားများကို သူတို့၏ ဥပဒေစည်းကမ်းများအတိုင်း လိုက်နာစေရန် အတင်းအကျပ် လုပ်ဆောင်လာကြသည်။ လက်မှုပညာသည်များ၊ ကုန်သည်များ၊ လက်မှုလုပ်ငန်းရှင်များနှင့် အခြားနိုင်ငံသားများသည် မြို့၏အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်ခွင့်မရပေ။ သို့သော်လည်း ဂီးလ် ခေါ် အစည်းအရုံးများ (အထူးသဖြင့် ကုန်သည်အစည်းအရုံးများနှင့် လက်မှုပညာသည်အစည်းအရုံးများ) ဖွဲ့စည်းပေါ်ပေါက်လာသောအခါ အလယ်ခေတ်မြို့နေ ပလေဘီယမ်များ အထိုက်အလျောက် ဩဇာတက်လာသည် (အိုင်စင် ၁၉၉၇၊ စာ ၁၂၄)။ ထိုအခြေအနေက အလယ်ခေတ်မြို့ပြကြီးများတွင် တော်လှန်ပုန်ကန်မှုများ ပေါ်ပေါက်လာစေပြီး ပက်ထရီရှန်တို့၏ ဩဇာအာဏာနှင့်အနေအထားတို့ကို သိသိသာသာ လျော့ပါးလာစေသည်။ နှစ်ဆယ်ရာစုသို့ ရောက်ရှိလာချိန်၌ မြို့ကြီးများသည် ခိုင်မာသောအသင်းအဖွဲ့များဖြစ်လာပြီး ပကတိတည်ရှိနေသော အသင်းအဖွဲ့ (ကော်ပိုရေးရှင်း) များကို နိုင်ငံသားအများစုက အုပ်ချုပ်စီမံလုပ်ကိုင်ဆောင်ရွက်နေပေရာ ပက်ထရီရှန်များလက်ဝယ်တွင် အုပ်ချုပ်ရေးအာဏာ အနည်းအပါးသာ ရှိတော့သည် (ထို)။

ပက်ထရီရှန်တို့ ဩဇာကျဆင်းလာသည့်နောက်ပိုင်း ဆယ်နှစ်ရာစုအတွင်း ပေါ်ပေါက်လာသော မြို့ကြီးများသည် ဘုရင်များ၊ သူကောင်းမျိုးများလက်မှ အာဏာကိုသိမ်းယူ၍ မိမိတို့သာလျှင် တရားဝင်အုပ်ချုပ်သူများအဖြစ် ကြေညာခဲ့ကြသော ကုန်သည်၊

လက်မှုပညာသည်များ၏ လွတ်လပ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရထားသော အသင်းအဖွဲ့များသာ ဖြစ်သည်။ သူတို့သည် ဂျာမန်ရိုးရာဓလေ့ဥပဒေများ၊ ခရစ်ယာန်ကျင့်စဉ်များ၊ ရောမဥပဒေများကို စုပေါင်းပုံဖော်ထားသည့် ပလေဘီယမ် မြို့ပြအဖွဲ့အစည်းဖြစ်သည်။ ယင်းပကတိတည်ရှိနေသော အသင်းအဖွဲ့ (ကော်ပိုရေးရှင်း) များက အာဏာသုံးစွဲခြင်း၊ ဥပဒေပြုခြင်း၊ လိုအပ်သော အဖွဲ့အစည်းများ ထူထောင်ခြင်း စသည်တို့ကို ဆောင်ရွက်လုပ်ကိုင်ကာ ၎င်းတို့ကိုယ်တိုင် စီမံအုပ်ချုပ်ကြသည်။ မြို့နေပက်ထရီရှန်နိုင်ငံသားများနှင့် ပလေဘီယမ်နိုင်ငံသားများသည် မြို့တော်ဝန်များ၊ ကောင်စီများစသည့် အသစ်တည်ထောင် ဖွဲ့စည်းလိုက်သော အဖွဲ့အစည်းများအတွက် အဓိပ္ပာယ်သတ်မှတ်ချက်ပြုရာတွင် ရောမဥပဒေစကားရပ်များကို ဦးစားပေးအသုံးပြုကြသော်လည်း ထိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသင်းအဖွဲ့များဖြစ်သော မြို့ကြီးများသည် အတိတ်သမိုင်းအပေါ် ကြွေးတင်မှု သိပ်မရှိလှပေ။ ဂျာမဏီ၊ ပြင်သစ်နှင့် အီတလီစသည့်ဒေသများတွင် အချုပ်အခြာအာဏာပိုင်ဆိုင်သော မြို့ကြီးများ၏ အသင်းချုပ်များကို ဖွဲ့စည်းတည်ထောင်ကာ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် အသင်းအဖွဲ့ဖြစ်ကြောင်း သူတို့ကြေညာခဲ့ကြသည် (အိုင်စင် ၁၉၉၇၊ စာ-၁၂၅)။ အမျိုးမျိုးသော အချုပ်အခြာအာဏာပိုင်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့ကြီးများနှင့် အတူယှဉ်တွဲနေထိုင်ရသော်လည်း လက်ရှိယှဉ်တွဲနေထိုင်မှုဘဝကို လက်ခံရန်သာရှိသော မြို့များ၊ သူကောင်းမျိုးများ၊ ဘုရင်များအဖို့ ပြဿနာမဖြစ်ပေ။ မြို့များ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အချက်နှစ်ချက်အရ သိမြင်နိုင်သည်။ ပထမအချက်မှာ ကျေးကျွန် သို့မဟုတ် မြေကျွန်တစ်ယောက်သည် မည်သူမျှကန့်ကွက်ခြင်းမရှိဘဲ သက်ဆိုင်ရာမြို့တွင် နိုင်ငံသားအဖြစ် တစ်နှစ်နှင့်တစ်ရက် နေထိုင်ခဲ့ပြီးဖြစ်လျှင် သခင်ပေါင်းက



ဘာမျှအရေးဆိုပိုင်ခွင့်မရှိတော့ဟူသော မြို့ပြ၏ ထုတ်ပြန်ထားသော ဥပဒေဖြစ်ပြီး ပို၍အရေးပါသော ဒုတိယအချက်မှာ တည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော မြို့၏ အဖွဲ့ဝင်နိုင်ငံသားများသည် စုပေါင်း၍ ဥပဒေပြုခြင်း၊ စီမံခန့်ခွဲအုပ်ချုပ်ခြင်းတို့ကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိခြင်းနှင့် ထိုလွတ်လပ်ခွင့်များကို ကျင့်သုံးမှုက နိုင်ငံသားဖြစ်မှုနယ်ပယ်ကို သတ်မှတ်ပေးသည် (ထို)။

လယ်ပိုင်ရှင်အထက်တန်းလွှာ ပက်ထရီရှန်များ၏ ဩဇာအာဏာကို လက်မှုပညာလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ လက်မှုပညာသည်များက သိမ်းပိုက်လိုက်နိုင်သည့်အကျိုးဆက်ကြောင့် အလယ်ခေတ်၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကျင့်ထုံးများ ပေါ်ပေါက်လာသည်။ ဂရိ ရောမနှင့် အလယ်ခေတ်တို့၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကျင့်ထုံးများ ခေတ်အလိုက်ပုံမှန်ပေါက်ဖွား ဆင်းသက်လာပုံ ကားချပ်ကို ရေးဆွဲနိုင်ပေသည်။ အခြေအနေတစ်ရပ်ချင်းစီတွင် နိုင်ငံသားဖြစ်ခွင့်သည် အာဏာအရင်းအမြစ်ဖြစ်သော ဘုရင်စနစ်ကို သူကောင်းမျိုးနွယ်များက ဆန့်ကျင်တိုက်ခိုက်ခြင်းမှစတင်ကာ ပက်ထရီရှန်များနှင့် ပလေဘီယမ်များ၏ အားပြိုင်မှုရလဒ်အဖြစ် ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ ကြီးစိုးနေသောလူတန်းစားထံမှ အုပ်ပိုင်ခွင့်များ လုယူသည့် လူတန်းစားတစ်ရပ်ချင်းစီတွင် ရှိနေသော အရင်းအနှီးနှင့် အရင်းအမြစ် ပုံသဏ္ဌာန်များသည် ကွဲပြားခြားနားပေသည်။ အလားတူစွာပင် လူတန်းစားတစ်ရပ်ချင်းစီက သူ့အဖွဲ့ဝင်များကို နိုင်ငံသားဖြစ်ခွင့်ပေးသည့်နည်းလမ်းများသည်လည်း ကွဲပြားနေပေသည် (ထို)။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့ကြီးနှင့် တစ်ချိန်တည်းပေါ်ပေါက်လာကာ ၎င်းကိုစိန်ခေါ်ခဲ့သော အဖွဲ့အစည်းတစ်ရပ်သည်ကား ဘုရင်စနစ်ပင်ဖြစ်သည်။ တစ်ဆယ့်နှစ်ရာစုမှ စတင်ကာ ဥရောပရှိ

ဘုရင့်နိုင်ငံများသည် နယ်ပယ်အများအပြားကို သူတို့ လက်အောက်တွင် စုစည်းထားရှိလာနိုင်ပြီး မြို့ကြီးများကို ရန်လိုလာကြသည်။ သို့သော်လည်း ကုန်သည်များနှင့် လက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများ၏ ဗဟိုချက်များဖြစ်ပြီး စစ်အတွက်လိုအပ်သည်များနှင့် လိုအပ်သောအခွန်ဘဏ္ဍာများကို ထုတ်လုပ်ဖြည့်ဆည်းပေးနေကြသောမြို့ကြီးများအပေါ် သူတို့က မှီခိုနေရပြန်သည်။ ထို့ကြောင့် ဘုရင့်နိုင်ငံများနှင့် မြို့ကြီးများအကြား ဆက်ဆံမှု တင်းမာလာခဲ့သည်။ သို့သော်လည်း သမိုင်းပညာရှင်များကို ခေါင်းရှုပ်စေသည့် အကြောင်းအမျိုးမျိုးကြောင့် ဥရောပဘုရင့်နိုင်ငံများသည် အားကောင်းသော ဘုရင်အုပ်ချုပ်သည့်စနစ်မှတစ်ဆင့် ခေတ်သစ်အမျိုးသားနိုင်ငံများအဖြစ်သို့ တိုးတက်ပြောင်းလဲလာခဲ့ကြသည် (တစ်လီ ၁၉၉၀)။

သူတို့ကိုယ်တိုင်က သံသယဖြစ်ဖွယ်မရှိ အထောက်အပံ့ပေးခဲ့သည့် အဆိုပါအင်အားစုများကို ဥရောပ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြို့ကြီးများက ခုခံရင်ဆိုင်နိုင်ခြင်းမရှိပေ။ ၁၇ ရာစုသို့ ရောက်ရှိလာချိန်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့ကြီးများနှင့် ၎င်းမြို့ကြီးများရှိ နိုင်ငံသားများသည် မိမိတို့နယ်မြေ၏ အုပ်ချုပ်မှုကို လက်ဝါးကြီးအုပ်ထားနိုင်သော အကြွင်းမဲ့အာဏာပိုင် နိုင်ငံကြီးများ၏ အာဏာစက်အောက်သို့ ရောက်ရှိသွားခဲ့သည်။ ၁၈ ရာစုသို့ ရောက်ရှိလာသောအခါ ဥရောပဘုရင်များနှင့် ရှေ့နေရှေ့ရပ်၊ သမိုင်းပညာရှင်၊ ဥပဒေပညာရှင်စသည့် မင်းမှုထမ်းများက မြို့ကြီးများ၏ သမိုင်းကို ပြင်ဆင်ရေးသားကာ ထိုမြို့များကို ဘုရင်မင်းမြတ်တို့ကသာ တည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း အခိုင်အမာပြောဆိုကြသည်။ တစ်နည်းဆိုရလျှင် "မြို့ကြီးများ" အရာကျလာရခြင်းသည် နိုင်ငံများက သူတို့လက်အောက်သို့ သွတ်သွင်းခြင်းကြောင့်မဟုတ်ဘဲ



ပတ်ထရီရှန်များ၊ ပလေဘီယမ်များ၊ ဘုန်းတော်ကြီးများ၊ မင်းဆွေမင်းမျိုးများစသည့် အလယ်ခေတ်လူတန်းစားများအကြားရှိ အင်အားချိန်ခွင်လျှာ အပြောင်းအလဲကြောင့်ဖြစ်ပြီး ထိုအချက်က မြို့ကြီးများနှင့် နိုင်ငံတော်တို့၏ သဘောသဘာဝနှင့် ဆက်ဆံရေးပုံစံအနေအထားကို အပြောင်းအလဲ ဖြစ်သွားစေသည် (အိုင်စင် ၁၉၉၇၊ စာ-၁၂၆)။ မြို့ကြီးများပေါ်တွင် နေထိုင်ကြသော ပတ်ထရီရှန်များသည် ယခင်နေရသည့် အခြေအနေများထက်စာလျှင် ယခုအခြေအနေက နိုင်ငံတော်အဖွဲ့အစည်းများ၏ အကာအကွယ်ပိုမိုရရှိလာပြီး ကုန်သည်များ၊ လက်မှုလုပ်ငန်းရှင်များ၊ အရောင်းအဝယ်သမားများ၊ အချုပ်အားဖြင့်ဆိုသော် ပလေဘီယမ်ဘက်သို့ဆုံးရှုံးသွားသော ၎င်းတို့၏ဩဇာအာဏာများ ပြန်လည်ရယူလာနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် မြို့ကြီးများနှင့် နိုင်ငံများသည် သက်ဆိုင်သူများ၏ရုပ်ဝတ္ထုနှင့် စိတ်ကူးပိုင်းဆိုင်ရာအကျိုးစီးပွားများနောက်သို့ လိုက်ပါဆောင်ရွက်ရာတွင် အသုံးပြုကြသော ကြားခံအဖွဲ့အစည်းများ ဖြစ်နေပေသည်။

နိုင်ငံသားဖြစ်မှုသည် နိုင်ငံသားအကျင့်သီလနှင့် ဥပဒေက ပေးအပ်ထားသည့် ရပိုင်ခွင့်တို့နှင့် ယှဉ်တွဲနေသည်ဟူသော အစောပိုင်းကာလက ရှိနေခဲ့သည့် အယူအဆများသည် အလယ်ခေတ်နှောင်းပိုင်းကာလအထိ ဆက်လက်ရှင်သန်နေသည်။ အကြွင်းမဲ့အာဏာပိုင်နိုင်ငံစနစ်ခေတ်တွင် နိုင်ငံသားဖြစ်ခြင်းဆိုသည်မှာ သူတိုင်းလွတ်လပ်စွာဆောင်ရွက်ခွင့်ရှိခြင်းနှင့် အာဏာပိုင်တို့၏ အကာအကွယ်ကို ရရှိထားသည်ဆိုသည့် သဘောဖြစ်ကြောင်း ဘိုဒင်က အနက်ဖွင့်ထားသည်။ သို့ဖြစ်၍ နိုင်ငံသားတစ်ယောက်သည် ရောမအစဉ်အလာအတိုင်း နိုင်ငံတော်၏ အကာအကွယ်အောက်တွင် ရှိနေသူဖြစ်လာပေသည်။ တစ်ချိန်တည်းမှာပင်လျှင်

နိုင်ငံသားဖြစ်ခြင်းသည် နောက်လိုက်နေရာတွင်ရှိသည့် သဘော သက်ရောက်လာပြီး လူတိုင်းလွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့် ရှိခြင်းသည် အဓိကကိစ္စဖြစ်လာသည်။ ဥပမာပြရသော် လူ့အသက် စောင့်ရှောက်ရေးမှာ နိုင်ငံတော်၏တာဝန်ဖြစ်ကြောင်း ဟော့ဘ်က ပြောကြားခဲ့သလို မွန်တက်စ်ကျူကလည်း အိမ်ထောင်စုများနှင့် သူတို့၏အိမ်ရာများကို စောင့်ရှောက်ပေးဖို့ ပြောကြားခဲ့သည်။ အလားတူပင် လော့ခ်ကလည်း အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်တို့သည် လူတစ်ဦးချင်းစီ၏ အဓိကအကျိုးစီးပွား ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့ဖြစ်၍ နိုင်ငံသားဖြစ်မှုအကြောင်း ရှင်းလင်းချက်များတွင် ယခင်ကရှိနေခဲ့သော "အများကောင်းကျိုး" ဟူသည့်အချက်နေရာတွင် "ပုဂ္ဂလိကနယ်ပယ်" က နေရာယူလာတော့ သည်။ ယင်းအချိန်တွင် "နိုင်ငံသားအကျင့်သီလ" သို့မဟုတ် "ပြည်သူ့နီတိ" စသည်တို့ မရှိဟု မဆိုလိုပေ။ မက်ခီရာဗယ်လီက လည်း နိုင်ငံသားအကျင့်သီလ အယူအဆကို ထောမနာပြုခဲ့ပြီး လုံခြုံ စိတ်ချရမှုရှိသော နိုင်ငံတော်၊ အထူးသဖြင့် သမ္မတနိုင်ငံအစိုးရ အတွက် အရေးပါကြောင်း ပြောကြားခဲ့သည်။ သူ့အလိုအရ နိုင်ငံ သားတစ်ဦးသည် နိုင်ငံသားတာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်ပြီး သတ္တိရှိခြင်း၊ ဖွဲ့ကောင်းခြင်း၊ ရဲရဲဝံ့ဝံ့ စွန့်စားခြင်း၊ ကျွမ်းကျင်မှုရှိခြင်း၊ နိုင်ငံသားစိတ်ဓာတ် (တက်တက် ကြွကြွ လုပ်ဆောင်ခြင်း) စသော "နိုင်ငံသား တာဝန်သိမှု" စိတ်ဓာတ် ပြည့်ဝနေရန် လိုအပ်သည်။ အလားတူပင် မွန်တက်စ်ကျူနှင့် ရူးဆိုး တို့ကလည်း "နိုင်ငံသား အကျင့်သီလ" ကို တန်ဖိုးထားကြသည်။

၁၆၄၈ ခုနှစ်တွင် ပေါ်ပေါက်လာခဲ့သော ခေတ်သစ် တရားဝင်နယ်မြေသတ်မှတ်ထားသည့် နိုင်ငံစနစ်ပေါ်ထွန်းလာ ခြင်းနှင့် "အမျိုးသားရေးစိတ်ဓာတ်" တို့ကလည်း နိုင်ငံသားဖြစ်မှု



အယူအဆကို ပိုမိုတိုးတက်လာစေသည်။ ပြင်သစ်တော်လှန်ရေးနှင့် "နိုင်ငံသားနှင့် လူ့အခွင့်အရေးကြေညာစာတမ်း" တို့ကလည်း မြို့ရှင်စနစ်၏ အသည်းနှလုံးဖြစ်သော အဆင့်အတန်းခွဲခြားသတ်မှတ်၍ အခွင့်အရေးပေးမှုစနစ်ကို ငြင်းပယ်ကြသည်။ ၎င်းကြေညာချက်က ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခွင့် ရှိသော ဆင်ခြင်တုံတရားပြည့်ဝသည့် လွတ်လပ်သူအယူအဆကို ထောက်ခံတင်ပြသည်။

## ခေတ်သစ်နိုင်ငံသားဖြစ်မှု အယူအဆ

လွတ်လပ်သောသဘောဆန္ဒနှင့် တစ်ဦးချင်းလွတ်လပ် ခွင့်တို့အပေါ် အလေးထားသော ဥဏ်သစ်လောင်းအရေးတော်ပုံက ခေတ်သစ်နိုင်ငံသားဖြစ်မှုအယူအဆကို ပေါ်ထွန်းလာစေသည်။ ပြင်သစ်တော်လှန်ရေးသည် မြေရှင်ပဒေသရာဇ်စနစ်၏ အဆိုအမိန့် များကို ဆန့်ကျင်၍ လူမှုရေးနှင့် နိုင်ငံရေးရပိုင်ခွင့်များအပေါ် အခြေ ခံထားသည့် နိုင်ငံသားဖြစ်မှု သဘောထားခိုင်မာစေရေးအတွက် တိုက်ပွဲဝင်မှု အင်အားအပြင်းထန်ဆုံး အမှတ်လက္ခဏာပင် ဖြစ်ပေ သည်။

နိုင်ငံသားဖြစ်ခြင်းသည် "ပြင်သစ်လူမျိုးတိုင်းအတွက် ဘာသာ၊ လူတန်းစား၊ မိသားစု၊ ဒေသစသည်တို့အပေါ် အခြေခံ ထားသည့် အမှတ်လက္ခဏာများနှင့်မတူ ကွဲပြားခြားနားသော အရေးကြီးဆုံး အမှတ်လက္ခဏာဖြစ်နေသည်။ ၎င်းသည် မွန်မြတ်သော အပြုအမူ၏ ပင်မရည်ရွယ်ချက်အဖြစ် ဘာသာရေးယုံကြည်မှုနှင့် မိသားစုသစ္စာစောင့်သိမှုတို့၏နေရာတွင် အစားထိုးနေရာယူလာ သည် (ဝေါ်ဇ် ၁၉၈၉၊ စာ-၂၁၁)။ နိုင်ငံသားဖြစ်မှုအတွက် တိုက်ပွဲ ဝင်စေရန် လှုံ့ဆော်ပေးသောအတွေးအခေါ်ပိုင်းကို ဥဏ်သစ် လောင်းအရေးတော်ပုံက လမ်းခင်းပေးခဲ့ပြီး ပဒေသရာဇ်လူနေမှု

ပုံစံကို ဖြိုချခဲ့သောစက်မှုလုပ်ငန်းများနှင့် အရင်းရှင်စနစ်တို့ ကြီးထွားလာမှုက လိုအပ်သောရုပ်ပိုင်းဆိုင်ရာအခြေခံများကို ဖြစ်ပေါ်စေခြင်းဖြင့် နောက်ဆုံးအောင်ပွဲကို ရရှိစေသည်။ ဗြိတိန်နိုင်ငံတွင် ကနဦး၌ သူကောင်းမျိုးများနှင့် ရှင်ဘုရင်တို့အကြားတွင်သာ အကန့်အသတ်ဖြင့်တည်ရှိသော နိုင်ငံသားအခွင့်အရေးများကို အခြားလူအုပ်စုများသို့ တဖြည်းဖြည်းချင်းတိုးချဲ့ကာ ခံစားခွင့်ပေးလာခဲ့သည်။ အင်အားကောင်းလာသော ဓနဥစ္စာကြွယ်ဝသည့် လူလတ်တန်းစားများက ၎င်းအခွင့်အရေးကို ဦးစွာပထမခံစားခွင့်ရလာပြီး နောက်ပိုင်းတွင် အရွယ်ရောက်ပြီးသူအမျိုးသားများသို့ တိုးချဲ့ခံစားခွင့်ပေးခဲ့သည်။ ခေတ်သစ်နိုင်ငံရေးအယူအဆသည် နိုင်ငံသားနှင့် နိုင်ငံတော်တို့ကိုသာလျှင် အချုပ်အခြာအာဏာ ပိုင်ဆိုင်သူနှစ်ဦးအဖြစ် အသိအမှတ်ပြုထားသည်။ သို့ဖြစ်၍ နိုင်ငံသားဖြစ်ခြင်းသည် နိုင်ငံတော်၏ဥပဒေဘောင်အတွင်း၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် နိုင်ငံရေး၊ နိုင်ငံသားအရေး၊ လူမှုရေးဆိုင်ရာ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ၏ အစုအပေါင်းသာ ဖြစ်ပေသည်။ ခေတ်သစ်အတွေးအခေါ်တွင် နိုင်ငံသားဖြစ်ခြင်းနှင့် ပတ်သက်သော ဥပဒေအကြောင်းအယူအဆနှင့် နိုင်ငံရေးအယူအဆတို့ကို စည်းခြားထားပေရာ ဥပဒေကြောင်းက နိုင်ငံရေးပိုင်းကို လွှမ်းမိုးထားသည်။

အိုင်စင်ဆွေးနွေးထားသကဲ့သို့ပင် ခေတ်သစ်အယူအဆက အချုပ်အခြာအာဏာပိုင်ရှင်နိုင်ငံသားများကို နိုင်ငံ့ဥပဒေဘောင်အတွင်း၌ မိမိတို့ကိုယ်ကျိုးစီးပွားအတွက် ပဋိညာဉ်ဆက်ဆံရေးများအရ ပါဝင်လုပ်ကိုင်နေကြသော စားသုံးသူများနှင့် ထုတ်လုပ်သူများအဖြစ် သဘောထားသည်။ အခြားတစ်ဖက်တွင်လည်း ဘူဇွာလူတန်းစားများ အားကောင်းလာခြင်းနှင့် သူတို့၏နိုင်ငံရေးနှင့် ဥပဒေရေးရာတောင်းဆိုချက်များက အလယ်ခေတ်မြို့ကြီးများတွင်



အင်အားကျဆင်းသည့် ၁၅ ရာစုကတည်းက ရရှိထားသော သူကောင်းမျိုးရိုးများနှင့် မြေပိုင်ရှင်အထက်တန်းလွှာတို့၏လုပ်ပိုင်ခွင့်များကို ဆက်လက်ထိန်းထားရန် မဖြစ်နိုင်တော့သည့် အခြေအနေ သို့ ဆိုက်ရောက်လာစေခဲ့သည်။

ဆက်လက်ဆွေးနွေးသည်မှာ အချုပ်အခြာအာဏာပိုင်ရှင်နိုင်ငံသားများသည် ပဋိညာဉ်များချုပ်ဆိုပိုင်ခွင့်၊ ကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်၊ မိမိလုပ်အားကို ရောင်းချပိုင်ခွင့်၊ အသက်ရှင်ဖို့ လိုအပ်သည်များကို ဝယ်ယူပိုင်ခွင့်၊ အအုပ်ချုပ်ခံပိုင်ခွင့်ရှိသည်ဟူသော အယူအဆတို့သည် ခေတ်သစ်နိုင်ငံသားဖြစ်ခြင်း၏ သွင်ပြင်လက္ခဏာများဖြစ်ကာ ၎င်းတို့သည် မြေပိုင်ရှင်အထက်တန်းလွှာများအပေါ် ဘူဇွာလူတန်းစားများ၏ တောင်းဆိုချက်များကို ရောင်ပြန်ဟပ်လျက်ရှိသည်(အိုင်စင် ၁၉၉၇၊ စာ-၁၂၇)။

၁၉ ရာစု တစ်လျှောက်လုံး ခေတ်သစ်နိုင်ငံသားဖြစ်ခွင့်တွင် မြေယာပိုင်ဆိုင်မှုရှိရမည်ဟူသောမူ ပါဝင်နေပေသည်။ နယ်မြေပေါ်အခြေခံသော နိုင်ငံသားဖြစ်ခွင့်သည် မြို့ကြီးများမှ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပြောင်းလဲသွားသော်လည်း မြေယာပိုင်ဆိုင်သူများကိုသာ နိုင်ငံသားဖြစ်ခွင့်ပေးထားသည်။ သို့သော်လည်း ၂၀ ရာစုသို့ ရောက်ရှိလာသောအခါတွင် နိုင်ငံသားဖြစ်ခွင့်ကို နယ်မြေအတွင်း မွေးဖွားသူများ၊ နယ်မြေအတွင်း အစဉ်တစိုက် နေထိုင်လာသူများကို နိုင်ငံသားခံယူခွင့်နှင့် အကျုံးဝင်လာစေသောကြောင့် နိုင်ငံသားဖြစ်ခွင့်သည် လူအားလုံးနှင့် သက်ဆိုင်လာတော့သည် (တာနာ ၁၉၈၆)။ အင်အားကောင်းလာသော အလုပ်သမား လူတန်းစားများ၏တောင်းဆိုချက်ကြောင့် ယခုကဲ့သို့ ဖြစ်လာရခြင်း ဖြစ်သည်။ မြေပိုင်ရှင်မင်းစိုးမင်းမျိုးတို့နှင့်တိုက်ပွဲတွင် ဘူဇွာများ အသာစီးရကာ ကြီးစိုးလာချိန်တွင် ၎င်းတို့သည် အင်အားကောင်းလာသော မြို့ပေါ်ရှိ

အလုပ်သမားလူတန်းစားများနှင့် ဘက်ပြိုင်လာရတော့သည်။ ၁၉ ရာစု တစ်လျှောက်လုံး အလုပ်သမားလူတန်းစားသည် ဘူဇွာတို့ကို တိုက်ပွဲဆင်နွှဲနေခဲ့ကြသော်လည်း ၂၀ ရာစုသို့ ရောက်ရှိလာမှသာလျှင် သူတို့တောင်းဆိုချက်များရရှိလာကာ နိုင်ငံဥပဒေများတွင် ထည့်သွင်းလာသည်။ ထိုအချက်သည် အလုပ်သမား လူတန်းစား၏ အောင်ပွဲမျှသာမဟုတ်ဘဲ ဘူဇွာများ၏ထည့်သွင်းပေါင်းစပ်ခြင်း မဟာဗျူဟာ၏အောင်မြင်မှုလည်း ဖြစ်သည်။ မင်းစိုးမင်းမျိုးများ ကျဆင်းလာခြင်းနှင့်အတူ အထက်ပါရပိုင်ခွင့်များ ခိုင်မာလာချိန်တွင် ပစ္စည်းပိုင်ဆိုင်ခြင်းသည် နိုင်ငံသားဖြစ်ရေးအတွက် လိုအပ်သော အရည်အချင်းမဟုတ်တော့ပေ။

ခေတ်သစ်နိုင်ငံသားဖြစ်ခွင့်အယူအဆသည် ၁၆၄၈ ခုနှစ် အနောက်ဝက်စ်ဖာလီယာစာချုပ်မှသည် ဉာဏ်သစ်လောင်း အရေးတော်ပုံတို့နှင့်လည်းကောင်း၊ ၁၆၈၈ ခုနှစ် သွေးမြေမကျ တော်လှန်ရေးမှသည် ဂျာမန်ရိုမန်တိက (စိတ်ခံစားမှု အဓိကအယူအဆ) ဝါဒနှင့်လည်းကောင်း၊ အမေရိကန်တော်လှန်ရေးမှသည် ၁၇၈၉ ခုနှစ်၊ ပြင်သစ်တော်လှန်ရေးနှင့် နောက်ဆက်တွဲများနှင့်လည်းကောင်း ဆက်စပ်လျက်ရှိနေသည်။ ယင်းမတူညီသောအဖြစ်အပျက်များသည် နိုင်ငံသားဖြစ်ခွင့်ကို မတူညီသောလားရာသို့ ပြောင်းလဲသွားစေသည့် အခြေခံများ ဖြစ်ပေသည်။

ယေဘုယျအားဖြင့် ရှေးဂန္ထဝင်ခေတ်က နိုင်ငံသားဆိုသော ဝေါဟာရသည် *စီဗီတာ့စ်* (ဥပဒေတစ်ခုတည်းအောက်တွင် နေထိုင်သော လူစု) ဟူသော စကားမှဆင်းသက်လာပြီး ရောမခေတ်သို့ ရောက်ရှိလာသောအခါ *စီဗီတေးတပ်စ်* (နိုင်ငံသား အခွင့်အရေး) သဘောတရားထွန်းကားလာသည်ဟု သိရှိထားကြသည်။ နောက်ပိုင်းကာလတွင် ဤဝေါဟာရ အရင်းအမြစ်မှ မြို့နယ် နယ်



နိမိတ်တစ်ခုအတွင်း စုစည်းနေထိုင်ကာ ရပိုင်ခွင့်အချို့ကို အကန့်အသတ်ဖြင့် ခံစားခွင့်ရှိသော နိုင်ငံသားများဟု အဓိပ္ပာယ်ရသော *စီတေးစ်*မှတစ်ဆင့် *စီတိုရင်း*ဟူသော ပြင်သစ်ဝေါဟာရ ပေါ်ပေါက်လာသည်။ နိုင်ငံသား (မြို့တွင်နေထိုင်သော လွတ်လပ်သောသူသို့မဟုတ် လွတ်လပ်စွာ ကုန်သွယ်ခွင့်နှင့် အခြားအခွင့်အရေးများကို ရရှိထားသူ) အယူအဆသည် ကျယ်ပြန့်သည့်အမြင် အဆက်ပြတ်ခြင်း မရှိပေ (တာနာ ၁၉၉၀၊ စာ-၂၀၃)။ ထိုသို့ဖြင့် မြို့တွင်း၌ နေထိုင်သူများကို နိုင်ငံသားများဟုလည်းကောင်း၊ မြို့ပြင်၌နေထိုင်သူများကို ဘုရင့်သစ္စာခံများဟုလည်းကောင်း ယူဆထားကြသည် (ထို၊ ဒေါင်းနင်း ၁၉၈၈၊ စာ-၉)။ နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာ အတွေးအခေါ်များ ဖွံ့ဖြိုးလာမှုဖြစ်စဉ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြို့ပြများပေါ်ထွန်းလာမှုက အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့သည်ဟု မက်စ်ဝယ်ဘာက ယူဆထားသည် (ဝယ်ဘာ ၁၉၆၆၊ စာ-၉)။ အစဉ်အလာ ကျေးလက်အဖွဲ့အစည်းများ၏ လူတန်းစားအဆင့်ဆင့် ခွဲခြားသတ်မှတ်ထားရှိမှုများကို မေးခွန်းထုတ်လာသော မြို့ပြသည် လူတစ်ဦးချင်းလွတ်လပ်ခွင့်ရှိရေး၏ ဗဟိုချက်မအဖြစ် ပေါ်ထွန်းလာသည်။

နောက်ပိုင်းကာလများတွင် ယခင်က တိုးတက်ဖြစ်ပေါ်မှုများနှင့် ဆန့်ကျင်စွာပင် ကျေးလက်ဘဝ၏ နေထိုင်မှုပုံစံများကို ပြန်လည်၍ တမ်းတဖော်ထုတ်လိုသော ဂျာမန်လူမှုရေး အတွေးအခေါ်များ ၁၉ ရာစုနှစ်များအတွင်း ပေါ်ပေါက်လာခဲ့သည်။ ဂျာမဏီနိုင်ငံရှိ အစွန်းရောက် လူသားဝါဒီများက ဂျာမဏီ၏ စက်မှုမြို့ကြီးများနှင့်ကွဲပြားသော ဂရိမြို့ပြနိုင်ငံပုံစံကို အခြားရွေးချယ်ရာအဖြစ် ထုတ်ဖော်လာကြသည်။ သို့ဖြစ်၍ နိုင်ငံသားဖြစ်မှုကိစ္စနှင့်ပတ်သက်၍ ဂျာမဏီနှင့်ပြင်သစ်အကြား အမြင်များမတူ

ကွဲပြားခြားနားလာခဲ့သည်။ ဂျာမဏီ၏နိုင်ငံသားဖြစ်မှုသည် လူထုလူတန်းစားအဖွဲ့အစည်း အယူအဆဖွံ့ဖြိုးလာမှုနှင့် ဆက်စပ်လျက်ရှိသည်။ ဂျာမန်လူထုလူတန်းစား အဖွဲ့အစည်းဆိုင်ရာ အယူအဆဘောင်အတွင်း၌ နိုင်ငံသားဆိုသည်မှာ "ဆင်ခြင်တုံတရား လူ့သမိုင်းအတွင်း သက်ဆင်းဝင်စားရာ အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော်နှင့် ကွဲပြားခြားနားသော စီးပွားရေးပြိုင်ဆိုင်မှုများ ကြီးစိုးနေသည့် အများပြည်သူ့ကစားကွင်းထဲသို့ ဝင်ရောက်ရန် အလို့ငှာ မိသားစုအဝန်းအဝိုင်းကို စွန့်ခွာလာသော ပုဂ္ဂိုလ်ဖြစ်သည်" ဟု တာနာက ရှင်းပြထားသည် (တာနာ ၁၉၉၀၊ စာ-၂၀၄)။ ဂျာမန်အတွေးအခေါ်ရှင် ဟေဂဲလ်၏အယူအဆတွင် လူထုလူတန်းစား အဖွဲ့အစည်းဆိုသည်မှာ မိသားစုနယ်ပယ်နှင့် နိုင်ငံတော်တို့အကြားရှိ နယ်ပယ်ဖြစ်သည်။ နိုင်ငံတော်၏တာဝန်သည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ပိုမိုမြင့်မား၍ အားလုံးနှင့်သက်ဆိုင်သော လိုလားချက်များကို ဖြည့်ဆည်းပေးရန်အတွက် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသော တောင်းဆိုချက်များနှင့် ရန်ဘက်ပြုနေသော အကျိုးစီးပွားများကို ဖြေရှင်းဆောင်ရွက်ပေးရန် ဖြစ်သည် (ထို၊ စာ-၂၀၅)။ ၁၈၄၅ ခုနှစ် ဂျာမန်အတွေးအခေါ်တွင် မာ့က်စ်နှင့် အိန်ဂျယ်လ်တို့က ဟေဂဲလ်၏ လူထုလူတန်းစား အဖွဲ့အစည်းဆိုင်ရာအယူအဆကို ဝေဖန်ခဲ့ကြသည်။ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို လိုလားသည့် အရင်းရှင်စနစ်က နားလည်ထားသော နိုင်ငံသားဆိုသည်မှာ စိတ်ကူးထဲတွင်သာရှိသော အကြောင်းအရာဖြစ်ပြီး လူ့အဖွဲ့အစည်း၏ အခြေခံအဆောက်အအုံအတွင်း အမှန်တကယ်ဖြစ်ပွားနေသော အားပြိုင်မှုများကို ဖုံးကွယ်ထားခြင်းမျှသာ ဖြစ်သည်ဟု ဆွေးနွေးထားသည်။ သို့ဖြစ်၍ ဂျူးပြဿနာကိုဆွေးနွေးရာတွင် မာ့က်စ်က "လူ့အဖွဲ့အစည်း၏ လူမှုစီးပွားရေး အဆောက်အအုံကို အမှန်တကယ် ပြန်လည်ဖွဲ့စည်း



ခြင်းမရှိသေးဘဲနှင့် ဂျူးအသိုင်းအဝိုင်း၏လွတ်မြောက်ခြင်းဆိုသည်မှာ အပေါ်ယံမျှသာဖြစ်သော သမိုင်းဆိုင်ရာ တစ်စိတ်တစ်ဒေသပြောင်းလဲမှုသာဖြစ်သည်" ဟုဆိုသည် (တာနာ ၁၉၉၀၊ စာ-၂၀၆)။

ဂျာမဏီနိုင်ငံတွင် ဘစ်စမာ့ခ် ဥပဒေပြဋ္ဌာန်းချက်များဖြင့် အရင်းရှင်စနစ်ဖွံ့ဖြိုးလာရာ၌ အောင်မြင်သော အစွန်းရောက်ဘူဇွာတော်လှန်ရေး မရှိခဲ့ခြင်းကြောင့် နိုင်ငံသားဖြစ်မှုအယူအဆအကန့်အသတ်ဖြင့်သာ ထွန်းကားသော လူမှုပတ်ဝန်းကျင်ကို ဖန်တီး ပေးခဲ့သည်။ ဂျာမန်လူမျိုးများ၏စာရိတ္တပိုင်းကို ကာကွယ်စောင့်ရှောက်သူအဖြစ် ပေါ်ထွန်းလာသော နိုင်ငံတော်သည် လူထုလူတန်းစား အဖွဲ့အစည်းအပေါ် လွှမ်းမိုးနိုင်သော အလွန်ကြီးမားသည့် လူမှုဩဇာအာဏာနှင့် ဂုဏ်သိက္ခာတို့ကို ပိုင်ဆိုင်ထားသည်။ သို့ဖြစ်၍ နိုင်ငံသားဖြစ်ခွင့်ကို နိုင်ငံတော်က ခွင့်ပြုပေးသည် ဖြစ်ခြင်းကြောင့် ဂျာမန်တို့၏အစဉ်အလာတွင် နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်၏ နောက်လိုက်အဆင့်၌သာရှိသည် (တာနာ ၁၉၉၀၊ စာ-၂၀၇)။

ဤထူးခြားချက်က အနောက်တိုင်းအစဉ်အလာ၏အခြေခံဖြစ်ပြီး ၎င်းအချက်ကို အလယ်ခေတ် နိုင်ငံရေးအတွေးအခေါ်တွင် ရှာဖွေတွေ့ရှိနိုင်သည်ဟု တာနာက ယူဆသည်။ အလယ်ခေတ်တွင် အထက်သို့ တက်သွားသောအမြင်နှင့် အောက်သို့ ဆင်းသွားသော အမြင်ဟူ၍ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်ပြီး ဆန့်ကျင်ဖက် အမြင်နှစ်ရပ် ရှိသည်။ တက်သွားသောအမြင်တွင် လွတ်လပ်သောသူသည် ရပိုင်ခွင့်များကို ရယူဆောင်ကြဉ်းလာသော နိုင်ငံသားတစ်ဦးဖြစ်ပြီး ဆင်းသွားသောအမြင်တွင်မူ ရှင်ဘုရင်သည် ဘုန်းတန်ခိုးကြီးမားသူဖြစ်ပြီး နိုင်ငံသားသည် ပေးအပ်သောအခွင့်အရေးများကို လက်ခံရရှိသူမျှသာဖြစ်သည်။

နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်သော ဂျာမန်တို့၏ အမြင်နှင့် မတူဘဲကွဲပြားသည့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်နှင့်

ပတ်သက်သော ဗြိတိသျှအစဉ်အလာတွင် ခြားနားသော ဇာတ်လမ်း ရှိနေသည်။ ဗြိတိသျှတို့၏ တစ်ဦးချင်းလွတ်လပ်ခွင့်အစဉ်အလာ သည် အကြွင်းမဲ့အာဏာပိုင် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်ရာမှ ပေါ်ထွက်လာသည့် အကျိုးတရား ဖြစ်သည်။ ထိုတိုက်ပွဲကြောင့် "ရှင် ဘုရင် ကွပ်မျက်ခံရပြီး ပါလီမန်၏ သြဇာအာဏာကျယ်ပြန့်လာကာ ထုံးတမ်းဓလေ့ဥပဒေများကို ကာကွယ်နိုင်ပြီး တစ်ဦးချင်း ဘာသာ ရေး လွတ်လပ်ခွင့်ကို အခိုင်အမာ တောင်းဆိုလာနိုင်သည်" (တာနာ ၁၉၉၀၊ စာ-၂၀၇)။ သို့သော်လည်း အင်္ဂလိပ်တို့၏ တစ်ဦးချင်း ရပိုင်ခွင့်အစဉ်အလာသည် ပစ္စည်းဥစ္စာပိုင်ဆိုင်သူများအတွက်သာ အကျုံးဝင်မှုရှိပေရာ လူများစုကြီးသည် လူမှုရေးနှင့် နိုင်ငံရေး နယ်ပယ်များတွင် အမှန်တကယ် ပါဝင်ဆောင်ရွက်ခွင့် မရရှိခဲ့ပေ။ ၁၆၈၈ ခုနှစ် သဘောတူညီချက်အရ ဗြိတိန်တွင် နေထိုင်သူတစ်ဦး သည် ဗြိတိသျှနိုင်ငံသားဖြစ်လာကာ " ပါလီမန် တက်ရောက် နေသော ဘုရင်မင်းမြတ်က ပြန်လည်ရုပ်သိမ်း၍မရသော လူမှုရေး ရပိုင်ခွင့်များကို အပ်နှံခံထားရသော ဥပဒေကြောင်းအရ တည်ရှိ နေသူဖြစ်သည် (ထို)။ (၁၇) ရာစု သဘောတူညီချက်အရ တည်ရှိ သော အင်္ဂလိပ်နိုင်ငံသားဖြစ်မှု အစဉ်အလာသည် အပြုခံရသူ အဆင့်တွင်သာရှိနေပြီး အထက်မှအခွင့်အရေးကို ချပေးခြင်း ဖြစ်ကာ နိုင်ငံသားသည် ဘုရင်မင်းမြတ်၏ လက်အောက်ခံတစ်ဦး သာ ဖြစ်သည်။

အင်္ဂလိပ်၊ ဂျာမန်တို့၏အခြေအနေနှင့် ယှဉ်ကြည့်သော် ပြင်သစ်တို့၏ နိုင်ငံသားဖြစ်မှုအယူအဆ ပေါ်ပေါက်လာခြင်းသည် ဥပဒေပြုရေးနှင့် နိုင်ငံရေးတို့ကို နန်းတော်အသိုင်းအဝိုင်းက လက်ဝါး ကြီးအုပ်ထားခြင်းကို နှစ်ရှည်လများတိုက်ပွဲဝင်ခဲ့ရမှု၏ အသီးအပွင့် ဖြစ်သည်။ ၎င်းသည် တော်လှန်တက်ကြွသည့် (ကိုယ့်ကြမ္မာ



ကိုယ်ဖန်တီးခွင့်ရှိသော) နိုင်ငံသားဖြစ်မှု အယူအဆဖြစ်ပြီး ပုဂ္ဂလိက နယ်ပယ်များ (မိသားစု၊ ပုဂ္ဂလိက အနှောင့်အယှက်ကင်းမှု၊ အသင်း တော်) ကို တိုက်ခိုက်မှုနှင့် ပေါင်းစပ်ထားသည်။ ၎င်းသည် လူနေမှု နေစ်ကို ပြောင်းလဲပစ်ရန်အတွက် အကြွင်းမဲ့အာဏာပိုင်စိုးခြင်း အယူအဆကိုဆန့်ကျင်သည့် ပြင်းထန်သောတိုက်ပွဲဖြစ်သည်။ ရူးဆိုး၏ အများအလိုဆန္ဒအယူအဆနှင့်အညီ ပြင်သစ်လူမျိုးတစ်ဦး သည် အမျိုးသားနိုင်ငံတစ်ခု၏ သာမန်ပြည်သူတစ်ယောက် ဖြစ်လာ သည်။ ထို့ကြောင့် "တိုင်းပြည်သည် အမျိုးသားနိုင်ငံတစ်ခုအဖြစ်သို့ ပြောင်းလဲသည်နှင့် တစ်ပြိုင်နက်တည်း ကျေးတော်မျိုး၊ ကျွန်တော် မျိုးများသည်လည်း နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲသွားတော့ သည်" (ထို၊ လင်းဆေး ၁၉၄၃)။

ရူးဆိုးနှင့် ဘာ့ဂ်တို့က ပြင်သစ်နှင့် အင်္ဂလိပ်တို့၏ ခြားနား သော တော်လှန်ရေးအစဉ်အလာများကို တစ်ခုနှင့်တစ်ခု ဆန့်ကျင် နေသောနိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်၍ အမြင်နှစ်ရပ်ဖြင့် ရှင်းလင်းတင်ပြထားသည်။ ရူးဆိုး၏အမြင်တွင် နိုင်ငံသားဖြစ်မှု ဆက်လက်ရှင်သန်စေရန်အတွက် နိုင်ငံသားများကို နိုင်ငံတော်နှင့် တွဲကွာသွားစေရန် ကြားဝင်စွက်ဖက်နေသော အဖွဲ့အစည်းများကို ချက်ဆီးပစ်ရန် လိုအပ်သည်ဟု သဘောထားသော်လည်း ဘာ့ဂ်ကမူ နိုင်ငံသားဖြစ်ခြင်း၏အနှစ်သာရသည် ဒေသခံအသင်းအဖွဲ့များ၊ အထူးသဖြင့် အများဆန္ဒထင်ဟပ်ရာဖြစ်သော အာဏာပိုင်များနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းတို့အကြားတွင်ရှိနေသော အထူးအဖွဲ့အစည်း များနှင့် ဒေသဆိုင်ရာ အသင်းအဖွဲ့များ ဆက်လက်ရှင်သန်နေခြင်း ပင် ဖြစ်သည်ဟုဆိုသည်။

ဘာ့ဂ်က ကျစ်လျစ်ခိုင်မာသော လူထုအဖွဲ့အစည်းတစ်ရပ် တွင် အထက်အောက်အဆင့်အဆင့် ဖွဲ့စည်းထားရှိမှု၊ စည်းစနစ်ကျမှု၊

စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချက်များရှိရန် လိုအပ်သည်ဟု ယူဆထားသော်လည်း ထိုအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုပုံစံက "လူ့အခွင့်အရေး" အလားအလာကို အဟန့်အတားဖြစ်နေကြောင်း မက်ဖာဆင်က လေ့လာမိသည် (တာနာ ၁၉၉၈၊ စာ-၂၀၈ တွင် ကိုးကားထားသော မက်ဖာဆင်၏ ရေးသားချက်၊ မက်ဖာဆင် ၁၉၈၀)။ အလားတူပင် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော အခြားအနောက်တိုင်းအမြင်တစ်ရပ်ကို အမေရိကန်အစဉ်အလာများတွင် ပေါ်လွင်စွာတွေ့မြင်ရသည်။ အမေရိကန်အစဉ်အလာသည် ဗဟိုအာဏာပိုင်စနစ်ကို အပြင်းအထန် ငြင်းပယ်ခြင်းနှင့် လူသားတို့၏ ရပိုင်ခွင့်၊ နိုင်ငံသားတို့၏ လွတ်လပ်စွာလုပ်ကိုင်ခွင့်များကို လက်ခံကျင့်သုံးသော ပြင်သစ်တို့၏အယူအဆကို လက်ခံသည်။ အလက်စစ်ဒီတော့ခ်ဗီးလ်က မင်းမျိုးမင်းနွယ်များ၊ နယ်ခြားမှတ်တိုင်များ၊ နိုင်ငံတော် ဘာသာရေးအသင်းအဖွဲ့စသည်တို့ ကင်းမဲ့ခြင်းကြောင့် ဒီမိုကရေစီစနစ်ကို အခြေခံသော အမေရိကန်တော်လှန်ရေးသည် ခေတ်သစ်သမိုင်းတွင် ပထမဦးဆုံးသောဒီမိုကရေစီ၏ မဏ္ဍိုင်စမ်းသပ်မှုပုံစံဖြစ်သည်ဟု ယူဆထားသည် (တာနာ ၁၉၉၀၊ စာ-၂၀၈ တွင် ကိုးကားထားသော တော့ခ်ဗီးလ်၏အဆို)။ သို့သော်လည်း အမေရိကန်ဒီမိုကရေစီသည် လူမှုဖူလုံရေးကိုဖော်ဆောင်ပေးသော နိုင်ငံသားဖြစ်မှု အယူအဆအားနည်းပြီး အမေရိကန်တစ်ဦးကောင်းဝါဒနှင့်လည်းကောင်း၊ ဖက်ဒရယ်လ်စနစ်၏အင်အားထိန်းညှိမှုစနစ်နှင့်လည်းကောင်း တွဲနေသည့်အုပ်စု ကွဲနေသောလူမျိုးခွဲခြားဆက်ဆံ၍ ကိုယ်ကျိုးရှာအမြတ်ထုတ်မှုရှိသော တောင်ပိုင်းပြည်နယ်များ ယှဉ်တွဲလျက်ရှိသည်။

သူ၏*နိုင်ငံသားဖြစ်ခြင်းနှင့် လူ့အဆင့်အတန်းအမည်ရှိ*ဂန္ထဝင်မြောက်စာတမ်းတွင် မာရှယ်လ်က ရာစုနှစ်သုံးခုအတွင်း ဗြိတိသျှတို့၏ နိုင်ငံသားဖြစ်ခွင့် တိုးချဲ့လာမှုသမိုင်းကို ခြေရာကောက်



ထားသည်။ နိုင်ငံသားဆိုင်ရာ နိုင်ငံသားဖြစ်မှုတွင် တစ်ဦးချင်းလွတ်လပ်စွာပြောဆိုခွင့်၊ မိမိနှစ်သက်ရာကို ယုံကြည်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ ပဋိညာဉ်ချုပ်ဆိုခွင့်၊ တရားဥပဒေ၏ အကာအကွယ်ကို ရယူပိုင်ခွင့် စသည်တို့ ပါဝင်သည် (မာရှယ်လ် ၂၀၀၈၊ စာ-၁၄၈)။ ပစ္စည်းပိုင်ဆိုင်မှုကို အကာအကွယ်ပေးခြင်း၊ လူတိုင်းကို တရားဥပဒေရှေ့မှောက်တွင် တန်းတူရည်တူ အခွင့်အရေးပေးခြင်း၊ လွတ်လပ်စွာပြောဆိုလုပ်ကိုင်ဆောင်ရွက်ခွင့်များပေးခြင်းစသော အရင်းရှင်နိုင်ငံရေးစနစ်က ပြဋ္ဌာန်းပေးခဲ့သည့် ရပိုင်ခွင့်များ ၁၈၄၅ ခုနှစ်တွင် အင်္ဂလန်၌ ပေါ်ထွန်းလာခဲ့သည်။ လူထုရပိုင်ခွင့်များနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများမှာ "တရားရုံးတော်များ" ပင်ဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၏ နိုင်ငံရေးပိုင်းဆိုင်ရာများတွင် နိုင်ငံရေးအာဏာအပ်နှင်းခြင်းခံရသော အဖွဲ့အစည်း အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သို့မဟုတ် ထိုအဖွဲ့ဝင်များကို ရွေးချယ်ပေးသူအဖြစ်လည်းကောင်း နိုင်ငံရေးအာဏာသုံးစွဲခြင်းတွင် ပါဝင်ဆောင်ရွက်ခွင့်တို့ပါဝင်သည် (ထို၊ စာ-၁၄၉)။ ၎င်းအခြေအနေသည် ဦးစွာပထမ လူလတ်တန်းစားအမျိုးသားများကိုလည်းကောင်း၊ ထို့နောက်မှ အလုပ်သမားလူတန်းစားအမျိုးသားများကိုလည်းကောင်း မဲပေးခွင့်ပြုလိုက်သော ၁၉ ရာစုတွင် ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ နိုင်ငံရေးရပိုင်ခွင့်များနှင့် တွဲဖက်၍ လိုက်လျောညီထွေစွာပေါ်ပေါက်လာသော အဖွဲ့အစည်းများမှာ ပါလီမန်နှင့် ဒေသန္တရအုပ်ချုပ်ရေးကောင်စီများဖြစ်သည်။

နိုင်ငံသားဖြစ်ခြင်း၏ လူမှုရေးပိုင်းဆိုင်ရာများဆိုသည်မှာ လူ့အဖွဲ့အစည်း၏ အမွေအနှစ်များကို အပြည့်အဝခွဲဝေခံစားခွင့်၊ လူ့အဖွဲ့အစည်း၏ တည်ဆဲလူနေမှုအဆင့်အတန်းနှင့်လျော်ညီစွာ သီကွာရှိရှိနေထိုင်ခွင့်စသည့် ၂၀ ရာစုအတွင်း အဓိက ပေါ်ထွန်းလာသော ရပိုင်ခွင့်မျိုးစုံဖြစ်ကြောင်း သူကဆိုလိုသည် (ထို၊ စာ-၁၄၉)။ ယင်းကာလ၏ နိုင်ငံသားဖြစ်မှု၏ လူမှုရေးပိုင်းဆိုင်ရာသည်

ပဒေသာပင် နိုင်ငံအသွင်သဏ္ဍာန်ဆောင်ယူနေသည်ဟု ကာ့ဇ်က ဆွေးနွေးထားသည်။ ဤနေရာတွင် ၎င်းနှင့်အနီးကပ်ဆက်စပ်နေသောအဖွဲ့အစည်းများမှာ ပညာရေးစနစ်များနှင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်။ မာရှယ်လ်ထောက်ပြသကဲ့သို့ပင် နိုင်ငံသားရပိုင်ခွင့်များတွင် လူမှုရေးရပိုင်ခွင့်များ ပါဝင်လာအောင် တိုးချဲ့ပေးခြင်းဖြင့် နိုင်ငံသားဖြစ်မှုအယူအဆသည် အားလုံးကိုပို၍ လွှမ်းခြုံမှုရှိလာသည်။ စက်မှုမထွန်းကားမီအချိန်က ကျေးရွာအုပ်စုများ၊ မြို့များနှင့် ဂီလ် (သမဂ္ဂ) အဖွဲ့အစည်းများတွင် အဖွဲ့ဝင်ဖြစ်ရခြင်းက လူမှုရေးလုံခြုံမှုကို အထိုက်အလျောက်ပေးစွမ်းနိုင်သော်လည်း အရင်းရှင်ဈေးကွက်ဆက်ဆံရေးများ ကျယ်ပြန့်လာခြင်းက ယင်းအခြေအနေများကို ယိုယွင်းလာစေခဲ့သည်။

သို့သော်လည်း လူ့အဖွဲ့အစည်းတစ်ရပ်လုံး ကြွယ်ဝလာခြင်းကို အကြောင်းပြု၍ မညီမျှမှုများ လျော့ပါးလာခြင်းနှင့် လူတန်းစားများအကြား စီးပွားရေးကွာဟချက်များ လျော့နည်းအောင် ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် မညီမျှမှုများ၊ အနိမ့်ဆုံးအဆင့်အနေဖြင့် လူမှုဖူလုံရေးအတွက် အခြေခံလိုအပ်ချက်များကွာဟနေမှုကို ပပျောက်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုမှုများ မြင့်တက်လာခဲ့သည် (မာရှယ်လ် ၁၉၅၀၊ စာ-၁၀၇)။ သို့ဖြစ်၍ မာရှယ်လ်၏ နိုင်ငံသားဖြစ်ခြင်း အတန်းအစားသုံးမျိုးဖြစ်သော နိုင်ငံသားဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာတို့က နိုင်ငံသားဖြစ်ခြင်းအဓိပ္ပာယ်များ၏ ရှုပ်ထွေးမှုနှင့် အစဉ်လှုပ်ရှားပြောင်းလဲနေသောသဘောသဘာဝနှစ်ရပ်လုံးကို မီးမောင်းထိုးပြလျက်ရှိနေသည်။ မာရှယ်လ်၏နိုင်ငံသားဖြစ်ခြင်း အယူအဆများ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုဖြစ်စဉ်ဆန်းစစ်ချက်သည် အလွန်လေးနက်မှုရှိပြီး လူအများက ကိုးကားလျက်ရှိသော်လည်း သူလေ့လာသည့် ပတ်ဝန်းကျင်



အခြေအနေအတွင်း၌ပင်လျှင် သူတင်ပြချက်သည် တစ်ပိုင်းတစ်စသာ ဖြစ်နေပြီး ပြည့်စုံခြင်းမရှိသေးကြောင်း သတိချပ်ရန်လိုသည်။ သူဖော်ပြခဲ့သော “နိုင်ငံသားဖြစ်ခြင်းသမိုင်း” သည် စက်မှုဖွံ့ဖြိုးတိုးတက်လာသော ဗြိတိန်နိုင်ငံ၏ အလုပ်သမားလူတန်းစား လူဖြူအမျိုးသားများနှင့်သာ၍ အများဆုံးသက်ဆိုင်နေပေသည်။ အင်ပိုင်ယာမရှိသော ပြည်တွင်းမညီမျှမှုများမရှိသည့် လူ့အဖွဲ့အစည်းအကြောင်းဖော်ပြချက်သာဖြစ်သည် (ဖရေဇာနှင့် ဂေါ်ဒင် ၁၉၉၄၊ စာ-၉၃)။ ကျားမကိစ္စ၊ လူမျိုးရေးကိစ္စ၊ ကိုလိုနီပြုခြင်းခံရသော နယ်မြေများတွင် နေထိုင်သူများ၏ ရပိုင်ခွင့်စသည်တို့နှင့် ပတ်သက်၍ နှုတ်ဆိတ်နေခဲ့သည်။ လာမည့်အခန်းနှစ်ခန်းတွင် အဆိုပါပြဿနာများကို အလေးအနက် စဉ်းစားထားသည်။

## လူမျိုး၊ ဘာသာပေါင်းစုံအယူအဆနှင့် နိုင်ငံသားဖြစ်မှု

လတ်တလောနှစ်များအတွင်း နိုင်ငံသား၊ လူမျိုးစု၊ ယုံကြည်ကိုးကွယ်မှု၊ ကျားမကိစ္စ၊ ဘာသာစကားစသည့်ကိစ္စရပ်များကို အခြေခံသောအကြောင်းအရာ အာရုံစိုက်နိုင်ငံရေးနှင့် ပတ်သက်သော အပြန်အလှန် ဆွေးနွေးမှုများသည် နိုင်ငံအတော်များများတွင် ရှေ့တန်းသို့ ရောက်ရှိလာခဲ့သည်။ လူမျိုး၊ ဘာသာပေါင်းစုံရှိနေမှု၊ နယ်မြေပြောင်းရွှေ့အခြေချနေထိုင်သူများ၏ အဆင့်အတန်းနှင့် ရပိုင်ခွင့်များ၊ ဒေသခံတိုင်းရင်းသားများ၏ ရပိုင်ခွင့်များ စသည်တို့ကို အာရုံစိုက်လာကြပြီး ရပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးမည့် ကိုယ်စားပြုအဖွဲ့အစည်းများ လိုအပ်ကြောင်း ထောက်ပြကြသည်။ အထက်ပါပြဿနာများသည် အကြောင်းအရာ အာရုံစိုက်နိုင်ငံရေး၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။

အုပ်စုလက္ခဏာ၊ အမူအကျင့်၊ လူမှုရေးချိန်ညှိမှုများအပေါ် အခြေပြုထားသည့် မြေရှင်စနစ်၏ကျင့်ထုံးများကို ဘုရားသခင်

ပေးအပ်ထားသော ဘုရင့်အာဏာအယူအဆက စိန်ခေါ်လာချိန်
တွင် လူတစ်ဦးစီ၏ အခြေခံလွတ်လပ်ခွင့်ကို ဖော်ဆောင်ပေးမည့်
သဘာဝက ပေးအပ်ထားသောရပိုင်ခွင့်များ အယူအဆလည်း ပေါ်
ထွန်းလာသည်။ နောက်ပိုင်းတွင် ပေါ်ထွန်းလာသည့် လူတစ်ဦးချင်း
စီ၏ လွတ်လပ်ခွင့်ကို အခြေခံသော နိုင်ငံသားဖြစ်မှု အယူအဆအရ
နိုင်ငံသားတစ်ဦးဆိုသည်မှာ မိမိတို့အဖွဲ့ဝင်ထားသော ဂိုးလ် (သမဂ္ဂ)
များကိုလိုက်၍ လူများကို နိုင်ငံရေးအဆင့်အတန်း သတ်မှတ်ပေး
သော မြေရှင်စနစ်အယူအဆများနှင့် ကွဲပြားခြားနားသည့် ဥပဒေ
အောက်၌ အခြားလူများနှင့် တန်းတူရည်တူ အခွင့်အရေးရထား
သူဖြစ်သည်ဟူသောအချက်ကို ထောက်ခံတင်ပြထားသည်
(ရာမဆွာမိ ၂၀၀၇၊ စာ-၃၇၉၀)။ အကြောင်းအရာအာရုံစိုက်နိုင်ငံကို
ထောက်ခံသူများက လူတစ်ဦးချင်းစီအပေါ်အခြေစိုက်သည့် နိုင်ငံ
သားဖြစ်မှုအယူအဆကို မေးခွန်းထုတ်လာကြသည်။ လူမျိုး၊
ဘာသာပေါင်းစုံဝါဒီများ သို့မဟုတ် ဗဟုယဉ်ကျေးမှုဝါဒီများက
နိုင်ငံသားဖြစ်မှုသည် အာဖရိကန်၊ အမေရိကန်၊ ဒေသခံတိုင်းရင်းသား
လူမျိုးစုများနှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများစသဖြင့် ကွဲပြား
နေသော လူအုပ်စုများနှင့် သူတို့၏ထူးခြားမှု သို့မဟုတ် ကွဲပြား
ခြားနားမှုကို အကြောင်းပြု၍ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ခွင့်မရဘဲ
ဘေးဖယ်ထားခြင်းခံထားရသည်ဟု ခံစားနေရသော လိင်တူဆက်ဆံ
နေကြသော အမျိုးသား၊ အမျိုးသမီးများစသူတို့၏ ပေါ်လွင်ထင်ရှား
နေသည့် လူမှုယဉ်ကျေးမှုဆိုင်ရာ သွင်ပြင်လက္ခဏာများကိုလည်း
ထင်ဟပ်ရန်လိုသည်ဟု အဆိုပြုကြသည် (ထို)။

လူမျိုး၊ ဘာသာပေါင်းစုံ အယူအဆဟူသော ဝေါဟာရကို
၁၉၇၁ ခုနှစ်အတွင်း ကနေဒါနိုင်ငံတွင် စတင်သုံးစွဲခဲ့ပြီး ၁၉၇၈ ခုနှစ်
တွင် ဩစတြေးလျနိုင်ငံ၌ သုံးစွဲလာသည်။ လူနည်းစုဖြစ်သော
မျိုးနွယ်စုများ (အထူးသဖြင့် အခြားဒေသများမှ လာရောက်အခြေချ



နေထိုင်သူများ) ကို လူများစုလက်ခံထားသော ယဉ်ကျေးမှုနှင့်
တစ်သားတည်း ဖြစ်သွားစေရန် လုပ်ဆောင်သည့် မူဝါဒနေရာတွင်
မတူကွဲပြားသော ယဉ်ကျေးမှုများကိုလက်ခံ၍ ပေါင်းစည်းပေးသည့်
အများပြည်သူဆိုင်ရာ မူဝါဒသစ်ကိုဖော်ပြရာတွင် အသုံးပြုခဲ့သည်
(လိုပက်ဇ် ၂၀၀၀၊ စာ-၂-၃)။ ထို့နောက် ၁၉၈၀ ပြည့်နှစ်များသို့
ရောက်ရှိလာသောအခါတွင် ၎င်းဝေါဟာရသည် အမေရိကန်နှင့်
ဗြိတိသျှတို့၏ နိုင်ငံရေးအဘိဓာန်အတွင်းသို့ ဝင်ရောက်လာခဲ့သည်
(ဝလေဇာ ၁၉၉၇၊ စာ-၈)။ ၁၉၉၀ ပြည့်နှစ်များအတွင်း၌ လူမျိုး၊
ဘာသာပေါင်းစုံရှိနေသော လူ့အဖွဲ့အစည်းနှင့် စပ်လျဉ်းသည့်
သဘောတရားအခြေခံများကို နိုင်ငံရေးသဘောတရားပညာရှင်
များက စတင်ပျိုးထောင်လာကြသည်။ ဝီလ်ကင်မ်လိကာက
လစ်ဘရယ်ဝါဒ၊ လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှု (၁၉၈၉) နှင့် လူမျိုး၊
ဘာသာပေါင်းစုံ နိုင်ငံသားဖြစ်မှု (၁၉၉၅) ဟူသော စာအုပ်နှစ်
အုပ်တွင် လူမျိုး၊ ဘာသာပေါင်းစုံအယူအဆနှင့် ပတ်သက်၍ စနစ်
ကျသည့် သဘောတရားကို ပထမဦးဆုံးအကြိမ် ဖော်ထုတ်ခဲ့သည်။
ကင်မ်လိကာက ယခင်က ရှိနေခဲ့ကြသော ယဉ်ကျေးမှုနှင့် မျိုးနွယ်စု
ဆိုင်ရာများ ကွဲပြားခြားနားနေမှုကိုလျစ်လျူရှု၍ ကွဲပြားခြားနားမှု
မရှိသည့် လူမျိုးတစ်မျိုးတည်းသာ နေထိုင်သော နိုင်ငံရေးအဖွဲ့
အစည်းအဖြစ်ယူဆထားသည့် တပေါင်းတစ်စည်းတည်းသော
သမ္မတနိုင်ငံ၏ နိုင်ငံသားဖြစ်မှုပုံစံများကို ဝေဖန်ခဲ့သည်။ လူတစ်ဦး
ချင်းစီ၏ ရပိုင်ခွင့်များအပေါ် အာရုံစိုက်ထားသည့် လစ်ဘရယ်လ်
(လွတ်လပ်ခွင့်) ဝါဒသည် လူအုပ်စုများ၏ ရပိုင်ခွင့်များအပေါ်
လုံလောက်စွာ အာရုံစိုက်ခြင်းမရှိဟု သူက ထောက်ပြသည်။
လစ်ဘရယ်ဝါဒ၏ ထူးခြားသော လက္ခဏာသည် လူပုဂ္ဂိုလ်တစ်ဦး
ချင်းကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်နှင့် ကောင်းမွန်သောဘဝနှင့်

ပတ်သက်၍ သူတို့အယူအဆကို ပြင်ဆင်ခွင့်ပေးထားကြောင်း ကင်မ်လိကာက ထောက်ပြခဲ့သည်။ သို့သော်လည်း ဘဝနှင့် ပတ်သက်သည်များကို အဓိပ္ပာယ်ရှိရှိ ရွေးချယ်ဆောင်ရွက်နိုင်ရန်မှာ မိမိကိုပုံသွင်းလိုက်သော ယဉ်ကျေးမှုတစ်ရပ်ရပ်ကို ချဉ်းကပ်အသုံးပြုနိုင်မှုအပေါ် တည်မှီနေပေသည် (ရာမာဆွာမိ ၂၀၀၊ စာ၃၇၉၁)။ ကင်မ်လိကာ၏အဆိုအရ လစ်ဘရယ်လ် ဒီမိုကရက်တစ် (လွတ်လပ်သော ဒီမိုကရေစီဝါဒကို အခြေခံသော) လူ့ဘောင်များရှိအဖွဲ့အစည်းများသည် အဓိကလူမျိုးစု၏ယဉ်ကျေးမှုကိုသာ ရောင်ပြန်ဟပ်ထားသည်။ အကယ်၍ လူနည်းစုဖြစ်သော ယဉ်ကျေးမှုအုပ်စုအဖွဲ့ဝင်များက အဓိကလူအုပ်စုကဲ့သို့ပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်လက္ခဏာရှိရေးတို့ကိုတောင်းဆိုလာလျှင် တရားမျှတမှုရှိပြီး ဘက်လိုက်မှုကင်းစေရန်အတွက် သူတို့ ယဉ်ကျေးမှုများ လုံခြုံမှုရှိစေရမည် ဖြစ်သည်။ ဤသို့ ဖြစ်ရန်အတွက် နိုင်ငံအဝန်းအဝိုင်းအတွင်း၌ လူနည်းစုများက ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုမှုများကို ခွင့်ပြုပေးခြင်း၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ကိုယ်စားပါဝင်ခွင့် သို့မဟုတ် ဗီတိုအာဏာဖြင့် ပယ်ချခွင့်၊ လူနည်းစုများ၏ ဘာသာစကားများကို အကာအကွယ်ပေးသည့် ပုံစံမျိုးကဲ့သို့သော ပညာရေးအစီအမံများ ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးရန် လိုအပ်သည်။ ၎င်းလုပ်ငန်းစဉ်များကို အထူးအခွင့်အရေးပေးသည့်အနေဖြင့်မဟုတ်ဘဲ တရားမျှတ၍ တန်းတူရည်တူ ဖြစ်သည်ဟူသော အခြေခံဖြင့် ဆောင်ရွက်ပေးရန်ဖြစ်သည်။ လူမျိုး/ဘာသာစုံ ရှိသော နိုင်ငံ၏ပြည့်စုံကျယ်ပြန့်သည့် တရားမျှတမှုအယူအဆတွင် အားလုံးနှင့်သက်ဆိုင်သော ရပိုင်ခွင့်များ၊ လူအုပ်စုအလိုက် သီးသန့်ပေးသောရပိုင်ခွင့်များ သို့မဟုတ် လူနည်းစုယဉ်ကျေးမှုများအတွက် အထူးအဆင့်အတန်း သတ်မှတ်မှု စသည်



များ ပါဝင်သင့်ကြောင်း သူက ဆက်လက်ဆွေးနွေးထားသည် (ထို၊ ကင်မ်လိကာ ၁၉၉၅ က၊ ၆)။ သူ့အယူအဆကို အသေးစိတ်ရှင်းလင်းရာတွင် မျိုးနွယ်စုနှင့် လူမျိုးအုပ်စုများကို ပေးအပ်မည့် လူနည်းစု သို့မဟုတ် အုပ်စုအလိုက် သီးသန့်ပေးသော ရပိုင်ခွင့်များကို သုံးမျိုးသုံးစား ခွဲခြားထားသည်။ ၎င်းတို့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ၊ မျိုးနွယ်စုများဆိုင်ရာရပိုင်ခွင့်များနှင့် အထူးကိုယ်စားလှယ်လုပ်ပိုင်ခွင့်များစသည်တို့ ဖြစ်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ဒေသခံတိုင်းရင်းသားများကဲ့သို့သော လူမျိုးငယ်စုများကို အာဏာခွဲဝေပေးခြင်းဖြစ်သော်လည်း တိုင်းတစ်ပါးမှ နိုင်ငံတွင်းသို့ ပြောင်းရွှေ့အခြေချနေထိုင်သော ယဉ်ကျေးမှုမတူသည့် လူနည်းစုများအတွက် မပါဝင်ပေ။ ပြောင်းရွှေ့အခြေချနေထိုင်သူများသည် အိမ်ရှင်နိုင်ငံသို့ပြောင်းရွှေ့လာရန် ၎င်းတို့ကိုယ်တိုင်ရွေးချယ်ခဲ့ခြင်းဖြစ်သောကြောင့် နေသားတကျရှိရေးဝန်ထုပ်ဝန်ပိုးကို ၎င်းတို့မှုဝေခံစားရန် တာဝန်ရှိပြီး တရားမျှတစွာ အသိအမှတ်ပြုခြင်းကို ကျေနပ်စွာလက်ခံရန် လိုအပ်ပေသည်။ မျိုးနွယ်စုများဆိုင်ရာရပိုင်ခွင့်များက ငွေကြေးအထောက်အပံ့နှင့် သတ်မှတ်ထားသော လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုများနှင့် ပတ်သက်နေသော ဓလေ့ထုံးစံများကို ဥပဒေကြောင်းနှင့် နိုင်ငံရေးအရ အစိုးရ၏ အကာအကွယ်ပေးမှုရရှိရန် အာမခံထားပေသည်။ ၎င်းအခွင့်အရေးကို ဩစတြေးလျတိုက်တွင် ကနဦးနေထိုင်ခဲ့သော ရှေးလူမျိုးများအား သူတို့ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ထိန်းသိမ်းထားနိုင်ရန် အဓိကရည်ရွယ်၍ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အခွင့်အရေးများထဲတွင် လူနည်းစုဖြစ်သော မျိုးနွယ်စုများ၏ ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်လက္ခဏာများကို ဖိနှိပ်ခြင်းမှ ကာကွယ်သောဥပဒေများ ပါဝင်နိုင်သည်။ စာနယ်ဇင်းမှုဝါဒများအတွက်

အစိုးရ၏အထူးအကူအညီများနှင့် လူနည်းစုဖြစ်သော မျိုးနွယ်စုများ၏ စာနယ်ဇင်းဆိုင်ရာ အကျိုးစီးပွားများကို ဆောင်ရွက်နိုင်ရန် ငွေကြေးထောက်ပံ့မှုများသည် မျိုးနွယ်စုများဆိုင်ရာ ရပိုင်ခွင့်၏ ပြယုဂ်တစ်ခုဖြစ်သည်။ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများ ပြောင်းရွှေ့အခြေချနေထိုင်သော လူနည်းစုများကိုပါ နိုင်ငံတော် (အစိုးရ) ဌာနများနှင့် အဖွဲ့အစည်းများတွင် လူနည်းစုကိုယ်စားလှယ်များအတွက် နေရာအာမခံချက်ရှိသော အထူးကိုယ်စားလှယ်လုပ်ပိုင်ခွင့်များ ပေးထားသည် (ရာမဆွာမိ ၂၀၀၇၊ ၃၇၉၁-၃၇၉၂၊ ကင်မလိကာ ၁၉၉၅ က၊ ၆-၇)။

အုပ်စုအလိုက်ခွဲခြားထားသည့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သော ကင်မ်လီကာ၏ ရှင်းလင်းချက်တွင် ဒေသခံလူနည်းစုနှင့် အခြားမျိုးနွယ်လူနည်းစု နှစ်မျိုးနှစ်စား ခွဲခြားထားသည်။ ဒေသခံလူနည်းစုဆိုသည်မှာ မူလက မိမိတို့နယ်မြေများတွင် မိမိတို့ဘာသာအုပ်ချုပ်နေသည့် ယဉ်ကျေးမှုများကိုစုစည်းကာ ပိုကျယ်ဝန်းသော အစုများအဖြစ် ပေါင်းစည်းလိုက်သော အမေရိကန်အင်ဒီယန်းများ၊ ပွေတိုရီကမန်များ၊ ချီကာနိုများ၊ (မက်စီကိုတွင်မွေးပြီး အမေရိကတွင် နေထိုင်သူများ)၊ ဒေသခံ ဟာဝိုင်ရီလူမျိုးများစသော အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူများ၊ ကနေဒါရှိ ကွိဘက်ဒေသခံများနှင့် အဘော်ရီဂျင်းခေါ် မူရင်းရှေးလူမျိုးစုများနှင့် ဩစတြေးလျရှိ အဘော်ရီဂျင်းလူမျိုးများ စသည်တို့ဖြစ်သည် (ထို)။ အခြားမျိုးနွယ်စုများဆိုသည်မှာ မူရင်းဒေသမှ အခြားလူ့အဖွဲ့အစည်းများနေထိုင်ရာ ဒေသသစ်သို့ ပြောင်းရွှေ့အခြေချနေထိုင်ကြပြီး မိမိတို့၏မျိုးနွယ်စုလက္ခဏာများနှင့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းထားလိုသူများ ဖြစ်သည်။

ဘိတ်ခုပရာကက်ရှက ယဉ်ကျေးမှုအရ လူနည်းစုဖြစ်သော အုပ်စုဝင်များကို အခြားလူ့အဖွဲ့အစည်းဝင်များနှင့် တန်းတူညီတူ



တန်ဖိုးထားဆက်ဆံရန် လိုအပ်သည်။ တန်းတူညီတူလေးစားမှုသည် လူတစ်ဦး၏ဂုဏ်သိက္ခာအတွက် အဓိကအချက်ဖြစ်ပြီး ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် အခွင့်အရေးတန်းတူပေးခြင်းတည်းဟူသော အစဉ်အလာအယူအဆထက် တစ်ဆင့်မြင့်သည်ဟု ဆွေးနွေးထားသည် (ရာမာဆွာမိ၊ ၁၀၀၇၊ ၃၇၉၂ တွင်ကိုးကားထားချက်)။ လူနည်းစုလူ့အဖွဲ့အစည်းများကို အုပ်စုတွင်းဖိနှိပ်ချုပ်ချယ်မှု မရှိသရွေ့ ကာလပတ်လုံး သူတို့၏ကိစ္စရပ်များကို သူတို့ကိုယ်တိုင် ဆုံးဖြတ်လုပ်ကိုင်ခွင့် ပေးထားနိုင်သည်။ သူတို့သည် စာပေ၊ အနုပညာ၊ အားကစားနှင့် အခြားလှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်ခွင့်နှင့် နိုင်ငံတော်အထောက်အပံ့ဖြင့် ပြတိုက်များ၊ တက္ကသိုလ်များ ထူထောင်ခွင့်ရှိသည်။ အများပြည်သူဆိုင်ရာမူဝါဒများနှင့် ဥပဒေများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ယဉ်ကျေးမှုများကွဲပြားမှုရှိနေသည်ဆိုသောအချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ ချားလ်စ်တေလာက *အသိအမှတ်ပြုမှု နိုင်ငံရေးအမည်ရှိ* သုတေသနစာအုပ်တွင် အခြားရွေးချယ်စရာအယူအဆတစ်ရပ်ကို တင်ပြထားသည်။ လစ်ဘရယ်လ်ဝါဒ၏ လူမျိုး၊ ဘာသာပေါင်းစုံဝါဒသည် ပြည့်စုံလုံလောက်မှုမရှိဟုဆိုကာ သူက ပယ်ချထားသည်။ သူ့အလိုအရ လစ်ဘရယ်လ်ဝါဒသည် ယဉ်ကျေးမှုကို ထိုက်တန်စွာအသိအမှတ်မပြုကြောင်း၊ အစိုးရက ဘက်လိုက်ခြင်းကင်းရန်ဆိုသော လစ်ဘရယ်လ်ဝါဒ၏စံသည် ယဉ်ကျေးမှုများကွဲပြားနေသော လူ့အဖွဲ့အစည်းများနှင့် မသက်ဆိုင်ကြောင်း၊ သို့ဖြစ်၍ ယဉ်ကျေးမှုတိုင်း တန်ဖိုးရှိသည်ဆိုသောအယူအဆနှင့် အစားထိုးရန်လိုကြောင်းဟူ၍ ဖြစ်သည် (ရာမာဆွာမိ ၂၀၀၇၊ ၃၇၉၂ တွင် ကိုးကားထားချက်)။ အဖွဲ့ဝင်ဦးရေ အထိုက်အလျောက်များပြားသည့် ယဉ်ကျေးမှုများသည် သက်တမ်းအတန်အသင့် ရှည်လျားကာ ကိုယ်ကျင့်တရားဆိုင်ရာ

တန်ဖိုးသတ်မှတ်မှု အသုံးအနှုန်းများကို ရှင်းလင်းစွာဖော်ထုတ်ပြောဆိုခဲ့ကြကြောင်း သူကသတိထားမိသည်။ တိုင်းရင်းသားမျိုးနွယ်စုများ၊ ဘာသာစကားကွဲသည့် လူနည်းစုများနှင့် အခြားလူစုများ၏ တောင်းဆိုချက်များကို ဒီမိုကရေစီနိုင်ငံများက အလေးထားသင့်ကြောင်းလည်း တိုက်တွန်းခဲ့သည်။ မိမိတို့ရည်ရွယ်ထားသည်များကို လုပ်ကိုင်ဆောင်ရွက်သွားနိုင်စေရန် လူပုဂ္ဂိုလ်များအလိုက် ခွဲခြား၍ ရပိုင်ခွင့်များကို သတ်မှတ်ပေးခြင်းဖြင့် မတူကွဲပြားမှုများကို နေရာပေးနိုင်သည်ဆိုသော ကင်မ်လိကာ၏ လူမျိုး၊ ဘာသာပေါင်းစုံ မူဝါဒကို တေလာက ပယ်ချခဲ့သည်။ အဆိုပါ ဖြေရှင်းပုံဖြေရှင်းနည်းသည် တေလာ ဖော်ပြသကဲ့သို့ပင် "ဖိအားဒဏ်ကိုခံနေရသော ယဉ်ကျေးမှုအတွင်း ပိတ်မိနေကာ ရုန်းကန်လှုပ်ရှားနေရသူများအတွက်သာ အလုပ်ဖြစ်နိုင်ပြီး သူတို့ရှင်သန်ကြီးပွားတိုးတက်မှု ရှိကောင်းရှိနိုင်သကဲ့သို့ ရှုံချင်မှလည်း ရှုံးပေမည်ဖြစ်သည်။ သို့သော်လည်း လာလတ္တံ့သော မျိုးဆက်သစ်များအနေဖြင့် ဆက်လက်ရှင်သန်ရေးကို ရည်ရွယ်လုပ်ဆောင်မှုများအတွက် မှန်ကန်နိုင်သည် (ထို၊ တေလာ ၁၉၉၄၊ ၆၂)။ ကနေဒါနိုင်ငံရှိ ပြင်သစ်စကားပြော လူ့အဖွဲ့အစည်း ဆက်လက်ရှင်သန်မှုအတွက် ရည်ရွယ်လုပ်ဆောင်သည့် ကွိဘက်ပြည်နယ်သူ ပြည်နယ်သားများ၏ပုံစံကို သူက ကိုးကားခဲ့သည်။ ကျွန်ုပ်တို့၏ ကောင်းကျိုးချမ်းသာဖြစ်ထွန်းမှုနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာရည်မှန်းချက်များသည် သူတစ်ပါးက ကျွန်ုပ်တို့ကို မည်ကဲ့သို့ ရှုမြင်သည်ဆိုသောအချက်ပေါ်တွင် သေရေးရှင်ရေးတမျှ တည်မှီနေကြောင်း တေလာ၏အသိအမှတ်ပြုမှု အယူအဆကတင်ပြထားသည်။ အုပ်စုတစ်ခု၏ယဉ်ကျေးမှုကို တန်ဖိုးလျှော့ချခြင်းခံရလျှင် ယင်းအုပ်စုဝင်များ၏စာရိတ္တကို အန္တရာယ်ဖြစ်စေပေရာ ယင်းအချက်ကိုပြန်လည်သုံးသပ်ရန် လိုအပ်ပြီး အထင်အမြင်သေးခံရသော



လူစုသည် ကျွန်ုပ်တို့လူ့အသိုင်းအဝိုင်းတွင် တရားဝင်ရပ်တည်ခွင့်ရှိကြောင်း ပြည်သူများက အသိအမှတ်ပြုရန် လိုအပ်သည် (ရာမာဆွာမိ၊ ၂၀၀၇၊ ၃၇၉၂ တွင် ကိုးကားထားချက်)။ လစ်ဘရယ်လ်နိုင်ငံတစ်ခုတွင် "လူတစ်ဦးချင်း၏ ရပိုင်ခွင့်များကို အနက်ကောက်ခြင်းနှင့် ပြန်လည်ဆယ်တင်ခြင်း ပြုလုပ်ရာတွင် ကွဲပြားမှုများကို မျက်ကွယ်ပြုထားသော လုပ်နည်းစနစ်များကို အသိအမှတ်ပြုရန် လိုအပ်သော်လည်း ထိုလူ့အဖွဲ့အစည်းအတွင်းရှိ ကွဲပြားခြားနားနေသည့် ယဉ်ကျေးမှုများ၏ အပြန်အလှန်အကျိုးသက်ရောက်မှုက ပုံသွင်းပေးလိုက်သော အားလုံးလက်ခံသည့် ဘုံကိုယ်ကျင့်တရားဆိုင်ရာ ရည်မှန်းချက်တစ်ရပ်လည်း လိုအပ်ပေသည် (ထို၊ တေလာ ၁၉၉၄၊ ၆၂-၆၅)။ ယဉ်ကျေးမှုချင်း အပြန်အလှန်နားလည်မှုကို အားဖြည့်ပေးမည့် ယဉ်ကျေးမှုပေါင်းစုံကို အခြေခံထားသည့် ပညာရေးလိုအပ်ကြောင်း သူကအဆိုပြုခဲ့သည်။

အခြားတစ်ဖက်တွင်လည်း အိုင်းရစ်အမ်ယန်းက အဖိနှိပ်ခံခွန်အားနည်းသည့် အုပ်စုများအတွက် ကိုယ်စားလှယ်စေလွှတ်ခွင့်ကို အာမခံရန်နှင့် သူတို့ကို ထိခိုက်စေသောမူဝါဒများကို ပယ်ချခွင့်ဗီတိုအာဏာပေးထားရန် တောင်းဆိုထားသည်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ရပ်နှင့် အဆိုပါလူစုများ အဆင်ပြေစွာ တစ်သားတည်းပူးပေါင်းသွားနိုင်ရေးအတွက် အုပ်စုအလိုက် အခွင့်အရေးခွဲခြားပေးသည့် နိုင်ငံသားဖြစ်မှုပုံစံကို သူက ထောက်ခံထားသည်။ အချို့သော လူအုပ်စုအဖွဲ့ဝင်များကို လူပုဂ္ဂိုလ်တစ်ဦးချင်း အနေနှင့်သာမက အုပ်စုလက္ခဏာအရပါ နိုင်ငံရေးအသိုင်းအဝိုင်းအတွင်းသို့ ပေါင်းစည်းခွင့်ပေးရန်လိုသည့် အဓိပ္ပာယ်သက်ရောက်နေသည်။ သူတို့၏ မူပိုင်ခွင့်များသည် အုပ်စုတစ်စု၏ အဖွဲ့ဝင်ဖြစ်မှုအပေါ်တွင် တစ်စိတ်တစ်ဒေသ တည်မှီနေပေသည်။ "အမျိုးသမီး

မျိုးဆက်ပွားမှု အခွင့်အရေးဆိုင်ရာမူဝါဒ သို့မဟုတ် အင်ဒီယန်းလူမျိုးများ၏ ကန့်သတ်နယ်မြေအတွင်းရှိ မြေယာအသုံးချမှု မူဝါဒ တို့ကဲ့သို့သော အုပ်စုတစ်ခုခုနှင့် တိုက်ရိုက်သက်ဆိုင်နေသော ကိစ္စရပ်များ အတွက် ဗိတိုအာဏာသုံးစွဲခွင့်သည် အုပ်စုအလိုက်ခွဲခြား၍ အခွင့် အရေးပေးနိုင်သော နိုင်ငံသားဖြစ်မှုပုံစံနှင့်သာ သက်ဆိုင်သည်" ဟု သူမက ဆွေးနွေးထားသည် (ရာမာဆွာမိ ၂၀၀၇၊ ၃၇၉၂။ ယန် ၁၉၉၀၊ ၁၈၄)။ လူနည်းစုများ၏ ယဉ်ကျေးမှုများကို အကာအကွယ် ပေးရေးသည် အစိုးရ၏တာဝန်ဖြစ်သည်ဟု ယန်းက မယူဆပေ။ ထိုလုပ်ငန်းစဉ်သည် ပုဂ္ဂလိကနယ်ပယ်တွင်သာရှိသင့်ပြီး သူတို့၏ ထူးခြားသော လက္ခဏာများကို လူထုနယ်ပယ်က အတည်ပြုပေးရန် မလိုအပ်ကြောင်း၊ ပြည်သူလူထုနယ်ပယ်သည် အားလုံးကို လွှမ်းခြုံ ပြီး ယဉ်ကျေးမှုဘက်လိုက်ခြင်းကင်းသော စံနှုန်းများကြီးစိုးနေသည် ဟု ထင်ရသော်လည်း လက်တွေ့တွင်မူ လူလတ်တန်းစားလူဖြူ အမျိုးသားများကဲ့သို့သော အသာစီးရထားသည့်လူတန်းစားများ၏ ယဉ်ကျေးမှုတန်ဖိုးများကိုသာ ထင်ဟပ်ဖော်ပြနေခြင်း ဖြစ်ကြောင်း သူက ယုံကြည်ထားသည်။ နိုင်ငံတော်သည် ဖိနှိပ်ခံလူနည်းစုများက သူတို့စွမ်းအားများကို အသုံးချလာနိုင်စေရန် ဦးတည်ဆောင်ရွက် ပေးသော အဖွဲ့အစည်းဖြစ်သင့်ကြောင်း ဆွေးနွေးထားသည်။ အမေရိကန်ပြည်ထောင်စု၏ ပတ်ဝန်းကျင်အခြေအနေပေါ်အခြေခံ၍ဆွေးနွေးရာတွင် ယုတ္တိတန်မှုအကြောင်းပြချက်တစ်ခုတည်း အပေါ်တွင် အာရုံစိုက်ထားမှုက ထိုသို့မဟုတ်လျှင် အခြေအနေပို ကောင်းနိုင်သော လူနည်းစုများကို အကျိုးယုတ်စေသည်။ ပညာရေး၊ လူမှုရေးနောက်ခံအားနည်းသော လူနည်းစုများကို သူတို့လက်လှမ်း မီသည့် နှုတ်မှုပညာ၊ ပုံပြင်နှင့် ပါးစပ်ပြောအစဉ်အလာများကဲ့သို့ သောပုံစံများကို သူက တင်ပြထားသည် (ထို)။



ထို့ကြောင့် လူမျိုး၊ ဘာသာပေါင်းစုံ အယူအဆသည် ပညာရေး၊ လူမှုရေး နောက်ခံအားနည်းသူများ၏ပြဿနာများကို ဖြေရှင်းပေးခြင်းနှင့် သက်ဆိုင်နေသည်။ သို့သော်လည်း လစ်ဘရယ်လ် (လွတ်လပ်ခွင့် ဦးစားပေး) နိုင်ငံတစ်ခု၏ အခြေခံ ဖြစ်သော ပုဂ္ဂလိကလွတ်လပ်ခွင့်များကို အာမခံခြင်းနှင့် ကာကွယ် စောင့်ရှောက်ခြင်းသည် ခေတ်သစ်ဒီမိုကရေစီ၏အရေးပါသော အစိတ်အပိုင်းအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ယဉ်ကျေးမှု များကွဲပြားခြားနားနေမှုကို အလေးထားသော ယဉ်ကျေးမှုပေါင်းစုံ အယူအဆသည် ဘေးဖယ်လျစ်လျူရှုခံထားရသောလူစုများကို သိမ်းသွင်းရန်ကြိုးစားရင်း သူတို့အကျိုးစီးပွားဖြစ်ထွန်းမှုကို ပေးစွမ်း နိုင်မည့် အခြားရွေးချယ်စရာနိုင်ငံရေးနေရာတစ်ခုကို ကမ်းလှမ်း ထားသည်။ သို့သော်လည်း ထိုမတူကွဲပြားခြားနားသော လုပ်ဆောင် မှုသည် ၎င်းလုပ်ရပ်ကြောင့်ဖြစ်ပေါ်လာသော စီးပွားရေးဆိုင်ရာ အားနည်းချက်များကို လျစ်လျူရှုထားသည်သာမက လူ့အုပ်စု၏ လက္ခဏာများကို တစ်စစီဖြစ်သွားစေသဖြင့် နှစ်ရှည်လများ ရှုန်းကန် ခဲ့ရမှုများကြောင့် ရရှိထားသည့် လူတစ်ကိုယ် မဲတစ်မဲပေးခွင့်နှင့် လူတိုင်းတန်းတူရည်တူရှိမှုအပေါ်တွင် အခြေခံထားသော နိုင်ငံသား ဖြစ်မှုက အာမခံထားသည့်အခွင့်အရေးများကို လျော့ပါးသွားစေ နိုင်ကြောင်း လစ်ဘရယ်လ်များက စောဒကတက်ကြသည်။ ခေတ် သစ်လူ့အဖွဲ့အစည်းများက လူတို့တွင် မတူညီသောလက္ခဏာ အများအပြားရှိပြီး အရာရာကို အဆုံးအဖြတ်ပေးသော လက္ခဏာ မရှိဟု လက်ခံထားပေရာ သွင်ပြင်လက္ခဏာတစ်ရပ်ကိုသာ အာရုံ စိုက်ပြီး အခြားလက္ခဏာများကို ဘေးဖယ်လိုက်ခြင်းသည် အဓိပ္ပာယ် မရှိကြောင်း သူတို့က ထပ်ဆင့်တင်ပြကြသည်။ ကွဲပြားမှုများထဲမှ စည်းလုံးခြင်းစိတ်ဓာတ်၊ လူတစ်ယောက်တည်းတွင်ပင် လက္ခဏာ

မျိုးစုံပူးတွဲတည်ရှိနေနိုင်သည်ဆိုသောအချက်များကို ယဉ်ကျေးမှုပေါင်းစုံဝါဒီများ မျက်စိမှောက်သွားခြင်း ဖြစ်သည်။ အုပ်စုများအတွင်း၌ပင်လျှင် အချို့လုပ်နည်းလုပ်ဟန်များသည် ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများ ရှိနိုင်သည်။ ယင်းကဲ့သို့ အရေးပါသည့်မေးခွန်းများနှင့်ပတ်သက်၍ ယဉ်ကျေးမှုပေါင်းစုံဝါဒီများနှင့်လစ်ဘရယ်လ်ဝါဒီများအကြား အငြင်းပွားမှုသည် ဆက်လက်ရှင်သန်လျက်ရှိသည်။

## ကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်လွန်နိုင်ငံများ၏ နိုင်ငံသားဖြစ်မှု

မာရှယ်လ်၏ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော ရှင်းလင်းချက်ကို "လက္ခဏာရေးပြဿနာများ" က စိန်ခေါ်ခဲ့ကြသကဲ့သို့ ယင်းရှင်းလင်းချက်သည် "*ဥရောပဗဟိုပြုဝါဒ*" ဖြစ်ပြီး လက်အောက်ခံကိုလိုနီနိုင်ငံသားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ နှုတ်ဆိတ်နေသည်ဟု ဝေဖန်ခံရသည်။ ဥရောပအင်အားကြီးနိုင်ငံများ၏ ကိုလိုနီပြုခြင်းခံရသော "*တတိယကမ္ဘာ နိုင်ငံများ*" ၏ နိုင်ငံသားဖြစ်မှုနှင့် ဖြတ်သန်းလာရာသမိုင်းလမ်းကြောင်းမှာ လွန်စွာကွဲပြားခြားနားသည်။ မတူညီသော အင်ပိုင်ယာနိုင်ငံများနှင့် ၎င်းတို့လက်အောက်ခံနိုင်ငံသားများ၏ဆက်ဆံရေးပုံစံသည် ကွဲပြားမှုများရှိသကဲ့သို့ ဆင်တူ မှုများလည်း ရှိနေသည်။ "ကိုလိုနီနိုင်ငံသည် သမိုင်းကြောင်းအခြေအနေအရ ဖြစ်တည်လာသော ဖွဲ့စည်းမှုတစ်ရပ်ဖြစ်သည်။ သို့သော်လည်း နေရာတိုင်းတွင်ရှိသော ထိုဖွဲ့စည်းမှုပုံစံတိုင်း၏ အခြေခံအင်္ဂါရပ်များသည် တူညီမှုရှိကြသည်။ နေရာတိုင်းတွင်ရှိနေသော ကိုလိုနီများ၏ဖွဲ့စည်းမှုများနှင့် ပြန်လည်ဖွဲ့စည်းမှုများသည် "*တိုင်းရင်းသား ပြဿနာ*" တည်းဟူသော ပဓာနကျ၍ အလွှမ်းမိုးဆုံးဖြစ်နေသည့်မေးခွန်းအတွက် တုံ့ပြန်ချက်ပင်ဖြစ်သည်။ အကျဉ်းချုပ်ရသော် အလွန်နည်းပါးသည့် နိုင်ငံခြားသား လူနည်းစုက တိုင်းရင်းသား



လူများစုကြီးကို မည်သို့မည်ပုံ အုပ်ချုပ်မလဲဆိုတာပင်ဖြစ်သည်" ဟု မမ်ဒါနီက ရှင်းပြထားသည် (မမ်ဒါနီ ၁၉၉၆၊ စာ-၁၆)။

အထက်ပါမေးခွန်း၏အဖြေကို ကိုလိုနီအင်အားစုများက ၎င်းတို့၏အတွေ့အကြုံများနှင့် အခြားသူများ၏အတွေ့အကြုံများပါဝင်သည့် အရင်းအမြစ်မျိုးစုံမှယူထားခြင်းဖြစ်သည်။ ဥပမာဆောင်ရလျှင် ကိုလိုနီအာဖရိကအတွက် ကျင့်သုံးသော ဥပဒေစနစ်သည် ရောမအင်ပိုင်ယာ၏ အတွေ့အကြုံနှင့် ဗြိတိသျှတို့၏ အိန္ဒိယအတွေ့အကြုံတို့အပေါ်တွင် အခြေခံထားကြောင်း ဟေလီက ဆွေးနွေးထားသည်။ "အကျဉ်းဆုံးဖော်ပြရလျှင် ရောမ၏အဓိကပြဿနာမှာ အားလုံးတစ်သားတည်း ပေါင်းစည်းသွားရေးဖြစ်ပြီး နိုင်ငံရေးအာဏာတန်းတူရရှိရေးထက် ဥပဒေအခွင့်အရေးက ပိုမိုအရေးကြီးသည့် လက္ခဏာဖြစ်သည်ဟု လက်တင်အယူအဆက လက်ခံထားသည်။ အိန္ဒိယရှိ ဗြိတိသျှတို့၏ပြဿနာသည် ဘာသာခြားတိုင်းတစ်ပါးအင်အားစုက နိုင်ငံကိုစိုးမိုးထားသည်ဆိုသောအချက်အပေါ် အာရုံစိုက်မှုကို လွှဲရှောင်ပေးမည့် ဥပဒေစနစ်တစ်ရပ်ကို ရှာဖွေတွေ့ရှိရေးပင် ဖြစ်သည်" ဟု သူက ဆွေးနွေးထားသည် (ထို)။

တစ်သားတည်းဖြစ်ရေးမူဝါဒထက် ပူးတွဲလုပ်ကိုင်ခြင်း သို့မဟုတ် သွယ်ဝိုက်အုပ်ချုပ်သော နည်းလမ်းကို အဖြေအဖြစ် သူတို့ တွေ့ရှိသွားပြီး ၎င်းသည်ကိုလိုနီအုပ်ချုပ်ရေး၏အမှတ်တံဆိပ်ဖြစ်လာခဲ့သည်။ တစ်သားတည်းဖြစ်ရေးမူ၏ အစိတ်အပိုင်းအဖြစ် ၎င်း၏ကိုလိုနီနယ်သားများကို နိုင်ငံသားဖြစ်ခွင့် စတင်ပေးလာသော ပြင်သစ်တို့သည် ဒေသခံများကို ယဉ်ကျေးမှုအရ ပေါင်းစည်းခွင့်ပြုခြင်းက ဒေသခံများ၏ နိုင်ငံရေးတောင်းဆိုမှုများကို ငုပ်လျှိုးမသွားစေဘဲ ပြန်လည်ခေါင်းထောင်ထလာခြင်းကိုပင် ရင်ဆိုင်ရသည်။ ပြင်သစ်၏အင်ဒိုချိုင်းနားအတွေ့အကြုံများနှင့် ဗြိတိသျှတို့၏ အိန္ဒိယ

အတွေ့အကြုံများက ပူးတွဲလုပ်ကိုင်ခြင်း သို့မဟုတ် သွယ်ဝိုက်အုပ်ချုပ်မှုနည်းလမ်း၏တန်ဖိုးများကို သင်ပေးခဲ့သည်။ အော်စတင်နှင့် တော်ဒေါ့ဖ်တို့ ဆွေးနွေးခဲ့သလိုပင် "မြို့ကြီးသားလည်းမဟုတ်၊ လူဖြူလည်း မဟုတ်သော ပြင်သစ်နိုင်ငံသားများသည် အင်ပိုင်ယာ၏ အုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် အနည်းအကျဉ်းသာ ပါဝင်ခွင့်ရသည်။ ပြင်သစ်နိုင်ငံက သူ့ကိုလိုနီများ၏ ကိုလိုနီအဖြစ်သို့ ရောက်သွားဖို့ ရည်ရွယ်ချက်လုံးဝမရှိခြင်းကြောင့်ပင် ဖြစ်သည်" (ကာဘီယာ ၂၀၀၂၊ ၁၀ ကိုးကားထားချက်၊ အော်စတင်နှင့် တော်ဒေါ့ဖ် ၁၉၇၂၊ စာ-၂၆၇)။

သို့သော်လည်း မမ်ဒါနီထောက်ပြခဲ့သလိုပင် "သူတို့၏ ဩဇာခံနိုင်ငံသားများကို လွှမ်းမိုးချုပ်ကိုင်ရန်အတွက် ဒေသခံယဉ်ကျေးမှုများအတွင်း၌ အာဏာရှင်စနစ်အတွက် အခွင့်အလမ်းရှိနေကြောင်းကို သဘောပေါက်သွားသူမှာ ဗြိတိသျှများပင်ဖြစ်သည် (မမ်ဒါနီ ၁၉၉၆၊ စာ-၄၉)။ သူတို့သည် မူလကပင်ရှိနေပြီးဖြစ်သော အစီအစဉ်များ၊ ဖွဲ့စည်းထားရှိမှုများနှင့် သွင်ပြင်လက္ခဏာများကို အခြေခံ၍ စိုးမိုးချုပ်ကိုင်ရေးရည်မှန်းချက်ကို မြှင့်တင်ပေးနိုင်သောနည်းလမ်းဖြင့် ကိုလိုနီဗိမာန်ကို တည်ဆောက်ခဲ့ကြသည် (ကာဘီယာ ၂၀၀၂ စာ-၁၀ တွင် ကိုးကားထားချက်၊ ဘော့စ် နှင့် ဂျလားလ် ၁၉၉၈)။ လူ့အဖွဲ့အစည်းကို ဝါစဉ်အလိုက်အုပ်ချုပ်သောစနစ်ကို ထောက်ခံရန်အတွက် ဓလေ့ထုံးတမ်းဥပဒေနှင့် အစဉ်အလာအာဏာပိုင်စိုးမှုတို့ကို မှိုင်းမြင်ကိုးကားသော်လည်း အင်ပိုင်ယာ၏အကျိုးစီးပွားနှင့် ကိုက်ညီစေရန်အတွက် ထိုဓလေ့ထုံးတမ်းများနှင့် အစဉ်အလာများကို အနက်အဓိပ္ပာယ်အသစ် ဖွင့်ဆိုခဲ့ကြသည်။

ကိုလိုနီခေတ်မတိုင်မီက အိန္ဒိယနှင့် အာဖရိကဒေသနှစ်ခုလုံးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအခင်းအကျင်းများသည်



သောင်းပြောင်းထွေလာ ရောနှောနေသည်။ ဗဟိုချုပ်ကိုင်မှုမရှိဘဲ လူ့အဖွဲ့အစည်းအတွင်း အာဏာကို ခွဲဝေထားကာ အဆင့်အတန်း၊ အမျိုးအနွယ်၊ ဆွေးမျိုးတော်စပ်မှုတို့က အာဏာကို တရားဝင်ဖြစ်စေသည်။ သို့ဖြစ်၍ ဒေသတစ်ခုချင်းစီရှိ ကိုလိုနီလုပ်ငန်း စီမံချက်များသည် ဥပဒေများကို စနစ်တကျပေါင်းစုရန်ဖြစ်ပြီး ထိုစဉ်ကာလအထိ ယင်းလုပ်ငန်းစဉ်တွင် ကွဲကွဲပြားပြားဖြစ်နေသည့် ဒေသန္တရအခြေအနေများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော ပုံသေကားကျမရှိသည့် ဓလေ့များနှင့် ကျင့်သုံးမှုများကို ပြန်လည်အနက်ဖွင့်ရန်နှင့် လက်ဆုပ်လက်ကိုင်ဖြစ်လာစေရန် ဆောင်ရွက်ပေးရေးလည်း ပါဝင်ပေသည်။ ထိုသို့ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ကိုယ်ပိုင်ဓလေ့ထုံးစံများ၊ အစဉ်အလာများဖြင့် အုပ်ချုပ်စီမံနေသော သီးခြားနေထိုင်ကြသည့် လူ့အဖွဲ့အစည်းများကို ကိုလိုနီအင်အားစုများ၏ကိုယ်စားလှယ်များနှင့် ကိုလိုနီလက်အောက်ခံများ၏ ကိုယ်စားလှယ်များအကြား မျှတမှုမရှိသော ဆက်ဆံရေးအပေါ် အခြေပြုထားကာ လူမှုအခွင့်အရေး အနိမ့်ဆုံးပေးထားသော လူထုလူတန်းစား အဖွဲ့အစည်းတစ်ရပ်နှင့် ယှဉ်တွဲ၍ ထူထောင်ပေးရန် ဖြစ်သည် (ကာဘီယာ ၂၀၀၂၊ စာ-၁၁)။ အခြေအနေတစ်ရပ်စီတိုင်းတွင် ယခင်ကရှိနေသည့် ပြန့်ကျဲပြီး အမျိုးမျိုးကွဲပြားနေသော အစီအစဉ်များ၏နေရာတွင် ဗဟိုမှ ချုပ်ကိုင်သော ကိုလိုနီအုပ်ချုပ်ရေးစနစ်က အစားထိုးနေရာယူလာခဲ့သည်။

အိန္ဒိယရှိ ဗြိတိသျှတို့သည် အတန်းအစားအမျိုးမျိုး ခွဲခြားသတ်မှတ်ခြင်းနည်းလမ်းနှင့် ဥပဒေများကို ပေါင်းစပ်ရေးဆွဲခြင်းနည်းလမ်းတို့ကို အသုံးပြု၍ စီးပွားရေး၊ ဘာသာရေးနှင့် ဇာတ်ခွဲခြားခြင်းဆိုင်ရာ အတန်းအစားအမျိုးမျိုးကို သတ်မှတ်တည်ဆောက်လာကြသည်။ ထိုအဆင့်အတန်းသတ်မှတ်ချက်များအပေါ် မူတည်

၍ ခွဲခြားထားသော အားပေးချီးမြှောက်မှုများကို ပြုလုပ်လာကြသည်။ ၁၇၉၃ ခုနှစ် “အမြဲတမ်း အခြေချနေထိုင်မှု ဥပဒေ” ဖြင့် မြေယာများကို ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ပေးလိုက်ခြင်းဖြင့် ဗြိတိသျှ အကျိုးစီးပွားများကို သစ္စာစောင့်သိမည့် အားကောင်းသောမြေရှင် လူတန်းစားတစ်ရပ်ကို ဖန်တီးလိုက်သည်။ ဗြိတိသျှပညာရှင်များနှင့် အရာရှိများသည် ဒေသခံတိုင်းရင်းသား ကျွမ်းကျင်သူများ၏ အကူအညီကိုရယူလျက် မတူကွဲပြားနေသော လူ့အဖွဲ့အစည်းများ၏ ဘာသာရေးဥပဒေများကို စနစ်တကျပေါင်းစပ်၍ ပုဂ္ဂိုလ်တစ်ဦးချင်း၏ဘဝများကို ထိန်းကျောင်းမည့် အခြေခံများ ရေးဆွဲခဲ့ကြသည်။ ယင်း “ပုဂ္ဂိုလ်ရေးဆိုင်ရာ ဥပဒေများ” ဆိုသည်မှာ မိသားစုနယ်ပယ်အတွင်းရှိ ပုဂ္ဂိုလ်ရေးဆိုင်ရာဆက်ဆံရေးများဖြစ်သည့် ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ မိသားစုကိုထောက်ပံ့ခြင်း၊ ကလေးသူငယ်အုပ်ထိန်းခွင့်၊ မွေးစားခြင်း၊ ဆက်ခံခြင်း၊ အမွေဆက်ခံခြင်းတို့ကို ထိန်းကျောင်းနေသောမှုများနှင့် ကျင့်သုံးမှုကို ရည်ညွှန်းပေသည်။ ထိုပုဂ္ဂိုလ်ရေးဆိုင်ရာဥပဒေများသည် မတူညီသော ဘာသာရေးအသိုင်းအဝိုင်းတစ်ခုချင်းစီနှင့် သီးသန့်သက်ဆိုင်သော ကွဲပြားသည့်ဥပဒေများဖြစ်သည်။

ပုဂ္ဂိုလ်ရေးနယ်ပယ်တွင် ထိုသို့ဘာသာရေးဥပဒေများကို သွတ်သွင်းလာရခြင်းသည် ကွဲပြားနေသောဘာသာရေးအသိုင်းအဝိုင်းရှိ ရှေးရိုးစွဲသဘောထားရှိသူများကို နှစ်သိမ့်ရန်နှင့် ကိုလိုနီအုပ်စိုးသူများကို ထောက်ခံလာစေရန်အတွက် ဖြစ်သည်။ ဒေသန္တရနှင့်ပြည်နယ်တိုင်းဆိုင်ရာအဖွဲ့အစည်းများအတွက် လူများစုနှင့် လူနည်းစု ဘာသာရေးအသင်းအဖွဲ့နှစ်မျိုးစလုံးမှ သီးခြားကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ခွင့်ပေးသည့်မှုကို လက်ခံကျင့်သုံးသည်။ ဘာသာရေးကိုအခြေခံ၍ ကွဲပြားနေမှုများကို ခိုင်မာလာစေရန်နှင့် နယ်မြေအလိုက်၊ ယဉ်ကျေးမှုအလိုက် ကွဲပြားနေ



သော်လည်း ဘာသာတူအုပ်စုများ စည်းလုံးလာစေရေးကို ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည် (ကာဘီယာ ၂၀၀၂၊ ၁၁၊ မီနွန် ၁၉၉၈၊ စာ-၂၄၇)။

ကိုလိုနီအုပ်ချုပ်ရေးကာလက နိုင်ငံရေးဇာတ်သွင်းခံရသည့် အမျိုးအစားတစ်ခုသည်ကား အိန္ဒိယ၏ဇာတ်ခွဲခြားမှုစနစ်ပင်ဖြစ်သည်။ မူအရ ဟိန္ဒူဝါဒက ဇာတ်လေးမျိုး အသိအမှတ်ပြုထားသည်။ လက်တွေ့ဘဝတွင်မူ ထိုဇာတ်များကို ထပ်ဆင့်ခွဲခြားထားပေရာ အိန္ဒိယတိုက်ငယ်တစ်လွှား ထပ်ဆင့်ဇာတ်ခွဲပေါင်း ထောင်ချီရှိနေသည်။ ဒေသန္တရဇာတ်ခွဲခြားထားမှုများ၏ အောက်ဆုံးအဆင့်တွင် ဇာတ်ခွဲခြားသည့်စနစ်ပြင်ပတွင် ရောက်နေသည်ဟု လက်ခံထားသော“အပယ်ခံ” များက နေရာယူထားသည်။ ၎င်းအခြေအနေသည် ယခုအချိန်အထိ နေရာဒေသအလိုက်ကွဲပြားနေကာ ယဉ်ကျေးမှုခြားနားနေသော်လည်း သူတို့၏တူညီသော နိမ့်ကျသည့်အဆင့်အတန်းကိုအခြေခံ၍ တရားဝင်လူမှုရေးအဆင့်အတန်းတစ်ခုအဖြစ် စုစည်းထားနိုင်သော လူ့အုပ်စုများအတွင်း၌ သဘောတရားရေးရာ ကွက်လပ်တစ်ခုပေါ်လာစေကာ အဓိပ္ပာယ်များစွာ ရှုပ်ထွေးသွားစေပြီး အခြားအုပ်စုများသို့ ပေးအပ်ထားသော အခွင့်အရေးများကို သဘောတရားရေးရာအမြင်အရမဟုတ်ဘဲ နိုင်ငံရေးလိုက်လျောမှုအနေဖြင့် သူတို့လည်း ခံစားခွင့်ရထိုက်သည့် သဘော သက်ရောက်သွားတော့သည် (မင်ဒယ်လ်ဆွန်နှင့် ဗီဇီယာနီ ၁၉၉၈၊ စာ-၂၉)။

အပယ်ခံခေါင်းဆောင်များ၏တောင်းဆိုချက်များတွင် ထိုနိုင်ငံရေးဇာတ်သွင်းခံရသော ဇာတ်လက္ခဏာများ ပေါ်လွင်လာတော့သည်။ မွတ်ဆလင်များနှင့်တန်းတူ သူတို့ကိုလည်း လူနည်းစုအဆင့်အတန်း သတ်မှတ်ပေးရန်နှင့် ဥပဒေပြုအဖွဲ့အစည်းတွင် သီးသန့်နေရာများသတ်မှတ်ပေးရန် တောင်းဆိုလာကြသည်။

လူများအကြား မတူကွဲပြားမှုများကို လိုအပ်သည်ထက် ပို၍အလေးပေးလာပြီး တည်ငြိမ်မှုမရှိသော အတုအယောင် စည်းလုံးမှုများကို တမင်ဖန်တီးတည်ထောင်ခြင်းဖြင့် ဗြိတိသျှအာဏာပိုင်များသည် သူတို့၏အုပ်ချုပ်မှုကို စည်းလုံးညီညွတ်စွာ ဆန့်ကျင်တော်လှန်မည့် အလားအလာကို ကြိုတင်ဟန့်တားနိုင်ရန် ကြိုးပမ်းခဲ့သည်။

အဆိုပါ မတူကွဲပြားခြားနားနေသော လူ့အဖွဲ့အစည်းများသည် နိုင်ငံရေးတောင်းဆိုမှုများနှင့် လက်ခံအသိအမှတ်ပြုရာ အခြေခံများ ဖြစ်လာခဲ့သည်။ ယင်းလုပ်နည်းလုပ်ဟန်များဖြင့် အိန္ဒိယဒေသန္တရ ကောင်စီများ သို့မဟုတ် ပထမတွင် အဆိုပြုထားပြီး နောက်ပိုင်းတွင် ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်စေလွှတ်ခွင့်များကို လိုက်လျောပေးအပ်ခဲ့သည်။ ကိုယ်စားလှယ်စေလွှတ်ခွင့်သည် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျိုးစီးပွားအပေါ် အခြေခံခြင်းမပြုဘဲ အုပ်စု သို့မဟုတ် အသိုင်းအဝိုင်းတစ်ခုလုံးအပေါ် အခြေခံပေးရာ အစပိုင်းတွင် လယ်ပိုင်ရှင်လူတန်းစားများ၊ နောက်ပိုင်းတွင် ဘာသာရေးနှင့် ဇာတ်အုပ်စုများအပေါ် အခြေခံခဲ့သည်။ သို့ဖြစ်၍ အိန္ဒိယအမျိုးသားကွန်ဂရက်က လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သည့်အခါ၌ လွတ်လပ်ခွင့်ကို တစ်ဦးချင်း၏ လွတ်လပ်ခွင့်အဖြစ် သဘောမထားဘဲ နိုင်ငံတစ်နိုင်ငံလုံး စုပေါင်းပိုင်ဆိုင်သည့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်အဖြစ် နားလည်လက်ခံထားသည် (ခီလ်နာနီ၊ ၁၉၉၈)။

အလားတူ သွေးခွဲသောမဟာဗျူဟာများကို ဒေသခြားနားသည့်အာဖရိက ဆာဟာရပတ်ဝန်းကျင်ဒေသတွင်လည်း အထင်အရှားတွေ့ရသည်။ အစောပိုင်းကာလက အိန္ဒိယတွင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများက အာဖရိကကိုလိုနီအုပ်ချုပ်ရေးကို ပုံဖော်ပေးခဲ့သည်။ အာဖရိကရှိ ဥရောပတိုက်သားတို့၏အုပ်ချုပ်မှုကို



ဓလေ့ထုံးစံတစ်ခုတည်းအပေါ်ကိုသာ အဓိကထား အသားပေးမှုက ပြတ်သားပေါ်လွင်စွာ ပုံဖော်ပေးခဲ့သည်။ ကိုလိုနီထုံးတမ်းဥပဒေဖွံ့ဖြိုးလာမှုတွင် အိန္ဒိယက ခေတ္တနားခိုရာ အိမ်သဖွယ်ဖြစ်သည်။ အိန္ဒိယတွင် ထုံးတမ်းဓလေ့ဥပဒေ၏အနှစ်သာရသည် ပုဂ္ဂိုလ်ရေးကိစ္စဆိုင်ရာ ဥပဒေနှင့်သာသက်ဆိုင်မှုရှိပြီး အာဖရိကတွင်မူ ၎င်းကိုမြေယာကိစ္စပါအကျုံးဝင်အောင် ချဲ့ဆန့်ထားသည်။ ထိမ်းမြားခြင်းနှင့် အမွေဆက်ခံခြင်းကဲ့သို့သောကိစ္စများကို ထုံးတမ်းဓလေ့အတိုင်း အဆုံးအဖြတ်ပေးသကဲ့သို့ အခြေခံကျသော အသက်မွေးမှုဆိုင်ရာ လိုအပ်ချက်များရဖို့ရန်အတွက် အစုအဖွဲ့ပိုင်မြေယာကို ဓလေ့ထုံးတမ်းနှင့်အညီ အသုံးပြုခွင့်ရဖို့လိုအပ်သည်။ ဤဖြစ်ပေါ်တိုးတက်မှုအစဉ်အလာအရ အာဖရိကသားတစ်ယောက်သည် ဓလေ့ထုံးစံအတွင်းမှ ထွက်ပေါက်မရှိ ပိတ်မိနေသည် (မမ်ဒါနီ၊ ၁၉၉၆၊ စာ-၅၀)။

ကိုလိုနီလက်အောက်ခံများကို ပိုမိုပွင့်လင်းသည့် အခွင့်အလမ်းများ ပေါင်းစပ်ထားပြီး ကွဲပြားခြားနားသော တရားမဥပဒေစည်းမျဉ်း စည်းကမ်းလွှမ်းမိုးသည့် မြို့နေလူ့အဖွဲ့အစည်းများနှင့် ထိတွေ့ခွင့်ပြုရမည့်အစား ထုံးစံအစဉ်အလာများ ဆတိုးသည့်တမ္ဘာထဲ မဖြစ်မနေ ပိတ်လှောင်ထားရေးမှာ ကိုလိုနီသခင်များ၏ အဓိကပြဿနာဖြစ်လာသည်။ အချိန်ကြာလာသည်နှင့်အမျှ ဤဖန်တီးထားသော ဓလေ့များ၊ အစဉ်အလာများ၊ စိတ်ကူးထဲတွင် သတ်မှတ်ထားသည့် နယ်နိမိတ်များသည် ကိုလိုနီကျွန်ပြုခံထားရသူများအတွက် အရှိတရားဖြစ်လာသည်။ ထိုအချက်များသည် သက်ဆိုင်ရာအဖွဲ့ဝင်များ၏ လောကအမြင်နှင့် တစ်သားတည်းဖြစ်သွားပြီး သူတို့၏နိုင်ငံရေးလှုပ်ရှားမှုအတွက် အခြေခံအကြောင်းရင်းဖြစ်သွားကာ ကိုလိုနီခေတ်လွန်ကာလ၏ နိုင်ငံတော်နှင့်

နိုင်ငံသားတို့အကြား ဆက်ဆံရေးကို ဆက်လက်ပုံဖော်ပေးလျက်ရှိသည်။

ကိုလိုနီပြုခြင်းခံရသော နိုင်ငံများ၏အတွေ့အကြုံများသည် အနောက်တိုင်း၏ ဇာတ်လမ်းဇာတ်ကွက်နှင့် သိသိသာသာ ကွဲပြားမှုရှိသည်။ ကိုလိုနီခေတ်လွန် လူ့အဖွဲ့အစည်းများ၏ ခေတ်သစ်အမျိုးသားနိုင်ငံများသည် ကိုလိုနီအုပ်ချုပ်ရေးနှင့် ဆက်စပ်ပေါ်ထွန်းလာခြင်းဖြစ်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့အတွက် ဦးစားပေးလုပ်ဆောင်လျက်ရှိပြီး ဒေသန္တရ စီးပွားရေးဖွံ့ဖြိုးမှု သို့မဟုတ် လူမှုအကျိုးစီးပွား ပြန်လည်ဖြန့်ဝေမှုတို့အပေါ် အလေးထားမှု လျော့ပါးနေသည်။ ကိုလိုနီအာဏာပိုင်များ၏မိခင်နိုင်ငံတွင် ကျင့်သုံးသော နိုင်ငံသားဖြစ်မှုစနစ်သည် သူတို့၏ကိုလိုနီများတွင် ကျင့်သုံးပုံကျင့်သုံးနည်းနှင့် ဆက်စပ်မှု မရှိသလောက်ပင်ဖြစ်သည်။ အစဉ်အလာဓလေ့ထုံးတမ်း သိက္ခာရှိသော စီးပွားရေးစသည်တို့အပေါ် အခြေခံသော မူလကရှိနှင့်နေပြီးဖြစ်သည့် ဝါစဉ်အလိုက် ပုံစံကိုစိန်ခေါ်ခြင်းမပြုခဲ့ပေ။ ခေတ်သစ်နိုင်ငံတော် ယန္တရားနှင့် ဥပဒေပြုမှုစနစ်တို့ကိုအသုံးပြု၍ ထိုပုံစံကို အားကောင်းခိုင်မာလာစေရန် တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ကြသည်။ ထိုလုပ်ရပ်၏အကျိုးဆက်သည်ကား ကိုလိုနီနိုင်ငံသားများ အမျိုးသားလွတ်လပ်ရေးရရှိလာသောအခါတွင် ထိုသူတို့ကို လွတ်လပ်သည့် နိုင်ငံသားတစ်ဦးချင်းအနေဖြင့်မဟုတ်ဘဲ ပြောင်းလဲမှုမရှိသော အကျိုးစီးပွားများနှင့် စုပေါင်းပိုင်ခွင့်များ ရရှိထားသည်ဟုထင်ရပြီး ထာဝရတည်ရှိနေမည်ဟု ယူဆထားသည့် ကာလရှည် တည်ရှိနေသောဘာသာရေး၊ လူမျိုးစုနှင့် မျိုးနွယ်စု အဖွဲ့အစည်းများအဖြစ် စုစည်းတည်ဆောက်ထားသည် (ကာဘီယာ ၂၀၀၂၊ စာ-၂၂)။

လွတ်လပ်ရေးသည် ရုပ်ပိုင်းဆိုင်ရာကြွယ်ဝချမ်းသာမှုနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များ ကျယ်ပြန့်လာစေရန် ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်မှန်းခဲ့သော်လည်း နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သော လစ်ဘရယ်လ်အယူအဆများသည် လွတ်လပ်ရေးတိုက်ပွဲနှင့် ခွဲမရသော အစိတ်အပိုင်းမဟုတ်ပေ။ ခီလ်နာနီ ထောက်ပြသကဲ့သို့ပင် ဥပဒေကြောင်းအရ လူတိုင်းမဲဆန္ဒပေးပိုင်ခွင့်ရရှိလာခြင်းသည် အိန္ဒိယလူ့အဖွဲ့အစည်းအတွင်းရှိ လူအများစု၏ဖိအားကြောင့်မဟုတ်ဘဲ အနောက်တိုင်းတွင် နှစ်ပေါင်းရာချီ၍ အဆင့်ဆင့်ဖြည်းဖြည်းချင်း ထင်ရှားစွာ ပြောင်းလဲဖြစ်ပေါ်လာသော မတူကွဲပြားသည့်ဖြစ်စဉ်က ကြွယ်ဝမှုနှင့် လွတ်လပ်မှုတို့အတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာအခြေအနေများကို ဖန်တီးပေးခဲ့ရာ ထိုဖြစ်စဉ်ကို အကျဉ်းချုံး၍ တစ်ပြိုင်နက်တည်း မြန်မြန်ဆန်ဆန် အိန္ဒိယတွင်လည်း လုပ်ဆောင်နိုင်ရန်အတွက် မျှော်လင့်ထားကြသည့် လူနည်းစုပညာတတ်အသိုင်းအဝိုင်း၏ ထောက်ခံအားပေးမှုကြောင့်သာ ဖြစ်သည် (ခီလ်နာနီ ၁၉၉၈၊ ၆၅)။

ကိုလိုနီခေတ်လွန် လူ့အဖွဲ့အစည်းများတွင် ခေတ်သစ်နိုင်ငံတော်နှင့် လူတိုင်းမဲဆန္ဒပေးပိုင်ခွင့်ကိုကို နေရာချထားပေးခဲ့သော်လည်း အနောက်နိုင်ငံများရှိ ၎င်းအဖွဲ့အစည်းများကို ပေါ်ထွန်းလာစေသော လူမှုရေးနှင့် စီးပွားရေးပြောင်းလဲမှုများသည် မညီမညာဖြစ်ပေါ်တိုးတက်လာခြင်းကြောင့် မျှော်မှန်းခဲ့သည်များ ဖြစ်ပေါ်လာခြင်း မရှိခဲ့ပေ။ အကန့်အသတ်ဖြင့်သာ စက်မှုထူထောင်နိုင်ခြင်း၊ ဈေးကွက်ဆက်ဆံရေးများ တဖြည်းဖြည်းချင်း ပျံ့နှံ့လာခြင်း၊ မြို့နှင့်ကျေးလက်ဘဝ ကွာဟနေခြင်း၊ ပြည်သူအများစု၏ လူမှုဖူလုံရေးကို နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်စွမ်း မရှိသေးခြင်းနှင့် နိုင်ငံတော်သည် ခွန်အားကြီးသူများလက်ဝယ်တွင် ရှိနေခြင်းစသည့်အချက်များက မူလကပင်ရှိနှင့်နေပြီးဖြစ်သော ဆက်ဆံရေးပုံစံများနှင့် သူတို့တွင် ပါရှိနေသည့် မညီမျှမှုများသည် အပြောင်းအလဲမရှိဘဲ သို့မဟုတ် မဆိုစလောက်သာ ပြောင်းလဲ၍ လွတ်လပ်ရေးရပြီး

ကာလတွင် ဆက်လက်တည်ရှိနေသည်။ ဇာတ်အနိမ့်အမြင့်၊ လူတန်းစား၊ လူမျိုးစု၊ အဆင့်အတန်း၊ ဝါစဉ် စသည်တို့နှင့် ပတ်သက်ခြင်းမရှိဘဲ ပိုင်ခွင့်များကို သယ်ဆောင်လာသော တသီးတခြားစီ ရပ်တည်နေသည့် ပုဂ္ဂိုလ်အဖြစ်အသိအမှတ်ပြုထားသော နိုင်ငံသားဖြစ်မှုသည် ၎င်းလူ့အဖွဲ့အစည်းများအတွင်း အကန့်အသတ်ဖြင့်သာ အမြစ်တွယ်မှုရှိပေသည်။ ပုဂ္ဂိုလ်တစ်ဦးချင်းမဟုတ်ဘဲ ဆွေမျိုးနှင့် အုပ်စုဆက်ဆံရေးများကသာလျှင် နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ ဆက်ဆံရေးများကို တည်ဆောက်ဖန်တီးပေးသည့် အဓိက စုစည်းပေးရာ အဖွဲ့အစည်း ဖြစ်ပေသည် (ကာဘီယာ ၂၀၀၂၊ ၂၀၁၁)။

ဈေးကွက်ဆက်ဆံရေးများ ပျံ့နှံ့လာပြီး နိုင်ငံတော်၏အခန်းကဏ္ဍများ ကျယ်ပြန့်လာသောအခါ သွေးသားတော်စပ်မှုသည် လူမှုဆက်ဆံရေးများ၏ ဗဟိုချက်နေရာမှ တစ်စိတ်တစ်ဒေသ ဖယ်ရှားခြင်းခံရသော်လည်း ပုဂ္ဂလိကနှင့် အများပိုင်နယ်တို့ကို ပိုင်းခြားထားသည့် နယ်နိမိတ်မထင်ရှားဘဲ ပြောင်းလွယ်ပြင်လွယ်ဖြစ်နေသည်။ ထို့ပြင်တဝ နိုင်ငံတော်က အားနည်းလျက်ရှိပြီး လူမှုစီးပွားရေးဆိုင်ရာပိုင်ခွင့်များ လူ့အဖွဲ့အစည်းရှိ လူများစုအတွက် ပျောက်ဆုံးနေလျှင် သို့မဟုတ် သူတို့နှင့် သက်ဆိုင်ခြင်းမရှိလျှင် သွေးသားတော်စပ်မှုနှင့် အုပ်စုတွင်းဆက်ဆံရေးများက ထိုအုပ်စုတွင်းရှိ လူတစ်ဦးချင်းစီ၏ လုံခြုံမှုကိုပေးနေသည့် ကျောက်ဆူးအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည် (ဂျိုးဇက်ဖ်၊ ၁၉၉၄)။ ကိုလိုနီခေတ်လွန်နိုင်ငံများတွင် ၎င်းအခြေအနေက ဆက်လက်လွှမ်းမိုးဆဲဖြစ်သည်။

နိုင်ငံသားများကို ရပိုင်ခွင့်အချို့ တရားဝင်ခံစားခွင့်ပြုထားသော်လည်း ထိုက်ထိုက်တန်တန် ခံစားနိုင်ရန် လုပ်ဆောင်ပေးမည့် အာမခံချက်မရှိခြင်း သို့မဟုတ် ခိုင်မာစွာအသက်ဝင်လာစေ



ရေးအတွက် လုပ်ဆောင်ပေးမည့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ မရှိသည့်အတွက် ထိုပိုင်ခွင့်များသည် တရားဝင်ပိုင်ခွင့်အဆင့်တွင်သာရှိပြီး အသက်ဝင်လာခြင်းမရှိသောကြောင့် လူတွေက ထိုပိုင်ခွင့်များ ရရှိခံစားဖို့ရာ မရေရာမသေချာ ဖြစ်နေသည်။ သို့ဖြစ်၍ နိုင်ငံသားဖြစ်မှု အယူအဆသည် ဘက်လိုက်မှုများခြင်း၊ မပြည့်စုံခြင်း၊ အစိတ်စိတ်ကွဲပြားနေခြင်းစသည်တို့က "လူထုနယ်ပယ်တွင် ရှိနေသော သွေးသားတော်စပ်မှု၊ ဘာသာရေး၊ မျိုးနွယ်စု၊ လူမျိုး၊ ဇာတ်၊ လိင်ကွဲပြားမှုစသည်တို့အပေါ် အခြေခံထားသော လူမှုရေးအရ သတ်မှတ်ထားသော အဆင့်အတန်းများကို ဖျက်ဆီးပစ်ရမည့်အစား ၎င်းတို့ကို မျိုးပွားပေးနေသည်" (ကာဘီယာ ၂၀၀၂၊ ၁၂)။ ထို့ကြောင့် ခွဲခြားဆက်ဆံသည့် နိုင်ငံသားဖြစ်မှု အယူအဆများသည် ကမ္ဘာတစ်လွှားလက်ခံထားသော တစ်ဦးချင်းပိုင်ခွင့်ဟူသည့် မြင်ပကမ္ဘာမှ အယူအဆများအပေါ် အခြေခံခြင်းမဟုတ်ဘဲ ထိုအယူအဆပေါ်ပေါက်လာခဲ့သော ယဉ်ကျေးမှုနောက်ခံများနှင့် နီးနီးစပ်စပ်ချိတ်ဆက်နေသည်။

## သုံးသပ်ချက်

ကမ္ဘာလွှမ်းခြုံပြောင်းလဲမှုခေတ်ကြီးတွင် တစ်စုံတစ်ယောက်က ကမ္ဘာ့လူ့အဖွဲ့အစည်းဝင်တစ်ဦးဖြစ်သည်ဟု ယူဆထားချိန်၌ ဥပဒေနှင့် နယ်မြေအပေါ် အခြေခံထားသောစ[illegible]ဖြင့် ဘောင်ခတ်ထားသော နိုင်ငံသားဖြစ်မှုဆိုင်ရာ ကျင့်ဝတ်များ၊ အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးငြင်းခုံလျက်ရှိသည်။ ဤသို့ ဖြစ်ပျက်နေသည့် ဇာတ်လမ်းအတွင်း နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သည့် ဆန့်ကျင်ဘက်ဖြစ်နေကြသော အခိုင်အမာပြောဆိုချက်များ ရှိနေသည်။ တစ်ဖက်တွင် နိုင်ငံသားဖြစ်မှုဆိုသည်မှာ ဥပဒေကပေးအပ်ထားသော

အခွင့်အရေးများ၊ နိုင်ငံတစ်ခု နိုင်ငံသားဖြစ်ကြောင်း ဖော်ပြသော နိုင်ငံကူးလက်မှတ်၊ မဲဆန္ဒရှင်သက်သေခံကပ်ပြား စသည့် အစိုးရက ထုတ်ပေးထားသော စာရွက်စာတမ်းများနှင့် ထိုနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေက အာမခံထားသော အခြေခံရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ ပိုင်ဆိုင်ထားခြင်းကို ဆိုလိုသည်။

အခြားတစ်ဖက်တွင်လည်း ယဉ်ကျေးမှုဆိုင်ရာနိုးနွယ်မှုများ သို့မဟုတ် ပြဿနာအခြေစိုက်နိုင်ငံရေးတို့အပေါ် တည်မှီနေသော အထူးအခွင့်အရေးများကို နိုင်ငံသားတစ်ဦးက တောင်းဆိုပိုင်ခွင့် ရှိသည်ဟူသော တန်ပြန်ပြောဆိုမှုများလည်းရှိသည်။ တစ်ချိန်တည်း မှာပင် အစောပိုင်းကရှိနေနှင့်ပြီးဖြစ်သော နိုင်ငံရေးအသိုင်းအဝိုင်း တွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခွင့် အယူအဆသည်လည်း ဆန္ဒပြလှုပ်ရှားမှုများကြောင့် နေရာရလာသည်။ ထိုအခြေအနေများ နှင့်လျော်ညီစွာပင် လူအားလုံးနှင့် သက်ဆိုင်သည့် ဥပဒေအရနှင့် နိုင်ငံရေးအရ ပေးအပ်ထားသော ပိုင်ခွင့်များကို လူတစ်ဦးချင်းစီက ခံစားပိုင်ခွင့်ရှိသည်ဆိုသောအချက်သည် လက်ရှိအချိန်အခါတွင် လုံလောက်ခြင်းမရှိဟု ငြင်းခုံသူများလည်း ရှိနေသည်။ မာ့က်စ်ဝါဒီ များနှင့် ယောကျ်ားများနှင့် အခွင့်အရေးတန်းတူရလိုသည့် အမျိုးသမီးဝါဒီများက ၎င်းခေတ်ပေါ်အယူအဆများသည် သီးသန့် ဆန်လွန်းပြီး ပြည့်စုံလုံလောက်မှုမရှိကြောင်းနှင့် အရင်းရှင်စနစ်၊ ယောကျ်ားကြီးစိုးမှုဝါဒတို့ကြောင့် ဖြစ်ပေါ်လာသော ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ ပြဿနာများကို မီးမောင်းထိုးပြလာကြသည်။ အလားတူစွာပင် ယဉ်ကျေးမှုပေါင်းစုံဝါဒီများနှင့် လူထုလူတန်းစား အဖွဲ့အစည်းဝါဒီများကလည်း ခေတ်သစ်နောက်ခံအခြေအနေ များဖြင့် လျော်ညီနိုင်မည့် အခြားရွေးချယ်စရာ နိုင်ငံသားဖြစ်မှု အယူအဆကို တင်ပြခဲ့ကြသော်လည်း အကြောင်းပြချက် အမျိုးမျိုး ဖြင့် အခြားအယူအဆရှင်များက လက်မခံဘဲဖြစ်နေပြန်သည်။



ထို့ကြောင့် နိုင်ငံသားဖြစ်ခြင်းတွင် မည်သည့်အစိတ်အပိုင်း များ ပါဝင်သလဲဆိုသော အချက်သည် ရှုပ်ထွေးပွေလီကာ ခေါင်းရှုပ် စရာဖြစ်နေပြီး ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်လာကာ ပြဿနာ၏ ထုထည် အမျိုးမျိုးကို ရှာဖွေလေ့လာရန်နှင့် လူ့အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိအောင် မည်ကဲ့သို့ ဆောင်ရွက်မလဲဆိုသည်များကို စဉ်းစားဝေဖန်နိုင်ရန် လုံလောက်သည့် အခွင့်အလမ်းများကို ပညာ ရှင်များအတွက် ဖန်တီးပေးလျက်ရှိသည်။

# ကောင်းမွန်သော အုပ်ချုပ်ရေးအယူအဆ

ရှုခ့်မန်နီ

ကမ္ဘာ့ဘဏ်၏ "*၁၉၉၇ ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးမှုအစီရင်ခံစာ*" တွင် နိုင်ငံတော်က ဦးစီးဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျရှုံးခဲ့သည်။ အလားတူပင် နိုင်ငံတော်မပါဝင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ကျရှုံးခဲ့သည်" ဟု ဖော်ပြထားသည်။ နိုင်ငံတော်က အနည်းဆုံး ပါဝင်လုပ်ကိုင်ခြင်းက အန္တရာယ်လည်း မပေး၊ ကောင်းကျိုးကိုလည်း ဆောင်ကြဉ်းမပေးနိုင်။ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို အပြောင်းအလဲဖြစ်စေရန် အထောက်အကူပြုသော၊ အဆင်ပြေအောင် ဆောင်ရွက်ပေးသော၊ မြေတောင်မြှောက်ပေးသော၊ အားဖြည့်ဆောင်ရွက်ပေးသော အခန်းက ပါဝင်ကပြရသည့် ထိထိရောက်ရောက်လုပ်ကိုင်နိုင်စွမ်းရှိသော နိုင်ငံတော်ကို လိုအပ်သည်။

၁၉၉၀ ပြည့်နှစ်များ၏ စံနမူနာ (ပါရာဒိုင်း) အပြောင်းအလဲနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စီးပွားရေးတိုးတက်လာစေရန် ဆောင်ရွက်ပေးရေးဟူသော အယူအဆတို့နှင့်အတူ အရေးပါလာသော အကြောင်းအရာတစ်ခု ရှိသည်။ အုပ်ချုပ်မှု သို့မဟုတ် ထိထိရောက်ရောက် လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့် နိုင်ငံတော်ဟူသော အယူအဆဖြစ်သည်။ နိုင်ငံတကာအလှူရှင်များအုပ်စုက တညီတညွတ်တည်း လက်ခံထားသောအချက်မှာ ထောင်စုနှစ်ရည်မှန်းချက်များတွင် ထင်ဟပ်ဖော်ပြထားသော တရားဝင်လူမှုဖွံ့ဖြိုးရေး





ရည်မှန်းချက်များသည် စီးပွားရေး တိုးတက်မှုရရှိထားရမည်ဟူသော အချက်နှင့် ဆက်စပ်လျက်ရှိပြီး၊ ဤကဲ့သို့ စီးပွားရေးတိုးတက်မှုရရှိရေးကိုလည်း ထိထိရောက်ရောက် လုပ်ကိုင်နိုင်စွမ်းရှိသော နိုင်ငံတော် (အစိုးရ) က ကောင်းမွန်သော အုပ်ချုပ်ရေးကို အကောင်အထည်ဖော်နိုင်သည့် မူဘောင်အတွင်း၌သာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟူသော အချက်ပင် ဖြစ်သည်။

"ကောင်းမွန်သောအုပ်ချုပ်ရေး" ဟူသော ဝေါဟာရသည် ၁၉၉၀ ပြည့်နှစ် နှောင်းပိုင်းကာလများအတွင်း၌ နိုင်ငံတကာပွဲခင်းတွင် ပါဝင်လှုပ်ရှားနေကြသည့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့များနှင့် အခြားလှုပ်ရှားနေသူများ၏ ဘာသာစကားဖြစ်လာခဲ့သည်။ ယနေ့ရှိနေကြသည့် ပင်မဖွံ့ဖြိုးရေးအသင်းအဖွဲ့အားလုံးနီးပါးက ကောင်းမွန်သောအုပ်ချုပ်ရေး တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ရေးသည် သူတို့အစီအစဉ်များ၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ကြောင်း ပြောဆိုကြသည်။ ၂၀ ရာစုနှောင်းပိုင်းမှစ၍ "ကောင်းမွန်သော အုပ်ချုပ်ရေး" အယူအဆသည် လူမသိသူမသိ အနေအထားမှ မျက်မှောက်ခေတ် လူမှုသိပ္ပံအချေအတင်ဆွေးနွေးပွဲများ၏ ဗဟိုချက်နေရာသို့ ရောက်ရှိလာခဲ့သည်။ ၎င်းသည် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော ပြောင်းလဲမှုများကို ရှင်းလင်းဖော်ပြသည့် ဝေါဟာရတစ်ခု ဖြစ်လာသည်။

သို့ဖြစ်၍ ဤစာတမ်းက အာရုံစိုက်သောအချက်မှာ ကောင်းမွန်သောအုပ်ချုပ်ရေးအယူအဆကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် သူ၏အရေးပါမှုကိုလည်းကောင်း အိန္ဒိယအခြေအနေနှင့် ယှဉ်တွဲ၍ နားလည်သဘောပေါက်လာစေရန် ဖြစ်သည်။ ဤစာတမ်းကို အပိုင်းခြောက်ပိုင်း ခွဲခြားထားသည်။ ပထမပိုင်းတွင် အုပ်ချုပ်မှု၏အဓိပ္ပာယ်ကို ရှင်းလင်းထား

ပြီး ဒုတိယပိုင်းတွင် ကောင်းမွန်သောအုပ်ချုပ်ရေး အယူအဆကို ပုံဖော်ထားသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးက ဘာကိုဆိုလိုတာလဲ။ ထိုဝေါဟာရ ပေါ်ပေါက်လာစေသည့် နောက်ခံအခြေအနေက ဘာလဲ၊ ကောင်းမွန်သောအုပ်ချုပ်ရေးအယူအဆနှင့်ပတ်သက်၍ ဘာတွေကို အချေအတင် ဆွေးနွေးနေသလဲ။ တတိယပိုင်းတွင် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့အကြောင်း အချေအတင် ဆွေးနွေးမှုများကို ရှင်းလင်းထားသည်။ စတုတ္ထပိုင်းတွင်မူ ကောင်းမွန်သောအုပ်ချုပ်ရေးကို စီးပွားဖွံ့ဖြိုးတိုးတက်ရေး အယူအဆနှင့် ဆက်စပ်ဆောင်ရွက်ရေးနှင့် ပတ်သက်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက အုပ်ချုပ်မှုအယူအဆနှင့် ဘယ်လို ဆက်စပ်/ မှီခိုမှု ရှိသလဲ။ ပဉ္စမပိုင်းတွင် ကောင်းမွန်သောအုပ်ချုပ်ရေး ပေါ်ပေါက်လာစေရေးအတွက် ဖွံ့ဖြိုးဆဲလူ့အဖွဲ့အစည်းများက စတင်ဆောင်ရွက်နေမှုများအကြောင်းကို အိန္ဒိယနှင့် ယှဉ်တွဲ၍ လေ့လာတင်ပြထားသည်။ နောက်ဆုံးအပိုင်းတွင် ကောင်းမွန်သောအုပ်ချုပ်ရေးကို စိန်ခေါ်နေသည့်အကြောင်းအချက်များ ဆွေးနွေးထားသည်။

## အုပ်ချုပ်မှုဆိုတာ ဘာလဲ

"*အုပ်ချုပ်မှု*" ဟူသော အယူအဆသည် လူ့သမိုင်းတမျှသက်တမ်းရှည်ကြာခဲ့ပြီ ဖြစ်သည်။ ဂန္ထဝင်စာပေများဖြစ်သော ကောတိလျ၏ *အာထသျှတ္တရ*၊ အီဘင်ခါလ်ဒွန်း၏ *မူခတ်ဒိမာ*၊ နီကိုလိုမက္ကီရာဗယ်လီ၏ မင်းသားကျမ်းတို့က အဓိကဦးတည်ဆွေးနွေးကြသည့်အချက်သည်ကား အုပ်ချုပ်မှုအယူအဆအကြောင်းပင်ဖြစ်သည်။ ယင်းသည် အားလုံးကို ထိးသဖွယ် အုပ်မိုးထားသော အယူအဆဖြစ်လာသည်။ ပိုမိုကျဉ်းမြောင်းသည့် အဓိပ္ပာယ်ဆောင်သော "အုပ်စိုးခြင်း" ဟူသော စကားလုံးနှင့်



မတူညီဘဲ "အုပ်ချုပ်မှု" ဟူသော ဝေါဟာရသည် အုပ်ချုပ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်နေသော အဖွဲ့အစည်းများနှင့် ဆက်ဆံရေးများ သို့မဟုတ် လူ့အဖွဲ့အစည်းကို အုပ်ချုပ်ရာတွင် အသုံးပြုသော နည်းလမ်းများ စသည်တို့အားလုံး အကျုံးဝင်နေသည် (ရှဒ်စ် ၁၉၉၆)။

အုပ်ချုပ်မှုဆိုသည်မှာ ပြင်မပြဋ္ဌာန်းမှုဖြင့် ပေါ်ပေါက်လာနိုင်ခြင်းမရှိဘဲ တစ်ဦးပေါ်တစ်ဦး ဩဇာလွှမ်းမိုးမှုရှိပြီး အုပ်ချုပ်ခြင်းလုပ်ငန်းပေါင်းစုံတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသူများ၏ အပြန်အလှန်အကြောင်းအကျိုးပြုမှုက ဖန်တီးလိုက်သော အဆောက်အအုံတစ်ခု သို့မဟုတ် စနစ်တစ်ရပ်ကို ရည်ညွှန်းသည် (ကိုအီမန်းနှင့် ဗန်ဗလီယက် ၁၉၉၃)။ စတိုကာ (၁၉၉၈) ၏ အလိုအရ ယင်းသည် ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲသည့် ဆန်းသစ်တီထွင်ထားသော အုပ်ချုပ်ရေးပုံသဏ္ဍာန်ဖြစ်သည်။ ၎င်းအချက်က အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းအတွင်းမှလည်းကောင်း၊ ပြင်ပမှလည်းကောင်း ခေါ်ယူထားသည့် လုပ်ရှားဆောင်ရွက်သူများကိုပါ ရည်ညွှန်းခြင်းဖြစ်ပြီး သူတို့၏ဆက်ဆံရေးများသည် ဩဇာအာဏာအပေါ်တွင် အခြေပြုထားသည် (စတိုကာ၊ ၁၉၉၈)။

နှစ်ကာလအတန်ကြာသည်အထိ အုပ်ချုပ်မှုဆိုသော အယူအဆသည် အစိုးရဝါဒ (လုပ်ငန်း) အကြောင်းဖြစ်နေသည်။ သမားရိုးကျအုပ်ချုပ်ခြင်း အယူအဆရှုထောင့်မှကြည့်လျှင် အင်အားရှိသော နိုင်ငံတော် (မယ်ရီရင် ၁၉၉၈) နှင့် အတူတူဖြစ်နေသော်လည်း အုပ်ချုပ်မှုနှင့်ပတ်သက်သော လတ်တလော စိတ်ဝင်စားမှုများသည် ၁၉၈၀ ပြည့်နှစ်များအတွင်းက စတင်ခဲ့သော ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များမှ ဆင်းသက်လာခြင်းဖြစ်သည်။ အုပ်ချုပ်မှုမူသစ်ဆိုသည်မှာ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အကြောင်းပြု၍ သိသာမြင်သာစွာ ပျံ့နှံ့လာသော ဈေးကွက်များနှင့် ကွန်ရက်များကို ရည်ညွှန်းသည်။ ဈေးကွက်

များနှင့် ကွန်ရက်များ၏ တရားဝင်မဟုတ်သော ဩဇာအရှိန်အဝါက အစိုးရ၏ တရားဝင်အာဏာနေရာတွင် နည်းမျိုးစုံဖြင့် ဝင်ရောက်ဆောင်ရွက်ခြင်း၊ အထောက်အကူပေးခြင်း၊ အစားထိုးဝင်ရောက်လုပ်ကိုင်ခြင်း စသည်တို့ကို ညွှန်ပြနေသည် (ဘီဗီယာ၊ ၂၀၀၉)။

ပြဲနှင့်ပီတာ (၂၀၀၀) တို့က အုပ်ချုပ်မှုကို "အားကောင်းသောနိုင်ငံတော်လွန်ခေတ်" တွင် အများ၏စုပေါင်းအကျိုးစီးပွားကို ဖော်ထုတ်ပြောဆိုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအဖြစ် ရှုမြင်သည်။ ဆယ်စုနှစ်နှစ်စုအလွန်က ဓနဉစ္စာပြန်လည်ခွဲဝေရေးနှင့် လူမှုတရားမျှတမှုရှိရေး ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရန် ဈေးကွက်အတွင်း ဝင်ရောက်စွက်ဖက်နိုင်လောက်အောင် အင်အားတောင့်တင်းသည့်အစိုးရများက အနောက်ဥရောပနိုင်ငံများကို အုပ်ချုပ်ခဲ့သည်ဟုဆိုသည်။ ယနေ့အချိန်အခါတွင်မူ ထိုအစိုးရများသည် ရည်မှန်းချက်များ အသင့်အတင့်ထားရှိကာ လုပ်ဆောင်နေကြသည်။ အုပ်စိုးသည့်နိုင်ငံတော်၏နေရာတွင် လူ့အဖွဲ့အစည်းအတွင်းရှိ အခြားအင်အားကောင်းသော ဇာတ်ဆောင်များနှင့် ညီညီနှိုင်းနှိုင်း အဆင်ပြေပြေ အုပ်ချုပ်နိုင်စွမ်းရှိသည့်နိုင်ငံတော်က အစားထိုးနေရာယူလာသည်။

အုပ်ချုပ်မှုသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကြားရှိ ပြောင်းလဲလာသော ဆက်ဆံရေးများနှင့်ဆက်စပ်နေပြီး ဖိအားမသုံးသော မူဝါဒတန်ဆာပလာအပေါ် ပိုအားထားလာသော်လည်း နိုင်ငံတော်သည် အလေးထားလောက်သည့် နိုင်ငံရေးဩဇာအာဏာရှိသော ဗဟိုချက်အဖြစ် ဆက်လက်တည်ရှိနေဆဲပင် ဖြစ်သည်။

## ကောင်းမွန်သောအုပ်ချုပ်ရေး

"ကောင်းမွန်သော အုပ်ချုပ်ရေး" ၏ အဓိပ္ပာယ်မှာ နေသားတကျ မဖြစ်သေးသကဲ့သို့ အားလုံးက သဘောတူလက်ခံထားသော



အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း မရှိသေးပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်ရွယ်ကာ ဖြစ်စေချင်သည့် ဆန္ဒများဖြစ်သော ပြုပြင်ပြောင်းလဲမှုများ၊ လုပ်ငန်းနည်းစနစ်များ၊ အကျိုးရလဒ်များနှင့်ပတ်သက်သော အကြောင်းအရာအားလုံးသည် ကောင်းမွန်သော အုပ်ချုပ်ရေး အဓိပ္ပာယ်ဖွင့်ဆိုမှုများတွင် စုပေါင်းပါဝင်နေသည်။ အဖွဲ့အစည်းတစ်ခုချင်းအလိုက် သူတို့ဖြစ်စေချင်သည့် ဆန္ဒများအတိုင်း ကောင်းမွန်သော အုပ်ချုပ်ရေးအယူအဆကို တည်ဆောက်ထားကြသည်။ အချို့အဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်ခွင့်၊ တာဝန်ယူတာဝန်ခံမှု၊ ဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးစသော နိုင်ငံရေးနှင့် ဥပဒေရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှုစသည်တို့ကို အလေးပေးကြသည်။ အခြားသူများက လက်သစ်လစ်ဘရယ်လ် စီးပွားရေးပြောင်းလဲမှုများနှင့် ပိုမိုကောင်းမွန်သော စီမံခန့်ခွဲရေးအရင်းအမြစ်များကို အသားပေးကြသည်။

အချို့အဖွဲ့အစည်းများက လူမှုအဆောက်အအုံများနှင့် ကျင့်စဉ်များကိုလည်း အာရုံစိုက်ကြသည်။ ဖြစ်လိုသော ဆန္ဒအများစုသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့၏ အပြန်အလှန်အကျိုးပြုမှုနှင့် သက်ဆိုင်နေသည်။ နိုင်ငံရေးဩဇာအာဏာ၏ သဘောသဘာဝနှင့် ကန့်သတ်ချက်များကို ပြဋ္ဌာန်းသတ်မှတ်ပေးသော နည်းဥပဒေများ၊ နည်းစနစ်များ၊ အပြုအမူများ စသည်တို့အပေါ် သူတို့က အာရုံစိုက်ထားကြသည်။ သူတို့က အဆင့်တိုင်းရှိ နိုင်ငံရေးဇာတ်ဆောင်များသည် အကျိုးစီးပွားပတ်သက်နေသူများအတွက် လိုလိုလားလား ဆောင်ရွက်ပေးမှုများနှင့် တာဝန်ယူတာဝန်ခံမှု ခိုင်ခိုင်မာမာဖြစ်လာစေရန် ကြိုးပမ်းကြသည်။ နိုင်ငံများက ဘက်လိုက်မှုကင်းပြီး တရားမျှတစွာ လုပ်ကိုင်ဆောင်ရွက်ရေးနှင့် တိကျသောပိုင်နက်နယ်ပယ်များအတွင်း၌သာ လှုပ်ရှားရေးတို့အတွက် သူတို့က ကြိုးပမ်းကြသည်။

အမျိုးမျိုးသော အဖွဲ့အစည်းများ၏ ဖြစ်စေလိုသည့် ဆန္ဒများကို အခြေခံ၍ ကောင်းမွန်သောအုပ်ချုပ်ရေးဆိုသည်မှာ နိုင်ငံရေးအရ တာဝန်ယူတာဝန်ခံမှုရှိခြင်း၊ အုပ်ချုပ်ရေးယန္တရား ပွင့်လင်းမြင်သာမှုရှိခြင်း၊ ဥပဒေနှင့်အညီ အာဏာသုံးစွဲခြင်း၊ လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ၎င်းတို့တွင် ပါဝင်ခွင့်ရှိခြင်း၊ လွတ်လပ်စွာသတင်းရယူခွင့်နှင့် ထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိခြင်း၊ ခိုင်မာသောဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူတာဝန်ခံမှုရှိခြင်း၊ တရားဥပဒေစိုးမိုးမှုကို အလေးထားခြင်း၊ လူ့အခွင့်အရေးကိုလေးစားခြင်း၊ နိုးကြားတက်ကြွသည့် ဥပဒေပြုအဖွဲ့အစည်းရှိခြင်း၊ လူထုလူတန်းစားအဖွဲ့အစည်း အပါအဝင်မတူကွဲပြားနေသည့် အင်အားစုများ ဖွံ့ဖြိုးလာစေမည့် အခွင့်အလမ်းများကို အားဖြည့်ပေးခြင်း၊ စွမ်းဆောင်ရည်တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးခြင်းစသည်တို့ စုပေါင်းပါဝင်နေသည်ဟု အနက်ဖွင့်ဆိုနိုင်သည် (ကင့်ပ်ရောနယ်လ်ဟုပ် (အကြီး)၊ ၂၀၀၉)။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများကို တပ်ဦးမှ ဦးဆောင်နိုင်စွမ်းရှိသည့် လုပ်ရည်ကိုင်ရည်ရှိသော နိုင်ငံများပေါ်ထွန်းလာစေရေးတွင် ကောင်းမွန်သောအုပ်ချုပ်ရေးကအရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကပြနေရသည်။ လက်ဖ်ဝိခ် (၁၉၉၃) က ကောင်းမွန်သော အုပ်ချုပ်ရေးတွင် အဓိကအကြောင်းအရာသုံးခုပါဝင်ကြောင်း၊ ပထမအချက်မှာ အမြင်ကျယ်စနစ်ကျသော ရှုထောင့်မှကြည့်လျှင် အုပ်ချုပ်မှုဆိုသည်မှာ အရွှတ္တနှင့်ဗဟိဒ္ဓနိုင်ငံရေးနှင့်စီးပွားရေး သြဇာအာဏာများကို ချုပ်ကိုင်ထားခြင်းမပြုဘဲကျယ်ကျယ်ပြန့်ပြန့် ခွဲဝေပေးခြင်းဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ်မှုသည် လူ့အဖွဲ့အစည်းတစ်ရပ်၏ ထုတ်လုပ်မှုနှင့် အကျိုးစီးပွားဖြန့်ဝေမှုတို့ကို ထိန်းကျောင်းရာတွင် အသုံးပြုသည့် စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ ဆက်ဆံမှုများနှင့် စည်းမျဉ်းစည်းကမ်းများကို ဆိုလိုသည်။ အတိုချုပ်



အားဖြင့် နိုင်ငံရေးနှင့် စီးပွားရေးစနစ်တစ်ရပ် သို့မဟုတ် အစိုးရစနစ်တစ်ခုကို ရည်ညွှန်းခြင်းဖြစ်သည်။

ဒုတိယအချက်မှာ နိုင်ငံရေးအနှစ်သာရအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးဆိုသည်မှာ ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ်တာဝန်ပေးအပ်ခြင်းဖြင့် ရရှိလာသော တရားဝင်မှုနှင့် သြဇာအာဏာသုံးစွဲပိုင်ခွင့်တို့ကို ရရှိထားပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို သတ်သတ်မှတ်မှတ် ခွဲခြားထားရှိရေးဟူသော အစဉ်အလာ လစ်ဘရယ်လ်အယူအဆကို အခြေခံကာ တည်ဆောက်ထားသည့် နိုင်ငံတော်ကို ဆိုလိုသည်။ ယင်းတွင်မူ မတူယှဉ်တွဲနေထိုင်သည့် အုပ်ချုပ်ပုံစနစ်ရှိပြီး ပုံမှန်ရွေးကောက်ပွဲများဖြင့် တင်မြှောက်ထားသော အုပ်ချုပ်ရေးပိုင်းကို အထိုက်အလျောက် သြဇာညောင်းမှုရှိကာ ထိန်းကျောင်းပေးနိုင်ပြီး လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်သော ဥပဒေပြုအဖွဲ့ပါဝင်ပေသည်။

နောက်ဆုံးအချက်မှာ အုပ်ချုပ်ရေးရှုထောင့်မှ ကြည့်လျှင် ကောင်းမွန်သောအုပ်ချုပ်ရေးဆိုသည်မှာ လျော်ကန်သင့်မြတ်မှုရှိသော မူဝါဒများအတွက် ပုံစံထုတ်လုပ်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့တွင် အထောက်အကူပြုနိုင်သည့် အုပ်ချုပ်ရေးယန္တရားဆိုင်ရာ စွမ်းဆောင်ရည်ရှိပြီး ပြည်သူ့ရေးရာကဏ္ဍကိုလည်း စီမံခန့်ခွဲနိုင်သော စွမ်းဆောင်ရည်ပြည့်ဝကာ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူ တာဝန်ခံမှုရှိသော စာရင်းစစ်ဆေးမှုခံယူပြီးသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းပင်ဖြစ်သည်။

## သမိုင်းနောက်ခံအခြေအနေ

"ကောင်းမွန်သော အုပ်ချုပ်ရေး" ဟူသော ဝေါဟာရသည် စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်

၍ ၁၉၉၀ ပြည့်နှစ်များ၏ ခေတ်ဦးပိုင်းတွင် ပေါ်လွင်ထင်ရှားလာခဲ့သည်။ ကမ္ဘာ့ဘဏ်က ချေးငွေများထုတ်ပေးရေးဆိုင်ရာ ကန့်သတ်ချက်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အဆိုပါအယူအဆကို ၁၉၉၂ ခုနှစ်တွင် စတင်ထည့်သွင်းလာခဲ့သည်။ အာဖရိက၏ ဆာဟာရပတ်ဝန်းကျင်ဒေသနှင့်ပတ်သက်သော အစီရင်ခံစာတွင် ၎င်းဒေသ၏ ဘဏ္ဍာရေးကိုက်ညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများသည် "အုပ်ချုပ်မှုကပ်ဆိုး" ကြောင့် အရာမထင်ဖြစ်ခဲ့ရသည်ဟု ကမ္ဘာ့ဘဏ်က ယူဆခဲ့သည်။

ထို့ကြောင့် အာဖရိက၏ဖွံ့ဖြိုးတိုးတက်ရေးသည် ကပ်ဆိုက်နေသည်ဟု ပုံဖော်ခဲ့သည်။ ဘဏ်ကတင်ပြခဲ့သော အဆောက်အအုံပိုင်းဆိုင်ရာ ကိုက်ညီမှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရသော အစိုးရနှင့် ၎င်း၏အဖွဲ့အစည်းများဘက်တွင် အားနည်းမှုရှိနေကြောင်း သုံးသပ်တွေ့ရှိခဲ့သည်။ ထိုအခြေအနေက အုပ်ချုပ်မှုကောင်းမွန်တိုးတက်လာစေရေး မဟာဗျူဟာအဖြစ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ရည်ကိုင်ရည်များအပေါ် အာရုံစိုက်လာစေတော့သည် (လက်ဖ်ဝိခ် ၁၉၉၃၊ အာသူရာ ၂၀၀၈)။ အာဖရိကတွင် အစိုးရက ပါဝင်ဆောင်ရွက်မှုကို လျှော့ချရန် လိုအပ်နေပြီး ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေး တိုးပွားလာအောင် လုပ်ဆောင်ဖို့ လိုအပ်ကြောင်းနှင့် "အဆုံးစွန်အားဖြင့် ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေး ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံရေးကို အသစ်တစ်ဖန်ပြန်လည်တည်ဆောက်ဖို့လိုကြောင်း" ဆွေးနွေးတင်ပြထားသည်။ "ဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်ရေး" ကို ကြိုးပမ်းတည်ဆောက်ရာတွင် အကျင့်စာရိတ္တပျက်ပြားမှု တိုက်ဖျက်ရေး၊ တာဝန်ယူမှု တာဝန်ခံမှုအားကောင်းလာစေရေးနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရေးစသည်တို့ကို ဆောင်ရွက်ပေးရန် တောင်းဆိုလာကြသည်။ ဥပဒေစိုးမိုးမှု၊ လွတ်လပ်သည့် စာနယ်ဇင်းလောက၊ လုပ်ရည်ကိုင်ရည်ပြည့်ဝသော အစိုးရယန္တရားစသည်တို့သည် ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် အချက်များဖြစ်ကြသည်။



ကောင်းမွန်သောအုပ်ချုပ်ရေးက ပြည်သူ့ရေးရာကဏ္ဍ ပြောင်းလဲမှုများ လက်သစ်လစ်ဘရယ်လ်ဝါဒနှင့် အများအားဖြင့် ဆက်စပ်နေသော အပြောင်းအလဲများကို ဆိုလိုသည်။ အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတို့ကလည်း ထိုလမ်းကြောင်းအတိုင်း လိုက်လာခဲ့သည်။ ဘဏ္ဍာရေးအကူအညီရယူလိုကြသော ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကောင်းမွန်သောအုပ်ချုပ်ရေးရှိရန် လိုအပ်လာသည်။

လက်သစ်လစ်ဘရယ်လ်ဝါဒနှင့်ဆက်စပ်၍ ပေါ်ထွန်းလာခဲ့သော်လည်း ကောင်းမွန်သောအုပ်ချုပ်ရေးအယူအဆသည် ဈေးကွက်စီးပွားရေးသဘောတရားများအပေါ် အခြေခံတည်ဆောက်ထားသော ဖွံ့ဖြိုးရေးမူဝါဒများမှ နောက်ဆုတ်လာမှုဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များအတွင်းက လက်သစ်လစ်ဘရယ်လ်ဝါဒီများနှင့် ငွေကြေးမူဝါဒသမားများ၏ အစီအစဉ်များက ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်တို့ကို စီးပွားရေးတိုးတက်မှုအား နှိုးဆွပေးမည့် လုပ်ငန်းစီမံကိန်းများ အထောက်အပံ့ပေးနေရာမှ အဆောက်အအုံပိုင်းဆိုင်ရာကိုက်ညီမှု အစီအစဉ်များကို အထောက်အပံ့ပေးရေးမူဝါဒသို့ ပြောင်းလဲကျင့်သုံးစေရန် လုပ်ဆောင်နိုင်ခဲ့သည်။ တိုးတက်မှုရရှိရေးကို တည်ငြိမ်သော မက္ကရိုစီးပွားရေးအနေများနှင့် လွတ်လပ်သည့် ဈေးကွက်ကျယ်ပြန့်လာမှုတို့က အကောင်းဆုံးအလုပ်အကျွေး ပြုနိုင်သည်ဟူသော အယူအဆဖြစ်သည်။

အတိုချုပ်တင်ပြရလျှင် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့အကြား အပြန်အလှန်အကျိုးပြုနေမှုများကို ကောင်းမွန်သော

အုပ်ချုပ်ရေးအယူအဆက အာရုံစိုက်ထားသော်လည်း သူ၏မူလအရင်းအမြစ်က စီးပွားရေးအကျိုးစီးပွားများအပေါ်တွင် အခြေခံထားသည်ဟု ပြောဆိုနိုင်သည်။ ဖွံ့ဖြိုးတိုးတက်မှုသည် အုပ်ချုပ်မှုဆိုင်ရာပြဿနာများနှင့် နည်းလမ်းများအပေါ်တွင် တည်မှီနေသည်ဟု အလှူရှင်များက ယုံကြည်နေကြသည်။ ကောင်းမွန်သောအုပ်ချုပ်ရေး၏ ရည်မှန်းချက်သည် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရန်ဖြစ်သည်ဟု ယေဘုယျအားဖြင့် ရှုမြင်ကြသည်။

**ကောင်းမွန်သောအုပ်ချုပ်ရေးအကြောင်း လူမှုသိပ္ပံ၏အချေအတင်ဆွေးနွေးမှုများ**

ဘက်နှစ်ဘက်မရှိသော ဇာတ်လမ်းတစ်ပုဒ်မျှ ဤကမ္ဘာလောကတွင်မရှိပေ။ အရာရာတိုင်းတွင် ပြောစရာအခြားတစ်ဖက်ရှိနေသည်။ အလားတူစွာပင် အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အဆိုပါအယူအဆ၏ရှုထောင့်အထွေထွေကို ဇာတ်ရည်လည်လာစေရန်အတွက် ပညာရှင်များက ဆွေးနွေးငြင်းခုံအနိုင်ရရန် ကြိုးပမ်းကြသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးအကြောင်း အချေအတင်ဆွေးနွေးမှုများကို အကြမ်းဖျင်းအားဖြင့် သုံးမျိုးသုံးစား ခွဲခြားနိုင်သည်။ ၎င်းတို့မှာ-

(၁) ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်တို့က ကျင့်သုံးနေသော ဖွံ့ဖြိုးမှုမဟာဗျူဟာ၊
(၂) နိုင်ငံပိုင်ကဏ္ဍပြုပြင်ပြောင်းလဲမှုများ၊
(၃) စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ပြဿနာများဖြစ်ကြသည်။

ပထမအချေအတင်ဆွေးနွေးမှုသည် ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်တို့က လိုက်နာကျင့်သုံးသော မဟာဗျူဟာအကြောင်းဖြစ်သည်။ ပဋိညာဉ်များအတိုင်း လိုက်နာဆောင်ရွက်



စေပြီး ဈေးကွက်များစွမ်းဆောင်ရည်ရှိရှိ လည်ပတ်နိုင်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို သွက်လက်ထက်မြက်မှုရှိသော အစိုးရတစ်ရပ်က အားပေးအားမြှောက်ပြုလုပ်ပေးရန် လိုအပ်သည်ဟု ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်တို့က ယုံကြည်ထားကြသည်။ အဆိုပါ အဖွဲ့အစည်းများ၏အဆိုအရ နိုင်ငံတစ်ခုသည် တိုးတက်မှုကို ဦးတည်ဆောင်ရွက်သည့် မက္ကရိုစီးပွားရေး မူဝါဒများဖြစ်သည့် ဈေးနှုန်းမြင့်တက်မှုလျှော့ချခြင်း၊ အစိုးရယန္တရားကို သင့်တင့်မျှတသော အရွယ်အစားရှိအောင် ဆောင်ရွက်ခြင်း၊ ခိုင်မာသော ဘဏ္ဍာရေးစနစ်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးကို အလေးထားခြင်း၊ နိုင်ငံတကာကုန်သွယ်မှုအတွက် လမ်းဖွင့်ပေးခြင်း၊ ဝင်ငွေဖြန့်ဝေမှုစနစ်အပေါ် အကျိုးသက်ရောက်မှု အနည်းဆုံးဖြင့် ပျမ်းမျှဝင်ငွေများ တိုးတက်လာအောင် ဆောင်ရွက်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးရန်လိုအပ်သည် (ဒေါ်လာနှင့် အတ်ကရေး၊ ၂၀၀၂)။

လက်သစ်လစ်ဘရယ်လ်ဝါဒ အယူအဆများကို ကျောထောက်နောက်ခံပြုထားသည့် အဆိုပါ မဟာဗျူဟာများကို ဝေဖန်သူများက ပယ်ချခဲ့ကြသည်။ မကြာခဏဆိုသလိုပင် အဆိုပါမဟာဗျူဟာများ၏အကျိုးဆက်သည် ထိခိုက်နစ်နာမှုများကို ဖြစ်ပေါ်စေခဲ့သည်ဟု သူတို့က ဝေဖန်ကြသည်။ အစိုးရက ပါဝင်ဆောင်ရွက်မှုနှင့် ပြည်သူပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများပေါ်တွင် အခြေခံထားသော မဟာဗျူဟာများအပါအဝင် တိုးတက်မှုကို ဖန်တီးပေးနိုင်သည့် အလားအလာရှိသော မဟာဗျူဟာများကို အထောက်အပံ့ခံနိုင်ငံများက ရွေးချယ်အသုံးပြုနိုင်သည့် စီးပွားရေးလွတ်လပ်ခွင့်ကို နိုင်ငံတကာအဖွဲ့အစည်းများက ချုပ်ချယ်ထားကြကြောင်း သူတို့က ထောက်ပြထားကြသည်။ ကွဲပြားခြားနားသော ဖွံ့ဖြိုးရေးမဟာဗျူဟာ

များ ပေါ်ထွန်းလာရေးကို မြှင့်တင်ပေးမည့် အခြားရွေးချယ်စရာ လူမှုစီးပွားရေးသဘောတရားများကို ဝေဖန်ထောက်ပြသူများက ရေးဆွဲတင်ပြလာကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် အလှူရှင်များနှင့် ၎င်းတို့၏နိုင်ငံတကာအဖွဲ့အစည်းများက သတ်မှတ်ပေးထားသော အစီအစဉ်များအတိုင်း အမြဲတမ်းလိုက်လုပ်နေမည့်အစား မိမိတို့ ကိုယ်ပိုင်အစီအစဉ်များကို ရေးဆွဲ၍ အလှူရှင်များကို အကူအညီ ပေးရန် တောင်းဆိုသင့်ကြောင်း သူတို့က အကြံပြုကြသည်။

ဒုတိယအချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ နိုင်ငံပိုင်ကဏ္ဍကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်းနှင့်ပတ်သက်၍ သင့်မြတ်မှုရှိ၊ မရှိ ကိစ္စကို အချေအတင် ဆွေးနွေးထားသည်။ နိုင်ငံပိုင်ကဏ္ဍကို ပြုပြင်ပြောင်းလဲရန် စတင်တွန်းအားပေးသော အချက်သည် အစိုးရ က အလွန်အားကောင်းနေပြီး အလွန်လက်သွက်နေသည်ဟူသော ယုံကြည်ထားမှုပင်ဖြစ်သည်။ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့မူ ဆန့်ကျင်ဘက်ပြဿနာရှိနေပြီး နိုင်ငံတော်သည် အလွန်ချည့်နဲ့နေ ကာ ကျွမ်းကျင်မှု ကင်းမဲ့နေသည်။

ထို့ကြောင့် ပြည်သူပိုင်ကဏ္ဍစီမံခန့်ခွဲမှု မူသစ်ကဲ့သို့သော ပေါ်ပင်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ပို၍ပင် သင့်လျော်ခြင်းမရှိပေ။ နိုင်ငံပိုင်ကဏ္ဍပြုပြင်ပြောင်းလဲရေးသည် အစိုးရပါဝင်သော ဆောင်ရွက် မှုအတိုင်းအတာကို ကန့်သတ်ရန်ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်အတွက် အဓိကအဟန့်အတား ဖြစ်နေသည့်အချက်မှာ အစိုးရက ခွန်အားမဲ့နေခြင်းဖြစ်သည်။ ယင်း အကျိုးဆက်သည်ကား မကြာခဏဆိုသလိုပင် ပြုပြင်ပြောင်းလဲမှုများ သည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် သင့်လျော်မှုမရှိကြောင်း ဝမ်းနည်းဖွယ် ကောင်းလောက်အောင်ပင် တွေ့ရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မဖြစ်မနေဆောင်ရွက်ရမည့်လိုအပ်ချက်မှာ တိတိကျကျ သတ်မှတ်



ထားသော တာဝန်ယူ တာဝန်ခံမှုများ၊ ဘက်လိုက်ခြင်းကင်းသော ဝန်ထမ်းများ၊ တိုတိုနှင့် ရှင်းလင်းပြတ်သားသည့် စည်းမျဉ်းစည်းကမ်း များ စသည်တို့နှင့် ပြည့်စုံသောအုပ်ချုပ်ရေးအဖွဲ့အစည်းများ တည်ထောင်ထားရှိရေးပင်ဖြစ်သည်။

အခြားအချေအတင်ဆွေးနွေးမှုတစ်ရပ်မှာ ကောင်းမွန်သော အုပ်ချုပ်ရေးအယူအဆနှင့် စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အကြောင်း အရာများအကြား ဆက်စပ်နေသော ပြဿနာကိစ္စများပင်ဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေးကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်လေ့လာခြင်းက ညံ့ဖျင်းသောအုပ်ချုပ်ရေးသည် အာဖရိက၊ အာရှ လက်တင်အမေရိကတို့နှင့်သာ သက်ဆိုင်သော ပြဿနာဖြစ် သည်ဟူသည့် လူမျိုးရေးကိုအခြေခံ၍ တွေးခေါ်မှုကို သက်ဆိုးရှည် စေကြောင်း ဝေဖန်သူများက ထောက်ပြကြသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးက စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်အတွက် သေချာ သောအာမခံချက်မဟုတ်ကြောင်း ဝေဖန်သူများက စောဒကတက် ကြသည်။

စီးပွားရေးအရ သိသာထင်ရှားစွာ တိုးတက်မှုရရှိနေသော ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စာရိတ္တပျက်ပြားနေခြင်း၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ ဈေးကွက်ပျက်ပြားနေခြင်း စသည် တို့သည် ယေဘုယျသွင်ပြင်လက္ခဏာများအဖြစ် ဆက်လက်တည်ရှိ နေသည်ဟု ဂျိုကိုကွာမိဆွန္နာရမ် (၂၀၀၂) က ဆွေးနွေးတင်ပြထား သည်။ အလားတူပင် အက်စ်ဝုဝဒ်က ဖွံ့ဖြိုးရေးမူဝါဒများသည် အဆုံးအဖြတ်ပေးနေသူများ၏ စွမ်းဆောင်ရည်နှင့် အခွင့်အလမ်း များကို ထည့်သွင်းစဉ်းစား၍ အစိုးရ၏အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးထားသည်။ စိတ်ကူးဖြင့် ရေးဆွဲထားသောအယူအဆများကို အကောင်အထည်ဖော်

ဆောင်ရွက်ရာတွင် အလေးထားစဉ်းစားအပ်သော ဒေသ၊ နိုင်ငံနှင့် ဒေသန္တရသွင်ပြင်လက္ခဏာများအပေါ် အခြေစိုက်ထားရန် လိုအပ်သည်။ ဖွံ့ဖြိုးပြီးအနောက်နိုင်ငံများသည် နိုင်ငံရေး အကျင့်ပျက်ပြားမှုများကဲ့သို့သော ရောဂါများကင်းစင်သည်ဟူသည့် အဆိုပြုချက်များကို ဝေဖန်သူများက လက်မခံခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည် (ကွီးလ်စ်၊ ၂၀၁၃)။

## ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ဒီမိုကရေစီအခြေခံသော အုပ်ချုပ်ရေး

နိုင်ငံတော်က ရင်ဆိုင်နေရသော ပြဿနာများကို ပြည်သူများ သဘောပေါက်လာစေရန် အသုံးပြုသောသဘောတရားအသစ်များထဲမှ စီမံခန့်ခွဲရေးအယူအဆအသစ် ပေါ်ပေါက်လာချိန်တွင် တာဝန်ယူမှု တာဝန်ခံမှု၊ ဒီမိုကရေစီစသည်တို့နှင့် ပတ်သက်၍ မေးခွန်းထုတ်မှုများ ရှိလာသည်။ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် အကျင့်စာရိတ္တပျက်ပြားမှုပပျောက်ရန် ကောင်းမွန်သော အုပ်ချုပ်ရေးက ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးအပေါ် မှီခိုနေရသည်ဟု လက်သစ်လစ်ဘရယ်လ်များက ရှင်းပြကြသည်။ "ကောင်းမွန်သောအုပ်ချုပ်ရေး" ၏ အဓိပ္ပာယ်ကို ချဲ့ထွင်ရာတွင် ဒီမိုကရေစီကို အခြေခံသောမူဝါဒများနှင့် ကျင့်သုံးမှုပုံစံများကိုပါ လက်သစ်လစ်ဘရယ်လ်များ ထည့်သွင်းလာကြရာ ဒီမိုကရေစီ အနှစ်သာရဆိုသည်မှာ အဘယ်နည်းဟု မေးခွန်းထုတ်စရာ ဖြစ်လာ ခဲ့သည်။ အချို့လက်သစ်လစ်ဘရယ်လ်များက ကိုယ်စားပြု ဒီမိုကရေစီဟု အကြမ်းဖျင်းခံယူထားသည့် သဘောတရားကိုသာ အလေးအနက်မစဉ်းစားဘဲ ဖက်တွယ်ထားကြသည်။ အချို့က လည်း ဒီမိုကရေစီကို ပြန်လည်သုံးသပ်ရန်အတွက် ဆင်ခြင်တုံ



တရားကို အခြေခံသော ရွေးချယ်မှုအယူအဆအပေါ် အခြေပြုကြသည်။ လွတ်လပ်ခွင့်နှင့် ရွေးချယ်ခွင့်စသည့်မူများကို မဲပေးခြင်းထက် ဈေးကွက်ယန္တရားက ပိုမိုအကျိုးပြုကြောင်း မကြာခဏအကြံပြုကြသည်။ ထို့ကြောင့် ပြောင်းလဲမှုလုပ်ငန်းများ၏ ပထမလှိုင်းက အစိုးရ၏ ပါဝင်ပတ်သက်မှုကို လျှော့ချခြင်းနှင့် ပုဂ္ဂလိကကဏ္ဍသို့ ပြောင်းခြင်းနည်းလမ်းတို့ဖြင့် ကြိုးပမ်းခဲ့သည်။

လက်သစ်လစ်ဘရယ်လ်များက နိုင်ငံပိုင်ကဏ္ဍ စီမံခန့်ခွဲရေး ပုံစံသစ်သည် "ကောင်းမွန်သောအုပ်ချုပ်ရေး" ၏ သာဓကကောင်း တစ်ခုအဖြစ် ပြောဆိုကြသည်။ ထိုအဆိုနှင့်ဆန့်ကျင့်၍ ၎င်းတို့ကို ဝေဖန်သူများနှင့် ဒီမိုကရေစီစံနှုန်းများအကြားရှိ တင်းမာမှုများကို မီးမောင်းထိုးပြကြသည်။ ဝေဖန်သူများ၏အမြင်တွင် နိုင်ငံတော်က ဝန်ဆောင်မှုလုပ်ငန်းများကို ပြင်ပအဖွဲ့အစည်းများလက်သို့ စာချုပ်ချုပ်ဆို လွှဲပြောင်းလုပ်ကိုင်စေသောအခါ ပြည်သူပိုင်ကဏ္ဍလုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲမှုနှင့်ကွပ်ကဲပိုင်ခွင့်များ ဆုံးရှုံးသွားတော့သည်။

ပြောင်းလဲမှုများ၏ဒုတိယလှိုင်းသည် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရေးအယူအဆများ၏ အဓိကမောင်းနှင်အားကြောင့် ပေါ်ပေါက်လာသည်ဟု ယူဆရသည်။ ထောက်ခံသူများက ဈေးကွက်သို့လွှဲပြောင်းပေးခြင်းကို ငြင်းဆိုခြင်းမပြုသော်လည်း ကွန်ရက်များ၊ အကျိုးတူလုပ်ကိုင်မှုများ၊ ပူးတွဲအုပ်ချုပ်မှုများအပေါ် ပိုမို အသားပေးအလေးထားလာကြသည်။ သို့သော်လည်း ဝေဖန်ကန့်ကွက်သူအချို့က ပြုပြင်ပြောင်းလဲမှုများသည် ဒီမိုကရေစီကို အောက်ခြေမှ လှိုက်စားခြင်းဖြစ်ကြောင်း ထပ်ဆင့်ပြောဆိုကြသည်။ သူတို့အမြင်တွင် ပြုပြင်ပြောင်းလဲမှုများက စနစ်ကျ၍ အဓိပ္ပာယ်ရှိသော တာဝန်ယူမှု တာဝန်ခံမှုရှိစေရေးအတွက် အလွန်ရှုပ်ထွေးသည့် အုပ်ချုပ်ရေးစနစ်တစ်ရပ်ကို ဖန်တီးလိုက်ခြင်းဖြစ်သည်ဟု

ယူဆထားသည်။ စွမ်းဆောင်ရည်ပြည့်ဝရေးကို အလေးထား ဆောင်ရွက်ရသည့် မူဝါဒကို အကောင်အထည်ဖော်ရသူများကပင်လျှင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် လူထုစိတ်ဝင်စားမှုနှုန်းများ ကျဆင်း လာခြင်းသည် တရားဝင်မှုကို လျော့ပါးလာစေပြီး နောက်ဆုံးတွင် ပြည်သူ့ရေးရာမူဝါဒများ၏ ထိရောက်မှုကို လိုက်စားခံရမည့် အရေး အတွက် သောကဖြစ်လျက်ရှိကြသည် (ဘီဗာ၊ ၂၀၁၀)။

သမိုင်းအစဉ်အလာအရ နိုင်ငံ့ဝန်ထမ်းများကသာ အကောင် အထည်ဖော်ပေးရသော မူဝါဒများကို ချမှတ်ပေးသည့် ရွေးချယ် တင်မြှောက်ခံရသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကိုယ်စားပြုဒီမိုကရေစီ သည် ဆက်စပ်လျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများသည် ရွေးကောက်ခံ နိုင်ငံရေးသမားများကို ရှင်းလင်းချက်ပေးရပြီး နိုင်ငံရေးသမားများ ကလည်း တစ်ဖန်ပြန်၍ မဲဆန္ဒရှင်ပြည်သူများကို တာဝန်ခံရသည်။ သို့သော်လည်း သဘောတရားသစ်များနှင့် အုပ်ချုပ်ရေးလောကများ က အဆိုပါ တာဝန်ယူတာဝန်ခံမှုလမ်းကြောင်းများကို မေးခွန်းထုတ် ကာ အနှောင့်အယှက် ပြုလာကြသည်။ အုပ်ချုပ်ရေးသစ်တွင် မူဝါဒများ အကောင်အထည်ဖော်မှုနှင့် ဖန်တီးမှုကိုပါ ပုဂ္ဂလိကကဏ္ဍနှင့် စေတနာ့ ဝန်ထမ်းကဏ္ဍမှပုဂ္ဂိုလ်များအပါအဝင် ဇာတ်ဆောင် အမျိုးမျိုးကို ဆောင်ရွက်လုပ်ကိုင်နေကြသည်။

အဆိုပါ ဇာတ်ဆောင်များနှင့် ရွေးကောက်ခံတာဝန်ရှိသူများ အကြားတွင် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ ဆက်သွယ်မှုလမ်းကြောင်း အနည်းငယ်သာရှိပြီး လမ်းကြောင်းများသည်လည်း ထိရောက်မှုရှိရန် အတွက် ရှည်လျားလွန်းနေပေသည်။ ထို့အပြင် ဇာတ်ဆောင်အမျိုးမျိုး ပါဝင်နေသည့် ရှုပ်ထွေးလှသော ကွန်ရက်များက မူဝါဒတစ်ရပ်ရပ် အတွက် တစ်ဦးဦးကို တိတိကျကျ တာဝန်ပေးသည့်မူဝါဒကိုစွဲကိုင်ထားရန် ဖြစ်နိုင်ခြေမရှိသလောက် နည်းပါးသွားစေသည်။ အလားတူ နိုင်ငံတကာ



အဆင့်တွင် ဒီမိုကရေစီအတွက် ပြဿနာပေါ် ပေါက်လာစေသည်။ နိုင်ငံများသည် ပြည်တွင်းရေးရာနယ်ပယ်များကို ကြီးကြပ်ကွပ်ကဲရန် အတွက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများ တည်ထောင်ထားရှိပြီး စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်နယ်ပယ်များကို ထိန်းကျောင်းမည့် နိုင်ငံတကာ စံသတ်မှတ်ချက်များ၊ သဘောတူညီချက်များနှင့် မူဝါဒ များရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အဆိုပါအဖွဲ့အစည်းများမှ တာဝန်ရှိသူများအကြား တွေ့ဆုံဆွေးနွေးမှုများကို ပိုမိုလုပ်ဆောင် လာကြသည်။

ကိုယ်စားပြုဒီမိုကရေစီနှင့် အုပ်ချုပ်ရေးသစ်အကြား ညှိနှိုင်း ပေါင်းစပ်ပေးရေးကိစ္စနှင့်ပတ်သက်၍ အများကတညီတညွတ် တည်း လက်ခံအတည်ပြုထားသည့် အယူအဆ မရှိသေးပေ။ ကွဲပြား သည့် အဆိုပြုချက်များကလည်း မတူညီသောအုပ်ချုပ်ရေးသဘော တရားများကို အတိုင်းအတာတစ်ခုအထိ ရောင်ပြန်ဟပ်လျက်ရှိ သည်။ ဆင်ခြင်တုံတရားဖြင့် ရွေးချယ်မှု အယူအဆသမားများက ရလဒ်များအား ပြည်သူလူထုက ထိန်းချုပ်နိုင်ရေးကို ဒီမိုကရေစီ အခြေခံသော အဖွဲ့အစည်းများကဲ့သို့ပင် ဈေးကွက်များကလည်း အလားတူ အာမခံနိုင်ကြောင်း ရံဖန်ရံခါ အကြံပြုတင်ပြကြသည်။ အဖွဲ့အစည်းဝါဒီများကလည်း ကိုယ်စားပြုမှုနှင့် တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကို ထိန်းသိမ်းထားရန် လိုအပ်သည့် တရားဝင်နှင့် တရားဝင်မဟုတ်သော တာဝန်ယူမှု တာဝန်ခံမှု လမ်းကြောင်းများကို ပိုမိုအာရုံစိုက်ထားနိုင်ပေသည်။ အဆိုပါ အဖွဲ့အစည်းဆိုင်ရာ ပြဿနာရပ်များသည် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်နိုင်သော ကွဲပြားခြားနားသည့် ညှိနှိုင်းဆွေးနွေးပွဲများကို မြှင့်တင်ပေးရေးဟူသော ပိုမိုကြီးမားကျယ်ပြန့်သည့် (အနက်ကောက်ယူမှု အယူအဆသမား

များ၏ ကိုယ်ပိုင်လက္ခဏာများနှင့် ပို၍ဆင်တူသော) ကိစ္စတွင် တဖြည်းဖြည်း ပေါင်းဆုံမိသွားခဲ့သည်။

ထို့ကြောင့် အုပ်ချုပ်ရေးသစ် (အထူးသဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေး) အကြောင်း ဖတ်ရှုသောအခါတွင် ဒီမိုကရေစီ အခြေခံသော အုပ်ချုပ်ရေးအယူအဆကို နားလည်သဘောပေါက်ရန် အရေးကြီးလာတော့သည်။ နိုင်ငံရေးဝေါဟာရများတွင် လတ်တလော တိုးလာသောဝေါဟာရဖြစ်သည့် ဒီမိုကရေစီ အခြေခံသောအုပ်ချုပ်ရေးသည် ယင်းတွင်ပါဝင်သော စကားလုံးတစ်လုံးချင်းစီက ဖော်ပြသည့် အဓိပ္ပာယ်ထက် ပို၍လေးနက်မှုရှိသည်။ ယင်းဝေါဟာရ၏သဘောအရ ဒီမိုကရေစီအခြေခံသော အုပ်ချုပ်ရေးသည် လွတ်လပ်၍ ပြိုင်ဆိုင်မှုရှိသောအခြေအနေအတွင်းမှ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ခြင်းဟူ၍ အရိုးရှင်းဆုံးနားလည်ထားသည့် ဒီမိုကရေစီ အခြေခံသဘောသက်သက် မဟုတ်ပေ။ အုပ်ချုပ်ရေးသည် တရားဥပဒေစိုးမိုးမှုနှင့် ငြိမ်ဝပ်ပိပြားမှုကို ထိန်းသိမ်းခြင်း၊ နိုင်ငံအတွင်း နေထိုင်သူများ အကြားရှိ ပဋိညာဉ်ဆက်ဆံရေးများကို ကွပ်ကဲခြင်း၊ သို့မဟုတ် ဈေးကွက်များ အဆင်ပြေစွာလည်ပတ်နိုင်ရေးအတွက် စီစဉ်ပေးခြင်း၊ ပံ့ပိုးကူညီခြင်း၊ လိုအပ်သလို ထိန်းကျောင်းပေးခြင်း စသည့်တာဝန်များကို အကန့်အသတ်များဖြင့် လုပ်ဆောင်ရသော အုပ်ချုပ်ရေး (အစိုးရ) သဘောလည်းမဟုတ်ပေ။

ဒီမိုကရေစီအခြေခံသောအုပ်ချုပ်ရေးသည် ဒီမိုကရေစီ အခြေခံသော နိုင်ငံရေးဘောင်ထဲမှ တရားမျှတမှု၊ လွတ်လပ်မှု၊ သာတူညီမျှမှုစသည့် ကတိကဝတ်များကို အကောင်အထည်ဖော်သည့် အခြေအနေတစ်ရပ်ဖြစ်ပြီး ပြည်သူပြည်သားများ၏ ကိုယ်ပိုင်လက္ခဏာများ၊ မျှော်လင့်ချက်များကို အစိုးရက စာနာထောက်ထား



အလေးဂရုပြုဆောင်ရွက်ပေးသဖြင့် ပြည်သူပြည်သားများ လုံလုံခြုံခြုံနှင့် စိတ်အေးချမ်းသာရှိနေသော အခြေအနေဖြစ်သည် (စူရီ၊ ၂၀၀၈)။ ဒီမိုကရေစီအခြေခံသော အုပ်ချုပ်ရေးသည် သာမန်ပြည်သူလူထု၏လိုအပ်ချက်များကို ပိုမိုထိရောက်စွာ လိုလိုလားလား ဆောင်ရွက်ပေးနိုင်သော အဖွဲ့အစည်းများ၊ လုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်နေသည်။ တိတိကျကျ ပြောရလျှင် နိုင်ငံရေးဖြစ်စဉ်များအတွင်း ဘေးဖယ်ထားခြင်းခံရသော အုပ်စုများအနေဖြင့် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးရာတွင် အခြားပြောင်းလဲနေသော ပြဿနာများအထဲမှ လိင်ကွဲပြားမှု၊ လူတန်းစား၊ လူမျိုး၊ ဇာတ်၊ မသန်စွမ်းမှု၊ ဖိုမလက္ခဏာ စသည်တို့ကို အကြောင်းပြု၍ တည်ရှိနေသော မညီမျှမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံရေးလုပ်ငန်းစဉ်မှ အစဉ်အလာအရ ဖယ်ထားခြင်းခံရသော အုပ်စုများအတွက် အစိုးရက ပိုမိုတာဝန်ယူတာဝန်ခံ၍ ဆောင်ရွက်ပေးခြင်း စသည်တို့ ပါဝင်သည်။

ဒီမိုကရေစီအခြေခံသောအုပ်ချုပ်ရေးတွင် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည်တို့နှင့် ကျယ်ပြန့်စွာ ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းလည်း ပါဝင်နေသည်။ အတိုင်းအတာပမာဏသုံးရပ်ကို အလေးထားသင့်သည်။ (က) ဥပဒေတွေ၊ စည်းမျဉ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ပေါ်ပေါက်လာစေသော "လုပ်ငန်းစဉ်" တွေက ဘယ်လောက် ဒီမိုကရေစီနည်းကျသလဲ။ (ခ) အဆိုပါ ဥပဒေတွေ၊ စည်းမျဉ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေက 'လူများစု၏ခံစားချက်များ၊ မျှော်လင့်ချက်များ" ကို ဘယ်လောက်ရောင်ပြန်ဟပ်မှု ရှိသလဲ။ (ဂ) ဥပဒေတွေ၊ စည်းမျဉ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ ရေးဆွဲရန်ထားရှိသည့် ရည်မှန်းချက်

တွေသည် ထိုဥပဒေများ လက်တွေ့ကျင့်သုံးမှုကို ဘယ်လောက်ရောင်ပြန်ဟပ်မှုရှိသလဲ။ ဒီမိုကရေစီအခြေခံသော အုပ်ချုပ်ရေးသည် အများစုလက်ခံထားသော စံနှုန်းများနှင့်မှုများအတိုင်း လူ့အဖွဲ့အစည်းတစ်ရပ်နှင့် သူ့နိုင်ငံသားများက လိုက်နာနေထိုင်နိုင်မှုစွမ်းအားနှင့်လည်း ပတ်သက်နေသည် (လော့ခနီတိ၊ ၂၀၀၈)။

အတိုချုပ် တင်ပြရလျှင် ဒီမိုကရေစီအခြေခံသော အုပ်ချုပ်ရေးကို မူဝါဒရွေးချယ်ပြဋ္ဌာန်းခြင်းနှင့် တည်ဆဲဥပဒေဘောင်အတွင်းမှ မိမိတို့၏အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်ခြင်း စသည့်တို့ကို ပြုလုပ်နိုင်သည့် စွမ်းပကားဟု နားလည်နိုင်သည်။ ထိုအချက်သည် အာဏာခွဲဝေသုံးစွဲသည့်စနစ်ပေါ်တွင် အခြေခံထားသည့် ဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်အတွက်လည်းကောင်း၊ လူ့အခွင့်အရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် ပိုင်ခွင့်များ ရရှိခံစားပိုင်ခွင့်ကို အာမခံပေးမည့် ဥပဒေစနစ်အတွက်လည်းကောင်း မရှိမဖြစ်လိုအပ်သော အခြေခံဖြစ်သည်။ ထိုသို့ဖြစ်လာစေရန်အတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း စသည့်မှုများအပေါ်တွင် အခြေခံထားပြီး တာဝန်ယူတာဝန်ခံမှုရှိသော လူ့အဖွဲ့အစည်းအတွင်း ခံနိုင်စွမ်းအား အနည်းဆုံးဖြစ်သည့် အသိုင်းအဝိုင်းများ၏ ပူးပေါင်းဆောင်ရွက်ခွင့်ကို မြှင့်တင်ပေးမည်ဖြစ်သော အဖွဲ့အစည်းများကို လိုအပ်ပေသည်။

ဒီမိုကရေစီကိုအခြေခံသောအုပ်ချုပ်ရေးသည် လူ့အဖွဲ့အစည်းအတွင်း အာဏာသုံးစွဲမှုနှင့် အဓိကပတ်သက်နေသည်။ ဩဇာအာဏာကို ပြည်သူလူထုအကျိုးစီးပွားအတွက် အသုံးပြုခြင်းသည် ဒီမိုကရေစီအခြေခံသော အုပ်ချုပ်ရေးသို့ ဦးတည်သွားစေသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ သွားရာလမ်း၏ ပထမအဆင့်



သည် လျှို့ဝှက်မဲပေးမှုကို အခြေခံ၍ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေအမှတ် (၇၃) နှင့် (၇၄) တို့သည် အိန္ဒိယနိုင်ငံ၏ ဒီမိုကရေစီအခြေခံသော အုပ်ချုပ်ရေးအဆောက်အအုံများကို ဖွဲ့စည်းဖြစ်ပေါ်လာစေသည့် အရေးပါသော အပြောင်းအလဲတစ်ရပ်ဖြစ်သည်။ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အကြောင်းပြု၍ အိန္ဒိယတွင် စစ်မှန်ပြီးလူတိုင်းပါဝင်ဆောင်ရွက်ခွင့်ရှိသော အုပ်ချုပ်ရေးပေါ်ထွန်းလာစေမည့် အလားအလာများကို ကြိုဆိုနေရာချထားပေးလာနိုင်သည်။ အလားတူပင် အခြားနိုင်ငံများတွင်လည်း ဒီမိုကရေစီအခြေခံသော အုပ်ချုပ်ရေးတည်ဆောက်နိုင်ရန် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိကြသည်။

**စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး**

နိုင်ငံတစ်ခု၏ ဩဇာအာဏာသုံးစွဲမှုကို ပြဋ္ဌာန်းပေးသည့် အစဉ်အလာများနှင့် အဖွဲ့အစည်းများဟု ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ဆိုထားသည့် အုပ်ချုပ်ရေး (ကော့ဖ်မန်းနှင့် အများ၊ ၂၀၀၀) သည် စီးပွားရေးဖွံ့ဖြိုးမှုအတွက်အရေးပါကြောင်း တိုးတက်များပြားလာသည့် စာပေအများစုက အလေးပေးဖော်ပြကြသည်။ လက်သစ်အဖွဲ့အစည်းဆိုင်ရာ ပညာရှင်များဖြစ်သော ဒေါ်ကလပ်စ်နော့သ်နှင့် မင်ကာအောလ်ဆင်တို့၏ အယူအဆများအပေါ် အခြေခံ၍ရေးစပ်ထားသော နိုင်ငံပေါင်းစုံ၏ မျက်မြင်ဒိဋ္ဌ အခြေအနေ လေ့လာချက်များအရ အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးအဆောက်အအုံများ၏ အရည်အသွေးသည် စီးပွားရေးတိုးတက်မှုကို ထိရောက်စွာ အကျိုးသက်ရောက်မှုရှိကြောင်း လေ့လာတွေ့ရှိရသည်။ အဆိုပါ ဆက်စပ်မှုအပေါ် မူတည်၍ ကြီးပွားတိုးတက်မှုဆိုင်ရာ ပညာရှင်များ၊ ဖွံ့ဖြိုးမှု

ဆိုင်ရာ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမူဝါဒရေးဆွဲသူများက လူနေမှုအဆင့်အတန်းမြင့်မားရေးကို ရေရှည်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကောင်းမွန်သောအုပ်ချုပ်ရေးသည် ကြိုတင်လိုအပ်ချက်ဖြစ်သည်ဆိုသော အမြင်ကို အားလုံးက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားခြင်းမှာ အံ့ဖွယ်မရှိတော့ပေ (ကော့ဖ်မန်းနှင့် အများ၊ ၂၀၀၀၊ နက်ခ် ၂၀၀၃)။

ဈေးကွက်များ ထိထိရောက်ရောက်လည်ပတ်နိုင်စေရန် အသေအချာ ဆောင်ရွက်ပေးနိုင်ဖို့အတွက် အုပ်ချုပ်ရေးစွမ်းရည်သည် အရေးကြီးသောအချက်ဖြစ်ကြောင်းကို ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်ပတ်သက်သည့် ဆွေးနွေးမှုများက ဖော်ထုတ်ခဲ့သည်။ နိုင်ငံတော်က ဈေးကွက်များ ထိထိရောက်ရောက် လည်ပတ်နိုင်ရေး (အထူးသဖြင့် ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာပိုင်ခွင့်များ အသက်ဝင်စေရေး၊ တရားဥပဒေစိုးမိုးရေး၊ အကျင့်စာရိတ္တ ပျက်ပြားမှုလျှော့ချရေး၊ ပြည်သူပိုင်သိမ်းမည်မဟုတ်ကြောင်း အာမခံခြင်းစသည်) ကို သေသေချာချာဆောင်ရွက်ပေးနိုင်လျှင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးကို တွန်းအားပေးလုပ်ဆောင်လာမည်ဖြစ်သည်ဟု ၎င်းတို့က ယူဆထားသည်။ ထိုချဉ်းကပ်နည်းက ဈေးကွက်ကိုမြှင့်တင်ပေးမည့် အုပ်ချုပ်ရေးဖွံ့ဖြိုးလာမှုကို ဦးစားပေးဆောင်ရွက်ရန် တွန်းအားပေးသည့်သဘောသက်ဝင်နေပြီး နိုင်ငံတကာဖွံ့ဖြိုးရေးနှင့် ဘဏ္ဍာရေးအဖွဲ့များက ထောက်ခံထားသော လတ်တလောကြီးစိုးနေသည့်ပုံစံ (ပါရာဒိုင်း) ဖြစ်နေသည် (နော့သ်၊ ၁၉၉၀)။

စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုကို အားပေးမြှင့်တင်ပေးရာတွင် ဈေးကွက်များ၏ အရေးပါမှုကို မေးခွန်းထုတ်စရာမလိုပေ။ အရင်းအမြစ်များခွဲဝေမှု (မည်သည့်နိုင်ငံတွင်မဆို) ကို ကြားဝင်



ဆောင်ရွက်ပေးနေရသည့် ဈေးကွက်များ၏စွမ်းဆောင်ရည်ကို တိုးတက်လာသည်နှင့်အမျှ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုလည်း ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချေအတင်ဆွေးနွေးမှုများကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဈေးကွက်များ၏ စွမ်းဆောင်ရည်ကို မည်သည့်အတိုင်းအတာအထိ တိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မလဲနှင့် ဈေးကွက်များ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးခြင်း (ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရရှိနိုင်ခြေရှိသော အဆင့်အထိသာ မြှင့်တင်ပေးရန်) က ဖွံ့ဖြိုးမှုအရှိန်အမြင့်ဆုံးရောက်ဖို့အတွက် လုံလောက်မှုရှိရဲ့လားဆိုသည့်အချက်များနှင့်ပတ်သက်နေသည်။

အများလက်ခံသည့် အယူအဆများနှင့် ကွဲလွဲဆန့်ကျင်သော ချဉ်းကပ်နည်းများက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ဈေးကွက်များသည် ပင်ကိုကပင်လျှင် စွမ်းဆောင်ရည်အားနည်းနေပေရာ နိုင်ငံရေးဆန္ဒမည်မျှပင် ပြင်းပြစေကာမူ စီးပွားရေးအဆောက်အအုံ၏ ပင်ကိုလက္ခဏာများကြောင့်ပင်လျှင် ဖွံ့ဖြိုးမှုသိသိသာသာ တိုးတက်မှုရမလာမချင်း ဈေးကွက်၏ စွမ်းဆောင်ရည်နိမ့်ပါးနေမည်သာဖြစ်ကြောင်း ဝေဖန်ပြောဆိုကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဈေးကွက်များ၏ အဆောက်အအုံဆိုင်ရာ အကန့်အသတ်များကြောင့် အောင်မြင်သည့် တိုးတက်ဖွံ့ဖြိုးမှုရရှိလာစေရန်မှာ ရင်းနှီးစုဆောင်းမှု အရှိန်မြှင့်တင်ရေး (ပုဂ္ဂလိကနှင့် နိုင်ငံပိုင်နှစ်ရပ်လုံး) နှင့် ထုတ်လုပ်မှုစွမ်းရည် အသေအချာ မြင့်မားလာစေရေး (ကဏ္ဍာနှစ်ခုလုံး) တို့အတွက် နိုင်ငံများ၏အုပ်ချုပ်မှုစွမ်းရည်ကို အရေးတကြီး လိုအပ်နေပေသည်။ ဈေးကွက်များ စွမ်းရည်ပြည့်လည်ပတ်နိုင်ရေးကို အသေအချာဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည့် စွမ်းရည်ထက်သာလွန်သော နိုင်ငံ့အုပ်ချုပ်ရေး စွမ်းရည်များပြည့်ဝသည့် အရှေ့အာရှ၏ ဖွံ့ဖြိုးလာမှုကို ဆောင်ကြဉ်းပေးသူများ၏ ငါးနှစ်တာ အတွေ့အကြုံ

များအား အဆိုပါဆွေးနွေးချက်များကို အထောက်အကူဖြစ်စေရန်အတွက် သက်သေအဖြစ် ထောက်ပြကြသည်။

အမှန်တကယ်မှာ ကောင်းမွန်သောအုပ်ချုပ်ရေး နည်းလမ်းက ဦးစားပေးသည့် ဈေးကွက်မြှင့်တင်ပေးရေးသတ်မှတ်ချက်များနှင့် တိုင်းတာလျှင် အရှေ့အာရှနိုင်ငံများ၏ စွမ်းဆောင်နိုင်မှုက အတန်ပင်အားနည်းနေသည်။ ထိုအစား နည်းပညာခေတ်နောက်ကျမှုနှင့် လုပ်ငန်းလုပ်ကိုင်မှု စရိတ်စကမြင့်မားနေမှု အခြေအနေများအကြားမှာပင်လျှင် တိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်သည့် လုပ်ကိုင်နိုင်သည့် စွမ်းရည်ထက်မြက်သော အဖွဲ့အစည်းများ ရှိနေခဲ့သည်။ အဆိုပါချဉ်းကပ်နည်းက တိုးတက်မှုအားဖြည့်ပေးသော အုပ်ချုပ်ရေးဟု ဖော်ပြ၍ရသည့် မတူကွဲပြားသော အုပ်ချုပ်ရေးစွမ်းရည်များ၏ အရေးပါမှုကို ဖော်ထုတ်ပြသပေးနိုင်ခဲ့သည် (ခန်း၊ ၂၀၀၆)။

ဖွံ့ဖြိုးဆဲနိုင်ငံများအကြား စွမ်းဆောင်နိုင်မှုများ ကွဲပြားနေခြင်းကို ဖြစ်ပေါ်စေသည့် အလွန်အရေးပါသောအကြောင်းအချက်များထဲမှ အချက်တစ်ချက်သည်ကား အုပ်ချုပ်ရေးပင်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သဘောတူညီကြသည်။ စီးပွားရေးပညာရှင်များအကြား အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် သဘောထား ကွဲလွဲနေသောအမြင်များထဲမှ ပထမအချက်သည် ဖွံ့ဖြိုးမှုအရှိန်မြှင့်တင်ပေးနိုင်ရန် အရေးတကြီးလိုအပ်နေသောနိုင်ငံ၏စွမ်းရည်အမျိုးအစားများဖြစ်ပြီး ဒုတိယအချက်မှာ ဖွံ့ဖြိုးလာသည့်အစောပိုင်းကာလတွင်ရှိနေသည့် အခြားအကြောင်းအချက်များနှင့်နှိုင်းယှဉ်လျှင် အုပ်ချုပ်ရေး၏အရေးပါမှုနှင့်ပတ်သက်နေသည်။

ပထမပြဿနာသည် ကောင်းမွန်သောအုပ်ချုပ်ရေး အယူအဆနှင့်ပတ်သက်၍ တူညီသောခေတ်ရေစီးကြောင်း သဘောထား



ရှိကြသည့် လစ်ဘရယ်လ်စီးပွားရေးပညာရှင်များနှင့် စီးပွားရေးဖွံ့ဖြိုးလာမှုအတွက် အုပ်ချုပ်ရေးသည် အလွန်အရေးပါကြောင်း သဘောတူကြသော်လည်း သဘောတရားပိုင်းနှင့် လက်တွေ့ဆောင်ရွက်နိုင်မှုပိုင်းတို့အရ အောင်အောင်မြင်မြင် တိုးတက်ဖွံ့ဖြိုးလာရေးအတွက် လိုအပ်သည့်အုပ်ချုပ်မှုစွမ်းရည်များသည် ကောင်းမွန်သောအုပ်ချုပ်ရေးစစ်တမ်းက ဖော်ထုတ်ရရှိလာသော အချက်အလက်များနှင့် ကွဲပြားနေကြောင်းပြောဆိုနေကြသည့် အစိုးရအဓိကဝါဒီများ၊ အများလက်ခံထားသောအယူအဆနှင့် ကွဲလွဲဆန့်ကျင်သောအမြင်ရှိသည့် အဖွဲ့အစည်းဆိုင်ရာ စီးပွားရေးပညာရှင်များအကြားရှိ အရေးပါသည့်မျက်မြင်အခြေအနေပိုင်းနှင့် သဘောတရားပိုင်းဆိုင်ရာ အငြင်းပွားမှုပင် ဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေးကို ထောက်ခံကြသော စီးပွာရေးပညာရှင်များက သေရေးရှင်ရေးတမျှ အရေးပါသည့် နိုင်ငံ့စွမ်းရည်များတွင် စွမ်းရည်ပြည့်သောဈေးကွက်များကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ အစိုးရ၏ ဆုံးရှုံးမှုများ နည်းပါးစေရန်နှင့် ငှားရမ်းခ အကျိုးအမြတ် ရယူမှုလျော့ပါးစေရန်အတွက် ပြည်သူတို့၏မရှိမဖြစ်လိုအပ်ချက်များကို ထုတ်လုပ်ဖြည့်ဆည်းပေးနေသောလုပ်ငန်းများတွင် အစိုးရပါဝင်မှုကို ကန့်သတ်ထားခြင်းစသည့်အချက်တို့ ပါဝင်နေကြောင်း ဆွေးနွေးထားကြသည်။ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများမအောင်မြင်ရသည့်အကြောင်းရင်းတွင် သူတို့၏ နိုင်ငံတော် (အစိုးရ) များက လုပ်ငန်းပေါင်းစုံကို လုပ်ကိုင်နိုင်ရန် ကြိုးစားခြင်းကြောင့်ဖြစ်ပြီး အကျိုးဆက်အနေဖြင့် ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူမပြုသည့် ငှားရမ်းခများများရရှိရေးအတွက်သာ ရည်ရွယ်သည့်လုပ်ငန်းများကိုသာ တရားလွန်လုပ်ဆောင်လာကာ ထုတ်လုပ်မှုစွမ်းအားတိုးတက်စေသည့် ဈေးကွက်များကို မောင်းထုတ်

ခဲ့ကြောင်း သူတို့က ရှင်းပြထားသည်။ အဆိုပါဆွေးနွေးချက်များ ခိုင်မာမှုရှိကြောင်း အထောက်အထားအဖြစ် ယေဘုယျအားဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် အများအားဖြင့် ကိုက်ညီမှုရှိပြီး သူများထက် ပိုမိုစွမ်းဆောင်နိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို နမူနာအဖြစ် တင်ပြရှင်းလင်းထားသည် (ခန်း၊ ၂၀၀၆)။

အများလက်ခံထားသည့် အယူအဆနှင့် ကွဲလွဲသောအမြင်ရှိသည့် အဖွဲ့အစည်းဆိုင်ရာပညာရှင်များက အထက်ပါအယူအဆနှင့်ဆန့်ကျင်၍ အနှစ်ငါးဆယ်အတွင်း လျင်မြန်စွာတိုးတက်လာမှုများနှင့် ပတ်သက်သည့် ဖြစ်စဉ်များအပေါ်တွင် သူတို့၏ တင်ပြချက်များကို အခြေခံထားသည်။ ၎င်းအထောက်အထားများအရ အလျင်အမြန် တိုးတက်လာမှုသည် ကောင်းမွန်သောအုပ်ချုပ်ရေးပုံစံက ဖော်ထုတ်ထားသည့်အချက်များနှင့် ဆန့်ကျင်ကွဲလွဲနေသည့် အုပ်ချုပ်မှုစွမ်းရည်များနှင့် ဆက်စပ်နေကြောင်းတွေ့ရှိရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများကိုအမီလိုက်ရန် ကြိုးပမ်းရာတွင် အောင်မြင်မှုအရှိဆုံးနိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုမြင့်မားလာအောင် ဆောင်ရွက်နိုင်ပြီး ဆက်လက်ထိန်းထားနိုင်ကာ နည်းပညာသစ်များကို လျင်လျင်မြန်မြန်သင်ကြားတတ်မြောက်ရေးကို အားပေးသည့် မူဝါဒများ ချမှတ်ကျင့်သုံးနိုင်ကြသည်။ ထိုသို့ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်စေသည့် အဖွဲ့အစည်းများနှင့် မူဝါဒများသည် နိုင်ငံအလိုက်ကွဲပြားမှုရှိပြီး သူတို့၏မူလအခြေအနေများနှင့် နိုင်ငံရေးဆိုင်ရာ အကန့်အသတ်များအပေါ် မူတည်နေသော်လည်း အောင်မြင်သောနိုင်ငံများသည် အဆိုပါလုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည့် အုပ်ချုပ်မှုစွမ်းရည်များ ပိုင်ဆိုင်ထားကြသည်။ ဖွံ့ဖြိုးမှုကို အောင်မြင်စွာလုပ်ဆောင်နိုင်သူများ



အကြားတွင် ဤကဲ့သို့ ကွဲပြားခြားနားသည့် အုပ်ချုပ်မှုစွမ်းရည်များ ရှိနေခြင်းက အောင်မြင်သောနိုင်ငံများ၏ အုပ်ချုပ်မှုစွမ်းရည်များကို ရိုးစင်းသောပုံစံများဖြင့် ဖော်ပြနိုင်ခြင်းမရှိကြောင်း ဖော်ပြနေသော်လည်း ထိုနိုင်ငံများက အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်များနှင့်ပတ်သက်သည့် ယေဘုယျပုံစံများကိုမူ ဖော်ထုတ်နိုင်ပြီး အဆိုပါအချက်အလက်များက အခြားအဆင့်ရှိ ဖွံ့ဖြိုးရေးလုပ်ကိုင်နေသူများ၏ ဖွံ့ဖြိုးရေးမူဝါဒအတွက် အသုံးဝင်စေမည့် အသိအမြင်များကို ဖန်တီးပေးနိုင်သည်။ ယခုကြုံတွေ့နေရသည့် မျက်မြင်အခြေအနေများနှင့် အယူအဆပိုင်းဆိုင်ရာ ပြဿနာရပ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုများအတွက် အရေးကြီးသော မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် သိသာထင်ရှားစွာပတ်သက်မှု ရှိနေပေသည်။

သဘောထားကွဲလွဲမှု၏ဒုတိယနယ်ပယ်သည် ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးရေးလုပ်ငန်း အရှိန်အဟုန်ကို မြှင့်တင်ပေးရေးနှင့်ဆက်နွယ်နေသည့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ၏အရေးပါမှုနှင့် ပတ်သက်နေသည်။ အာဖရိကက ပြုပြင်ပြောင်းလဲရေးတွင်အသုံးပြုနေသည့် ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ ခေတ်ရေစီးကြောင်း ချဉ်းကပ်နည်းကို အဓိက စိန်ခေါ်လာမှုတစ်ရပ်မှာ အာဖရိကတွင် တွေ့မြင်နေရသည့် ဖွံ့ဖြိုးမှုအဆင့်များနှင့် တိုက်တစ်တိုက်လုံး ရင်ဆိုင်နေရသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အကန့်အသတ်များကို ထောက်ရှုခြင်းအားဖြင့် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးအပေါ် အာရုံစိုက်ထားခြင်းသည် လွဲမှားသောဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောဆိုနေကြသည့် ဆာ့ခ်နှင့် အများ (၂၀၀၄)၏ အယူအဆဖြစ်ပေသည်။ အာဖရိကနိုင်ငံများအကြားတွင် ရှိနေသော စွမ်းဆောင်နိုင်မှုကွာဟချက်များသည် သူတို့၏ကောင်းမွန်

သောအုပ်ချုပ်ရေးဆိုင်ရာစံသတ်မှတ်ချက်များဖြင့် တိုင်းတာသော အုပ်ချုပ်ရေးစွမ်းရည်ကွာဟချက်များအပေါ် မူတည်ခြင်းမရှိဘဲ ဖွံ့ဖြိုးမှုအဆင့်ကွာဟမှုများအပေါ် တည်မှီနေကြောင်း ပြသနေသည့် လက်တွေ့ဆန်းစစ်ချက်များအပေါ် အခြေပြု၍ သူတို့၏အဆိုကို သက်သေပြုကြသည်။ သူတို့ဖော်ထုတ်ရရှိသည့် အရေးပါသော မူဝါဒသုံးသပ်ချက်သည်ကား အာဖရိကတိုက်တွင် အကူအညီ အထောက်အပံ့များဖြင့် လုပ်ကိုင်နေသော အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ရောဂါဘယထိန်းကွပ်ခြင်းလုပ်ငန်းများကို အထူးအာရုံစိုက်၍ တွန်းအားပေးဆောင်ရွက်လုပ်ကိုင်ရန်ပင် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးလာရေးလုပ်ငန်းစဉ်တွင် ကောင်းမွန်သောအုပ်ချုပ်ရေးသည် လိုအပ်သောအခြေအနေ တစ်ရပ် ဖြစ်သော်လည်း တစ်ခုတည်းသော ပြည့်စုံလုံလောက်သည့် အခြေအနေတစ်ရပ်ကား မဟုတ်ပေ။ စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင် ပေးရာတွင် ၎င်းကဲ့သို့ တန်းတူအရေးကြီးသည့် အခြားအကြောင်း အချက် အများအပြားရှိသေးသည်။

## အိန္ဒိယနိုင်ငံ စီးပွားရေးဖွံ့ဖြိုးလာမှု

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးလာမှု၏အကျိုးဆက်ကြောင့် နိုင်ငံအများအပြားသည် အချုပ်အခြာအာဏာပိုင်စိုးသည့် ကမ္ဘာ့မိသားစုဝင်များဖြစ်လာကြ သည်။ ထိုနည်းလမ်းအတိုင်း အိန္ဒိယနိုင်ငံသည်လည်း ၁၉၄၇ ခုနှစ် တွင် လွတ်လပ်ရေးရရှိကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။ ထိုစဉ်အခါက အိန္ဒိယ၏စီးပွားရေးသည် ကမောက် ကမဖြစ်နေပေရာ နိုင်ငံရေးခေါင်းဆောင်များနှင့် စက်မှုလုပ်ငန်း



ရှင်များက စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးကို ပထမဦးစားပေးအဖြစ် တိုက်တွန်းခဲ့ကြသည်။ နိုင်ငံ၏ရုပ်ပိုင်းဆိုင်ရာအရင်းအနှီးနှင့် လူသား အရင်းအမြစ် လိုအပ်ချက်များကို အကဲဖြတ်ရန်နှင့် ထိုအရင်းအမြစ် များကို ဟန်ချက်ညီညီ ထိထိရောက်ရောက် အသုံးချနိုင်ရေးအတွက် စီမံကိန်းများရေးဆွဲနိုင်ရန် စီမံကိန်းရေးဆွဲရေးကော်မရှင်တစ်ရပ်ကို ၁၉၅၀ ပြည့်နှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အိန္ဒိယနိုင်ငံ တိုးတက်ဖွံ့ဖြိုးလာမှုအကြောင်း ရှင်းလင်း ချက်ကို ချဉ်းကပ်ပုံနည်းအရလည်းကောင်း၊ ကျင့်သုံးဆောင်ရွက်ခဲ့ သည့်ပုံစံများအရလည်းကောင်း၊ ဖွံ့ဖြိုးလာမှုအဆင့်များကို အပိုင်း အခြားအရလည်းကောင်း နည်းလမ်းသုံးသွယ်ဖြင့် ရှင်းလင်း တင်ပြနိုင်သည်။ အိန္ဒိယနိုင်ငံလွတ်လပ်ရေးရသည့် အချိန်မှအစပြု၍ တိုးတက်ဖွံ့ဖြိုးလာသည့်လမ်းကြောင်းတစ်လျှောက် လိုက်နာကျင့်သုံး ခဲ့သော ဖွံ့ဖြိုးရေးပုံစံများအကြောင်းကို ရှင်းလင်းဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ပုံစံသုံးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး တတိယပုံစံနှင့်အတူ (ကျေးလက်ဒေသများကို မြို့ပြအဆင့်ဘဝသာယာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး) ပူရာ (ပီယူအာရ်အေ) ဟုခေါ်သော စတုတ္ထပုံစံကို ဆက်လက် လုပ်ဆောင်နေသည်။ ယင်းပုံစံသုံးမျိုးမှာ နေရူး-မဟာလာနိုဘစ်ပုံစံ၊ ဂန္ဒီပုံစံနှင့် (ထိန်းချုပ်မှုဖြေလျှော့ပေးရေး၊ ပုဂ္ဂလိကသို့ လွှဲပြောင်း ပေးရေး၊ ကမ္ဘာနှင့်တစ်သားတည်းဆက်စပ်မိရေး) အယ်လ်ပီဂျီပုံစံတို့ ဖြစ်ကြသည်။

ကနဦးကာလများ၌ အိန္ဒိယစီးပွားရေးသည် ကမောက်ကမ ဖြစ်နေခဲ့ပြီး ဈေးကွက်ယန္တရား၏အခြေအနေသည် လူမှုရေး တရားမျှတမှုရှိရေးကို ဖြည့်ဆည်းပေးနိုင်သော အမြော်အမြင် ပြည့်ဝသည့် အရင်းအမြစ်ခွဲဝေမှုကို ပြုလုပ်နိုင်ခြင်းမရှိသေးပေ။

သို့ဖြစ်၍ နိုင်ငံတော်အား ကြီးမားအရေးပါသည့်အခန်းကဏ္ဍကို တာဝန်ယူစေခဲ့သည်။ စုစည်းကျစ်လျစ်သည့် အားထုတ်ကြိုးပမ်းမှု မရှိဘဲ စီးပွားရေးတိုးတက်မလာနိုင်ကြောင်းကို စီမံကိန်းရေးဆွဲသူများက သိရှိထားပေသည်။ ထို့ကြောင့် နိုင်ငံရေးခေါင်းဆောင်ပိုင်းနှင့် စက်မှုလုပ်ငန်းရှင်များနှစ်ဖွဲ့လုံးက စီးပွားရေးစီမံကိန်းရေးဆွဲရေးကို ထောက်ခံတင်ပြလာကြပေရာ စီးပွားရေးစီမံကိန်းရေးဆွဲရေး၏အကျိုးဆက်အဖြစ် နေရူး-မဟာလာနိုဘစ်ပုံစံပေါ်ထွန်းလာခဲ့သည်။

နိုင်ငံကို ဂျာနာတာပါတီအုပ်ချုပ်သည့် ၁၉၇၇-၁၉၈၀ ကာလမှလွဲ၍ ၁၉၅၀ ပြည့်နှစ်များအတွင်းက ရေးဆွဲခဲ့သော ဒုတိယငါးနှစ်စီမံကိန်းကာလမှစတင်၍ ၁၉၈၀ ပြည့်နှစ်များတိုင်အောင် နေရူး-မဟာလာနိုဘစ်ပုံစံအတိုင်း ဆောင်ရွက်ခဲ့သည်။ ယင်းပုံစံသည် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဂျဝါဟာလာလ်နေရူးနှင့် ပါမောက္ခပီစီမဟာလာနိုဘစ်တို့၏ အယူအဆများအတိုင်း ပုံဖော်ထားခြင်းကြောင့် ထိုအမည်တပ်ထားခြင်းဖြစ်သည်။ ယင်းပုံစံသည် လတ်တလောနှင့် နှစ်လတ်စီးပွားရေးရည်မှန်းချက်များအပေါ် အခြေခံထားခြင်းမပြုဘဲ ကာလရှည်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ အပေါ် အာရုံစိုက်ထားသည်။ နေရူး-မဟာလာနိုဘစ်ပုံစံသည် မြင့်မားသည့် စုဆောင်းမှုနှုန်းနှင့် မြင့်မားသည့် ရင်းနှီးမြှုပ်နှံမှုနှုန်းများအပေါ် အခြေခံထားကာ စီးပွားရေး၏အခြေခံဖြစ်သော စက်မှုဖွံ့ဖြိုးလာရေးအတွက် အကြီးစားစက်မှုလုပ်ငန်းကို ဦးစားပေးထားပြီး သွင်းကုန်အစားထိုးလုပ်ငန်းများကို အားပေးထားသည် (ဖရက်စ်ကယ်လ် ၂၀၀၅)။

အဆိုပါပုံစံနှင့်အညီ အိန္ဒိယနိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာရေးကို ဦးတည်ချက်ထား၍ လုပ်ကိုင်ခဲ့သည်။ စီးပွားရေးအခြေခံအဆောက်အအုံ



သည် စက်မှုနှင့်လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ပိတ်ဆို့နေသည့် အဟန့်အတားများကို ဖယ်ရှားပစ်နိုင်သော ဆည်မြောင်းစွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်များ ဖွံ့ဖြိုးလာရေးတို့နှင့် သက်ဆိုင်နေပြီး လူမှုရေးအခြေခံအဆောက်အအုံသည် ပညာရေး၊ ကျန်းမာရေးစသည့် နယ်ပယ်များနှင့် ပတ်သက်နေသည်။

ဤပုံစံနှင့်အညီ စီးပွားရေးဖွံ့ဖြိုးလာစေရန်အတွက် မဟာဗျူဟာအများအပြား ကျင့်သုံးလာခဲ့ရသည်။ ၎င်းမဟာဗျူဟာအချို့သည်ကား မြို့ရွာဖွံ့ဖြိုးရေးအစီအစဉ်များ၊ လယ်ယာမြေပြုပြင်ပြောင်းလဲရေးများ၊ မြစိမ်းရောင်တော်လှန်ရေး၊ စက်မှုလက်မှု မူဝါဒ၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစက်မှုနှင့် လက်မှုလုပ်ငန်းများ ထူထောင်ခြင်းစသည်တို့ ဖြစ်ကြသည်။ အတိုချုပ်ရလျှင် ဤပုံစံသည် နိုင်ငံပိုင်ကဏ္ဍမှတစ်ဆင့် စီးပွားရေးလောကကို နိုင်ငံတော်က အပေါ်စီးမှ ထိန်းချုပ်သည့်ပုံစံဖြစ်သည်။

ကာလတိုတစ်ခုအတွင်း၌သာလျှင် အိန္ဒိယအစိုးရက လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အခြားပုံစံတစ်ခုသည် ဂန္ဒီ၏စီးပွားရေးတိုးတက်မှုပုံစံဖြစ်သည်။ ထိုပုံစံသည် အာချာရအက်စ်အင်န်အာဂါဝါလား၏ "ဂန္ဒီစီမံကိန်း ၁၉၄၄-၄၈" အပေါ်တွင် အခြေခံထားသည်။ ထိုစီမံကိန်း၏အဓိကရည်မှန်းချက်သည် အိန္ဒိယပြည်သူတစ်ရပ်လုံး၏ ရုပ်ပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ နှစ်ပိုင်းလုံး မြင့်မားတိုးတက်လာရေးပင်ဖြစ်သည်။ ဤပုံစံသည် လယ်ယာကဏ္ဍ၊ အိမ်တွင်းနှင့် ကျေးလက်စက်မှုလုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများစသည်တို့ တိုးတက်လာရေးကို ဦးတည်ချက်ထားသည့် စီမံကိန်းနှင့် အကျိုးစီးပွားများ မျှတစွာဖြန့်ဝေပေးရေးကို အာရုံစိုက်ထားသည်။ ယင်းသည် နိုင်ငံ၏အနိမ့်ဆုံး လူနေမှုအဆင့်အတန်းတိုးတက်လာရေး၊ ဝင်ငွေ၊ မနေ့စွာတို့ တစ်နေရာတည်းတွင် စုပုံနေ

ခြင်းကို ဖယ်ရှားရေး၊ ဟန်ချက်မပျက် တိုးတက်မှုရရှိရေးစသည်တို့ကို ရည်မှန်းချက်ထားရှိသည်။ ယင်းပုံစံကို ၁၉၇၀ ပြည့်နှစ်များအတွင်း ဂျာနာတာပါတီအာဏာရစဉ်ကာလအတွင်း လက်ခံကျင့်သုံးခဲ့သည်။ ဆဋ္ဌမငါးနှစ်စီမံကိန်း (၁၉၇၈-၈၃) တွင် စတင်ကျင့်သုံးခဲ့သည်။ သို့သော်လည်း ၁၉၈၀ ပြည့်နှစ်တွင် ကွန်ဂရက်ပါတီ အာဏာရရှိလာသောအခါ ထိုပုံစံကိုပြောင်းပစ်လိုက်ပြီး "တိုးတက်မှုရရှိရေးပထမ" ဟူသောမူအပေါ်တွင် အာရုံစိုက်ထားသည့် နေရူး-မဟာလာနိုဘစ်ပုံစံကို ပြန်၍ကျင့်သုံးခဲ့ကြသည် (ဖရင်ကယ်လ်၊ ၂၀၀၅၊ ဒတ်နှင့် ဆူဒါရမ်၊ ၂၀၀၈)။

အယ်လ်ပီဂျီ (ထိန်းချုပ်မှုဖြေလျှော့ပေးရေး၊ ပုဂ္ဂလိကသို့ပြောင်းပေးရေး၊ ကမ္ဘာနှင့်တစ်သားတည်း ဆက်စပ်မိရေး) ဖွံ့ဖြိုးရေးပုံစံကို ၁၉၉၁ ခုနှစ်တွင် ထိုစဉ်က ဘဏ္ဍာရေးဝန်ကြီးဖြစ်ပြီး ဝန်ကြီးချုပ်ဟောင်းဖြစ်သူ ဒေါက်တာမန်မိုဟန်ဆင်းက စတင်ကျင့်သုံးလာခဲ့သည်။ ယင်းပုံစံသည် တိုးတက်မှုဖြစ်စဉ်ကို အထောက်အကူပေးနိုင်ရန် ပုဂ္ဂလိကကဏ္ဍနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတို့က ပိုမိုပါဝင်ဆောင်ရွက်လာမှုကို အလေးပေးထားသည်။ အစောပိုင်းက ကျင့်သုံးခဲ့သော သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ တည်ထောင်မှုအစားပို့ကုန်ဦးဆောင်သည့်တိုးတက်မှုဘက်သို့ ပြောင်းလဲ၍ ဦးတည်ချက်ထားခဲ့သည်။ အစိုးရပါဝင်ဆောင်ရွက်မှုကို သိသိသာသာလျှော့ချခဲ့ပြီး စီမံကိန်းတစ်ယူသန်ဝါဒကို စွန့်ပစ်ကာ တစ်ဦးချင်းလွတ်လပ်ခွင့်နှင့် ဈေးကွက်မောင်းနှင်သည့် ဖွံ့ဖြိုးမှုပုံစံကို အသားပေးလာခဲ့သည်။ ထိုပုံစံကို လက်ခံကျင့်သုံးလာခြင်းကြောင့် အိန္ဒိယနိုင်ငံတော်၏ သဘောသဘာဝသည် ဝင်ရောက်စွက်ဖက်လွန်းသည့် နိုင်ငံတော်အဖြစ်မှ ထိန်းကျောင်းပေးသည့်နိုင်ငံတော်အဖြစ်သို့ ပြောင်းလဲသွားသည်။



အိန္ဒိယနိုင်ငံ၏စီးပွားရေးနှေးကွေးနေရခြင်းသည် ဝင်ရောက်စွက်ဖက်လွန်းသည့်နိုင်ငံတော်နှင့် သွင်းကုန်အစားထိုး ကုန်သွယ်မှုစနစ်တို့ကြောင့်ဖြစ်သော်လည်း အယ်လ်ပီဂျီပုံစံကို ကျင့်သုံးလာမှုကတိုးတက်မှုအဟုန်ကို မြန်ဆန်လာစေသည်ဟု အချို့ပညာရှင်များကဆိုကြသည်။ အာတူးကိုလီကဲ့သို့သော အခြားပညာရှင်အုပ်စုတို့ကမူတိုးတက်မှုအဟုန်မြန်ဆန်လာခြင်းသည် အယ်လ်ပီဂျီပုံစံကြောင့်မဟုတ်ဟု ဆိုကြသည်။ မည်သို့ပင်ဆိုစေကာမူ ၁၉၉၁ ခုနှစ်ဖြေလျှော့မှုများမပြုလုပ်မီ ဆယ်စုနှစ်တစ်ခုအချိန်ကပင်လျှင် အိန္ဒိယ၏စီးပွားရေးတိုးတက်မှုသည် အရှိန်တက်လာပြီးဖြစ်ကာ ပြုပြင်ပြောင်းလဲမှုများအလွန် ကာလအကြောင်း မေးခွန်းထုတ်ခဲ့သောအခြေအနေများသည် ဆန့်ကျင်ဘက်တူရူသို့ သွားနေသည်ကို တွေ့ရမည်ဖြစ်သည် (ကိုလီ၊ ၂၀၀၆)။

စတုတ္ထပုံစံသည် အိန္ဒိယနိုင်ငံသမ္မတဟောင်း ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကာလမ် ထောက်ခံအားပေးခဲ့သော ပီယူအာအေ (ကျေးလက်ဒေသများတွင် မြို့ပြအဆင့်ဘဝ သာယာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး) ပုံစံဖြစ်သည်။ ဆင်းရဲမှုပပျောက်ရေးကိုဆောင်ရွက်ရာတွင် ပီယူအာအေအယူအဆကို မလွဲမသွေ လုပ်ဆောင်ရန် လိုအပ်သည်ဟု သူက တင်ပြဆွေးနွေးခဲ့သည်။ အဆိုပါပုံစံအရ ကဏ္ဍငါးရပ်ကို ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားရန်လိုအပ်သည်။ အဆိုပါကဏ္ဍများမှာ စိုက်ပျိုးရေးနှင့် ရိက္ခာထုတ်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်၊ ပညာရေးနှင့် ကျန်းမာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာစသည်တို့နှင့် ချူကလီးယားနည်းပညာ၊ အာကာသနည်းပညာ၊ ကာကွယ်ရေးဆိုင်ရာ နည်းပညာစသည်တို့ပါဝင်သော မဟာဗျူဟာအရ အရေးပါသည့်ကဏ္ဍတို့

ဖြစ်ကြသည် (ဒတ်နှင့် ဆွန်ဒါရမ် ၂၀၀၈)။ ၂၀၀၃ ခုနှစ် လွှတ်လပ်ရေးနေ့မိန့်ခွန်းတွင် ဝန်ကြီးချုပ်က ယင်းပုံစံကို စတင် အကောင်အထည်ဖော်ကြရန် ပြောကြားရင်း လုပ်ငန်းစတင်ခဲ့သည်။

အဆိုပါ ပုံစံများ၏ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကျင့်သုံးခဲ့သော မဟာဗျူဟာများ၏ မူဝါဒများ၊ အစီအစဉ်များ သို့မဟုတ် လုပ်ငန်းစီမံချက်များသည် ကောင်းကျိုးသက်သက်ကိုသာ ပေးသည် မဟုတ်ပေ။ သာမန်လက်လုပ်လက်စားများ၏ဘဝများကို ဆိုးကျိုး ပေးခဲ့သည်လည်းရှိသည်။ အဆိုပါ ဖွံ့ဖြိုးရေးစီမံကိန်းများက လူများ ကို ကြိမ်ဖန်များစွာပင် အခြေပျက်အနေပျက် ဖြစ်စေခဲ့ရာတွင် တစ်ခါ တစ်ရံတွင် အိမ်ထောင်စုအနည်းငယ်၊ တစ်ခါတစ်ရံ ကျေးရွာ၊ ရပ်ကွက်အလိုက် အခြေပျက်ခဲ့ကြရသည်။ ဖွံ့ဖြိုးမှုက လူထုအတွက် ဆိုးကျိုးများဖြစ်ပေါ်စေခြင်းက ဖွံ့ဖြိုးရေးကို နိုင်ငံနှင့် လူထုအတွက် လုပ်နေတာလား၊ သို့မဟုတ် ပုဂ္ဂလိကကော်ပိုရေးရှင်းတွေ၊ နိုင်ငံ၏ အထက်တန်းလွှာတွေအတွက် လုပ်နေတာလားဆိုသည်ကို မေးခွန်း ထုတ်ဖို့လိုလာပေသည်။

## အိန္ဒိယနိုင်ငံ၏ ကောင်းမွန်သောအုပ်ချုပ်ရေး ပဏာမခြေလှမ်းများ

၁၉၉၀ပြည့်နှစ် အစောပိုင်းကာလမှစတင်၍ ဖွံ့ဖြိုးဆဲ လူ့ အဖွဲ့အစည်းများအသိုင်းအဝိုင်းတွင် ကောင်းမွန်သောအုပ်ချုပ်ရေး တည်ဆောက်ရေးသည် အများလက်ခံထားသည့် ရည်မှန်းချက် တစ်ရပ် ဖြစ်လာသည်။ အစိုးရအဖွဲ့အစည်းများတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှု၊ တံခါးဖွင့်ထားမှုစသည်တို့နှင့်ပတ်သက်၍ ယေဘုယျသဘောတူညီမှုများရရှိထားသော်လည်း ချဉ်းကပ်ပုံ ချဉ်းကပ်နည်းနှင့် ရည်မှန်းချက်များအပိုင်းတွင်မူ သိသာထင်ရှား သည့် ကွဲပြားခြားနားမှုများ ရှိနေသည်။ အချို့သူများအတွက်ဆိုမူ အစိုးရယန္တရားအရွယ်အစားလျှော့ချခြင်းနှင့် အုပ်ချုပ်ရေးပိုင်းက



ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ကိုလျှော့ချခြင်းသည် မဏ္ဍရိုစီးပွားရေး စီမံခန့်ခွဲမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည့် ကောင်းမွန် သောအုပ်ချုပ်ရေးနည်းလမ်းတစ်ခုဖြစ်နေသည်။ အချို့ကလည်း ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်နှင့် အရင်းအမြစ်များ ခွဲဝေ သည့်လုပ်ငန်းစဉ်များတွင် လူအများ ပိုမိုပါဝင်ဆောင်ရွက်ခွင့် (အထူးသဖြင့် လူ့အဖွဲ့အတွင်း အားနည်း၍ဘေးဖယ်ထားခြင်းခံရသူ များဆိုင်ရာ အခွင့်အလမ်းများအတွက်) ကို ပိုမိုအလေးထားလာကြ သည်။ ၁၉၉၀-၉၁ ခုနှစ်မှ စတင်၍ အိန္ဒိယတွင် စတင်ဆောင်ရွက် လာသည့် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ကောင်းမွန်သောအုပ်ချုပ်ရေးအယူအဆသည် ကျယ်လောင်စွာ မြည်ဟိန်းလျက်ရှိသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးတိုးတက်မှုနှုန်းကို အရှိန်အဟုန်မြှင့်တင်ရေးနှင့် ဆင်းရဲမှုပပျောက်ရေးတို့ကို ရည်မှန်းချက်အဖြစ်ထားရှိ၍ စီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အိန္ဒိယတွင် စတင်လုပ်ဆောင်ခဲ့သည်။ အိန္ဒိယ၏ စီးပွားရေးဖြေလျှော့မှုလုပ်ငန်းစဉ်ကို ခြေရာကောက်လျှင် ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းကာလမှ စတင်ခဲ့ကြောင်းတွေ့ရပေမည်။ သို့သော်လည်း ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ မှစတင်၍ အလေးအနက်ထားဆောင်ရွက်ခဲ့သည်။ ဈေးကွက် အင်အားစုများအပေါ်တွင် ပိုမိုအားထားသည့် တံခါးဖွင့်စီးပွားရေး သို့ စနစ်တကျပြောင်းလဲမည်ဖြစ်ကြောင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံမှု အပါအဝင် ပုဂ္ဂလိကပိုင်ကဏ္ဍ၏ပါဝင်ဆောင်ရွက်ခွင့်ကို ပေးမည် ဖြစ်ကြောင်း၊ အစိုးရပါဝင်မှုအခန်းကဏ္ဍကို ပြန်လည်ပြင်ဆင်မည် ဖြစ်ကြောင်း စသည်တို့ကို အစိုးရက ၁၉၉၁ ခုနှစ်မှသာ အချက် ပြလာခဲ့သည်။

ကုန်လွန်ခဲ့သည့် ဆယ့်ငါးနှစ်ကာလက ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲမှုများသည် ပြည်တွင်းစီးပွားရေးကို အစိုးရထိန်းချုပ်မှုအောက်မှ လွတ်လပ်ခွင့်ရအောင် ဆောင်ကြဉ်းပေးရာတွင် ခရီးအတော်ပေါက်ခဲ့ပြီးဖြစ်သည်။ အိန္ဒိယပြုပြင်ပြောင်းလဲရေး အစီအစဉ်များ၏ အရေးပါသောလက္ခဏာတစ်ရပ်သည် ရုတ်ချည်း ပြန်လည်ဖွဲ့စည်းမှု သို့မဟုတ် "ရှော့တိုက်ကုထုံး" ကို မသုံးဘဲ ညင်ညင်သာသာနှင့် တစ်စတစ်စတိုးတက်ပြောင်းလဲမှုကို အလေး ပေးထားခြင်းဖြစ်သည်။ အမှန်ပင် ပြင်းထန်သော ငွေပေးငွေယူ ရှင်းတမ်းအကျပ်အတည်းကို ရင်ဆိုင်နေရသည့် ၁၉၉၁ ခုနှစ်၊ ဇွန်လတွင် ပြုပြင်ပြောင်းလဲမှုများကို စတင်ခဲ့ရခြင်းကြောင့် အထက်ပါ ချဉ်းကပ်ပုံချဉ်းကပ်နည်းကို လက်ခံအသုံးပြုခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း လုပ်ငန်းလည်ပတ်ခြင်းမရှိဘဲ အချိန်ကာလ ကြာမြင့်စွာ ရပ်ဆိုင်းနေသော အကျပ်အတည်းမျိုး မဟုတ်ခဲ့ပေ။

၁၉၉၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သော စီးပွားရေး ပြုပြင်ပြောင်းလဲမှုများက စီးပွားရေးယန္တရား၏လုပ်ပုံကိုင်ပုံများကို ပြောင်းလဲသွားစေခဲ့သည့် အလွန်တာသွားသောအစီအစဉ်များ ချမှတ်ပေးခဲ့သည်။ အဆိုပါ ပြောင်းလဲမှုများသည် အောက်ဖော်ပြပါ အကြောင်းအရာတို့နှင့် သက်ဆိုင်နေပေသည်။

(၁) စက်မှုလက်မှုလုပ်ငန်းစဉ်များတွင် ကြီးစိုးနေသောပြည်သူပိုင် ကဏ္ဍ။
(၂) စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်ထုတ်စွမ်းအား တိုးချဲ့ရေး တို့ကို စိတ်ကြိုက်ထိန်းချုပ်ပိုင်ခွင့်။
(၃) ကုန်သွယ်မှုနှင့် ငွေကြေးဖလှယ်မှုဆိုင်ရာထိန်းချုပ်မှုများ။
(၄) ပြည်ပမှရင်းနှီးမြှုပ်နှံမှုကို အကန့်အသတ်ဖြင့်သာခွင့်ပြုမှု။
(၅) ပြည်သူပိုင်ကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍကွပ်ကဲမှု။



ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် အများပါဝင်ဆောင်ရွက်ခွင့်ပြုသည့်အုပ်ချုပ်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ထွန်းကားလာရေးကို ဦးတည်သည့်အိန္ဒိယအစိုးရ၏ အဓိကကျသောခြေလှမ်းတစ်ရပ်သည် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံကို ပြင်ဆင်သည့် ဥပဒေအမှတ် (၇၃) နှင့် (၇၄) တို့ကို ပြဋ္ဌာန်းခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ကျေးရွာအဆင့် ရွေးကောက်ခံ အဖွဲ့အစည်း (ပန်ချာရပ်)များကို အာဏာအပ်နှင်းနိုင်ရေးနှင့် ဒီမိုကရေစီအခြေခံများ ထွန်းကားလာရေးတို့ကိုရည်ရွယ်၍ ဖွဲ့စည်းပုံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများကို အိန္ဒိယအစိုးရက ဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အမှတ် (၇၃) က ပြည်နယ်အောက်ခြေအဆင့်အတွက် တတိယအဆင့်အုပ်ချုပ်ရေးကို အသိအမှတ်ပြုပေးခဲ့ခြင်းကြောင့် ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် ပန်ချာရာတီရာ့ဂျ်အုပ်ချုပ်ရေးကို တရားဝင်ဖြစ်လာစေခဲ့သည်။ ပြင်ဆင်ချက် အမှတ် (၇၃) က ကျေးရွာ၊ ရပ်ကွက်နှင့် ခရိုင်အဖွဲ့အစည်းများကို အိန္ဒိယဥပဒေအောက်ရှိ အခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းအဆင့်အတန်း ပေးအပ်ခဲ့သည်။ ပြင်ဆင်ချက်၏ ပိုမိုအရေးပါသောသွင်ပြင်လက္ခဏာများမှာ

(၁) ကျေးရွာ ရပ်ကွက်၊ ခရိုင်အဆင့် ရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်းများအပါအဝင် အဆင့်သုံးဆင့်ပါ အုပ်ချုပ်ရေး စနစ်ကို တည်ထောင်လိုက်ခြင်း၊
(၂) ဂရမ်ဆဘာတ်ကို ကျေးရွာအဆင့် ညှိနှိုင်းတိုင်ပင်ရေးအဖွဲ့ အဖြစ် အသိအမှတ်ပြုခြင်း၊
(၃) အဆင့်တိုင်းအတွက် ငါးနှစ်သက်တမ်းရှိသောအဖွဲ့ဝင်များကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်း၊

(၄) အရွေးချယ်ခံနေရာ၏ သုံးပုံတစ်ပုံကို အမျိုးသမီးများအတွက် လျာထားပြီး အမ်စ်စီများနှင့် စီတီများအတွက် လူဦးရေအပေါ် မူတည်၍ သတ်မှတ်ပေးခြင်း၊

(၅) ပန်ချာရပ်များ၏ ဥက္ကဌ (ဆာပန်ချေ) နေရာများနှင့်ပတ်သက်၍ အထက်ပါလမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ပေးခြင်း၊

(၆) နိုင်ငံ့ဥပဒေပြုအဖွဲ့များတွင်လည်း နောက်ကျကျန်ရစ်နေသူများအတွက် နေရာသီးသန့် သတ်မှတ်ပေးနိုင်ခြင်း၊

(၇) အဆင့်တိုင်း၏ ပန်ချာရပ်ရွေးကောက်ပွဲများကို ကြီးကြပ်၊ ကျင်းပ၊ လမ်းညွှန်မှုပေးနိုင်ရန် နိုင်ငံတော်ရွေးချယ်တင်မြှောက်ပွဲကော်မရှင်တစ်ရပ်ဖွဲ့စည်းပေးခြင်း၊

(၈) ပန်ချာရပ်များ၏ ဘဏ္ဍာရေးအခြေအနေကို ငါးနှစ်တစ်ကြိမ် လေ့လာဆန်းစစ်ပြုပြင်ရန်နှင့် ပန်ချာရပ်များ၏ဘဏ္ဍာငွေ ဖြန့်ဝေသုံးစွဲမှုနှင့်ပတ်သက်၍ ပြည်နယ်အစိုးရသို့ လိုအပ်သည့် အကြံဉာဏ်များပေးနိုင်ရန်အတွက် နိုင်ငံတော်ဘဏ္ဍာရေးကော်မရှင်တစ်ရပ်တည်ထောင်ရန် စသည်တို့ပါဝင်ပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် (၇၃) နှင့် (၇၄) တို့ကို ပြဋ္ဌာန်းကျင့်သုံးလာခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ အုပ်ချုပ်ရေးတွင် ကျေးရွာအဆင့်ရှိ အထက်တန်းလွှာများအပါအဝင် သာမန်လူထုလူတန်းစားအလွှာများကိုပါ နိုင်ငံရေးအရ ပေါင်းစပ်ပေးနိုင်ခဲ့သည်သာမက ပိုမိုအကြောင်းအကျိုးညီညွတ်၍ ထိရောက်မှုရှိသော အများပြည်သူဆိုင်ရာမူဝါဒလုပ်ငန်းစဉ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ကြဉ်းပေးမည့် အကျိုးစီးပွား ပြန်လည်ခွဲဝေပေးသည့် အများပြည်သူများ ပါဝင်လုပ်ဆောင်ခွင့်ရှိသော အုပ်ချုပ်ရေးတစ်ရပ် ဖြစ်ပေါ်လာစေရေးကို အာမခံသည့် လုပ်ထုံးလုပ်နည်းတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို



ပြင်ဆင်သည့်ဥပဒေများက စတင်ဆောင်ရွက်ပေးလိုက်သည့် ဒီမိုကရေစီအခြေခံသော ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ပေးသည့်လုပ်ငန်းစဉ်က အမျိုးသားကျေးရွာ အလုပ်အကိုင် အခွင့်အလမ်း အာမခံမှုစီမံချက်၊ အမျိုးသားကျေးလက်ကျန်းမာရေး မစ်ရှင်စီမံချက်၊ ဆာဗာဆီရှားအဘီယန်စသည့် ဖွံ့ဖြိုးရေးစီမံချက်များကို အကောင်အထည်ဖော်ပေးရသော အဖွဲ့အစည်းများအဖြစ် ဒေသန္တရအဖွဲ့အစည်းများကို တည်ထောင်ပေးခဲ့သည်။

**နိုင်ငံသားများဆိုင်ရာ ပဋိညာဉ်စာတမ်း။** အိန္ဒိယနိုင်ငံတွင် ကုန်လွန်ခဲ့သောနှစ်များအတွင်း စီးပွားရေးဖွံ့ဖြိုးမှုနယ်ပယ်ကို သိသိသာသာ တိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယင်းအချက်နှင့်အတူ စာတတ်မြောက်မှုနှုန်းတိုးတက်လာခြင်း၊ လွန်ခဲ့သောဆယ်စုနှစ်အတွင်း ၅၁ ဒသမ ၆၃ ရာခိုင်နှုန်းမှ ၆၅ ဒသမ ၃၈ သို့ တိုးလာခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံသားများက သူတို့၏ရပိုင်ခွင့်များကို ပိုမိုနားလည်သဘောပေါက်လာခဲ့သည်။ နိုင်ငံသားများက မိမိတို့၏လိုလားချက်များကို ပိုမိုပွင့်ပွင့်လင်းလင်းပြောဆိုလာကြသကဲ့သို့ သူတို့တောင်းဆိုချက်များကိုလည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက တုံ့ပြန်ဖြေရှင်းပေးရုံသာမဟုတ်ဘဲ ကြိုတင်ခန့်မှန်း လုပ်ဆောင်ပေးရန် မျှော်လင့်လာကြသည်။

အဆိုပါ အခြေအနေများကိုအကြောင်းခံ၍ ထိထိရောက်ရောက် လိုလိုလားလား တုံ့ပြန်ဆောင်ရွက်ပေးသည့် အုပ်ချုပ်ရေးစနစ်ဖြစ်လာစေရန်အတွက် ဆောင်ရွက်ရေးကို အုပ်ချုပ်ရေးအသိုင်းအဝိုင်းအတွင်း ၁၉၉၆ ခုနှစ်မှစတင် သဘောတူညီမှု ရရှိလာခဲ့သည်။ ၁၉၉၇ ခုနှစ်၊ မေလ ၂၇ ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်သည့် ပြည်နယ်နှင့်ဗဟိုအစိုးရမှ တိုက်ရိုက်အုပ်ချုပ်သောနယ်မြေများမှ ဝန်ကြီးချုပ်များပါဝင်သော

ညှိနှိုင်းအစည်းအဝေးတွင် ဗဟိုနှင့်ပြည်နယ်အဆင့်များအတွက် "ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ပေးသော အစိုးရဖြစ်ရေးလုပ်ငန်းစီမံချက်" ကိုလက်ခံအတည်ပြုခဲ့ကြသည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေး၏ အဓိကဆုံးဖြတ်ချက်တစ်ရပ်သည် ပြည်သူများနှင့်အများဆုံး ထိတွေ့ဆက်ဆံနေရသော နယ်ပယ်များ (ဥပမာ မီးရထား၊ ပို့ဆောင်ရေး စာတိုက်၊ အများပြည်သူဆိုင်ရာ ဖြန့်ဝေရေးစနစ်များ) အတွက် နိုင်ငံသားဆိုင်ရာ ပဋိညာဉ်စာတမ်းများကို ဗဟိုနှင့် ပြည်နယ်အစိုးရက ရေးဆွဲပြဋ္ဌာန်းပေးရန်ဖြစ်သည်။ အဆိုပါ ပဋိညာဉ်စာတမ်းများတွင် ဝန်ဆောင်မှုဆိုင်ရာစံသတ်မှတ်ချက်များ၊ ပြည်သူများ၏နစ်နာမှုများ အတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် အချိန်ဇယား၊ ပြည်သူများ နှင့် စားသုံးသူအဖွဲ့များပါဝင်သော လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည့် စောင့်ကြည့်ရေးအဖွဲ့များဖွဲ့စည်းထားရေး စသည်တို့ပါဝင်ရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအစိုးရ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးနှင့် ပြည်သူ့နစ်နာမှုများဆိုင်ရာဦးစီးဌာနက နိုင်ငံသားများဆိုင်ရာ ပဋိညာဉ်စာတမ်းများ ညှိနှိုင်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးတို့ကို စတင်၍ ဦးဆောင်လုပ်ကိုင်ခဲ့သည်။ ပဋိညာဉ်စာတမ်းများ ရေးဆွဲရာတွင် လိုက်နာရမည့်လမ်းညွှန်ချက်များနှင့်အတူ ဆောင်ရန်/ ရှောင်ရန်များကို ရှင်းလင်းပြတ်သား၍ ထိရောက်မှုရှိသော ပဋိညာဉ်စာတမ်းများ ရေးဆွဲနိုင်ရေးအတွက် အမျိုးမျိုးသော အစိုးရဌာနများ/အဖွဲ့အစည်းများသို့ ပေးပို့ခဲ့သည်။ ပဋိညာဉ်စာတမ်းများရေးဆွဲရာတွင် အသုံးပြုမည့်သူများ၏ကိုယ်စားလှယ်များ၊ အဆင့်မြင့်အုပ်ချုပ်ရေးပိုင်းပုဂ္ဂိုလ်များ၊ တီထွင်ဖန်တီးလိုစိတ်ရှိသည့်ဝန်ထမ်းများစသူတို့ပါဝင်သည့် လုပ်ငန်းအဖွဲ့ဖွဲ့စည်း လုပ်ကိုင်ကြရန် ဗဟိုနှင့် ပြည်နယ်အဆင့်ရှိဌာနများကို အကြံပြုခဲ့



သည်။ နိုင်ငံသားများဆိုင်ရာ ပဋိညာဉ်စာတမ်းနှင့် ပတ်သက်သည့် လက်စွဲစာအုပ်ကို ယင်းဌာနကပြုစုခဲ့ပြီး ပြည်နယ်အစိုးရများ/ ဗဟိုအစိုးရနယ်မြေ အုပ်ချုပ်ရေးအဖွဲ့များထံ ဖြန့်ဝေပေးခဲ့သည်။

ပဋိညာဉ်စာတမ်းများတွင် ဖော်ပြပါအကြောင်းအရာများ ပါဝင်စေရန် မျှော်လင့်ထားသည်။

(၁) အနာဂတ်မျှော်မှန်းချက်များနှင့် ခံယူထားသော တာဝန်ဝတ္တရားများအကြောင်း ဖော်ပြချက်၊
(၂) အဖွဲ့အစည်းကလုပ်ကိုင်နေသော လုပ်ငန်းဆိုင်ရာအသေးစိတ်အချက်အလက်များ၊
(၃) ဖောက်သည်များနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များ၊
(၄) ဖောက်သည်အုပ်စုတစ်စုချင်းစီအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များ၊
(၅) နစ်နာမှုဖြေရှင်းပေးရေးစနစ်အကြောင်း အသေးစိတ်ရှင်းလင်းချက်နှင့် အသုံးပြုပုံပြုနည်း၊
(၆) ဖောက်သည်များထံမှ မျှော်လင့်ထားချက်များ။

ယူကေ (အင်္ဂလိပ်) ပုံစံကို မှီငြမ်းထားသည့် အိန္ဒိယနိုင်ငံ၏ နိုင်ငံသားများဆိုင်ရာပဋိညာဉ်စာတမ်းတွင် "ဖောက်သည်များထံမှ မျှော်လင့်ထားချက်များ" သို့မဟုတ် "အသုံးပြုသူများ၏ ဝတ္တရားများ" ကို ဖြည့်စွက်ထားသည်။ နိုင်ငံသားများဆိုင်ရာ ပဋိညာဉ်စာတမ်းများကို အသုံးပြုသူများ၏လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန်အတွက် ထိုပဋိညာဉ်စာတမ်းများကို ရေးဆွဲရေးလုပ်ငန်းစဉ်တွင် စားသုံးသူအဖွဲ့အစည်းများ၊ နိုင်ငံသားအစုအဖွဲ့များ၊ အကျိုးစီးပွားပတ်သက်မှုရှိနေသူများပါဝင်ရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ ပဋိညာဉ်စာတမ်းများကို စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်ဝေဖန်ခြင်းနှင့်

အကဲဖြတ်ခြင်း စသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့သည်။ ပဋိညာဉ်စာတမ်းများကို စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်ဝေဖန်ခြင်းနှင့် အကဲဖြတ်ခြင်းစသည့် လုပ်ငန်းများကို ဌာနတွင်းနှင့် ဌာနပြင်ပအဖွဲ့အစည်းများက ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်ဧပြီလအထိ ဗဟိုအစိုးရ၏ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အဖွဲ့အစည်းများက နိုင်ငံသားဆိုင်ရာ ပဋိညာဉ် စာတမ်း (၁၁၁) ခုနှင့် ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရ နယ်မြေ ဦးစီးအဖွဲ့များ၏ အဖွဲ့အစည်းအမျိုးမျိုးက ပဋိညာဉ်စာတမ်း (၆၆၈) ခု ရေးဆွဲခဲ့ကြသည်။ ပဋိညာဉ်စာတမ်းအများစုကို အစိုးရဝက်ဘ်ဆိုက်များတွင် လွှင့်တင်ထားပြီး ပြည်သူများက လွတ်လပ်စွာကြည့်ရှုနိုင်သည်။ နိုင်ငံသားများဆိုင်ရာ ပဋိညာဉ်စာတမ်းများရေးဆွဲထားသော အဖွဲ့အစည်းများကိုလည်း ပုံနှိပ်နှင့်အီလက်ထရောနစ် နည်းပညာများအသုံးပြု၍လည်းကောင်း၊ ပညာပေးအစီအစဉ်များဖြင့်လည်းကောင်း အများပြည်သူသိရှိလာရေးကို ဆောင်ရွက်ရန်အကြံပြုထားသည်။

**သတင်းအချက်အလက်တောင်းယူပိုင်ခွင့်ဥပဒေ။** တာဝန်ယူတာဝန်ခံမှုကို ကောင်းမွန်သောအုပ်ချုပ်ရေး၏အရေးကြီးသည့် သွင်ပြင်လက္ခဏာတစ်ရပ်အဖြစ် သဘောထားကြသည်။ ၎င်းအချက်ကို လူများစုက ထုတ်ဖော်ကြေညာထားသော ဆန္ဒများမှသွေဖည်သည့် အရာရှိအရာခံများကို နိုင်ငံသားများက ထိရောက်စွာဖိအားပေးနိုင်ခွင့်ဟု အနက်ဖွင့်ဆိုထားသည် (မူကာဂျီ ၂၀၁၀)။ တာဝန်ယူမှုတာဝန်ခံမှုဆိုသည်မှာ လုပ်ငန်းစဉ်များထက် ရလဒ်များကိုအခြေခံ၍ အုပ်ချုပ်ရေးအမျိုးအစားကို အကဲဖြတ်ခြင်းဖြစ်သည်။ စီးပွားရေးနောက်ကျကျန်မှု၊ ဒေသများအကြားကွာဟနေမှု၊ အကျင့်စာရိတ္တပျက်ပြားမှုစသည့် စိန်ခေါ်မှုများ ဆက်လက်တည်ရှိနေခြင်း၏နောက်ကွယ်မှအကြောင်းတရားသည် အုပ်ချုပ်ရေးလုပ်နည်းစနစ်



များ၏ ပျက်ကွက်မှု ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ကင်းမဲ့နေမှု စသည်တို့ကြောင့်ဖြစ်ကြောင်း ဗီးကာ့စ်ဂျာနှင့် ပါလာနိသူရိုင်း စသည့် ပညာရှင်များက ထောက်ပြကြသည်။ ထို့ကြောင့် မိမိတို့လိုအပ်နေသည်မှာ သူတို့အတွက် ရည်ရွယ်ထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များမှ ခြွင်းချန်ခြင်းခံထားရသူများကို အကာအကွယ်ပေးနိုင်သော ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု တာဝန်ခံမှုရှိသော အုပ်ချုပ်ရေးစနစ်တစ်ရပ်ပင်ဖြစ်သည်။ ဒီမိုကရေစီက ဗဟုသုတကြွယ်ဝသော နိုင်ငံသားများကို လိုအပ်နေပြီး အကျင့်စာရိတ္တပျက်ပြားမှုကို ထိန်းချုပ်ရန်နှင့် အစိုးရအဖွဲ့နှင့် ၎င်း၏လုပ်ငန်းဌာနများက အုပ်ချုပ်ခံများအပေါ် တာဝန်ယူ တာဝန်ခံမှုရှိစေရေးအတွက် သတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း သူတို့က ဆက်လက်ထောက်ပြကြသည်။

အထက်ပါရှုထောင့်အမြင်အရ "၂၀၀၅ ခုနှစ် သတင်းအချက်အလက်များ တောင်းပိုင်ခွင့်ဥပဒေ" ကို နွေရာသီပါလီမန်အစည်းအဝေး၏ လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး သမ္မတ၏ သဘောတူအတည်ပြုချက်ကို ၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် ရရှိခဲ့သည်။ မူရင်းဥပဒေကြမ်းတွင် ပြင်ဆင်ချက် ၁၅၀ ခန့် ထည့်သွင်းခဲ့သည်။ ယခုဥပဒေနှင့်နှိုင်းယှဉ်လျှင် အားနည်းချက်များပြီး ထိရောက်မှုမရှိသော ၂၀၀၂ ခုနှစ် သတင်းအချက်အလက်လွတ်လပ်ခွင့်ဥပဒေကို ယခု ဥပဒေက အစားထိုးခဲ့သည် (ဒါကာ၊ ၂၀၁၀)။ သတင်းအချက်အလက်များတောင်းပိုင်ခွင့်ဥပဒေက ပြည်သူများသိလိုသောသတင်းအချက်အလက်များ တောင်းယူပိုင်ခွင့်ကို အပ်နှင်းထားပြီး ပိုမိုကောင်းမွန်သောအုပ်ချုပ်ရေးနှင့် တာဝန်ခံမှု တာဝန်ယူမှုရှိလာစေရေးအတွက် တောင်းဆိုသော သတင်းအချက်အလက်များ ဖြန့်ဝေပေးရန် အစိုးရဌာနများကို တာဝန်

ပေးအပ်ထားသည်။ ထိုဥပဒေများက ဗဟိုနှင့် ပြည်နယ်အစိုးရများ ပန်ချာရာတီရာ့ဂ်ျ အဖွဲ့အစည်းများ၊ ဒေသန္တရအဖွဲ့အစည်း၊ အစိုးရ အထောက်အပံ့ခံအဖွဲ့အစည်းများအားလုံးတို့နှင့် အကျုံးဝင်မှုရှိသော်လည်း အကျင့်စာရိတ္တဆိုင်ရာ စွပ်စွဲသည့်အချက်အလက်များ တောင်းခံခြင်းမှအပ ထောက်လှမ်းရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပေ။ အဆိုပါ ဥပဒေပိုင်နက်သည် ပုဂ္ဂလိကအဖွဲ့အစည်းများကိုပင် လွှမ်းမိုးမှုရှိပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကြီးကြပ်နေသည့် အစိုးရအဖွဲ့အစည်းများမှတစ်ဆင့် တောင်းပိုင်ခွင့်ရှိသည်။ တတိယအဖွဲ့အစည်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အဆိုပါတတိယအဖွဲ့အစည်းကို ဆယ်ရက်ကြိုတင်အသိပေးပြီး တောင်းဆိုပိုင်ခွင့်ကို ဤဥပဒေက ပေးအပ်ထားသည်။

တောင်းခံထားသည့် သတင်းအချက်အလက်များကို ပြန်ကြားပေးရန်နှင့် ပတ်သက်သည့်ကာလ စည်းကမ်းသတ်မှတ်ချက်များကို ဤဥပဒေကပြဋ္ဌာန်းပေးထားရာ သာမန်သတင်းအချက်အလက်များအတွက် ရက် ၃၀၊ ပါတီဆိုင်ရာ သတင်းအချက်အလက်များအတွက် ရက် ၄၀၊ သေရေးရှင်ရေးကိစ္စများအတွက် ၄၈ နာရီ လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအတွက် ၄၅ ရက် စသဖြင့် သတ်မှတ်ပေးထားသည်။ သတင်းအချက်အလက်ထုတ်ပြန်ပေးသည့်အတွက် ပေးဆောင်ရမည့် အဖိုးအခတွက်ချက်ရန်နှင့် အကြောင်းပြန်ကြားပေးရမည့် အချိန်အကန့်အသတ်ကိုမူ ဤဥပဒေက ဖော်ပြထားခြင်းမရှိပေ။

သတင်းအချက်အလက်တောင်းခံမှုကို အစိုးရသတင်းပြန်ကြားရေးအရာရှိကပယ်ချခဲ့ပါက ထိုသို့ပယ်ချရသည့်အကြောင်းရင်းကို ရှင်းလင်းချက်ပေးရန်နှင့် ပယ်ချခြင်းခံရသူက အယူခံနိုင်ခွင့်



ကာလနှင့် အယူခံအာဏာပိုင်အဖွဲ့၏ အကြောင်းအရာများကိုပါ ဤဥပဒေက ထည့်သွင်းပြဋ္ဌာန်းထားသည် (သတင်းအချက်အလက်တောင်းပိုင်ခွင့်အက်ဥပဒေ ၂၀၀၅)။

သတင်းအချက်အလက်များကို ပြည်သူများ တောင်းဆိုပိုင်ခွင့်ရှိခြင်းက အုပ်ချုပ်ရေးတွင် ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုစိတ်ဓာတ်ကို သွတ်သွင်းပေးခြင်းဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ အုပ်ချုပ်ရေးကို ပြန်လည်ရှင်သန်နိုးထလာအောင် ဆောင်ကြဉ်းပေးသော တော်လှန်သည့်ခြေလှမ်းဖြစ်ကြောင်း ဆွေးနွေးပြောဆိုနေကြသည်။

**အီလက်ထရောနစ်အုပ်ချုပ်ရေး။** အီလက်ထရောနစ်၏ အရေးပါမှု ကြီးထွားလာခြင်းကို သတိပြုမိလာသော အိန္ဒိယအစိုးရက အီလက်ထရောနစ်ဦးစီးဌာနကို ၁၉၇၀ ပြည့်နှစ်တွင် ထူထောင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် အမျိုးသားသတင်းအချက်အလက်ဗဟိုဌာန (အင်အိုင်စီ) ကို ဆက်လက်တည်ထောင်လာနိုင်ခြင်းသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးတို့ကို အာရုံစိုက်လာနိုင်စေပြီး အိန္ဒိယတွင် အီလက်ထရောနစ် အုပ်ချုပ်ရေးစနစ် တည်ထောင်နိုင်ရေး၏ အဓိကကျသည့်ပထမခြေလှမ်း ဖြစ်လာခဲ့သည်။ ၁၉၈၀ ပြည့်နှစ်ဦးကာလများတွင် ကွန်ပျူတာများကို စတင်အသုံးပြုလာသော်လည်း အဖွဲ့အစည်းအချို့တွင်သာ အသုံးပြုနိုင်သေးသည်။

၁၉၈၇ ခုနှစ်တွင် အမျိုးသားဂြိုဟ်တုအသုံးပြု ကွန်ပျူတာကွန်ရက် (အင်အိုင်စီအင်အီးတီ) စနစ်ကို စတင်တည်ထောင်လိုက်နိုင်ခြင်းသည် အီလက်ထရောနစ်အုပ်ချုပ်ရေး ဖြစ်ပေါ်လာစေရန်အတွက် အဓိကတွန်းအားဖြစ်စေသည်။ နိုင်ငံအတွင်းရှိ ခရိုင်ရုံးများကို ကွန်ပျူတာတပ်ဆင်အသုံးပြုနိုင်ရေးအတွက်ရည်ရွယ်၍ အမျိုးသား သတင်းအချက်ဗဟိုဌာန၏ ခရိုင်သတင်းအချက်အလက်စနစ်

(ဒီအိုင်အက်စ်အင်အိုင်စီ) ကို ဆက်လက်တည်ထောင်ခဲ့ပြီး ပြည်နယ်အစိုးရများသို့ ကွန်ပျူတာပစ္စည်းများနှင့် ကွန်ပျူတာနည်းပညာများကို အခမဲ့ထောက်ပံ့ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပြည်နယ်မြို့တော်များမှတစ်ဆင့် ခရိုင်ရုံးအားလုံးသို့ (အင်အိုင်စီအင်အီးတီ) စနစ်ကို တိုးချဲ့ပေးနိုင်ခဲ့သည်။

နောက်ပိုင်းကာလများတွင်လည်း ကွန်ပျူတာတပ်ဆင်သုံးစွဲမှု၊ ဖုန်း၊ ကြေးနန်းစသည့် အဝေးပြောဆက်သွယ်မှုစနစ်များ ကွန်ပျူတာကွန်ရက်ဆက်သွယ်မှု စသည်တို့ကို တိုးချဲ့လုပ်ကိုင်လာခြင်းဖြင့် ဗဟိုနှင့် ပြည်နယ်အဆင့် အီလက်ထရောနစ် အုပ်ချုပ်ရေးစနစ် တည်ထောင်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်လာနိုင်ခဲ့သည်။ အမျိုးသားသတင်းအချက်အလက်နည်းပညာနှင့် ကွန်ပျူတာမောင်းနှင်မှု အစီအစဉ်ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ကို ၁၉၉၈ ခုနှစ်၊ မေလတွင် ဖွဲ့စည်းခဲ့သည်။ သတင်းအချက်အလက်နည်းပညာသည် သူ့ချည်းသက်သက်ဆိုလျှင် ပညာဆိုင်ရာနယ်ပယ်သစ်တစ်ရပ်ဖြစ်ကြောင်းကို သတိမူထားပြီး အခြားသိမှုနယ်ပယ်များမှ အကြောင်းအရာများကို စုဆောင်းပေါင်းစပ်ပေးခြင်းနှင့် ထည့်သွင်းအသုံးပြုသည့် လုပ်ငန်းတို့အတွက် အသုံးဝင်သော တန်ဆာပလာအဖြစ်အသုံးပြုရေးကို အာရုံစိုက်ထားသည်။ ကွန်ပျူတာပညာ လူတိုင်းတတ်မြောက်ရေး၊ ကွန်ပျူတာအသုံးပြုမှုနှင့် သတင်းအချက်အလက်ပညာရေး ပျံ့နှံ့စေရေးတို့ကို ဦးတည်ချက်ထား၍ "အသိပညာပျံ့နှံ့ရေး လှုံ့ဆော်ပွဲ" တစ်ရပ်ကို ဆင်နွှဲရန် အကြံပြုတင်ပြထားသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဗဟိုအစိုးရ၏ သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးဌာနတစ်ခု တည်ထောင်ရန် ၁၉၉၉ ခုနှစ်က ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ဗဟိုအစိုးရဝန်ကြီးဌာနများနှင့် ဦးစီးဌာနများတွင် လိုက်နာကျင့်သုံးရန် အီလက်ထရောနစ် အုပ်ချုပ်ရေး



စနစ်အတွက် အချက်ဆယ့်နှစ်ချက်ပါ အနိမ့်ဆုံး အစီအစဉ်တစ်ရပ်ကို အိန္ဒိယအစိုးရက ဖော်ထုတ်သတ်မှတ်ပေးခဲ့သည်။

အမျိုးသားအဆင့် အီလက်ထရောနစ်အုပ်ချုပ်ရေး စီမံကိန်း (အင်အီးဂျီပီ) ကို အိန္ဒိယအစိုးရ စတင်လုပ်ဆောင်ခဲ့သော ၂၀၀၆ ခုနှစ်မတိုင်မီအချိန်ကပင်လျှင် အိန္ဒိယအစိုးရနှင့် ပြည်နယ်အစိုးရများ၏ ဦးစီးဌာနအချို့ အီလက်ထရောနစ် အုပ်ချုပ်ရေးစနစ်ကျင့်သုံးရန် ပဏာမခြေလှမ်းများကို စတင်ခဲ့ကြပြီးဖြစ်သည်။ အဓိကကျသည့် အီလက်ထရောနစ် အုပ်ချုပ်ရေးဆိုင်ရာ ပဏာမခြေလှမ်းများသည် အီး-ဘူမိ ဟု အမည်တွင်သည့် မြေယာနှင့်ပတ်သက်သည့် စာရင်းဇယားများကို ကွန်ပျူတာဖြင့် ထိန်းသိမ်းထားခြင်း၊ ကျေးလက်နေပြည်သူများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ဌာနတွင်း ကွန်ပျူတာစနစ်သုံး၍ အစိုးရဌာနများက နိုင်ငံသားများကို ထုတ်ပေးသည့် ဂျီရန်ဒုစနစ် (ဂျီမှစီသို့)၊ ခရိုင်အုပ်ချုပ်ရေးနှင့် ပြည်သူတို့အကြား ပေါင်းကူးအဖြစ် ဆောင်ရွက်ပေးခြင်း၊ လော့ဗာနီမိတ်ဆွေများနှင့် အခြားအဖွဲ့များအပါအဝင် ပြတင်းတစ်ပေါက်တည်းမှ ဝန်ဆောင်မှုပေးသောစနစ်စသည်တို့ ဖြစ်သည်။

## ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် စိန်ခေါ်မှုများ

ယနေ့အချိန်အခါတွင် သားရဲကဲ့သို့သော နိုင်ငံတော် (အစိုးရ) ကို ဖွံ့ဖြိုးမှုပျိုးထောင်ပေးသည့် နိုင်ငံတော်အဖြစ်သို့ ပြောင်းလဲပေးသည့် လုပ်ငန်းစဉ်တွင် ကောင်းမွန်သောအုပ်ချုပ်ရေးသည် အဓိကသော့ချက်ဖြစ်ကြောင်း အခိုင်အမာ သက်သေထူပြီးဖြစ်သည်။ သို့ဖြစ်၍ ကောင်းမွန်သောအုပ်ချုပ်ရေးအကြောင်းအရာသည် မူဝါဒရေးဆွဲသူများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ သာမန်ပြည်သူများစသူတို့၏ အာရုံကိုဖမ်းစားလျက်ရှိသည်။ ၁၉၉၁ ခုနှစ်က စတင်

လုပ်ဆောင်ခဲ့သော စီးပွားရေးဖြေလျှော့မှုမူဝါဒများက အရေးတကြီး လုပ်ကိုင်ရန် လိုအပ်နေမှု၏ အတိမ်အနက်ကို ညွှန်ပြနေသော်လည်း ကောင်းမွန်သောအုပ်ချုပ်ရေး ဖော်ဆောင်မှုလမ်းကြောင်းသည် (အထူးသဖြင့်) ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အတားအဆီး အဟန့်အတား များနှင့် ကင်းလွတ်နေသည် မဟုတ်ပေ။

ဖွံ့ဖြိုးမှုကို ပျိုးထောင်ပေးသည့် နိုင်ငံတော်၏လက္ခဏာ များကို စိစစ်ဖော်ထုတ်ပေးသည့်စာပေများ၏အဆိုအရ ကောင်းမွန် သောအုပ်ချုပ်ရေးစနစ်ကို ထိုက်သင့်သည့်အဆင့်အတန်းသို့ ရောက်ရှိ စေရန် ကြိုးပမ်းကြရာတွင် လူ့အဖွဲ့အစည်းတိုင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲလူ့အဖွဲ့အစည်းများက စိန်ခေါ်မှုအချို့ကို ရင်ဆိုင်ကြရသည်။ ၎င်းတို့မှာ စိတ်ဓာတ်ညှိုးဖျင်းသော သို့မဟုတ် သားရဲကဲ့သို့သော အဖွဲ့ အစည်းများအားလုံး ပါဝင်ဆောင်ရွက်ခွင့်နှင့် ဒီမိုကရေစီကျင့်သုံးမှု ကင်းမဲ့နေခြင်း၊ လူမှုအရင်းအနှီးမရှိခြင်း၊ အကျင့်ပျက်ပြားနေခြင်း စသည်တို့ ဖြစ်ကြသည်။

**စိတ်ဓာတ်ညှိုးဖျင်းသောအဖွဲ့အစည်းများ။** ကောင်းမွန် သော အုပ်ချုပ်ရေးစနစ်ကို အလေးပေးဆောင်ရွက်လာခြင်းကြောင့် အဖွဲ့အစည်းသစ်ကို တည်ထောင်ရေး သို့မဟုတ် အားလုံးပါဝင် ဆောင်ရွက်ခွင့်နှင့် တိုးတက်ဖွံ့ဖြိုးမှုတို့ကို အကျိုးပြုနေသည့် လက်ရှိ အဖွဲ့အစည်းများ ဆက်လက်ရှင်သန်ရေးစသည်တို့အပေါ် အာရုံ စူးစိုက်မှု တိုးမြင့်လာလျက်ရှိသည်။ အနောက်တိုင်း လူ့အဖွဲ့အစည်း များတွင် လုပ်ငန်းလုပ်ကိုင်ရသည့်စရိတ်များ ကျဆင်းသွားခဲ့ပြီး တိုးတက်လာသော နည်းပညာကို အသုံးချ၍ ထုတ်လုပ်မှုစွမ်းအား တိုးတက်လာအောင် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများ အချိန် နှင့်အမျှ တိုးတက်ဖွံ့ဖြိုးလာခဲ့ကြောင်း၊ အဆိုပါ အဖွဲ့အစည်းများတွင် ကျေနပ်ဖွယ်ကောင်းသော ပစ္စည်းပိုင်ဆိုင်ခွင့်များ၊ တရားဝင်



ပဋိညာဉ်နှင့် အာမခံချက်များ၊ အရေးယူဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ စသည်တို့ပါဝင်ကြောင်း နော့သ် (၁၉၉၀) က တင်ပြထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ အဆိုပါအဖွဲ့အစည်း များသည် အလွန်ပျော့ညံ့ခြင်း သို့မဟုတ် သားရဲဆန်ဆန် တောင်းဆို ခြင်းများ ရှိနေသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲလူ့အဖွဲ့အစည်းများတွင် ကောင်းမွန်သောအုပ်ချုပ်ရေးရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ရန် ခက်ခဲလာသည်ဟု သူက ဆက်လက်ပြောကြား သည်။

အကြီးစားစီးပွားရေးလောကတွင် လွတ်လပ်စွာ လုပ်ကိုင် ဆောင်ရွက်နေကြသည့် ကွန်ရက်များ ကျယ်ပြန့်လာသည်နှင့်အမျှ ရှုပ်ထွေးပွေလီမှုများ ပေါ်ပေါက်လာပြီး အလုပ်သဘော ဖလှယ်မှု ဆက်ဆံရေးများကိုအကြောင်းပြု၍ အမျိုးမျိုးသော ကိုယ်ကျိုးရှာနိုင်မှု အခွင့်အလမ်းများ တိုးပွားလာစေကာ လုပ်ငန်းလုပ်ကိုင်ရသည့် စရိတ်စကများ တက်လာနိုင်သည်။ ဤအလုပ်သဘောဖလှယ်မှုများ ပို၍ပို၍ ရှုပ်ထွေးလာသည်နှင့်အမျှ အပေးအယူကိစ္စများတွင် အမျိုးမျိုးသော အာမခံမှုများ လိုအပ်လာတော့သည်။ စနစ်တကျ ဖလှယ်မှုပြုလုပ်နိုင်စေရန်အတွက် ကုန်ပစ္စည်းများနှင့် ဝန်ဆောင် မှုများ၏အရည်အသွေးများကို ရှင်းလင်းတိကျစွာ တိုင်းတာ သတ်မှတ်ရန် လိုအပ်လာပြီး ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေ များအတိုင်း လုပ်ကိုင်လာရတော့သည်။ ထိုလုပ်ငန်းဆောင်တာ အားလုံးအတွက် ကုန်ကျစရိတ်များရှိနေပေရာ အဖွဲ့အစည်းများ မှတစ်ဆင့် ထိုစရိတ်များကို ပေးချေရသည်။ အဖွဲ့အစည်းများ အရည်အချင်းပြည့်ဝလျှင် အဆိုပါစရိတ်စကများ ကျဆင်းသွား မည်ဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေး ရည်မှန်းချက် အောင်မြင်

လာစေရန် လုပ်ရည်ကိုင်ရည်ရှိသော သို့မဟုတ် ခွန်အားရှိသော အဖွဲ့အစည်းများကို လူ့အသိုင်းအဝိုင်းတစ်ရပ်က လိုအပ်ပေသည်။

**အားလုံးပါဝင်ခွင့်နှင့် ဗဟိုထိန်းချုပ်မှုလျှော့ချရေး။** ဗဟိုထိန်းချုပ်မှုလျှော့ချရေးပုံစံရှိ မတူကွဲပြားနေသော အဖွဲ့အစည်းများ အတူယှဉ်တွဲနေရေးအယူအဆသည် ကောင်းမွန်သောအုပ်ချုပ်ရေး၏ အနာဂတ်မျှော်မှန်းချက်ဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေးသည် လူတိုင်းပါဝင်ဆောင်ရွက်ခွင့်နှင့် ဒီမိုကရေစီကျင့်သုံးမှုစသည်တို့နှင့် သိသိသာသာ ဆက်နွယ်လျက်ရှိသည်။ လူထုလူတန်းစား အဖွဲ့အစည်း အဝန်းအဝိုင်းအတွင်းရှိ အဖွဲ့အစည်းများ အင်အားတောင့်တင်းလာရေးအပေါ် အာရုံစိုက်ထားပြီး နိုင်ငံရေးသမားများ၏ ကျေးဇူးခံ ကျေးဇူးစားဖြစ်စေသည့် ဆင့်ပါးစပ်နှမ်းပက်ပေးသည့် အထောက်အပံ့နှင့် သက်သာချောင်ချိရေးအစီအစဉ်များကို ပြည်သူများက မလိုလားကြောင်း ဆွေးနွေးကြသည်။ ဘဏ္ဍာရေး၊ ဥပဒေရေး အဖွဲ့အစည်းဆိုင်ရာ လုပ်ပိုင်ခွင့်များ ရရှိရန်သာလိုသည်။ မိမိတို့၏ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်နှင့် တရားဝင် စီမံခန့်ခွဲပိုင်ခွင့်ပြုထားသော အဖွဲ့အစည်းများကိုသာ သူတို့လိုအပ်သည်။ ဒေသန္တရအရင်းအမြစ်များအပေါ် မှီခိုနေရသူများအဖို့ ဒီမိုကရေစီဆိုသည်မှာ ထိုအရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်သာ ဖြစ်ပေသည်။ သို့သော်လည်း ကမ္ဘာလွှမ်းခြုံသောဈေးကွက်များပေါ်ပေါက်လာသည့်အခြေအနေတွင် ဒေသန္တရအဖွဲ့အစည်းများ၏ ထိရောက်မှုပျက်စီးသွားပြီး သူတို့သည် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်ရန် အင်အားချို့တဲ့နေသည်။ အဆိုပါအဖွဲ့အစည်းများကို အနိမ့်ဆုံးအဆင့်အနေဖြင့် ဒေသန္တရ အရင်းအမြစ်များနှင့် ဒေသကိစ္စများကို စီမံခန့်ခွဲနိုင်ရေးအတွက် အားဖြည့်ပေးရန် လိုအပ်ပေသည်။



အဆိုပါ သဘောထားအမြင်ကို အကြောင်းပြု၍ အယူအဆနှစ်ရပ်ပေါ်လာကြောင်း နီကော်လ်ဆင် (၁၉၈၈) က ဆွေးနွေးထားရာ အယူအဆတစ်ခုက ဒေသန္တရလူ့အသိုင်းအဝိုင်းများအား သူတို့ ကံကြမ္မာကို အထိုက်အလျောက် ထိန်းသိမ်းနိုင်သည့် အဆင့်တစ်နေရာပြန်ပေးရေးကို အာရုံစိုက်ထားပြီး အခြားအယူအဆတစ်ရပ်ကမူ ပေါ်ပေါက်လာသော ပြဿနာများကို နိုင်ငံတော်က ကိုင်တွယ်နိုင်စွမ်းမရှိတော့ခြင်း သို့မဟုတ် ဈေးကွက်က ဖြေရှင်းပေးနိုင်ရန် နေရာပေးသည့်သဘောဖြင့် နိုင်ငံတော်က နောက်ဆုတ်သွားခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာသောပြဿနာများကို ဖြေရှင်းပေးနိုင်မည့်အဖွဲ့အစည်းသစ်များ ပေါ်ပေါက်လာရေးကို အာရုံစိုက်ထားသည်။

ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားလာရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများကို အရေးတယူ နေရာပေးထားသည့် လူ့အဖွဲ့အစည်းများတွင် ကောင်းမွန်သောအုပ်ချုပ်ရေး ပေါ်ထွန်းလာရေးသည် ခက်ခဲသောရည်မှန်းချက်မဟုတ်ပေ။ သို့သော်လည်း ဒေသဆိုင်ရာ အဖွဲ့အစည်းများ အားကောင်းခြင်းမရှိ၊ ဗဟိုထိန်းချုပ်မှု လျှော့ချရေးကလည်း အမြစ်တွယ်ခြင်းမရှိသေးသော လူ့အဖွဲ့အစည်းများအဖို့မူ ကောင်းမွန်သောအုပ်ချုပ်ရေး ပေါ်ထွန်းလာရေးလုပ်ငန်းစဉ်သည် တောင်တက်ခရီးသာ ဖြစ်နေပေတော့သည်။

**လူမှုအရင်းအနှီး။** ပျော့ညံ့သော အဖွဲ့အစည်းများ၊ လူတိုင်းပါဝင်ခွင့်နှင့် ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း ကင်းမဲ့မှုတို့အပြင် လူမှုအရင်းအနှီးကင်းမဲ့ခြင်းသည်လည်း ကောင်းမွန်သောအုပ်ချုပ်ရေး ပေါ်ထွန်းလာရေးတွင် အဓိကကျသောစိန်ခေါ်မှုတစ်ရပ်ဖြစ်နေပေသည်။ သူ၏လတ်တလောရေးသားချက်များတွင် ဖူကူရားမား (၁၉၉၅) က လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းရှိ တစ်ဦးချင်းပုဂ္ဂိုလ်

များ၊ လူ့အစုအဖွဲ့များအကြားတွင်ရှိနေသောဆက်ဆံရေးများကို ထိန်းကျောင်းနေသည့် စံနှုန်းများ၊ ယုံကြည်မှုများ၊ သဘောထားများ၊ ကျင့်စဉ်များ၏အစုအပေါင်းအဖြစ် ရှုမြင်ထားသည့် လူမှုအရင်းအနှီးသည် လူ့အဖွဲ့အစည်းများအတွင်း ယုံကြည်မှုကို တည်ဆောက်မြှင့်တင်ပေးနိုင်ပြီး ယုံကြည်မှုပြည့်ဝသော လူ့အဖွဲ့အစည်းများကသာလျှင် စက်မှုထွန်းကားလာပြီး စီးပွားရေးဖွံ့ဖြိုးလာခဲ့ကြောင်း ယူဆထားသည်။ ယုံကြည်မှုနည်းပါးသော အဖွဲ့အစည်းများကမူ တိုးတက်မှုကို ထိခိုက်နစ်နာစေသော အစိုးရဝင်ရောက်စွက်ဖက်သည့် ထောင်ချောက်အတွင်းသို့ လျင်မြန်စွာ သက်ရောက်သွားတော့သည်။

**အကျင့်ပျက်ပြားမှု။** ကောင်းမွန်သောအုပ်ချုပ်ရေး တည်ဆောက်မှုလုပ်ငန်းစဉ်တွင် သိသာထင်ရှားသည့် အခြားစိန်ခေါ်မှုတစ်ရပ်သည်ကား အကျင့်ပျက်ပြားမှုပင် ဖြစ်သည်။ အခြားကိစ္စများကဲ့သို့ပင် ခေါင်းဆောင်ပိုင်းတွင် ကိုယ်ကျိုးရှာလိုမှုနှင့် ပုဂ္ဂိုလ်ရေးသြဇာလွှမ်းမိုးလိုမှုများ တိုးပွားလာတော့သည်။ အစိုးရအဖွဲ့အစည်းများတွင်သာမက နိုင်ငံရေးပါတီများတွင် အဆိုပါအချက်က မှန်ကန်နေသည်။ အစိုးရ၏မအောင်မြင်မှုများသည် စီးပွားရေးလောကကို စည်းမျဉ်းစည်းကမ်းအမျိုးမျိုးဖြင့် ထိန်းချုပ်ပြီး ငွေရမ်းခများ လက်ဝါးကြီးအုပ်ထားမှုအပေါ်တွင် အခြေခံနေသည်။ စီးပွားရေးမူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ခြင်းကို နိုင်ငံရေးဖိအားများက လွှမ်းမိုးထားခြင်းကြောင့် အရင်းအမြစ်များခွဲဝေမှုတွင် အံချော်မှုများ ဖြစ်ပေါ်စေသည်။ ရင်းနှီးမြှုပ်နှံခွင့်လိုင်စင်၊ သွင်းကုန်လိုင်စင်၊ အစိုးရကန်ထရိုက်စသည်များကို အစိုးရဌာနများက ခွဲဝေပေးရာတွင် အကျင့်ပျက်ပြားမှု၊ မျက်နှာလိုက်မှုများနှင့် ပြည့်နှက်နေသည်။ ယင်းစနစ်၏အကျိုးဆက်သည်ကား ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် အစိုးရယန္တရားကို ပိုမိုအသုံးချလာတော့သည်။ ထိုသို့သော



နိုင်ငံတော်မျိုးကို သားရဲဆန်သောနိုင်ငံတော်ဟု သမုတ်ကြပြီး ကြုံရသည့်ပြဿနာမှာ ထိုသို့သောနိုင်ငံတော်မျိုးမှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏အကျိုးစီးပွားအတွက် အရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းပေးသည့် နိုင်ငံတော်အဖြစ်သို့ ရောက်ရှိစေမည့်အခြေအနေများကို ဘယ်ပုံဘယ်နည်း ဖန်တီးပေးမလဲဆိုသည့် အချက်ပင်ဖြစ်ချေသည်။

## သုံးသပ်ချက်

ဖွံ့ဖြိုးမှုတိုးတက်လာရေးကိစ္စတွင် ကောင်းမွန်သောအုပ်ချုပ်ရေး၏အရေးပါမှုကို ကမ္ဘာတစ်လွှားက အသိအမှတ်ပြုလက်ခံထားပြီး ဖြစ်သည်။ ၎င်းသည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးတွင် လုပ်ကိုင်နေသော အုပ်ချုပ်မှုနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ ဗဟိုချက်မပင် ဖြစ်ပေသည်။ မျက်မှောက်ခေတ်အသုံးအနှုန်းအရ ကောင်းမွန်သောအုပ်ချုပ်ရေးတွင် အနက်အဓိပ္ပာယ်နှစ်မျိုးပါဝင်နေပေသည်။ ပထမအချက်မှာ နိုင်ငံတော်၏စွမ်းဆောင်ရည်မြှင့်တင်ပေးရေးနှင့် နိစ္စဓူဝကြုံတွေ့နေရသော နိုင်ငံရေးတောင်းဆိုမှုများမှ အကာအကွယ်ပေးနိုင်သည့်အခြေအနေများကို ဖန်တီးပေးရေးဖြစ်သည်။ ဒုတိယအချက်မှာ အားလုံးပါဝင်ခွင့်နှင့် ဒီမိုကရေစီကျင့်သုံးမှုများ ပိုမိုထွန်းကားလာရေးကို လူထုအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များက ပါဝင်လုပ်ဆောင်ခွင့်ပေးထားသော ဗဟိုထိန်းချုပ်မှု လျှော့ချရေးလုပ်ငန်းစဉ်နှင့် ပတ်သက်နေသည် (မာသုရာ)။

တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အများပါဝင်ဆောင်ရွက်ခွင့် စသည်တို့သည် ကောင်းမွန်သောအုပ်ချုပ်ရေး၏အာဘော်များပင်ဖြစ်သည်။ မတူကွဲပြားခြားနားသည့် ဖွံ့ဖြိုးမှုအဆင့်

များတွင် ရှိနေကြသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကောင်းမွန်သော အုပ်ချုပ်ရေးအယူအဆကို လက်တွေ့ကျင့်သုံးရာ၌ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အလုပ်ဖြစ်သည့် အရာအားလုံးကို ဖွံ့ဖြိုးဆဲနိုင်ငံများက လိုက်လုပ်နိုင်မည်ဟု မျှော်လင့်ထားခြင်းသည် ပြည်သူများ၊ အထူးသဖြင့် ဆင်းရဲသားများအတွက် ပြင်းထန်သောအကျိုးဆက်များ မရည်ရွယ်ဘဲ သက်ရောက်လာနိုင်သည်။ နိုင်ငံ သို့မဟုတ် ဒေသတစ်ခုချင်းစီသည် ကွဲပြားသည့်အုပ်ချုပ်မှု နောက်ခံအခြေအနေများ ရှိနေပေရာ ကောင်းမွန်သောအုပ်ချုပ်ရေးဆိုသည်မှာ မတူညီသည့် နိုင်ငံများအတွက် မတူညီသော အဓိပ္ပာယ်များရှိနေပြီး သူတို့နှင့်သာ သက်ဆိုင်သည့် အုပ်ချုပ်မှုဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရပေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာနိုင်ငံနှင့် ဒေသတစ်ခုချင်းစီ၏ နောက်ခံအခြေအနေပေါ်မူတည်၍သာလျှင် ကောင်းမွန်သောအုပ်ချုပ်ရေး အယူအဆကို နားလည်သဘောပေါက်ရန်အရေးကြီးပြီး သူတို့နှင့်သာ သီးသန့်သက်ဆိုင်သည့် အုပ်ချုပ်မှုဆိုင်ရာပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် လက်တွေ့ကျသော မိရိုးဖလာ လုပ်နည်းလုပ်ဟန်များကို ရှာဖွေရန်ဖြစ်သည်။ နိုင်ငံတစ်ခုချင်းသည် မိမိတို့၏ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး နောက်ခံအခြေအနေများနှင့်ကိုက်ညီသည့် ကိုယ်ပိုင်ကောင်းမွန်သော အုပ်ချုပ်ရေးအစီအစဉ်များကိုသာလျှင် ဖော်ထုတ်ဆောင်ရွက်ရန် ဖြစ်သည်။

ကုန်လွန်ခဲ့သော ဆယ်စုနှစ်ခြောက်စုအတွင်း ရရှိခဲ့သော အိန္ဒိယဒီမိုကရေစီအတွေ့အကြုံများက ကောင်းမွန်သော အုပ်ချုပ်ရေးသည် လူမှုအခွင့်အလမ်းများကျယ်ပြန့်လာရေးနှင့် ဆင်းရဲမှုပပျောက်ရေးတို့ကို ရည်မှန်းချက်ထားဆောင်ရွက်ရန် ဖြစ်ကြောင်း အခိုင်အမာပြသခဲ့ပြီး ဖြစ်သည်။ အတော်များများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သကဲ့သို့ ဆက်လက်လုပ်ဆောင်ဖို့လည်း များစွာ



ကျန်ရှိနေသည်။ နိုင်ငံတွင်းရှိ နေရာအချို့များတွင် ဥပဒေမဲ့ပြုလုပ်မှုများ တိုးပွားလျက်ရှိပြီး ဂိုဏ်းဂဏ သို့မဟုတ် အယူအဆများအပေါ် အခြေခံထားသော လက်နက်ကိုင်အုပ်စုများသည် အရေးယူခြင်း မခံရဘဲ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည်။ အစိုးရယန္တရားသည် လုပ်ရည်ကိုင်ရည်ညံ့ဖျင်းပြီး ဝန်ထမ်းများသည်လည်း မည်မည်ရရလုပ်စရာမရှိဟု အများကထင်မြင်ယူဆထားကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းသည် နှေးကွေးပြီး အရည်အချင်းမဲ့ကာ တုံ့ပြန်ဆောင်ရွက်ပေးမှု မရှိပေ။ နေရာတကာတွင် အကျင့်ပျက်ပြားနေပြီး ကျွန်ုပ်တို့စနစ်၏ ပဓာနကျသည့်အရာများကို ဖျက်ဆီးနေခြင်း၊ စီးပွားရေးတိုးတက်မှုကို အခြေမှလိုက်စားနေခြင်း၊ ပြိုင်ဆိုင်မှုများကို ပုံပျက်စေခြင်း စသည်တို့ကြောင့် ဆင်းရဲ၍ ဘေးဖယ်ထားခြင်းခံရသော နိုင်ငံသားများကို တစ်ဖက်စောင်းနင်းထိခိုက်လျက်ရှိသည်။ နိုင်ငံတော်အဖွဲ့အစည်းတိုင်း၏အဆင့်တိုင်းတွင် အာဏာအလွဲသုံးစားမှုများရှိနေခြင်းသည် ဒီမိုကရေစီရေးအတွက် ပြဿနာတစ်ရပ်ဖြစ်လာသည်။ ထို့ကြောင့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းအားလုံးကို ပြန်လည်ဖွဲ့စည်းကာ သွေးသစ်လောင်းရေးသည် အရေးကြီးသည့် ထိပ်တန်းဦးစားပေးအဆင့်သို့ ရောက်ရှိလာသည်။ ထိုသို့မလုပ်ဆောင်နိုင်လျှင် လူများစုခံစားနေရသော အဆိုးအမြင်များနှင့် စိတ်ပျက်အားလျော့မှုများက ဒီမိုကရေစီအဖွဲ့အစည်းများအပေါ်ထားရှိသည့် ယုံကြည်မှုများကို ကြေမွသွားစေနိုင်သည်။

၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အိန္ဒိယမဲဆန္ဒရှင်များက ၎င်းတို့၏ကိုယ်စားလှယ်များကို ပြည်သူ့ဘဝနယ်ပယ်တွင် ရိုးသားဖြောင့်မတ်မှုရှိသော ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် ပေးကမ်းစွန့်ကြဲမှုအစား ဘက်စုံဖွံ့ဖြိုးမှုကို လိုလားကြကြောင်းကို

ပြတ်ပြတ်သားသား သတင်းစကားလက်ဆောင်ပါးခဲ့ကြသည်။ ရွေးကောက်ပွဲသည် ဒေသဆိုင်ရာနှင့် ဇာတ်ကွဲပြားမှုများကို ပေါင်းစုထားသည့်ပြိုင်ဆိုင်မှုမဟုတ်ဘဲ စာရိတ္တပျက်ပြားပြီး ကျွမ်းကျင်မှုမရှိဟု အများကရှုမြင်ထားသည့်အစိုးရကို မောင်းထုတ်ရန်နှင့် ပြတ်သားသည့် ခေါင်းဆောင်မှု ကောင်းမွန်သောအုပ်ချုပ်ရေး ဖွံ့ဖြိုးမှုရလာအောင် လုပ်ဆောင်ပေးရေးစသည့်မှုများကို မဲဆန္ဒပေးသည့် အရေးပါသော အမျိုးသားရေးဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ အစိုးရသစ်၏ ပြည်ထောင်စုဥပဒေရေးရာနှင့် တရားရေးရာဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ရာဗီရှမ်ကာပရာဆဒ်က သူတို့ပါတီသည် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်ပတ်သက်သည့် အစီအစဉ်များကို ချမှတ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိပေးရာတွင် အစိုးရသည် ပွင့်လင်းမြင်သာကာ တည်ငြိမ်မှုရှိပြီး ရင်းနှီးမြှုပ်နှံမှုကို မျက်နှာသာပေးသည့် စနစ်တစ်ရပ်ကို ထူထောင်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ အစိုးရသည် မျှတသောမူဝါဒ၊ ပွင့်လင်းမြင်သာမှု၊ မျက်နှာလိုက်ခြင်းမရှိသောစနစ်စသည်တို့အပေါ်တွင် အခြေခံထားသောရင်းနှီးမြှုပ်နှံမှုအခြေအနေကို လိုလားသည် (The Republic)။ အိန္ဒိယနိုင်ငံသားများဖြစ်ကြသော ကျွန်ုပ်တို့သည် အစိုးရသစ်၏ခေါင်းဆောင်ဖြစ်သော ဝန်ကြီးချုပ်ရင်ဒရာမိုဒီကို မျှော်လင့်စောင့်စားမှုများ ကြီးကြီးမားမားထားရှိ၍ စောင့်ကြည့်လျက်ရှိပြီး ကောင်းမွန်သောအုပ်ချုပ်ရေးက ကတိစကားအား ဖြည့်ဆည်းပေးနိုင်ကြောင်း အစိုးရသစ်ကို ဆုမွန်ကောင်းတောင်းအပ်ပေသည်။

# နိုင်ငံသားပိုင်ခွင့်များ၊ တာဝန်များနှင့် ယဉ်ကျေးမှု

ဒေါက်တာတာပန်ဘစ်ဝါလ်နှင့်
ဒေါက်တာဘစ်ပါရမ်ဂျန်မိုဟန်တီ

## နိုင်ငံသားအဓိပ္ပာယ်

နိုင်ငံသားတစ်ဦးဆိုသည်မှာ နိုင်ငံတော်က ဖွဲ့စည်းပုံအခြေခံဥပဒေအရပေးအပ်ထားသော နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များနှင့် အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိပြီး အပြန်အလှန်အားဖြင့် နိုင်ငံတော်နှင့် နိုင်ငံအတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် သက်ဆိုင်သောသူ ဖြည့်ဆည်းပေးရမည့် ဝတ္တရားများ သို့မဟုတ် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေသည့် နိုင်ငံ၏အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ နိုင်ငံသားဖြစ်မှု အယူအဆ၏ အရင်းဦးသည် ဂရိမြို့ပြနိုင်ငံဖြစ်သော်လည်း ထိုရှေးကာလတွင် နိုင်ငံသားဖြစ်မှုကို ကျဉ်းမြောင်းစွာသာ အဓိပ္ပာယ်ကောက်ယူထားသည်။ အာရစ္စတော်တယ်လ်က "နိုင်ငံ၏အရေးကိစ္စများနှင့် ချင့်ချိန်ဝေဖန်ဆွေးနွေးကြသည့် လုပ်ငန်းစဉ်တွင်သော်လည်းကောင်း၊ တရားစီရင်ခြင်းလုပ်ငန်းများတွင်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ခွင့်ရှိသူတစ်ဦးကို နိုင်ငံသားတစ်ဦးဖြစ်သည်ဟု ကျွန်ုပ်တို့က ပြောကြသည်" ဟု ဆိုသည် (ဖော့လ်ခ် ၂၀၀၀၊ ၂၄)။ မျက်မှောက်ကာလတွင်မူ နိုင်ငံအုပ်ချုပ်ရေးတွင် နိုင်ငံသားများ တိုက်ရိုက်ပါဝင်ခွင့်ရရှိရန် မဖြစ်နိုင်တော့ပေ။ ယနေ့အချိန်အခါတွင် နိုင်ငံသားများသည် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်တာဝန်ရှိပြီး နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များကို ခံစားခွင့်ရရှိထားသော နိုင်ငံတစ်ခု၏အဖွဲ့ဝင်များ ဖြစ်ကြသည်။

## နိုင်ငံသားဖြစ်မှုအဓိပ္ပာယ်

နိုင်ငံသားဖြစ်မှုဆိုသည်မှာ "အများကောင်းကျိုးအတွက် မိမိသင်ယူတတ်မြောက်ထားသည့် အသိတရားများဖြင့် အလုပ်အကျွေးပြုနေခြင်းဖြစ်သည်" ဟု လာစကီက ပြောကြားခဲ့သည် (ကင်မ်လိကာ ၁၉၉၅၊ ၂၆)။ အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူတစ်ဦး၏ရပိုင်ခွင့်များနှင့် အခွင့်အရေးများထက် လူ့အဖွဲ့အစည်းကောင်းကျိုးကို မြှင့်တင်ပေးရန် နိုင်ငံတော်အတွက် ထမ်းဆောင်ပေးရမည့် ဝတ္တရားများနှင့် တာဝန်များအပေါ် ပို၍အလေးပေးထားသည်။ ရှန်ဟာစာစပ်ထရီကလည်း နိုင်ငံသားတစ်ဦးဆိုသည်မှာ "မိမိလိုလားချက်များကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ရန် ကြိုးစားနေရင်း တစ်ဖက်မှလည်း လူ့အဖွဲ့အစည်း၏ကောင်းကျိုးချမ်းသာကို သယ်ပိုးနိုင်သည့် အရာများကို အသိရှိရှိဖြင့်တန်ဖိုးထားသည့် နိုင်ငံတစ်ခု၏အဖွဲ့ဝင်တစ်ဦး ဖြစ်သည်" ဟု ရေးသားထားသည် (စပ်ထရီ ၂၀၀၁၊ ၃၁)။

အမေရိကန်တရားသူကြီးမိလာကလည်း "နိုင်ငံသားများဆိုသည်မှာ သူတို့နှင့်သက်ဆိုင်သော နိုင်ငံရေးအသိုင်းအဝိုင်း တစ်ခု၏ အဖွဲ့ဝင်များဖြစ်ကြသည်။ သူတို့သည် နိုင်ငံကိုဖွဲ့စည်းတည်ဆောက်ထားသော ပုဂ္ဂိုလ်များဖြစ်ပြီး သူတို့တစ်ဦးချင်းစီနှင့် စုပေါင်းထားသည့် အများစု၏ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် အစိုးရတစ်ရပ်ကို တည်ထောင်သော သို့မဟုတ် ၎င်း၏အုပ်စိုးမှုကိုခံယူသော လူအစုအဖွဲ့ဖြစ်သည်" ဟု ပြောကြားသည်။ သို့ဖြစ်၍ ယေဘုယျအနက်ဖွင့်ဆိုရသော် နိုင်ငံသားဆိုသည်မှာ သူတို့နေထိုင်ရာနိုင်ငံကို သစ္စာစောင့်သိရန်လိုအပ်ပြီး နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို ခံစားရင်းအများအကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း အလုပ်အကျွေးပြုရသူများ ဖြစ်ပေသည်။

"တိုင်းတစ်ပါးသား"၊ "လက်အောက်ခံ"၊ "ပြည်သူပြည်သား" စသော အယူအဆများကို ကွဲကွဲပြားပြား သိမြင်လာလျှင် နိုင်ငံသား



ဖြစ်ခြင်း၏ အဓိပ္ပာယ်နှင့် သဘောသဘာဝကို ရှင်းလင်းစွာ သိမြင်သွားမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးသည် နိုင်ငံရေးအသိုင်းအဝိုင်း တစ်ခုအတွင်း၌ နေထိုင်သူဖြစ်ပြီး နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များကို အခြားအဖွဲ့ဝင်များနှင့်အတူတကွပူးတွဲပိုင်ဆိုင်သူတစ်ဦးဖြစ်သည်။ သို့သော်လည်း "တိုင်းတစ်ပါးသားများ" ကမူ ပြည်ပနိုင်ငံတစ်ခုခုကိုသစ္စာခံထားကြသူများဖြစ်ပြီး နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်မရှိပေ။ အချို့အချိန်များတွင် ခြွင်းချက်အနေဖြင့် နိုင်ငံသားဆိုင်ရာအခွင့်အရေးများကို ခံစားခွင့်ပြုထားသော်လည်း လက်မခံနိုင်သောအပြုအမူများနှင့် ဥပဒေချိုးဖောက်မှုအကြောင်းပြချက်တို့ဖြင့် အခွင့်အရေးများကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ သို့သော်လည်း မည်သည့်အကြောင်းပြချက်နှင့်မျှ မဲဆန္ဒပေးပိုင်ခွင့်၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်စသော နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ ခံစားခွင့်မရှိပေ။ လက်မခံနိုင်သောအပြုအမူကို အကြောင်းပြု၍ တိုင်းတစ်ပါးသားကို ပြည်နှင်ဒဏ်ခတ်နိုင်သည်။ နိုင်ငံသားတစ်ဦးကို ပြစ်ဒဏ်စီရင်နိုင်သော်လည်း ပြည်နှင်ဒဏ်ပေး၍မရပေ။

တစ်ခါတစ်ရံတွင် နိုင်ငံသားတစ်ဦးနှင့် လက်အောက်ခံတစ်ဦးတို့ကို ခွဲခြားသတ်မှတ်ကြသည်။ နိုင်ငံသားတစ်ဦးသည် နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များကို အပြည့်အဝခံစားခွင့်ရှိသော်လည်း လက်အောက်ခံတစ်ဦးသည် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို ခံစားပိုင်ခွင့်မရှိပေ။ အများအားဖြင့် လက်အောက်ခံဟူသော စကားရပ်ကို ဘုရင်စနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံ၏ အဖွဲ့ဝင်များအတွက် အသုံးပြုသည်။ သို့သော်လည်း ဒီမိုကရေစီပုံစံအုပ်ချုပ်ရေးများ ပေါ်ပေါက်လာချိန်တွင် အဆိုပါခွဲခြားသတ်မှတ်မှုသည် လက်တွေ့ဘဝတွင် အသုံးဝင်ခြင်းမရှိတော့ပေ။ နိုင်ငံသားတစ်ဦး

သည် နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များကို အပြည့်အ၀ ခံစားခွင့်ရထားသော်လည်း "ပြည်သူပြည်သား" တစ်ဦးသည် နိုင်ငံတော်ကို သစ္စာခံသူတစ်ဦးဖြစ်ပြီး ပြည်တွင်း/ ပြည်ပ နှစ်ဌာနလုံးတွင် တိုင်းပြည်၏ထိန်းချုပ်မှုကို ခံယူရသော်လည်း နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ ခံစားခွင့်မရှိပေ။ ပြည်သူပြည်သားများသည် နိုင်ငံသားများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော်လည်း အကြောင်းတစ်စုံတစ်ရာကြောင့် ဆန္ဒမဲပေးပိုင်ခွင့်မရှိကြပေ။ အသက်မပြည့်သူများ၊ ရာဇဝတ်သားများ၊ ကြွေးမဆပ်နိုင်သူများစသော ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများကို ပြည်သူပြည်သားများအဖြစ် သတ်မှတ်ကြသည်။

မဲဆန္ဒရှင်ဆိုသည်မှာ ရွေးကောက်ပွဲကျင်းပချိန်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကို ဆိုလိုသည်။ သို့သော်လည်း မဲဆန္ဒရှင် မဟုတ်သော နိုင်ငံသားများလည်း ရှိနေနိုင်သည်။ နိုင်ငံသား နှစ်မျိုးနှစ်စားရှိနေရာ မွေးရာပါနိုင်ငံသားနှင့် နိုင်ငံသားဖြစ်ခွင့်ရ နိုင်ငံသားတစ်ဦးဟူ၍ဖြစ်ပေသည်။ နိုင်ငံသားအဖြစ်မွေးလာသူသည် မွေးရာပါနိုင်ငံ သားဖြစ်ပြီး နိုင်ငံတစ်ခု၏တရားဝင်ခွင့်ပြုချက်ဖြင့် နိုင်ငံသားဖြစ်လာသူများသည် နိုင်ငံသားဖြစ်ခွင့်ရနိုင်ငံသားများ ဖြစ်လာသည်။ နိုင်ငံသားဖြစ်ခွင့်ရ နိုင်ငံသားဆိုသည်မှာ မိမိမူရင်းနိုင်ငံ၏ နိုင်ငံသားဘဝကိုစွန့်လွှတ်၍ အခြားနိုင်ငံတစ်ခုက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်သဘောတူညီပြီး ထိုနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူသော တိုင်းတစ်ပါးသား သို့မဟုတ် နိုင်ငံခြားသားတစ်ဦးဖြစ်သည်။ ဖက်ဒရယ်လ်နိုင်ငံတစ်ခုတွင် တစ်ဖက်၌ ဖက်ဒရယ်လ် သို့မဟုတ် ဗဟိုအစိုးရရှိပြီး အခြားတစ်ဖက်တွင်လည်း ပြည်ထောင်စု၏ ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာအစိုးရများဟူ၍ နှစ်မျိုးနှစ်စားရှိနေပေရာ ယေဘုယျအားဖြင့် "ဒွိနိုင်ငံသား ဖြစ်ခွင့်" သို့မဟုတ်



"နှစ်ထပ်ကွမ်းနိုင်ငံသားဖြစ်ခွင့်" ဟူ၍ ရှိသင့်သည်။ ဤသို့သော နိုင်ငံသားဖြစ်ခွင့်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု၏ သဘောထားက ရှင်းလင်းပြတ်သားသည်။ ဆွစ်ဇလန်နိုင်ငံတွင် နိုင်ငံသားတစ်ဦးသည် ဦးစွာပထမ ကင်တန် ခေါ် ပြည်နယ်ခွဲတစ်ခု (ဖက်ဒရယ်လ်အဖွဲ့ဝင် ပြည်နယ်) ၏ နိုင်ငံသားဖြစ်ပြီး ထိုနိုင်ငံသားဖြစ်ခြင်းက ဆွစ်ဖက်ဒရယ်လ်နိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့်ကို အလိုအလျောက် ရရှိသွားသည်။ အိန္ဒိယနိုင်ငံသည် ပြည်နယ်များ စုပေါင်းထားသော်လည်း ဧကနိုင်ငံသားဖြစ်ခွင့်စနစ်ကို ကျင့်သုံးသည်။ ဤသို့ကျင့်သုံးရသည်မှာ အမျိုးသားပေါင်းစည်းညီညွတ်မှုကို အလေးပေးလို၍ဖြစ်ပြီး ခွဲထွက်လိုမှုအလားအလာများအတွက် ဖြေဆေးတစ်ခွက် ဖြစ်သည်။

အရည်အသွေးမြင့်မားသော နိုင်ငံသားများကသာလျှင် ကောင်းမွန်အဆင့်မြင့်မားသည့်နိုင်ငံကို တည်ဆောက်ပေးကြောင်း ဂျေအက်စ်မီးလ်က မှတ်ချက်ပြုထားသည်။ သေးသိမ်သူများနှင့်တော့ ဘယ်နိုင်ငံမှ ခမ်းနားကြီးကျယ်မလာနိုင်ပေ။ နိုင်ငံတစ်ခု၏ ထွန်းပြောင်မှုသည် သူ့နိုင်ငံသားများ၏ ဂုဏ်သတင်း မွေးကြိုင်မှုပေါ်မူတည်နေသည်။ ဒီမိုကရေစီအောင်မြင်စွာ လည်ပတ်နိုင်စေရန်မှာ တက်ကြွ၍ ဉာဏ်ရည်ထက်မြက်ပြီး ပြည်သူ့အကျိုး သယ်ပိုးလိုသော နိုင်ငံသားများကို လိုအပ်ပေသည် (ဒဝေါ့ကင် ၁၉၉၁၊ ၄၅)။ ဤအရာများသည် နိုင်ငံသားကောင်းများ၏ သုစရိုက်များပင် ဖြစ်သည်။

နိုင်ငံသားကောင်းတစ်ဦးသည် ပါးနပ်လိမ္မာမှု၊ ချုပ်တည်းနိုင်စွမ်း၊ အသိတရားစသော အရည်အသွေးသုံးရပ်ကို ပိုင်ဆိုင်ထားရန်လိုကြောင်း လော့ဒ်ဘရိုက်စ်က ထောက်ပြခဲ့သည်။ ပါးနပ်လိမ္မာမှုဆိုသည်မှာ မိမိဉာဏ်ကိုအသုံးချတတ်ခြင်းနှင့် အမှားအမှန်ကို သိမြင်နိုင်ခြင်းတို့ဖြစ်သည်။ ချုပ်တည်းနိုင်စွမ်းဟုဆိုရာ၌

နိုင်ငံသားကောင်းတစ်ဦးက မိမိကိုယ်ကျိုးနှင့် မိမိဒေသ၏အကျိုးစီးပွားတို့ကို မိမိပါဝင်နေသောလူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ယေဘုယျအကျိုးစီးပွား၏လက်အောက်တွင် ထားရှိနိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံသားကောင်းတစ်ဦးသည် မိမိဉာဏ်ကိုကောင်းစွာ အသုံးချနိုင်ကာ လူမှုဘဝ၏ ပြဿနာများကို နားလည်နိုင်စွမ်းရှိပြီး အရှည်မျှော်တွေး၍ ပြဿနာများကို မှန်မှန်ကန်ကန်ဖြေရှင်းတတ်သည့် အရည်အချင်းများ ပိုင်ဆိုင်ထားရန် လိုအပ်ပေသည်။ နိုင်ငံသားကောင်းတစ်ဦးသည် အကောင်းအဆိုး ဝေဖန်ပိုင်းခြား၍ ရိုးသားဖြောင့်မတ်စွာ ဆင်ခြင်တုံတရားရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ အသိတရားက သူ့ကို လူ့အဖွဲ့အစည်းအပေါ်တွင် ထားရှိအပ်သော တာဝန်သိစိတ်နှင့် အလုပ်အကျွေးပြုလိုသော စိတ်တို့ကို သွန်သင်ပေးသည်။

လော့ဒ်ဘရိုက်စ်က ပျင်းရိခြင်း၊ ကိုယ်ကျိုးစီးပွား၊ ပါတီစွဲ စသည်တို့သည် နိုင်ငံသားကောင်းဖြစ်လာစေရေးအတွက် အဓိက အတားအဆီး သုံးရပ်ဖြစ်နေသည်ဟု ထောက်ပြထားသည်။ ဤအချက်များထဲသို့ ဆင်းရဲမှု၊ မသိနားမလည်မှု၊ ဆိုးဝါးသည့် လူမှုရေးအစဉ်အလာများကို ပေါင်းထည့်လိုက်နိုင်သည်။ ယင်းအချက်က ပြည်သူ့ရေးရာကိစ္စများကို လျစ်လျူရှုထားခြင်း သို့မဟုတ် စိတ်ပါလက်ပါမရှိခြင်း သဘောသက်ရောက်နေသည်။ ပြည်သူ့ရေးရာတာဝန်ဝတ္တရားများကို ဆောင်ရွက်လုပ်ကိုင်ရာတွင် ပျင်းရိခြင်းနှင့် ပါဝင်ဆောင်ရွက်ကင်းမဲ့ခြင်းသည် နိုင်ငံသားကောင်းဖြစ်ရေး၏ အဆိုးဝါးဆုံးရန်သူများပင် ဖြစ်ချေသည်။ အမြဲသတိဝီရိယနှင့် နေထိုင်ရခြင်းသည် လွတ်လပ်မှု၏အဖိုးအခပင် ဖြစ်သည်။ ပြည်သူများဘက်က စိတ်လွတ်ကိုယ်လွတ်နေထိုင်ခြင်းနှင့် လှုပ်ရှားမှုကင်းမဲ့ခြင်းတို့သည် အာဏာပိုင်များက အာဏာအလွဲသုံးစားပြုလုပ်နိုင်စေရန်အတွက် လမ်းခင်းပေးခြင်းပင်ဖြစ်သည်။



အဆိုပါ ကျဉ်းမြောင်းသည့် ရည်ရွယ်ချက်၏လှုံ့ဆော်မှုက နိုင်ငံသားများကို ပြည်သူ့အကျိုးစီးပွားကို လျစ်လျူရှုစေကာ အများကောင်းစားရေးကိုစတေးပြီး သူတို့၏ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်လာစေတော့သည်။ မဲဆန္ဒရှင်တစ်ဦးက သူ့မဲပြားကို ရောင်းစားခြင်း၊ အစိုးရဝန်ထမ်းတစ်ဦးက အဂတိလိုက်စားခြင်း၊ နိုင်ငံရေးသမားတစ်ဦးက အစိုးရရာထူးများကို မိမိနောက်လိုက်များကို ခွဲဝေပေးခြင်း၊ နိုင်ငံသားတစ်ဦးက မိမိကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်ကို သစ္စာဖောက်ခြင်း စသည်တို့ ပေါ်ပေါက်လာနိုင်ပေသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် လည်ပတ်နိုင်စေရန်အတွက် နိုင်ငံရေးပါတီများ မရှိမဖြစ်လိုအပ်သည်။ သို့သော်လည်း နိုင်ငံရေးပါတီများသည် မကြာခဏဆိုသလိုပင် နိုင်ငံ့အကျိုးစီးပွားထက် ပါတီအကျိုးစီးပွားကို ရှေ့တန်းတင်တတ်ကြသည်။ မတူကွဲပြားသည့်ပါတီများအကြား ဆိုးဝါးသောပြိုင်ဆိုင်မှုများက နိုင်ငံရေးလောကတစ်ခုလုံးကို အကျင့်ပျက်ပြားသွားစေပြီး လူ့အဖွဲ့အစည်း၏ကိုယ်ကျင့်တရားစံနှုန်းများကို တန်ဖိုးလျော့ပါးသွားစေသည်။ အများပြည်သူဆိုင်ရာကိစ္စရပ်များကိုလည်း ပါတီနိုင်ငံရေးရှုထောင့်မှသာ ကြည့်ရှုလာကြတော့သည်။

ပါတီအဖွဲ့များသည် ဥပဒေပြုအဖွဲ့ကိုသာ ကွဲပြားသွားစေသည်မဟုတ်ဘဲ နိုင်ငံတစ်ခုလုံးကိုပင် ရန်ဘက်ပြုနေကြသောအုပ်စုများအဖြစ် ကွဲပြားသွားစေပြီး နာကြည်းမှုနှင့် ရန်လိုမှုများပြည့်နှက်နေသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးလိုက်သည်။ နိုင်ငံသားကောင်းဖြစ်ရေးတွင် ဆင်းရဲမွဲတေမှုသည် စိုးရိမ်ရသည့်အဟန့်အတား တစ်ရပ်ဖြစ်နေသည်။ တစ်နေ့လျှင် အစာရေစာနှစ်နပ်ကို ဝဝလင်လင်မစားရသော ဆင်းရဲမွဲတေနေသည့်နိုင်ငံသားတစ်ဦးသည် ဘဝကို စိတ်ဝင်စားမှုမရှိတော့ဘဲ နိုင်ငံ့စီမံခန့်ခွဲရေးတွင်လည်း ပါဝင်ရန် ပျက်ကွက်နေတော့သည်။ ထပ်မံ၍လည်း ဆင်းရဲမွဲတေ

မှုက လူတစ်ဦးကို ခိုးမှု၊ လိမ်လည်မှုနှင့် အခြားရာဇဝတ်မှုများကို ကျူးလွန်မိစေရန် မကြာခဏ တွန်းပို့လျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံသားတိုင်း၏ အသက်ရှင်အခြေခံလိုအပ်ချက်များအတွက် အာမခံချက်ပေးနိုင်ရန် လိုအပ်သည်။

လူတစ်ဦးသည် (က) ဇာတိ သို့မဟုတ် မျိုးဆက်အရ (ခ) ခွင့်ပြုချက် သို့မဟုတ် ချီးမြှင့်မှုအရ နိုင်ငံသားတစ်ဦး ဖြစ်ခွင့် ရလာခဲ့သည်။ နိုင်ငံသားဖြစ်ခွင့်ရရှိစေသည့် ပထမဆုံးနှင့် အဓိကကျသော နည်းလမ်းသည် ဇာတိနှင့် ဆက်နွယ်နေသည်။ ၎င်းအချက်နှင့်ပတ်သက်၍ ကျင့်သုံးသည့်မူနှစ်ရပ် ရှိသည်။ ပထမမူကို "ဂျူစ်စန်ဂွင်းနစ်" (သွေးသားတော်စပ်မှု) ဟု ခေါ်ဆိုပြီး အခြားမူကို "ဂျူစ်ဆိုလီ" (မွေးရာအရပ်ဒေသ) မူဟု ခေါ်ဆိုသည်။ "ဂျူစ်စန်ဂွင်းနစ်" မူအရ ကလေးငယ်တစ်ဦး၏နိုင်ငံသားဖြစ်ခွင့်ကို မွေးဖွားရာအရပ်ကို အခြေမခံဘဲ သူ့မိဘနှစ်ပါး သို့မဟုတ် တစ်ဦးဦးကို အခြေခံထားသည်။ အီတလီ၊ ဂျာမဏီ၊ ဆွီဒင်၊ ပြင်သစ်၊ ဆွစ်ဇလန်စသည့် နိုင်ငံများက မျိုးရိုးကိုသာအဓိကထားသောမူကို လက်ခံကျင့်သုံးသည်။

အဆိုပါမူအရ ဂျာမန်နိုင်ငံသားတစ်ဦး၏ကလေးငယ်တစ်ဦးသည် အိန္ဒိယနိုင်ငံတွင် မွေးဖွားသော်လည်း ဂျာမန်နိုင်ငံသားပင် ဖြစ်သွားပေသည်။ "ဂျူစ်ဆိုလီ" မူအရဆိုလျှင် မွေးဖွားရာဒေသက အဆုံးအဖြတ်ဖြစ်သည်။ အာဂျင်တီးနားနိုင်ငံကလည်း ၎င်းမူကို ကျင့်သုံးပေရာ အိန္ဒိယလူမျိုးမိဘနှစ်ပါးမှ အာဂျင်တီးနားနိုင်ငံတွင် မွေးဖွားသည့်ကလေးငယ်သည် အထက်ပါမူအရ အာဂျင်တီးနား နိုင်ငံသား ဖြစ်သွားပေသည်။ "ဂျူစ်စန်ဂွင်းနစ်" မူက ပို၍ ကျိုးကြောင်းဆီလျော်မှုတမှုရှိပေသည်။ ကလေးငယ်တစ်ယောက်အဖို့ သူ့မိဘများ၏ နိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့်ရရှိခြင်းသည် သဘာဝကျပေသည်။ လက်တွေ့ကျင့်သုံးမှုတွင်လည်း အမေရိကန်ပြည်ထောင်စုနှင့်



ယူနိုက်တက်ကင်းဒမ်းတို့က အထက်ပါ မူနှစ်ရပ်လုံးကို လက်ခံကျင့်သုံးသည်။ သူတို့နိုင်ငံသားများအတွက် "ဂျူစ်စန်ဂွင်းနစ်" မူကို ကျင့်သုံး၍ နိုင်ငံခြားသားအတွက်မူ "ဂျူစ်ဆိုလီ" မူကို ကျင့်သုံးသည် (ဘာဘာလက် ၂၀၀၁၊ ၈)။

နိုင်ငံသားဖြစ်ခွင့်ပေးခြင်းဆိုသည်မှာ တိုင်းတစ်ပါးသားတစ်ဦးကို နည်းလမ်းတစ်မျိုးမျိုးဖြင့် နိုင်ငံသားအဖြစ် လက်ခံအသိအမှတ်ပြုသော လုပ်ငန်းစဉ်ဖြစ်သည်။ မတူညီသောနိုင်ငံများ၏ဥပဒေများအရ အောက်ပါနည်းလမ်းတစ်မျိုးမျိုးဖြင့် နိုင်ငံသားဖြစ်ခွင့်ပေးအပ်လေ့ရှိသည်။ နိုင်ငံတစ်ခု၏ နိုင်ငံသားယောကျ်ားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်သည့် နိုင်ငံခြားသူတစ်ဦးသည် သူ့ခင်ပွန်းနိုင်ငံ၏ နိုင်ငံသား ဖြစ်သွားသည်။ ထိုယောကျ်ားသည် မိမိဇနီးသည်နိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့်မရှိဟု ပြော၍ရသည်။ နိုင်ငံသားဖခင်နှင့် တိုင်းတစ်ပါးမိခင်တို့မှ တရားမဝင်မွေးဖွားလာသော ကလေးငယ်တစ်ဦးသည် မိဘနှစ်ပါးတရားဝင်ထိမ်းမြားပြီး နောက်ပိုင်းတွင် ဖခင်နိုင်ငံ၏ နိုင်ငံသား ဖြစ်လာသည်။ နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားလာသော ကလေးများအရွယ်ရောက်သည့်အချိန်တွင် သူတို့မွေးဖွားသည့် နိုင်ငံ၏ နိုင်ငံသားအဖြစ် ရွေးချယ်ခွင့်ရှိသဖြင့် ထိုနိုင်ငံ၏ နိုင်ငံသား ဖြစ်ခွင့်ရှိလာသည်။

## နိုင်ငံသား၏ပိုင်ခွင့်များ

သက်ဆိုင်ရာနိုင်ငံက အသိအမှတ်ပြုထားသည့် လူ့အဖွဲ့အစည်းဆိုင်ရာ အမိန့်များ၊ နည်းဥပဒေများကို ရပိုင်ခွင့်များဟု ခေါ်ဆိုသည်။ လာစကီ၏အဆိုအရ "ရပိုင်ခွင့်များသည် လူမှုဘဝ၏ သတ်မှတ်ချက်များဖြစ်ပြီး သူတို့သာမရှိလျှင် တစ်ဦးတစ်ယောက်မှ မိမိဘဝ၏အကောင်းဆုံးအဆင့်သို့ ရောက်ရှိမည်မဟုတ်ပေ။"

ဂရင်း၏စကားရပ်များအရ "ရပိုင်ခွင့်ဆိုသည်မှာ တောင်းဆို၍ ရရှိထားသော လုပ်ပိုင်ခွင့်ဖြစ်ပြီး အများကောင်းကျိုးကို အထောက်အကူပေးကြောင်း အသိအမှတ်ပြုထားသည်"။ "စစ်မှန်သောရပိုင်ခွင့်သည် လူ့အဖွဲ့အစည်းတိုးတက်လာရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး လူ့အဖွဲ့အစည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးလာရေးသည် မူမတူညီသော ရပိုင်ခွင့်များအပေါ် မူတည်နေသည်" ဟု ဟော့ဘ်ဟောက်စ်က ယူဆထားသည် (ဟောတွန် ၁၉၉၅၊ ၉)။ တစ်ဦးချင်းရပိုင်ခွင့်များမရှိဘဲနှင့် လူမှုဘဝဖွံ့ဖြိုးလာနိုင်မည်မဟုတ်ပေ။ အန္တရာယ်အပေါင်းမှ အကာအကွယ်ပေးပြီး အဆိုပါရပိုင်ခွင့်များခံစားလာနိုင်စေရန် ဆောင်ရွက်ပေးသူသည် နိုင်ငံတော်သာလျှင်ဖြစ်ပေသည်။ လူတစ်ဦးချင်းဖွံ့ဖြိုးလာရေးကိစ္စတွင် အဆိုပါ ရပိုင်ခွင့်များက အရေးပါပေသည်။ သို့သော်လည်း သူသည် တစ်ကိုယ်ကောင်းမဆန်သင့်ပေ။ သူသည် ၎င်းပိုင်ခွင့်များကို လူ့အဖွဲ့အစည်းဖွံ့ဖြိုးလာမှုအတွက် အသုံးချသင့်သည်။ သူ့ပိုင်ခွင့်များကို ခံစားရာတွင်လည်း လူ့အဖွဲ့အစည်းအတွက် ထမ်းဆောင်မည့် သူ့တာဝန်ဝတ္တရားများကိုလည်း မမေ့အပ်ပေ။

ဒီမိုကရေစီတွင် နိုင်ငံသားအားလုံး ရပိုင်ခွင့်များကို တန်းတူညီတူ ရရှိစေရမည်။ ဥပဒေရှေ့မှောက်တွင် ပိုင်ခွင့်တန်းတူညီတူရှိရမည်။ ချမ်းသာသူများကိုပေးအပ်ထားသော ပိုင်ခွင့်များကို ဆင်းရဲသူများကလည်း အလားတူခံစားခွင့်ရှိရမည်။ ပိုင်ခွင့်များသည် ထာဝရမတည်နိုင်သကဲ့သို့ မပြောင်းဘဲလည်း မနေပေ။ အချိန်အခါကိုလိုက်၍ ပိုင်ခွင့်များတွင် ပါဝင်သည့်အချက်အလက်များသည် ပြောင်းလဲမှုရှိနေသည်။ ပိုင်ခွင့်များသည် လူ့အဖွဲ့အစည်းနှင့် ကင်းလွတ်၍ သီးခြားတည်ရှိနေခြင်း မဟုတ်ပေ။ အကယ်၍ ရပိုင်ခွင့်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီက လူ့အဖွဲ့အစည်းထံမှ



တောင်းဆိုပိုင်ခွင့်ဟုဆိုလျှင် လူ့အဖွဲ့အစည်းကလည်း လူတစ်ဦးချင်းစီကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် သူတို့ထမ်းဆောင်ရမည့်တာဝန်များကို ဖြည့်ဆည်းပေးရန် တောင်းဆိုပိုင်ခွင့် ရှိသည်။

တရားဥပဒေဆိုင်ရာပိုင်ခွင့်များဆိုသည်မှာ ဥပဒေတွင် အမြတ်တနိုးထည့်သွင်းထားသည့် ပိုင်ခွင့်များဖြစ်ပြီး တရားရုံးများမှတစ်ဆင့် ထိုပိုင်ခွင့်များကို ခံစားခွင့်ရလာအောင် ဆောင်ရွက်၍ရသည့် ၎င်းပိုင်ခွင့်များကို (တိကျသေချာသည့်) ပိုင်ခွင့်များဟုဖော်ပြထားပြီး နောက်ဆုံးအခန်းတွင် ဖော်ပြထားသည့် "တိကျသေချာသော ဥပဒေ" အယူအဆနှင့်အညီ ကိုယ်ကျင့်တရားပိုင်းအရ မည်သို့ပင်ဆိုစေကာမူ ထိုတိကျသေချာသောပိုင်ခွင့်များကို ခံစားခွင့် သို့မဟုတ် အတည်ပြုခွင့်ရှိနေသည်။ အမှန်တကယ်တွင်လည်း ကိုယ်ကျင့်တရားကိုပျက်စေသည်ဟု အများကယူဆထားသော ဥပဒေပါရပိုင်ခွင့်အချို့သည် ကာလတာရှည်စွာ တည်မြဲနေပေသည်။ ၁၉၉၁ ခုနှစ်အထိ ယူနိုက်တက်ကင်းဒမ်းတွင် တည်မြဲနေခဲ့သည့် လင်ယောကျ်ားက ဇနီးမယားကို အဓမ္မပြုကျင့်ခွင့်ကို ခွင့်ပြုထားသော ဥပဒေပါ အခွင့်အရေးကို ဥပမာထုတ်နုတ်ပြသနိုင်သည်။ ဥပဒေပါ ပိုင်ခွင့်များသည် ကျယ်ပြောလှသည့် ဥပဒေဆိုင်ရာဆက်ဆံရေးများအပေါ် လွှမ်းမိုးမှုရှိနေသည်။ အဆိုပါပိုင်ခွင့်များကို အတန်းအစား အမျိုးအစားအလိုက် ခွဲခြားနိုင်ရန် စံပြုထိုက်သော ကြိုးပမ်းမှုတစ်ရပ်ကို လက်စလီဟိုဖဲလ်၏ *အခြေခံဥပဒေရေးရာအယူအဆများ (၁၉၂၃)* တွင် တွေ့ရှိခဲ့ရသည်။ ဟိုဖဲလ်က ဥပဒေအရ ပိုင်ခွင့်လေးမျိုးကို ခွဲခြားပြသထားသည် (လက်စ်နော့ဖ် ၁၉၈၆၊ ၇)။

ပထမအမျိုးအစားတွင် အခွင့်ထူးများ သို့မဟုတ် လွတ်လပ်စွာဆောင်ရွက်ခွင့်များ ပါဝင်သည်။ ထိုပိုင်ခွင့်များက လူတစ်ဦးကို မလုပ်ဘဲနေရန် တာဝန်မရှိသော အလုပ်တစ်ခုခုကို ပြုလုပ်ပိုင်ခွင့်ကို

ပေးအပ်ထားရာ ထိုလုပ်ငန်း (ဥပမာ၊ အများပြည်သူအသုံးပြုနေသော လမ်းမကြီးကို အသုံးပြုခွင့်) ကို လွတ်လပ်စွာ ပြုလုပ်ခွင့်ရနေသည်။ ဒုတိယအမျိုးအစားသည် လူတစ်ဦးက အခြားလူတစ်ဦးအပေါ် တူညီသောတာဝန်ရှိသည်ဟူသော အချက်ပေါ်တွင် အခြေခံထားသည့် တောင်းဆိုပိုင်ခွင့်များဖြစ်ပေရာ ဥပမာထုတ်ပြရသော် လူတစ်ဦးကို အခြားသူတစ်ဦးက ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းမှ အကာအကွယ်ပေးထားသော ပိုင်ခွင့်ဖြစ်သည်။ တတိယအမျိုးအစားသည် ဥပဒေအရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များဖြစ်သည်။ ထိမ်းမြားခွင့် သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကဲ့သို့သော လူတစ်ဦးအား တစ်စုံတစ်ရာကို လုပ်ကိုင်ခွင့်ပြုထားသော ပိုင်ခွင့်များဖြစ်ပြီး ၎င်းတို့ကို ဥပဒေကခွင့်ပြုထားသော စွမ်းရည်များအဖြစ် သဘောထားနိုင်သည်။ စတုတ္ထအချက်မှာ အသက်ငယ်ရွယ်သူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများကို စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်းမျိုးကဲ့သို့သော လူတစ်ဦးကို အခြားသူတစ်ဦး၏ အာဏာစက်သက်ရောက်မှုမှ အကာအကွယ်ပေးသော ကင်းလွတ်ခွင့်ဆိုင်ရာ ပိုင်ခွင့်များ ဖြစ်သည်။

နိုင်ငံရေးစနစ်တစ်ခုအတွင်း၌သာ ခံစားခွင့်ရှိသော ဤဥပဒေပါပိုင်ခွင့်များ၏ အဆင့်အတန်းသည် နိုင်ငံကိုလိုက်၍ သိသိသာသာကွဲပြားနေသည်။ ယူနိုက်တက်ကင်းဒမ်းတွင် ဥပဒေက ပေးအပ်ထားသော ပိုင်ခွင့်များနှင့် ပတ်သက်သည့် အကြောင်းအရာများသည် အစဉ်အလာအရ တိကျရေရာမှုမရှိဘဲ သူတို့အဆင့်အတန်းနှင့် ပတ်သက်၍လည်း မေးခွန်းထုတ်စရာ ဖြစ်နေသည်။ ၁၉၉၈ ခုနှစ် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေမထုတ်ပြန်မီက ရှိနေခဲ့သော လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာသွားလာခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်စသည့် လူတစ်ဦးချင်း၏ ပိုင်ခွင့်အများစုသည် လွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေတွင် ထည့်သွင်းထားခြင်းမရှိပေ။ အမှန်အားဖြင့်လည်း ယူကေလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ဦးချင်း၏လုပ်ကိုင်ပြောဆိုမှုများကို ထိန်းချုပ်ထားသည့် တားမြစ်ချက်များသာ အများဆုံးပါဝင်နေသည်။ ဥပမာပြရသော် လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေက ပေးအပ်ထားသည့် လွတ်လပ်စွာ ပြောဆိုခွင့် ယူကေတွင် မရှိသော်လည်း ဂုဏ်သိက္ခာ ထိခိုက်စေရန်ပြောဆိုမှု၊ စာဖြင့်အသရေဖျက်မှု၊ နှုတ်ဖြင့်အသရေဖျက်မှု၊ ဘာသာရေးကိုစော်ကားမှု၊ ရုန်းရင်းဆန်ခတ်ဖြစ်အောင် လှုံ့ဆော်မှု၊ လူမျိုးရေးအမုန်းပွားစေရန် လှုံ့ဆော်မှု အစရှိသည်တို့အပေါ် အခြေခံ၍ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသားများ၏ ပြောဆိုလုပ်ကိုင်မှုကို ချုပ်ချယ်သည့် မြောက်မြားလှစွာသော ဥပဒေများ ရှိနေခဲ့သည်။

"တားမြစ်ထားခြင်းမရှိသော အရာမှန်သမျှအားလုံးကို လုပ်ပိုင်ခွင့်ရှိသည်" ဟူသော ရိုးရာထုံးတမ်းဓလေ့ဥပဒေ၏ ယူဆချက်အပေါ် အခြေခံထားသောကြောင့် ယူကေ၏ဥပဒေပါပိုင်ခွင့်များကို "အကြွင်းအကျန်" ပိုင်ခွင့်များဟု သတ်မှတ်ကြသည် (မာတင် ၁၉၉၃၊၇)။ ဤအခြေအနေ၏အန္တရာယ်သည်ကား ရှင်းလင်းပြတ်သားသော တရားဝင်အမိပ္ပာယ်ဖွင့်ဆိုချက်မရှိခြင်းကြောင့် တစ်ဦးချင်း၏ပိုင်ခွင့်များကို တရားရုံးတော်က အတည်ပြုချက်ပေးရန် ခက်ခဲခြင်း သို့မဟုတ် အတည်ပြု၍မရနိုင်ခြင်း စသည်တို့ ကြုံနေရသည်။ ၁၉၉၈ ခုနှစ် လူ့အခွင့်ရေးများ ဥပဒေကပိုင်ခွင့်များနှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပိုမိုရှင်းလင်းစွာ ဖော်ပြလာသော်လည်း ယင်းတို့သည် ခိုင်မာစွာအမြစ်တွယ်သည့် အဆင့်သို့ မရောက်ရှိသေးသောကြောင့် ပါလီမန်အား (အထူးလုပ်ထုံးလုပ်နည်းဖြင့်) ထိုဥပဒေကို ထိပါးခွင့်ပေးအပ်ထားသည်။

အထက်ပါအခြေအနေနှင့်ကွဲပြားစွာပင် အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံအတော်များများတွင် ပိုင်ခွင့်များ

ကြေညာစာတမ်းတစ်စောင်ထုတ်ပြန်၍ ဆောင်ရွက်နေကြသည်။ ရပိုင်ခွင့်များစာတမ်းသည် အခြေခံဥပဒေ သို့မဟုတ် အထက်ဥပဒေတွင် အမြတ်တနိုးထည့်သွင်းဖော်ပြထားသော လူတစ်ဦးချင်း၏ ပိုင်ခွင့်များနှင့် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်များကို စုစည်းထားသည့် ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည်။ ထိုသို့သော စာချုပ်စာတမ်းများသည် ခက်ခဲရှုပ်ထွေးခြင်း သို့မဟုတ် ပြင်ဆင်ရန်ခက်ခဲခြင်းတို့ကြောင့် ၎င်းတို့ကို "အမြစ်စွဲနေသော" လူတစ်ဦးချင်း၏ရပိုင်ခွင့်များဟု ပြောနေကျဖြစ်သည်။ သို့ဖြစ်၍ ပိုင်ခွင့်များ ကြေညာစာတမ်းတစ်စောင်က ရှင်းလင်းပြတ်သားသည့် အကျိုးကျေးဇူးအချို့ကို ကမ်းလှမ်းလျက်ရှိကြောင်း တွေ့မြင်ရသည်။

ပထမအချက်မှာယူကေ၏ ရိုးရာအစဉ်အလာကို အကြောင်းပြု၍ ရရှိလာသော "အကြွင်းအကျန်" ပိုင်ခွင့်များနှင့်မတူဘဲ ရပိုင်ခွင့်ကြေညာစာတမ်းတစ်ခုက လူတစ်ဦးချင်း၏ပိုင်ခွင့်များကို ဥပဒေကြောင်းအရ ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့အပြင် ၎င်းတွင် အသိပညာတိုးပွားစေသည့် တန်ဖိုးရှိနေပြီး ပြည်သူများအား သူတို့၏ ပိုင်ခွင့်များကို သဘောပေါက်လာစေခြင်းဖြင့် အစိုးရအဖွဲ့အတွင်းတွင်လည်းကောင်း၊ တရားရုံးများတွင်လည်းကောင်း၊ ပြည်သူများအကြားတွင်လည်းကောင်း "လူ့အခွင့်အရေး ယဉ်ကျေးမှု" ကို မြှင့်တင်ပေးနိုင်သည်။ သို့သော်လည်း အရေးကြီးဆုံးအချက်မှာ ပိုင်ခွင့်များ ကြေညာစာတမ်းတစ်ခုက ပိုင်ခွင့်များကို ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်သော စနစ်တစ်ခုကို ထူထောင်ပေးနိုင်သောကြောင့် လူတစ်ဦးစီကို အင်အားလွန်အစိုးရ၏ရန်မှ အကာအကွယ်ပေးနိုင်သည်။ ယင်းကိစ္စကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် "တရားရေးဆိုင်ရာသုံးသပ်မှု" လုပ်ပိုင်ခွင့်အာဏာကို တရားရုံးများအား ပေးအပ်ထားခြင်းဖြင့် လူတစ်ဦးချင်း၏ပိုင်ခွင့်



များကို ထိပါးနိုင်သည့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၏ ဩဇာအာဏာကို ထိန်းညှိပေးနိုင်ပေသည် (မစ်ဂလီ ၁၉၈၄၊ ၃)။

သို့သော်လည်း ပိုင်ခွင့်များကြေညာစာတမ်းတစ်စောင်သည် ဆိုးကျိုးများကိုလည်း သယ်ဆောင်လာနိုင်သည်။ သာဓကပြရလျှင် ယူနိုက်တက်ကင်းဒမ်း၏ ရှေးရိုးစွဲဝါဒီများက ဥပဒေစနစ်၏ နှလုံးသည်းပွတ်ဖြစ်သော ဓလေ့ထုံးစံများနှင့် ရိုးရာအစဉ်အလာများအပေါ် အခြေခံထားသည့် ထုံးတမ်းဓလေ့ဥပဒေကသာလျှင် လူတစ်ဦး၏ ပိုင်ခွင့်များကို အကောင်းဆုံးအကာကွယ်ပေးနိုင်ကြောင်း ပြောလေ့ပြောထရှိကြသည်။ ၎င်းနှင့်နှိုင်းယှဉ်သော် ပိုင်ခွင့်များကြေညာစာတမ်းသည် ပြောင်းလွယ် ပြင်လွယ် မဖြစ်သကဲ့သို့ သဘာဝတာပဲ တမင်ဖန်တီးထားသည်ဟု ထင်ရပေသည်။ အခြားတစ်ဖက်တွင်လည်း လူတန်းစားအကျိုးစီးပွားကို အကာအကွယ်ပေးနေပြီး မညီမျှမှုများကို ဆက်လက်ထိန်းသိမ်းထားသည်ဟူသော အကြောင်းပြချက်ဖြင့် ဆိုရှယ်လစ်များက ပိုင်ခွင့်များကြေညာစာတမ်းတွေကို မကြာခဏ တန့်ကွက်ကြသည်။

ပစ္စည်းပိုင်ခွင့်များ ခိုင်ခိုင်မာမာ အမြစ်စွဲနေသဖြင့် ပြည်သူပိုင်သိမ်းရန် မဖြစ်နိုင်တော့ဘဲ အခြေခံမှစ၍ လူမှုဘဝကို ပြောင်းလဲပစ်ရေးလုပ်ငန်းကို အဟန့်အတားဖြစ်နေသောကြောင့် အထက်ပါအခြေအနေများ ပေါ်ပေါက်လာနိုင်သည်။ သို့သော်လည်း ပိုင်ခွင့်များကြေညာစာတမ်းတစ်ခု၏ အကြီးမားဆုံးချို့ယွင်းအားနည်းချက်သည်ကား တရားစီရင်ရေးအဖွဲ့အစည်း၏အာဏာကို အဆမတန်တိုးချဲ့ပေးလိုက်ခြင်းပင်ဖြစ်သည်။ ပိုင်ခွင့်များကို ထုံးစံအတိုင်းမတိမကျ မရေမရာ သို့မဟုတ် လိုသလိုဆွဲဆန့်၍ရအောင် ဖော်ပြထားပေရာ တရားသူကြီးများက ထိုပိုင်ခွင့်များ၏ဘောင်ကို ကန့်သတ်ပေးလိုက်ခြင်းသည် နိုင်ငံရေးဆုံးဖြတ်ချက်များကို ဒီမိုကရေစီ

အခြေခံဖြင့် ရွေးချယ်တင်မြှောက်ထားသော နိုင်ငံရေးသမားများက ချမှတ်ခြင်းမဟုတ်ဘဲ တရားသူကြီးများက ချမှတ်နေသည့် သဘော သက်ရောက်နေသည်။

နောက်ဆုံးအချက်မှာ ပိုင်ခွင့်များကြေညာစာတမ်းတစ်စောင် ရှိနေရုံဖြင့်လည်း တစ်ဦးချင်း၏လွတ်လပ်ခွင့်ကို လေးစားလိမ့်မည်မဟုတ်ဟု အာမခံချက်မပေးနိုင်ပေ။ ဥပမာအားဖြင့် ၁၉၃၆ နှင့် ၁၉၇၇ ခုနှစ် ဆိုဗီယက်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အမှန်တကယ် အထင်ကြီးလောက်သည့် လူတစ်ဦးချင်း၏ပိုင်ခွင့်များကို ဖော်ပြထားသော်လည်း ဆိုဗီယက်တရားစီရင်ရေးအဖွဲ့အစည်းက ကွန်မြူနစ်ပါတီ၏လက်အောက်ခံ ဖြစ်နေရခြင်းကြောင့် လက်တွေ့ဘဝတွင် ပိုင်ခွင့်အချို့ကိုသာ ခံစားခွင့်ရကြသည်။ အလားတူစွာပင် ၁၈၇၀ ပြည့်နှစ်တွင် အတည်ပြုခဲ့သော အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ပဉ္စမမြောက်ပြင်ဆင်ချက်က လူမျိုး၊ အသားအရောင်၊ ကျွန်ဖြစ်ခဲ့မှုစသည်တို့ကို ခွဲခြားခြင်းမပြုဘဲ ဆန္ဒမဲပေးပိုင်ခွင့်ကို ပြဋ္ဌာန်းပေးခဲ့သော်လည်း ၁၉၆၀ ပြည့်နှစ်များမတိုင်မီအချိန်အထိ တောင်ပိုင်းပြည်နယ်များရှိ လူမည်းများ ဆန္ဒမဲပေးပိုင်ခွင့် မရရှိခဲ့ပေ။

အခြားမတူညီသည့် အမျိုးမျိုးသောပိုင်ခွင့်များကမူ ဥပဒေအနှစ်သာရမပါရှိဘဲ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တောင်းဆိုချက်များအဖြစ်သာ တည်ရှိနေနိုင်သည်။ ယင်းအချက်နှင့်ပတ်သက်သည့် အရိုးရှင်းဆုံးဥပမာသည် ကတိတစ်ခုဖြစ်သည်။ ဆင်ခြင်တုံတရားရှိရှိဖြင့် မိမိ၏လွတ်လပ်သောသဘောဆန္ဒအလျောက် ကတိပြုခံသူတစ်ဦးသည် ထိုကတိတွင် ပါဝင်သော အကြောင်းအချက်များကို ဖြည့်ဆည်းပေးရန် သူ့တွင်အကျင့်သိက္ခာပိုင်းအရ တာဝန်ရှိနေပေရာ ထိုကတိအတိုင်း ဆောင်ရွက်ပေးရန် တစ်ဖက်အဖွဲ့က တောင်းဆို



ပိုင်ခွင့်ရှိနေသည်။ ထိုကတိသည် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်သော ပဋိညာဉ်ပုံစံမျိုးမဟုတ်လျှင် ၎င်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရေးသည် အကျင့်သိက္ခာပိုင်းဆိုင်ရာခံယူချက်ပေါ်တွင်သာ တည်မှီနေပေတော့သည်။ ရိုးရိုးရှင်းရှင်းပြောရလျှင် လွတ်လပ်သည့်သဘောဆန္ဒအလျောက် ကတိပေးသည်ဆိုသော အချက်က အဆိုပါကတိအတိုင်း ဆောင်ရွက်ပေးလိမ့်မည်။ ဆောင်လည်းဆောင်ရွက်ပေးသင့်သည်ဟူသော မျှော်လင့်ချက်ကို ပေါ်ပေါက်လာစေခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ကိစ္စအများစုတွင် အကျင့်သိက္ခာပိုင်းဆိုင်ရာပိုင်ခွင့်များသည် သူတို့၏ ဆိုလိုရင်းသဘောပေါ်တွင်သာ တည်မှီနေသည်။ တစ်နည်းဆိုရသော် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာပိုင်ခွင့်များသည် လူတစ်ဦးလိုအပ်သော သို့မဟုတ် ရသင့်ရထိုက်သော "စံနမူနာပြ" ပိုင်ခွင့်များသာဖြစ်သည်။ ထို့ကြောင့် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာပိုင်ခွင့်များသည် တစ်စုံတစ်ရာသော ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ စနစ်တစ်ခုခု၏ ရှုထောင့်မှကြည့်၍ လူတစ်ဦးရသင့်ရထိုက်သည်များကို ထင်ဟပ်ထားချက်များသာဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပိုင်ခွင့်များသည် စိတ်ပျက်စရာကောင်းလောက်အောင်ပင် မသဲမကွဲဖြစ်နေတတ်ပြီး ကိုယ်ကျင့်တရားပိုင်းအရ ဖြစ်စေချင်သည်များကို ဖော်ပြသော အချက်များအဆင့်သို့ လျှောကျသွားနိုင်သည့် အန္တရာယ်ရှိနေပေသည်။ ဗြိတိသျှလူမျိုး လက်တွေ့အသုံးကျမှုအဓိကဝါဒ အတွေးအခေါ်ပညာရှင် ဂျဲရမီဘင်သမ်က ယင်းကဲ့သို့ သုံးသပ်ထားပြီး ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပိုင်ခွင့်များကို လက်မခံဘဲ ၎င်းတို့သည် ရှိသင့်ရှိထိုက်သည့် ဥပဒေကြောင်းဆိုင်ရာ ပိုင်ခွင့်များကို လွဲမှားစွာအဓိပ္ပာယ်ကောက်ယူဖော်ပြထားချက်များ ဖြစ်သည်

ဟု ယုံကြည်ထားသည်။ သို့သော်လည်း ဘင်သမ်က မည်မျှပင် သံသယဝင်နေစေကာမူ ဥပဒေကြောင်းဆိုင်ရာ ပိုင်ခွင့်အများစုကို ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တွေးဆချက်များက သဘောတရားပိုင်း အရ ကျောထောက်နောက်ခံပြုထားသည်။ ဥပမာ အမေရိကန် ပြည်ထောင်စု၏ ပိုင်ခွင့်များ ကြေညာစာတမ်း၊ ကုလသမဂ္ဂ၏ ကမ္ဘာ လုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (၁၉၄၈) လူ့အခွင့် အရေးများနှင့် လွတ်လပ်ခွင့်များစောင့်ရှောက်ရေးဆိုင်ရာ ဥရောပ သဘောတူညီချက် (၁၉၅၃) စသော ဥပဒေကြောင်းဆိုင်ရာ သဘော တူညီချက်များသည် "လူသားတစ်ဦး၏ အခွင့်အရေးများ" ကို သတ်မှတ်နိုင်ရန် အတွေးခေါ်ပညာရှင်များ၏ ကြိုးပမ်းချက်များ ကိုအခြေခံ၍ ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ ကိုယ်ကျင့်သိက္ခာဆိုင်ရာ တန်ဖိုးများကို တိုးချဲ့လေ့လာနိုင်ရန် ဩဇာအရှိန်အဝါ အကြီးမားဆုံး ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပိုင်ခွင့်ပုံစံဖြစ်သည့် လူ့အခွင့်အရေးများ ကို ဆန်းစစ်ရန်လိုအပ်လာပေသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပိုင်ခွင့်များ

နိုင်ငံတိုင်းတွင် အစိုးရနှင့် ပြည်သူနှစ်ဦးလုံးကို လွှမ်းမိုး အုပ်စိုးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရှိစမြဲဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရအဖွဲ့ကသာမက ပြည်သူတစ်ရပ် လုံးကပါ လိုက်နာဆောင်ရွက်ရမည့်နည်းဥပဒေများ သို့မဟုတ် အားလုံးကို လွှမ်းခြုံသည့်လုပ်ထုံးလုပ်နည်းများ ပါဝင်ပေသည်။ ယင်းဥပဒေက အစိုးရ၏လုပ်ကိုင်ဆောင်ရွက်မှုများ၊ ၎င်း၏တာဝန် ဝတ္တရားများ၊ အစိုးရနှင့် ပြည်သူတို့အကြားရှိ ဆက်ဆံရေးများ၊ ပြည်သူများ၏ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ စသည်တို့နှင့် ပတ်သက်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း စသည်တို့ကို ပြဋ္ဌာန်း ပေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက လူ့အဖွဲ့အစည်းကို စနစ်တကျ



ရှိစေပြီး အစိုးရကို တာဝန်ယူတာဝန်ခံမှုရှိစေကာ အစိုးရသည် သူတို့အတွက်ဖြစ်ကြောင်း ပြည်သူများကို သိမှတ်စေသည်။

ဖော်ပြပါအဓိပ္ပာယ်ဖွင့်ဆိုချက်များက ဖွဲ့စည်းပုံခြေခံဥပဒေ၏ သဘောသဘာဝများနှင့် သွင်ပြင်လက္ခဏာများကို ဖော်ပြနေ သည်။ ဝူလ်စီက ဖွဲ့စည်းပုံအခြေခံဥပဒေကို "အစိုးရ၏ဩဇာ အာဏာများ၊ အုပ်ချုပ်ခံများ၏ပိုင်ခွင့်များ၊ ထိုအုပ်စုနှစ်ခုအကြားရှိ ဆက်ဆံရေးများကို ပေါင်းစပ်ပေးခြင်း စသည်တို့နှင့် ပတ်သက်သော အခြေခံမှုများ၏ အပေါင်းအစုပင်ဖြစ်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆို ထားသည်။ ဘရိုက်စ်ကမူ "နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်တွင် အစိုးရဖွဲ့စည်းထားရှိမှု ပုံသဏ္ဌာန်နှင့် လုပ်ပိုင်ခွင့်များ၊ ပြည်သူပြည်သားများအတွက် အစိုးရကဆောင်ရွက်ပေးရမည့် ဝတ္တရားများနှင့် အစိုးရအတွက် ပြည်သူပြည်သားများက ဖြည့်ဆည်း ပေးရမည့်တာဝန်များစသည်တို့ အားလုံးပါဝင်နေသည်" ဟု ဆို သည်။ ဂက်တဲလ်က နိုင်ငံတော်အာဏာသုံးစွဲမှု၏ အခြေခံရာ ဖြစ် သော အစိုးရနှင့် အုပ်ချုပ်ခံတို့အကြားရှိ ဥပဒေကြောင်းအရ ဆက်ဆံရေးများကို ပြဋ္ဌာန်းပေးနေသည့် အခြေခံမှုများနှင့် စည်းမျဉ်း စည်းကမ်းများ၏ အပေါင်းအစုပင်ဖြစ်သည်ဟု ရှုမြင်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သာမရှိခဲ့သော် အဖွဲ့အစည်းများ၊ တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် အစိုးရသည်ပင်လျှင် အာဏာရှင်သန် လာမည်ဖြစ်ပြီး နိုင်ငံတွင် "မင်းမဲ့စရိုက်" ကြီးစိုးသွားမည်ဖြစ်ကြောင်း ဂျဲလင်နက်ခ်က သတိပေးထားသည် (ယန်း ၁၉၉၀၊ ၄၅)။ သာမန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် လူများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်နှင့် အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ခွင့် ပေးထားခြင်းဖြင့် ဒီမိုကရေစီတောင့်တင်းခိုင်မာလာစေရေးအတွက် အားပေးမှုပြုနေပေသည်။ သို့သော်လည်း အချို့အချိန်အခါများတွင်

အာဏာရအဖွဲ့အစည်းများက ပြည်သူ့အတွက်ထက် သူတို့အကျိုးစီးပွားကို အကျိုးပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းတတ်ကြသည်။

ကျွန်ုပ်တို့၏ဖွဲ့စည်းပုံအခြေခံဥပဒေက အခြေခံပိုင်ခွင့်များကို လူတစ်ဦးချင်းစီက ခံစားနိုင်ခွင့်ကို အာမခံထားပေသည်။ ၎င်းအချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုင်း (၃) တွင် တစ်ချက်ချင်းဖော်ပြထားသည်။ ထိုပိုင်ခွင့်များသည် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးလာရေး၏ အရင်းခံဖြစ်ပြီး ထိုပိုင်ခွင့်များကို ပါလီမန်က အလွယ်တကူ နုတ်ပယ်အကျဉ်းချုံးပစ်၍ မရသောကြောင့် ထိုပိုင်ခွင့်များကို အခြေခံကျသည်ဟု ဆိုခြင်းဖြစ်သည်။ မူလက အခြေခံရပိုင်ခွင့် (၂) ချက်ရှိသည်။ အခြေခံဥပဒေအပိုင်း (၃) မှ အချက်တစ်ချက်ကို ၁၉၇၈ ခုနှစ် ပြင်ဆင်ချက် ဥပဒေအမှတ် လေးဆယ့်လေးဖြင့် နုတ်ပယ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်သည် အခြေခံရပိုင်ခွင့်မဟုတ်တော့ပေ။ ၁၉၇၈ ခုနှစ်မှစ၍ ၎င်းသည် ဥပဒေကြောင်းအရ ပိုင်ခွင့်ဖြစ်သွားသည်။ လူတစ်ဦးသည် ပစ္စည်းပိုင်ဆိုင်ခွင့်ရှိပြီး ထိုပစ္စည်းကို ခံစားသုံးစွဲခွင့် သို့မဟုတ် ရောင်းချခွင့်ရှိသည်။ သို့သော်လည်း အစိုးရက ထိုပစ္စည်းကို သိမ်းယူလိုက်သောအခါတွင် အစိုးရလုပ်ဆောင်ချက်၏ တရားဝင်မှုကို စောဒကတက်သည့် အမိန့်စာချွန်တော်ကို တောင်းခံပိုင်ခွင့်မရှိတော့ပေ။ အခြေခံပိုင်ခွင့် (၆) ချက်သည်ကား

(၁) အခွင့်အရေးတန်းတူညီမျှစွာ ခံစားပိုင်ခွင့်၊
(၂) လွတ်လပ်စွာလုပ်ကိုင် ဆောင်ရွက်ခွင့်၊
(၃) အမြတ်ထုတ်အသုံးချခံရခြင်းမှ အကာအကွယ် ရပိုင်ခွင့်၊
(၄) ဘာသာရေးလွတ်လပ်ခွင့်၊
(၅) ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာပိုင်ခွင့်များ၊



(၆) ဖွဲ့စည်းပုံအခြေခံဥပဒေအရကုစားမှုများ ခံစားပိုင်ခွင့်စသည်တို့ဖြစ်သည်။

အခြေခံရပိုင်ခွင့်များသည် ကန့်သတ်ချက်အချို့၏ လက်အောက်တွင် ရှိနေသည်။ အခြေခံရပိုင်ခွင့်များအယူအဆကို အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ရယူထားခြင်းဖြစ်သည်။

ပိုင်ခွင့်များကို ယေဘုယျအားဖြင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာနှင့် ဥပဒေဆိုင်ရာပိုင်ခွင့်များဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ ကိုယ်ကျင့်သိက္ခာဆိုင်ရာပိုင်ခွင့်များသည် ကျွန်ုပ်တို့၏လူ့ကျင့်ဝတ်ဆိုင်ရာခံယူချက်များနှင့် အမှားအမှန်ခွဲခြားနိုင်မှု အသိတရားတို့အပေါ် အခြေခံထားသည်။ ၎င်းသည် လူ့ကျင့်ဝတ်ပိုင်းအရ ကျွန်ုပ်တို့ဖြည့်ဆည်းပေးရန် တာဝန်ရှိသည့် လုပ်ငန်းများ၊ အခွင့်အရေးရှိသော်လည်း မဆောင်ရွက်ဘဲ ခွင့်လွှတ်မှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းအားလုံးနှင့် ပတ်သက်နေသည်။ ထိုပိုင်ခွင့်များ အာဏာတည်လာစေရေးကို နိုင်ငံတော်က အတင်းအကျပ် လုပ်ဆောင်ပေး၍မရပေ။ ဥပမာ ကလေးသူငယ်များသည် မိသားစု၏ကောင်းမွန်စွာစောင့်ရှောက်ပေးမှုကို ကိုယ်ကျင့်သိက္ခာပိုင်းအရ ခံစားခွင့်ရှိခြင်း၊ ဆင်းရဲသားတစ်ဦးသည် လူချမ်းသာများနှင့် ဥစ္စာပေါကြွယ်ဝသူများထံမှ အကူအညီကို ကိုယ်ကျင့်သိက္ခာပိုင်ခွင့်အရ တောင်းခံပိုင်ခွင့်ရှိခြင်း တို့ဖြစ်သည်။

ဥပဒေကြောင်းအရ ပိုင်ခွင့်များသည် တရားဝင်အသိအမှတ်ပြုထားသော၊ နိုင်ငံတော်က အာဏာတည်စေရန် အတင်းအကျပ်ဆောင်ပေးနိုင်သော အထူးအခွင့်အရေးများ ဖြစ်သည်။ ထိုပိုင်ခွင့်များကို ထိပါးမှုပြုလုပ်လာပါက နိုင်ငံတော်၏အပြစ်ပေးမှုကို ခံရမည်။ ဥပဒေကြောင်းအရ ပိုင်ခွင့်များကို နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များအဖြစ် ထပ်ဆင့်ခွဲခြားနိုင်သည်။

နိုင်ငံသားဆိုင်ရာပိုင်ခွင့်များသည် လွတ်လပ်၍ ယဉ်ကျေးသိမ်မွေ့မှုရှိပြီး လျောက်ပတ်သည့် လူနေမှုအဆင့်အတန်းရှိသော လူနေမှုဘဝအတွက် အရေးပါပေသည်။ ထိုပိုင်ခွင့်များသည် လူတစ်ဦးချင်း၏ အသက်ရှင်မှု၊ လွတ်လပ်မှု၊ ပစ္စည်းပိုင်ဆိုင်မှုနှင့် ပတ်သက်နေသည်။ ဤအချက်များသည် လူ့ဘဝ၏အခြေခံလိုအပ်ချက်များ ဖြစ်ပေသည်။

နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များက နိုင်ငံသားများကို အုပ်ချုပ်ရေးပိုင်းအား စီမံခန့်ခွဲရန်နှင့် ထိန်းချုပ်ရန်ကိစ္စများနှင့် ဆက်နွယ်နေသည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုထားသည်။ နိုင်ငံသားများကို နိုင်ငံ၏အရေးအရာများတွင်လည်း မျှဝေပါဝင်ခွင့်ပြုထားသည်။ ၎င်းတို့ထဲတွင် ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်၊ နိုင်ငံတော်၏ ရာထူးအဆင့်ဆင့်တွင် ပါဝင်ထမ်းဆောင်ခွင့်၊ အစိုးရကိုဝေဖန်ထောက်ပြခွင့် စသည်တို့ပါဝင်သည်။ နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များသည် ဒီမိုကရေစီ၏ဘေးထွက်ပစ္စည်းများဖြစ်သည်။

လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်စသည့် ပိုင်ခွင့်အချို့သည် နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ပိုင်ခွင့်နှစ်မျိုးလုံးနှင့် အကျုံးဝင်နေကြောင်းကို သတိပြုရန် လိုအပ်ပေသည်။

## နိုင်ငံသားဆိုင်ရာပိုင်ခွင့်များ

နိုင်ငံသားဆိုင်ရာပိုင်ခွင့်များကို အောက်တွင်ဆွေးနွေးတင်ပြထားသည်-

(၁) **အသက်ရှင်သန်ခွင့်။** နိုင်ငံသားဆိုင်ရာ ပိုင်ခွင့်အားလုံး၏ အခြေခံဖြစ်သည်။ မိမိကိုယ်မိမိကာကွယ်ပိုင်ခွင့်နှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်းမှ ကာကွယ်ခြင်းစသည်တို့ပါဝင်ပေသည်။



တရား ဥပဒေ၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ အသက်ဆုံးရှုံးမှုမရှိစေရ။

(၂) **ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်။** ယင်းပိုင်ခွင့်များတွင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ အကြောင်းမဲ့ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းမှကင်းလွတ်ခွင့်၊ ကိုယ်ပိုင်စိတ်စွမ်းအားများကို ပိတ်ပင်တားဆီးမှုကင်းစွာ အသုံးချနိုင်ခွင့်စသည်များ ပါဝင်နေသည်။ သို့သော်လည်း စစ်ဖြစ်နေခြင်းနှင့် အခြားအကျပ်အတည်းများ ပေါ်ပေါက်နေချိန်တွင် နိုင်ငံတော်အကျိုးအတွက် ယင်းပိုင်ခွင့်များကို ကန့်သတ်ထားနိုင်သည်။

(၃) **တန်းတူညီမျှခံစားပိုင်ခွင့်။** ဥပဒေရှေ့မှောက်တွင် လူတိုင်းတန်းတူညီမျှမှုရှိပြီး ဥပဒေ၏အကာအကွယ်ကိုလည်း အားလုံးတန်းတူညီမျှရရှိခံစားရသည့် အဓိပ္ပာယ်ဆောင်သည်။ လူမျိုး ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ဇာတ်ကွဲပြားမှု စသည်တို့ကို အကြောင်းပြု၍ မည်သူ့ကိုမျှ ခွဲခြားဆက်ဆံခြင်းမပြုရပေ။ လူမှုရေး တရားမျှတမှုရှိစေရန် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ လူ့အဖွဲ့အစည်းအတွင်းရှိ အားနည်းသောအုပ်စုများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်အတွက် နိုင်ငံတော်က အထူးအခွင့်အရေးများကို ပြဋ္ဌာန်းသတ်မှတ်ပေးနိုင်သည်။

(၄) **ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်။** ဥစ္စာပစ္စည်းတစ်ခုဝယ်ယူခွင့်၊ ထိန်းသိမ်းထားခွင့်၊ ရောင်းချပိုင်ခွင့်စသော ပိုင်ခွင့်များကို ဆိုလိုသည် တရားဥပဒေ၏ ဆုံးဖြတ်ချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပစ္စည်းလက်လွှတ်ဆုံးရှုံးခြင်း မဖြစ်စေရ။ ထုံးစံအရဆိုလျှင် ပြည်သူ့အကျိုးစီးပွားအတွက်ရည်ရွယ်၍ ပုဂ္ဂလိကပိုင်ပစ္စည်းတစ်ခုခုကို မဖြစ်မနေသိမ်းယူရလျှင် နိုင်ငံတော်ကလျော်ကြေးပေးလေ့ရှိသည်။ ဤပိုင်ခွင့်က လူ့အဖွဲ့အစည်းအတွင်း လူတန်းစား

ကွဲပြားမှုများကို ဖန်တီးနေပြီး လူများအကြားထာဝရမညီမျှမှုကို ပျိုးထောင်ပေးနေကြောင်း ဝေဖန်သူများက ထောက်ပြကြသည်။ သို့သော်လည်း လာစကီ ကဲ့သို့သော ဆိုရှယ်ဒီမိုကရက်များက လူများ၏အကောင်းဆုံး အရည်အချင်းများနှင့် အများကောင်းကျိုးတို့ကို ပြုစုပျိုးထောင်ပေးရေးနှင့် ဆက်သွယ်မှုရှိကြောင်း ပြသနိုင်သည့် ပစ္စည်းပိုင်ဆိုင်ခွင့်များကို အကန့်အသတ်ဖြင့်ခွင့်ပြုလိုကြသည်။

(၅) **ပဋိညာဉ်ပြုပိုင်ခွင့်။** ပဋိညာဉ်ဆိုသည်မှာ နှစ်ဦး သို့မဟုတ် ထိုထက်ပိုသော လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများက တစ်ဦးအပေါ်တစ်ဦး ဖြည့်ဆည်းပေးရမည့်တာဝန်များကို သတ်မှတ်ပေးသည့် အပြန်အလှန် သဘောတူညီမှုတစ်ရပ်ပင် ဖြစ်သည်။ တန်းတူညီမျှမှုအပေါ်အခြေခံ၍ လူတိုင်းသည် အခြားသူများနှင့် လွတ်လပ်စွာသဘောတူညီမှုများ ပြုလုပ်ပိုင်ခွင့် ရှိသည်။ သို့သော်လည်း ယဉ်ကျေးမှုထွန်းကားသော နိုင်ငံတိုင်းသည် တရားမျှတမှုနှင့် အများကောင်းကျိုးကို ထိခိုက်နစ်နာစေနိုင်သောပြုလုပ်မှုများကို တားဆီးပိတ်ပင်ထားသည်။

(၆) **လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်။** ဘာသာရေးလွှမ်းမိုးမှုကင်းသည့် ခေတ်သစ်နိုင်ငံများသည် အဆိုပါပိုင်ခွင့်များကို အာမခံချက်ပေးထားသည်။ နိုင်ငံသားများ၏ ဘာသာအယူဝါဒ၊ ယုံကြည်သက်ဝင်မှု၊ ခံယူချက်စသည့် ကိစ္စရပ်များတွင် နိုင်ငံတော် က ဘက်မလိုက်ဘဲ ကြားနေရန်လိုအပ်သည်။ ဘာသာရေး ယုံကြည်မှုနှင့် ဝတ်ပြုကိုးကွယ်မှုကိုအကြောင်းပြု၍ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ခွဲခြားဆက်ဆံခြင်းမပြုရ။

(၇) **လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်။** နိုင်ငံသားတစ်ဦးသည် သူ့အတွေးအခေါ်နှင့် အယူအဆများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ အစိုးရမူဝါဒများကို အခြားသူများနှင့် လွတ်လပ်စွာဆွေးနွေးတိုင်ပင်ခွင့်ရှိသည်။ အပြ



သဘော ဝေဖန်ထောက်ပြခွင့်ရှိသည်။ အတွေးအခေါ် အယူအဆများကိုလည်း စာအုပ်၊ စာစောင်၊ သတင်းစာ စသည်တို့တွင် လွတ်လပ်စွာ ပုံနှိပ်ဖော်ပြခွင့်ရှိသည်။ ဒီမိုကရေစီတွင် စာနယ်ဇင်း လွတ်လပ်ခွင့်ကို အာမခံထားသည်။ မိမိတို့ အတွေးအခေါ် အယူအဆများကို ထုတ်ဖော်ပြောဆိုခွင့်ပိတ်ပင်ခံထားရသူများသည် "စဉ်းစားတွေးခေါ်မှုကို ရပ်ဆိုင်းပစ်လိုက်သည်"၊ စဉ်းစားတွေးခေါ်ခြင်း မရှိတော့သည့် သူများသည်လည်း စစ်မှန်သော နိုင်ငံသားအဖြစ်မှ ရပ်ဆိုင်းသွားတော့သည်" ဟု လာစကီက လက်ခံထားသည်။

(၈) **လွတ်လပ်စွာအသင်းအဖွဲ့များဖွဲ့စည်းပိုင်ခွင့်။** အပေါင်းအသင်းနှင့် နေထိုင်လိုသော လူ့သဘာဝကို အမျိုးမျိုးသောအုပ်စုများနှင့် အသင်းအဖွဲ့များတွင် ပါဝင်နေခြင်းက အလိုအလျောက်ဖော်ပြနေသည်။ အသင်းအဖွဲ့အမျိုးမျိုးတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူတစ်ဦးကို မိမိ၏ပြင်းပြသောဆန္ဒများနှင့် ရည်မှန်းချက်များ ပြည့်ဝလာစေရန် လုပ်ကိုင်ဆောင်ရွက်ခွင့်ရလာစေသည်။

(၉) **ယဉ်ကျေးမှုနှင့်ပညာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ပိုင်ခွင့်။** လူတိုင်းအသိဉာဏ်ဖွံ့ဖြိုးလာစေရန် လေ့ကျင့်ပေးဖို့ လိုအပ်ကြောင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ပညာတတ်သောပုဂ္ဂိုလ်များသည် သူတို့တာဝန်များကို ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်နိုင်ပြီး နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ရင်း လူ့အဖွဲ့အစည်းကို ထိုက်ထိုက်တန်တန် အကျိုးပြုကြသည်။ လူတိုင်းသည် သူတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ကာကွယ်စောင့်ရှောက်ခြင်း၊ လိုက်နာကျင့်သုံးခြင်းတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(၁၀) **အလုပ်လုပ်ပိုင်ခွင့်နှင့် အနားယူပိုင်ခွင့်။** လူတိုင်းအတွက် လုံလောက်သော အသက်မွေးမှုဆိုင်ရာအခြေအနေများကို

ဖန်တီးပေးထားသင့်သည်။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းများတွင် လူတိုင်း အလုပ်လုပ်ပိုင်ခွင့် သို့မဟုတ် အလုပ်ရပိုင်ခွင့်ရှိသည်။

(၁၀)**မိသားစုထူထောင်ပိုင်ခွင့်။** မိသားစုကို "နိုင်ငံသားသုစရိုက်များ ဖွံ့ဖြိုးလာရာ ပုခက်" အဖြစ် ယူဆထားသည်။ ၎င်းသည် နိုင်ငံသား ဖြစ်လာရန် လေ့ကျင့်ပေးသည့် ပထမဦးဆုံးကျောင်းဖြစ်သည်။ မိသားစုထူထောင်ပိုင်ခွင့်သည် လူတစ်ဦး၏ မူလအခြေခံရပိုင်ခွင့် ဖြစ်ပြီး ယင်းသည်ထိမ်းမြားခွင့်၊ အိမ်ထောင်သည်ဘဝ၏ သန့်စင်မွန်မြတ်မှုကို ထိန်းသိမ်းထားပိုင်ခွင့်၊ ကလေးသူငယ်များ ကို ထိန်းသိမ်းစောင့်ရှောက်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် စသည်များ ကို ဖန်တီးပေးသည်။

## နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များ

နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များသည် ဒီမိုကရေစီ၏အခြေခံ အုတ်မြစ်ဖြစ်သည်။ အဆိုပါပိုင်ခွင့်များက နိုင်ငံ၏ကိစ္စရပ်များတွင် နိုင်ငံသားများပါဝင်ပြောဆိုလာနိုင်စေရန် အထောက်အကူ ပြုနေသည်။

(၁) **ဆန္ဒမဲပေးပိုင်ခွင့်။** ၎င်းသည် ဒီမိုကရေစီနိုင်ငံတစ်ခု၏ နိုင်ငံသား များက သူတို့၏ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်နိုင် သည့် မူလအခြေခံပိုင်ခွင့်ဖြစ်သည်။ ဤပိုင်ခွင့်အားဖြင့် နိုင်ငံသားများက အစိုးရတစ်ရပ်ကို ဖွဲ့စည်းပေးကာ ထိန်းကျောင်း မှုပြုလုပ်သည်။ ဒီမိုကရေစီနိုင်ငံအများစုတွင် အရွယ်ရောက်ပြီး သူအားလုံးကို ဆန္ဒမဲပေးခွင့်ပြုသည့် စနစ်ကိုကျင့်သုံးသည်။ သို့သော်လည်း တိုင်းတစ်ပါးသားများ၊ ရာဇဝတ်သားများ၊ စိတ်ဝေဒနာသည်များ၊အရွယ်မရောက်သေးသူများ ဆန္ဒမဲ ပေးခွင့်မရပေ။



(၂) **ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်။** ဆန္ဒမဲပေးပိုင်ခွင့်၏ သဘာဝ အကျိုးဆက်ဖြစ်သည်။ အချို့နိုင်ငံများတွင် ဥပဒေပြုအဖွဲ့ဝင် များအဖြစ် ရွေးချယ်တင်မြှောက်ပိုင်ခွင့်အတွက် လိုအပ်သည့် အနိမ့်ဆုံးအသက်အပိုင်းအခြား သို့မဟုတ် ပညာအရည်အချင်း တို့ကို သတ်မှတ်ထားလေ့ရှိသည်။

(၃) **ပြည်သူ့ဝန်ထမ်းရာထူးများတွင် ပါဝင်ထမ်းဆောင်ပိုင်ခွင့်။** လိုအပ်သောအရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံသားတိုင်းသည် အမြင့်ဆုံးနိုင်ငံ့ရာထူး အပါအဝင် နိုင်ငံ့ဝန်ထမ်း ရာထူးနေရာများတွင် တာဝန်ထမ်းဆောင်ရန် တူညီသော အခွင့် အရေးရှိသည်။ ထို့ကြောင့် အောင်မြင်ကျော်ကြားရန် ကြိုးစားနေ သူများအတွက် လိုအပ်သောအရည်အချင်း သတ်မှတ်မှုများ ချမှတ်ထားရမည်။

(၄) **အသနားခံပိုင်ခွင့်။** အဆိုပါပိုင်ခွင့်သည် နိုင်ငံသားများနှင့် ပြည်သူ့ အစုအဖွဲ့များက သူတို့၏နစ်နာချက်များနှင့် တောင်းဆိုလိုသည် များကို အစိုးရက အာရုံစိုက်လာစေရန် တင်ပြတောင်းဆို နိုင်သည်။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများသည် တစ်ဦးချင်း ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ သက်ဆိုင်ရာအာဏာပိုင်များထံသို့ သူတို့၏လိုလားချက်များနှင့် နစ်နာချက်များပါဝင်သည့် ပန်ကြားလွှာများ တင်ပြပိုင်ခွင့်ရှိသည်။ ထိုပန်ကြားလွှာများက အာဏာပိုင်များကိုပြည်သူ့သဘောထားများနှင့် ထိတွေ့မှုရှိစေသည်။

(၅) **အစိုးရကို ဝေဖန်ပြောဆိုပိုင်ခွင့်။** ဒီမိုကရေစီသည် ဆွေးနွေးခြင်း ဝေဖန်ပြောဆိုခြင်းတို့ဖြင့် အုပ်ချုပ်သောစနစ် ဖြစ်ကြောင်း မကြာခဏဆွေးနွေးပြောဆိုကြသည်။ ဤအချက်ကအစိုးရမူဝါဒ များနှင့် လုပ်ဆောင်ချက်များ၏ချို့ယွင်းချက်များကို ပြည်သူ များက ထောက်ပြနိုင်ပြီး ပြည်သူများ၏နစ်နာချက်များကို

အစိုးရကသတိပြုမိလာစေရန် လုပ်ဆောင်ပေးနိုင်သည်။ နိုင်ငံရေးအာဏာရရှိထားသော ရွေးကောက်ခံများကို ပြည်သူတို့၏ အဝေဖန်ခံနယ်ပယ်ထဲသို့ ဆွဲသွင်းလာနိုင်ခွင့်သည် ဒီမိုကရေစီ၏ အရေးပါသောအခြေအနေတစ်ရပ်ဖြစ်သည်။ အပြုသဘောဆောင်သည့် ပြည်သူများ၏ ဝေဖန်ထောက်ပြမှုများက အစိုးရတစ်ရပ်ကို လိုလိုလားလား တုံ့ပြန်ဆောင်ရွက်ခြင်း၊ တာဝန်ရှိရှိ လုပ်ကိုင်ဆောင်ရွက်ခြင်းများ ဖြစ်ပေါ်လာစေသည်။

(၆) **အခြေချနေထိုင်ပိုင်ခွင့်။** နိုင်ငံသားတစ်ဦးသည် တိုင်းပြည်၏ မည်သည့်နေရာတွင်မဆို အခြေချနေထိုင်ပိုင်ခွင့်ရှိသည်။ ဤပိုင်ခွင့်သည် နိုင်ငံသားများကိုသာ ပေးအပ်ထားပြီး တိုင်းတစ်ပါးသားများခံစားခွင့်မရှိသောကြောင့် ၎င်းသည် နိုင်ငံရေးဆိုင်ရာပိုင်ခွင့်ဖြစ်သည်။ နိုင်ငံ၏အမြဲတမ်းအဖွဲ့ဝင်ဖြစ်ခြင်းသည် အမြဲတမ်းအခြေချနေထိုင်ခွင့်နှင့် ဆက်စပ်နေသည်။

(၇) **တိုင်းတစ်ပါးတွင်နေထိုင်စဉ် အကာအကွယ်ရပိုင်ခွင့်။** နိုင်ငံသားတိုင်းသည် ပြည်ပနိုင်ငံတစ်ခုခုတွင် နေထိုင်စဉ်ကာလအတွင်း အခက်အခဲတစ်စုံတစ်ရာရှိလျှင် အမိနိုင်ငံ၏အကာအကွယ်ပေးမှုကို တောင်းခံပိုင်ခွင့်ရှိသည်။

(၈) **လွတ်လပ်စွာစုဝေးဆောင်ရွက်ခွင့်။** နိုင်ငံသားများသည် အများပြည်သူဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ မိမိတို့၏သဘောဆန္ဒများကို ငြိမ်းချမ်းစွာ စုဝေးထုတ်ဖော်ပိုင်ခွင့်ရှိသည်။ အစိုးရမူဝါဒများနှင့်ပတ်သက်၍ လွတ်လပ်စွာ ဆွေးနွေးခွင့်၊ အပြုသဘောဝေဖန်ထောက်ပြခွင့်များကို ဒီမိုကရေစီက ခွင့်ပြုထားသည်။

(၉) **ခုခံတွန်းလှန်ပိုင်ခွင့်။** နိုင်ငံတော်၏ အမိန့်အာဏာများကို ဖီဆန်ပိုင်ခွင့်ရှိလာခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် တာဝန်ရှိလာခြင်းစသည့် အခြေအနေများသို့ ဆိုက်ရောက်လာသည့် အချိန်ကာလရှိနိုင်သည်။ သို့သော်လည်း ထိုသို့ခုခံပိုင်ခွင့်ကို တရားဝင်



ပိုင်ခွင့်ဟု ပြော၍မရပေ။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပိုင်ခွင့်သာဖြစ်သည်။ နိုင်ငံသားများက အဆိုပါပိုင်ခွင့်ကို ရှားရှားပါးပါးနှင့် အလွန်သတိကြီးစွာ သုံးစွဲသင့်ကြောင်း ယေဘုယျအားဖြင့် သဘောတူထားကြသည်။ ၎င်းသည် "နေ့စဉ်အာဟာရမဟုတ်ဘဲ နိုင်ငံ၏အသက်ကယ်ဆေး" သာ ဖြစ်သည်။ လမ်းမှားနေသော အစိုးရတစ်ရပ်ကို အမှားပြင်ဆင်ပေးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်သော အခြားငြိမ်းချမ်းစွာဖြေရှင်းရန် နည်းလမ်းမရှိသည့်အခါမှသာလျှင် နောက်ဆုံးနည်းလမ်းအဖြစ် အသုံးပြုရန်ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များကို ထိထိရောက်ရောက် ခံစားနိုင်ရန် စရိုက်တူအကြိုက်တူ ပတ်ဝန်းကျင်တစ်ရပ်ကို ဒီမိုကရေစီက ဖန်တီးပေးထားသည်။ နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များက နိုင်ငံသားများကို နိုင်ငံရေးဖြစ်စဉ်အတွင်း တက်တက်ကြွကြွဆောင်ရွက်သူများ ဖြစ်လာစေခြင်းဖြင့် နိုင်ငံရေးစနစ်၏ အလုံးစုံတည်ငြိမ်မှုကို အထောက်အပံ့ ပြုနေပေသည်။

## ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ

ပိုင်ခွင့်များဆိုသည်မှာ သွယ်ဝိုက်၍ ညွှန်ပြထားသော တာဝန်များဖြစ်သည်။ ပိုင်ခွင့်များနှင့် တာဝန်များသည် အပြန်အလှန်ဆက်နွယ်နေသည်။ ဒင်္ဂါးတစ်ပြား၏ မျက်နှာပြင်နှစ်ဖက်ဖြစ်သည်။ နှစ်မျိုးစလုံးသည် လူသား၏အုပ်စုနှင့် နေထိုင်သောသဘာဝကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ နိုင်ငံတော်က နိုင်ငံသားများအတွက် အခြေခံပိုင်ခွင့်အချို့ကို အာမခံထားသည်။ နိုင်ငံသားများကလည်း တာဝန် သို့မဟုတ် ဝတ္တရားအချို့ကို ပြန်လည်ဖြည့်ဆည်းပေးရန် နိုင်ငံတော်က မျှော်လင့်ထားသည်။ တာဝန်ဆိုသည်မှာ တစ်စုံတစ်ရာပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ရန် ဝတ္တရားရှိကြောင်း ရည်ညွှန်းချက်ဖြစ်သည်။ ပိုင်ခွင့်များသည် အကြွင်းမဲ့သဘောမျိုးမဟုတ်ပေ။

ပိုင်ခွင့်များတွင်လည်း ကန့်သတ်ချက်များရှိပေရာ လူတစ်ဦးသည် မိမိပိုင်ခွင့်များကိုခံစားရာတွင် အခြားသူများ၏ အလားတူပိုင်ခွင့်များ ခံစားခွင့်ကို ထိပါးခြင်းမပြုရန် ထိုသူကို စည်းကမ်းသတ်မှတ်ထားပေသည်။ ပိုင်ခွင့်တိုင်းတွင် စနစ်တကျအသုံးချရမည်ဟူသော တာဝန်ရှိနေပေသည်။

တာဝန်များတွင် ကိုယ်ကျင့်သိက္ခာပိုင်းနှင့် တရားဥပဒေကြောင်းဆိုင်ရာဟူ၍ ခွဲခြားနိုင်ပေရာ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တာဝန်တစ်ရပ်ကို ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားဆိုင်ရာနှင့် တရားမျှတမှုဆိုင်ရာခံယူချက်များဖြင့် တိုင်းတာအသိအမှတ်ပြု၍ လိုက်နာဆောင်ရွက်သည်။ ဥပဒေကြောင်းဆိုင်ရာ တာဝန်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက နိုင်ငံတော်၏အရေးယူမှုကို ခံရပေမည်။

**အရေးကြီးသော တာဝန်များ**

(၁) **နိုင်ငံတော်ကိုသစ္စာခံခြင်း/သစ္စာစောင့်သိရိုသေခြင်း။** နိုင်ငံတော်ကို သစ္စာစောင့်သိရိုသေခြင်းသည် နိုင်ငံသားတစ်ဦး၏ အကြီးမြတ်ဆုံးတာဝန်ဖြစ်သည်။ သူ၏အကျိုးစီးပွားကို နိုင်ငံတော်၏ အကျိုးစီးပွားနှင့် တစ်သားတည်းထားရှိထားရမည်။ ပြည်ပမှ ကျူးကျော်မှုများကို နိုင်ငံတော်ဘက်မှရပ်တည်၍ တာကွယ်တိုက်ခိုက်ရမည်။ ပြည်တွင်းဆူပူမှုများဖြစ်ပွားလာချိန်တွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရရှိရေးတို့အတွက် သက်ဆိုင်ရာအာဏာပိုင်များကို ကူညီဆောင်ရွက်ရမည်။

(၂) **ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားခြင်းနှင့် ဥပဒေများကို လိုက်နာခြင်း။** တိုင်းပြည်၏အုပ်ချုပ်မှုဆိုင်ရာ အခြေခံမူများ သက်ဝင်လှုပ်ရှားနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာခြင်းသည် နိုင်ငံသားတိုင်း၏ မွန်မြတ်သောတာဝန်တစ်ရပ် ဖြစ်ပေသည်။ နိုင်ငံသားတစ်ဦးသည် ဥပဒေကို လိုက်နာစောင့်ထိန်းသူလည်း ဖြစ်ရပေမည်။ သူသည် ဥပဒေအရ ဖွဲ့စည်းထားသည့် အာဏာပိုင်များက ထုတ်ပြန်ထားသော ဥပဒေများကိုလည်း လေးစားလိုက်နာရန် လိုအပ်သည်။ ယင်းအချက်သည် အများကောင်းစားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စနစ်တကျရှိရေးစသည့် ကိစ္စရပ်တို့အတွက် လိုအပ်ပေသည်။

(၃) **အခွန်အခများကိုပေးဆောင်ခြင်း။** ငွေကြေးလုံလောက်ခြင်းမရှိလျှင် မည်သည့်အစိုးရမျှ လုပ်ငန်းလည်ပတ်အောင် မဆောင်ရွက်နိုင်ပေ။ အခွန်အခများနှင့် အကောက်ခွန်များဖြင့် ပြည်သူများထံမှ ငွေကြေးများရယူရသည်။ အစိုးရယန္တရား လည်ပတ်နိုင်ရေးနှင့် ပြည်သူလူထုသက်သာချောင်ချိရေးတို့အတွက် အဆိုပါရငွေများကို အသုံးပြုသည်။ နိုင်ငံသားများသည် သက်ဆိုင်ရာအခွန်အခများကို မှန်မှန်ကန်ကန်နှင့် ကြည်ကြည်ဖြူဖြူ ပေးဆောင်သင့်ပေသည်။ နိုင်ငံတိုင်းတွင် အခွန်ရှောင်ခြင်းသည် ပြစ်မှုတစ်ရပ် ဖြစ်ပေသည်။

(၄) **ရိုးသားစွာဆန္ဒမဲပေးခြင်း။** ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ဆန္ဒမဲပေးပိုင်ခွင့်သည် နိုင်ငံသားတို့၏အခြေခံအကျဆုံး နိုင်ငံရေးဆိုင်ရာ ပိုင်ခွင့်ပင်ဖြစ်သည်။ ၎င်းအချက်က သူတို့အား အစိုးရတစ်ရပ်ကိုဖွဲ့စည်းပြီး ယင်းကိုထိန်းကျောင်းမှု ပြုလုပ်ခွင့်ပေးထားသည်။ နိုင်ငံသားများသည် ထိုပိုင်ခွင့်ကို ရိုးရိုးသားသား ဖြောင့်မတ်မှန်ကန်စွာ အသုံးချသင့်သည်။ ဆိုးဝါး၍ ဖြောင့်မတ်ခြင်း မရှိသောရွေးချယ်မှုများ၏အကျိုးဆက်သည်ကား ရိုးသားမှုကင်းမဲ့ပြီး အကျင့်ပျက်ပြားသည့် ကိုယ်စားလှယ်များကိုရွေးချယ်မိခြင်းဖြစ်ပြီး ထိုသို့ဖြစ်ရခြင်းအတွက် နိုင်ငံသားကိုပင် အပြစ်ဖို့ရပေတော့မည်။

(၅) **ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် လိုလိုလားလားပါဝင်ဆောင်ရွက်ခြင်း။** နိုင်ငံသားတိုင်းသည် တာဝန်ပေးအပ်လာသောအခါတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိပေသည်။ ကျေးရွာ၊ မြို့နှင့် ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့အစည်းများ၏ လူမှုဝန်ထမ်းလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိပေသည်။ ထို့နည်းတူစွာပင် ပြည်သူ့ဝန်ထမ်းရာထူးများတွင် ရွေးချယ်တင်မြှောက်ခြင်း သို့မဟုတ် ခန့်အပ်ခြင်းခံရသူများသည်လည်း အကြောက်တရား သို့မဟုတ် မျက်နှာလိုက်ခြင်းကင်းစွာဖြင့် မိမိတို့တာဝန်များကို သစ္စာရှိရှိနှင့် ထိထိရောက်ရောက် ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

(၆) **အခြားဝတ္တရားများ။** အလားတူစွာပင် နိုင်ငံသားများသည် တာဝန်ပေးအပ်လာလျှင် ဂျူရီလူကြီးများ သို့မဟုတ် အကဲဖြတ်လူကြီးများအဖြစ် တာဝန်ထမ်းဆောင်ပေးရန် တာဝန်ရှိသည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စများတွင်လည်း စိတ်ဝင်တစားပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ ထာဝရ သတိဝီရိယဖြင့် နေထိုင်ရခြင်းသည် လွတ်လပ်ခြင်း၏အဖိုးအခပင်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် လူမှုဝန်ထမ်းစိတ်ဓာတ်နှင့် အများအကျိုးလိုလားသောစိတ်ဓာတ်တို့ကို ပျိုးထောင်ပေးရန် လိုအပ်သည်။ နိုင်ငံသားတစ်ဦးသည် အစဉ်တာဝန်ကျေပွန်ပေသည်။ နိုင်ငံသားကောင်းတစ်ဦးက နိုင်ငံကောင်းတစ်ခုကို ဖန်တီးသည်။ ထို့ကြောင့် နိုင်ငံတစ်ခုဆိုသည်မှာ သူ့နိုင်ငံသားများ ဖန်တီးပေးသည့် အရာသာဖြစ်ချေသည်။



**ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားတို့၏ အပြန်အလှန်ဆက်နွယ်မှုများ**

လူသည် အပေါင်းအသင်းနှင့် နေထိုင်တတ်သော သတ္တဝါဖြစ်သည်။ သူ၏ ကာယ၊ ဉာဏ၊ စိတ္တ လိုအပ်ချက်များက အုပ်စုဖွဲ့နေထိုင်ရသည့်ဘဝကို တပ်မက်ရန် တွန်းပို့လျက်ရှိသည်။ သူ့လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရသည့် စုပေါင်းလုပ်အားဖြင့်သာ ရရှိအောင်ဆောင်ရွက်ရသည်။ အထူးထူးအပြားပြားဖြစ်နေသော လူ့ဘဝလိုအပ်ချက်များကို ဖြည့်ပေးနိုင်ရန် အစုအဖွဲ့များနှင့် အသင်းအဖွဲ့များ အလိုအလျောက် ပေါ်ပေါက်လာခဲ့သည်။ အစုအဖွဲ့နှင့် အသင်းအဖွဲ့အားလုံးထဲတွင် နိုင်ငံတော်သည် အင်အားအကောင်းဆုံးနှင့် အရေးပါဆုံးဖြစ်သည်။ ၎င်းသည် ပေးကမ်းသောသူ ရယူခွင့်ရှိပြီး၊ ရယူသူပေးကမ်းရန် တာဝန်ရှိသည်ဟူသော အပြန်အလှန်အပေးအယူပြုရသော မှုကိုပုံဖော်ထားသော အစုအဖွဲ့၏ သဘောသဘာဝပင်ဖြစ်သည် (အင်ဒရူးစ် ၁၉၈၈၊ ၅၄)။ သို့ဖြစ်၍ အုပ်စုဖြင့် နေထိုင်သောဘဝ၏ အဓိကအကျိုးဆက်သည်ကား ပိုင်ခွင့်များနှင့် တာဝန်များသည် အပြန်အလှန်ဆက်နွယ်နေကာ အပြန်အလှန်မှီခိုနေရခြင်းပင်ဖြစ်ပေသည်။

နိုင်ငံတစ်ခုကို နိုင်ငံသားများအား ပေးအပ်ထားသော ပိုင်ခွင့်များကို ကြည့်၍ခွဲခြားသိရှိနိုင်သည်။ ပိုင်ခွင့်များကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ထားကာ ခံစားခွင့်ရအောင် ဆောင်ရွက်ပေးသည်။ ပိုင်ခွင့်များခံစားနိုင်ရေးသည် ပြုဖွယ်ဝတ်များကို ဖြည့်ဆည်းပေးရေးနှင့် ဆက်စပ်နေသည်။ ပိုင်ခွင့်တိုင်းသည် ယင်းကို မှန်မှန်ကန်ကန် အသုံးပြုရန် တာဝန်ရှိသည်ဟူသော အချက်နှင့် ဆက်နွယ်နေသည်။ ၎င်းသည် "ပိုင်ခွင့်များ လက်တွေ့အသုံးချမှု"၊ "သဘောတရား"

ကို ဖွံ့စည်းဖြစ်ပေါ်လာစေခဲ့သည် (ဘေနာ ၁၉၈၉၊ ၄၃)။ လာစကီ၏ စကားများအရ ယင်းသဘောတရား၏ ဆိုလိုချက်သည် "လူတစ်ဦးကို သြဇာအာဏာပေးအပ်ထားခြင်းသည် ကျွန်ုပ်တို့၏ ထူးကဲကြွယ်ဝသည့် လူမှုအမွေအနှစ်များကို တိုးပွားလာအောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့တွင် ပိုင်ခွင့်များရှိသည်၊ ရယူဖို့မဟုတ် ပေးဆပ်ဖို့ဖြစ်သည်။" ဤပိုင်ခွင့်များနှင့် တာဝန်များ အပြန်အလှန် အကြောင်းအကျိုးပြုနေမှုသည် ကျွန်ုပ်တို့ စုပေါင်းနေထိုင်ကြသည့် ဘဝ၏အကျိုးဆက်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးချင်းသည် အဖွဲ့အစည်းထံမှ တောင်းသမျှအခွင့်အရေးပုံစံအတိုင်း ထပ်တူထပ်မျှ လူ့အဖွဲ့အစည်းအပေါ်တွင် ကြွေးတင်လျက်ရှိသည်။

ပိုင်ခွင့်များနှင့် တာဝန်များအကြားရှိ လေးဖက်လေးတန် ဆက်ဆံရေးတစ်မျိုးကို လာစကီက အကြံပြုတင်ပြထားသည်။ တစ်ဦး၏ပိုင်ခွင့်များက အခြားတစ်ဦး၏ တာဝန်များကို ညွှန်ပြနေသည်။ လူတစ်ဦး၏အကျိုးခံစားပိုင်ခွင့်များသည် အခြားသူများက ယင်းခံစားခွင့်များကို အသိအမှတ်ပြုမှု၊ ထိပါးခြင်းမပြုမှုတို့နှင့် ဆက်စပ်လျက်ရှိသည်။ ဥပမာ ကျွန်ုပ်၏အသက်ရှင်သန်ခွင့်သည် အခြားသူများက ကျွန်ုပ်ကို စောင့်ရှောက်ရန်နှင့် အန္တရာယ်မပြုရန်ဟူသော တာဝန်များနှင့် ပတ်သက်နေသည်။ တစ်ဦးတစ်ယောက်၏ ပိုင်ခွင့်များဆိုသည်မှာ အခြားသူများတွင်လည်း အဆိုပါပိုင်ခွင့်များ ရှိကြောင်း ထိုသူကလက်ခံ အသိအမှတ်ပြုရန် တာဝန်ရှိမှုကို ညွှန်ပြနေသည်။ ပိုင်ခွင့်တိုင်းကိုယ်တိုင်သည်ပင်လျှင် တာဝန်တစ်ရပ်ဖြစ်နေပေသည်။ လူတစ်ဦးခံစားခွင့်ရနေသော ပိုင်ခွင့်များသည် အခြားသူများ၏ အကောင်းဆုံးအခြေအနေသို့ ရောက်ရှိရန် လိုအပ်သော ပိုင်ခွင့်များနှင့် တစ်ထပ်တည်းကျနေပေသည်။ လူတစ်ဦးချင်းစီက အခြားသူများ၏ ပိုင်ခွင့်များကို အပြန်အလှန်လေးစား အသိအမှတ်



ပြုမှုမရှိလျှင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပရမ်းပတာဖြစ်သွားနိုင်ပြီး တစ်ဦးတစ်ယောက်မျှ မိမိပိုင်ခွင့်များကို ခံစားခွင့်ရတော့မည် မဟုတ်တော့ပေ။ လူတစ်ဦးသည် မိမိပိုင်ခွင့်အများကို အများအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အသုံးချသင့်သည်။ ပိုင်ခွင့်များသည် လူမှုသဘောလက္ခဏာဆောင်ယူနေပေသည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်းကို အကျိုးပြုသောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုနှင့် ဆက်စပ်နေရန်လိုအပ်သည်။

ပိုင်ခွင့်များခံစားခွင့်သည် လူ့အဖွဲ့အစည်း၏ ဘုံအကျိုးစီးပွားကို မိမိကတတ်စွမ်းသမျှ အကျိုးပြုရမည့် ဝတ္တရားနှင့်ပတ်သက်နေသည်။ လူများ၏ပိုင်ခွင့်များကို နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ထိန်းသိမ်းထားသည်ဖြစ်ပေရာ လူများကလည်း နိုင်ငံတော်ကို သစ္စာစောင့်သိရိုသေကာ ပြန်လည်အလုပ်အကျွေးပြုရန် တာဝန်ရှိပေသည်။ နိုင်ငံတော်သည် သူ့နိုင်ငံသားများရနိုင်သည့် အကောင်းဆုံးသော ပျော်ရွှင်မှုချမ်းမြေ့မှုရရှိစေရန် ရည်ရွယ်ချက်ထားရှိသည်။ နိုင်ငံသားများကလည်း တာဝန်အချို့ကို ထမ်းဆောင်ရန် တာဝန်ရှိနေသည်။ အကျပ်အတည်းကာလများတွင် နိုင်ငံသားများသည် နိုင်ငံတော်ကို သစ္စာစောင့်သိရိုသေကာ နိုင်ငံတော်ဘက်မှ ရပ်တည်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ပိုင်ခွင့်များနှင့်တာဝန်များသည် အတူတွဲဖက်နေသည်။ သူတို့သည် အပြန်အလှန်မှီခိုနေပြီး အပြန်အလှန် အကြောင်းအကျိုးပြုနေကြသည်။ နိုင်ငံသားကောင်းတစ်ဦးသည် ပိုင်ခွင့်များကိုလည်းကောင်း၊ တာဝန်များကိုလည်းကောင်း ထပ်တူထပ်မျှ အလေးဂရုပြုနေသည်။ တကယ်တော့ နိုင်ငံတော်ကိုသူ့နိုင်ငံသားများကသာ တည်ဆောက်ထားခြင်းဖြစ်သည်။

နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သော လစ်ဘရယ်လ် (ပုဂ္ဂလိကလွတ်လပ်ခွင့်) သဘောတရား၏အနှစ်သာရသည် နိုင်ငံတော်က

အသိအမှတ်ပြုဆောင်ရွက်ပေးသော ပိုင်ခွင့်များအပေါ်တွင် အခြေခံထားသည်။ နိုင်ငံတော်အတွက် သူတို့ထမ်းဆောင်ပေးရမည့် တာဝန်အနည်းအပါးသာရှိသည်ဟု နိုင်ငံသားများက မျှော်လင့်ထားဟန်ရှိသည်။ နိုင်ငံတော်က နိုင်ငံသားများ၏ဘဝအတွင်းသို့ အနည်းအပါးသာ ဝင်ရောက်စွက်ဖက်ခြင်းပြုရန် မျှော်လင့်ထားကြသည်။ တကယ်တော့လည်း နိုင်ငံသားဖြစ်မှုဆိုင်ရာ လစ်ဘရယ်လ်သဘောတရားသည် တစ်ဦးချင်းစီ၏ပိုင်ခွင့်များကို တောင်းဆိုခြင်းဖြင့် ကြီးထွားလာခဲ့သည် (ကာတာ ၂၀၀၁၊ ၈၇)။ နိုင်ငံသားဖြစ်မှုတွင် ဥပဒေရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာပိုင်ခွင့်များကို ဖွဲ့စည်းပုံဖော်ထားသည်ဟူသော ယုံကြည်မှုသည် ၂၀ ရာစုအတွင်း၌ ခိုင်မာစွာ အမြစ်တွယ်လာခဲ့သည်။ နိုင်ငံသားဖြစ်ခြင်းသည် အဆင့်အတန်းတစ်ရပ်ဖြစ်သကဲ့သို့ ပိုင်ခွင့်တစ်ခုလည်း ဖြစ်နေပေသည်။

အမေရိကန်တရားသူကြီးချုပ် အားလ်ဝါရင်က ကြေညာသကဲ့သို့ပင် "နိုင်ငံသားဖြစ်ခွင့်သည် လူတစ်ဦး၏ အခြေခံရပိုင်ခွင့်ဖြစ်ပြီး ယင်းသည် ပိုင်ခွင့်များကို ပိုင်ဆိုင်ခွင့်ရသည့် ပိုင်ခွင့်ထက် အဆင့်နိမ့်ကျခြင်း မရှိပေ။ "နိုင်ငံသားတစ်ဦးသည် နိုင်ငံသားမဟုတ်သူများ၊ နိုင်ငံအတွင်းအခြေချနေထိုင်လျက်ရှိသော တိုင်းတစ်ပါးသားများနှင့် နိုင်ငံခြားသားများ ခံစားခွင့်မရရှိသော ပိုင်ခွင့်များကို ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်သည်။" အလားတူပင် ရောလ်၏ အဆိုအရ "အခွင့်အရေး တန်းတူညီမျှမှုရှိသော နိုင်ငံသားဖြစ်မှု အဆင့်အတန်းကို လွတ်လပ်ခွင့်တန်းတူမှုမှုနှင့် အခွင့်အလမ်းများ တန်းတူညီတူရရှိမှုမှုတို့နှင့်အညီ ရရှိထားသောပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များက ပြတ်သားပေါ်လွင်စေသည်။ ထိုမှုနှစ်ရပ်နှင့် ကိုက်ညီမှုရှိလျှင် အားလုံးသည် အဆင့်အတန်းတူညီသော နိုင်ငံသားများဖြစ်ကြသည် (ရောလ် ၁၉၇၁၊ ၈၉)။ သို့သော်လည်း ပိုင်ခွင့်



အားလုံးသည် နိုင်ငံသားဖြစ်မှု၏ ပိုင်ခွင့်များမဟုတ်ပေ။ နိုင်ငံသားဖြစ်ခွင့်သည် နိုင်ငံတစ်ခု၏ တင်းပြည့်အဖွဲ့ဝင်များကို ချီးမြှင့်သည့် အဆင့်အတန်းတစ်ရပ်ဖြစ်ပြီး နိုင်ငံသားဖြစ်ခြင်း၏ ပိုင်ခွင့်များသည် ဤဘုံပိုင်ဆိုင်မှုအတွင်း အဆင်ပြေစွာ ဆောင်ရွက်ခြင်းမှ ဆင်းသက်လာခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတော်မှ လုံခြုံစွာကာကွယ်စောင့်ရှောက်ထားသော အမျိုးသားနိုင်ငံတစ်ခု၏ အဝန်းအဝိုင်းအတွင်းမှ ပုဂ္ဂိုလ်တစ်ဦး၏ ပိုင်ခွင့်များဖြစ်ပေသည်။ အဆိုပါပိုင်ခွင့်များက နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် ကန့်သတ်ချက်အချို့ကို ပြဋ္ဌာန်းနေပြီး အခြားသူများ ထမ်းဆောင်ရမည့်တာဝန်များကိုလည်း သတ်မှတ်ပေးနေသည်။

မာရှယ်လ်၏အဆိုအရ နိုင်ငံသားဖြစ်ခွင့် ကြီးထွားလာမှုကို ပိုင်ခွင့်များရရှိရေးတိုက်ပွဲနှင့် ရရှိလာသောပိုင်ခွင့်ကို ခံစားခြင်းတို့က နှိုးဆွပေးလိုက်ခြင်းဖြစ်သည် (မာရှယ်လ် ၁၉၆၅၊ ၅၂)။ လူတန်းစားများ ကွဲပြားနေသော အခြေအနေကို နောက်ခံပြု၍ နိုင်ငံသားဖြစ်မှုအယူအဆကို မာရှယ်လ်က လေ့လာဆန်းစစ်ရာတွင် ၎င်း၏ အတုမရှိသောအချက်ကို တိကျသည့်ပိုင်ခွင့်များနှင့် ထိုပိုင်ခွင့်များကို အသုံးချရာတွင် အသုံးပြုရသည့် လူမှုအဖွဲ့အစည်းများအားဖြင့် ပေါ်လွင်လာစေသည်။ ခေတ်သစ်နိုင်ငံသားဖြစ်မှုဆိုင်ရာ အဖွဲ့အစည်းများ ဖွံ့ဖြိုးလာမှုဖြစ်စဉ်ကို ခြေရာကောက်ကြည့်သောအခါတွင် အရင်းရှင်စနစ်က မညီမျှမှုများကို ဖန်တီးပေးနေချိန်တွင် နိုင်ငံသားဖြစ်မှုက သူ့အဖွဲ့ဝင်များအတွက် ပိုင်ခွင့်များနှင့် တာဝန်များ တန်းတူရှိနေသည့် အဆင့်အတန်းတစ်ရပ်ကို ဖန်တီးပေးလိုက်သည်။ မာရှယ်လ်က ခွဲခြားပြသခဲ့သော နိုင်ငံသားဖြစ်မှု၏အစိတ်အပိုင်း သုံးရပ်မှာ နိုင်ငံသားပိုင်း၊ နိုင်ငံရေးပိုင်းနှင့် လူမှုရေးပိုင်းစသည်တို့ ဖြစ်ကြသည် (ဟီတာ ၁၉၉၀၊ ၅၆)။ နိုင်ငံသားဖြစ်မှု၏ နိုင်ငံ

သားဆိုင်ရာအပိုင်းသည် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ဆိုင်ရာ ပိုင်ခွင့်များဖြစ်ပြီး ထိုအချက်နှင့်အဓိကပတ်သက်နေသည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တရားရုံးစနစ်များ ပါဝင်နေသည်။ ၎င်းနိုင်ငံသားအခွင့်အရေးများတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ ပဋိညာဉ်ပြုပိုင်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့် စသည်တို့ပါဝင်သည်။ ၎င်းတို့သည် နိုင်ငံတော်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသော ဩဇာအာဏာတစ်မျိုးဖြစ်သည်။

နိုင်ငံရေးဆိုင်ရာ အစိတ်အပိုင်းတွင် ရွေးကောက်ပွဲများ၌ ပါဝင်ဆောင်ရွက်ခွင့်နှင့် နိုင်ငံရေးအာဏာရှိသည့် အဖွဲ့အစည်းများတွင် ရာထူးတာဝန်ထမ်းဆောင်ခွင့် ကဲ့သို့သော နိုင်ငံရေးဆိုင်ရာ ပိုင်ခွင့်များ ပါဝင်သည်။ ထိုပိုင်ခွင့်များသည် ပါလီမန်အဖွဲ့အစည်းများနှင့် ပတ်သက်နေသည်။ လူမှုရေးဆိုင်ရာ ပိုင်ခွင့်များအပိုင်းတွင် လူမှုအမွေအနှစ်များကို မျှဝေခံစားခွင့်လည်း အကျုံးဝင်လျက်ရှိသည်။ စစ်ပြီးကာလ၏ နိုင်ငံသားဖြစ်တည်မှုသည် လူမှုရေးတရားမျှတမှုရှိရေးနှင့် နိုင်ငံသားကို လုံလောက်သည့် လူမှုဖူလုံမှုအဆင့်အတန်းရှိရေးတို့အတွက် နိုင်ငံတော်တွင် တာဝန်ရှိနေသည်ဟူသောခံယူချက်နှင့် ပတ်သက်လျက်ရှိသည်။ နိုင်ငံသားအားလုံးသည် အဆင့်အတန်းနှင့် ဂုဏ်သိက္ခာအရာတွင် အခြေခံအားဖြင့် သာနာညီမျှမှုရှိနေပေရာ ထိုအချက်ကို ပြက်ရယ်ပြုရာ မရောက်စေရန်အတွက် မည်သူတစ်ဦးတစ်ယောက်မျှ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ မျှော်လင့်ချက်ကင်းမဲ့နေခြင်း မဖြစ်စေရန် ဆောင်ရွက်ပေးဖို့ လိုအပ်သည်ဟု ခံယူထားပေသည်။ သို့ဖြစ်၍ သစ္စာစောင့်သိရိုသေကြောင်းနှင့် မွန်မြတ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြောင်း ပြသနေသည့် နိုင်ငံသားများကို ကျေးဇူးတုံ့ပြန်သောအားဖြင့်



ဝင်ငွေ၊ အမိုးအကာ၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာများ စသည်တို့နှင့် ပတ်သက်သော အခြေခံလူနေမှုအဆင့်အတန်းတစ်ရပ်ကို သတ်သတ်မှတ်မှတ် အာမခံပေးခြင်းဖြင့် လွန်ကဲနေသည့် မညီမှုများကို ပြေပျောက်ချောမွေ့သွားအောင် လုပ်ပေးရန် နိုင်ငံတော်တွင် တာဝန်ရှိနေသည်။

အဆိုပါကဏ္ဍများ၏ အနိမ့်ဆုံးလူနေမှုအဆင့်အတန်းကို ဆင်းရဲချမ်းသာ၊ ဈေးဆစ်နိုင်စွမ်း၊ လိင်ကွဲပြားမှု၊ အသက်အပိုင်းအခြား၊ လူမျိုးစသည်တို့ကို ခွဲခြားခြင်းမပြုဘဲ နိုင်ငံသားဖြစ်မှု၏ ပိုင်ခွင့်တစ်ရပ်အဖြစ် ခံစားခွင့်ပြုရမည် ဖြစ်သည်။ ထို့အပြင် ထိုသို့အများအတွက်စုပေါင်းပေးအပ်သည့် အခွင့်အရေးများတွင် အရှက်ရစေမည့် အမှတ်လက္ခဏာများပါဝင်ခြင်း မရှိရပေ။ ဘရိုင်ယန်တာနာ၏အဆိုအရ မာရှယ်လ်က လူမှုနိုင်ငံသားဖြစ်မှုကို သက်သာချောင်ချိရေးနှင့် လုံခြုံရေးတို့ကို ခံစားခွင့်ပုံစံဖြင့်လည်းကောင်း၊ စွန့်ပစ်မှုပုံစံဖြင့်လည်းကောင်း နိုင်ငံသားများအား အကန့်အသတ်ဖြင့် ဝေပေးမှုကိုအခြေခံ၍ သုံးမျိုးထပ်ဆင့် ခွဲခြားပြခဲ့သည်။ ၎င်းတို့မှာ အလုပ်အကိုင်၊ စစ်ပွဲနှင့် မျိုးပွားခြင်းတို့ဖြစ်သည် (ဘရိုင်ယန် ၁၉၉၆၊ ၈၆)။

နိုင်ငံသားများကို အလုပ်သမားများအနေဖြင့် လုပ်ခလစာအပြင် အာမခံထားပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အကျိုးခံစားခွင့်၊ လစာ၊ အငြိမ်းစားယူခွင့် စသည်တို့ကို ပေးအပ်ထားသည်။ နိုင်ငံသားများကို စစ်သားများအနေဖြင့် အခြားအခွင့်အရေးများအပြင် အိမ်ရာနေခွင့်၊ လစာ၊ အငြိမ်းစားလစာ စသည်တို့ကို ခံစားခွင့်ပေးထားသည်။ နိုင်ငံ၏ဇီဝအခြေခံကို တည်ဆောက်ပေးသော မျိုးပွားသူများအဖြစ် သူတို့ရင်သွေးများအတွက် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု၊ မိသားစုအနေဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုမိဘများကို စောင့်ရှောက်သူများ

အနေဖြင့်လည်းကောင်း ပေးအပ်ထားသည့် လူမှုအကျိုးခံစားခွင့်များ၊ လက်ထပ်မထားသည့် မိခင်များအတွက် ငွေကြေးအထောက်အပံ့များ စသည့်ခံစားခွင့်များကို ပေးအပ်ထားသည်။ တာနာ၏အဆိုအရ ဤအချက်များသည် အလုပ်လုပ်နေပြီး တိုင်းပြည်တာဝန်ထမ်းဆောင်နေသော၊ တိုင်းပြည်အတွက် မျိုးပွားပေးနေသော နိုင်ငံသားများအား ခံစားခွင့်များကို ပြင်ဆင်ခွဲဝေပေးခြင်း နည်းလမ်းဖြင့် အစိုးရက ဆောင်ရွက်ပေးသော အရင်းရှင်စနစ်ဒဏ်ကို ခံနိုင်ရန်ကြားခံပေးသည့်စနစ်ဖြစ်သည်။ မာရှယ်လ်၏မူလခံစားခွင့် အမျိုးအစားသတ်မှတ်ချက်များသည်လည်း ယခုအချိန်အခါတွင် လုံးပါးပါးခဲ့ပြီဖြစ်ကြောင်း တာနာကတစ်ဆင့်တက်၍ ပြောကြားခဲ့သည်။

လူတန်းစားပဋိပက္ခနှင့် စစ်ပွဲအတွက် စစ်စည်းရုံးမှုတည်းဟူသော မာရှယ်လ်၏နိုင်ငံသားဖြစ်မှုဆိုင်ရာ ယန္တရားဟောင်းကြီး၏နေရာတွင် လူမှုလှုပ်ရှားမှုများ၊ အဆင့်အတန်းဆိုင်ရာ အတိုက်အခံပြုမှုများ၊ သွင်ပြင်လက္ခဏာဆိုင်ရာပြဿနာများနှင့် အနီးကပ်ဆက်စပ်နေသော အပြောင်းအလဲဖြစ်စေသည့် ဖြစ်စဉ်များကအစားထိုးဝင်ရောက်လာခဲ့သည်။ နိုင်ငံသားဖြစ်မှုဆိုင်ရာ ဖြစ်စဉ်သစ်များသည် အခြေခိုင်လာသည့် ကမ္ဘာ့ရေးရာများကို စိတ်ဝင်မှုရှိခြင်းကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သူကအခိုင်အမာ ပြောဆိုနေသည်။ ကမ္ဘာအနှံ့ဖြစ်ပွားနေသော အေအိုင်ဒီအက်စ်ရောဂါ၊ ကမ္ဘာကြီးပူနွေးလာမှု၊ နျူကလီးယား မီးလောင်တိုက်၏ ခြိမ်းခြောက်မှု၊ နိုင်ငံတကာလူ့အခွင့်အရေးကိစ္စများအပေါ် စိတ်ဝင်စားမှုမြင့်တက်လာခြင်းစသည့် ပဋိပက္ခဖြေရှင်းနည်းအဟောင်းဖြင့် ဖြေရှင်း၍မရနိုင်ဘဲ ထိုပြဿနာတစ်ခုချင်းကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံသားများဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုတို့ဖြင့်သာ ဖြေရှင်းနိုင်သည့် ပြဿနာများကို ဥပမာအဖြစ် ထုတ်နုတ်ပြသခဲ့သည်။



သို့ဖြစ်၍ အတိုးချဲ့ဖော်ပြရသော် နိုင်ငံသားဖြစ်မှုအယူအဆတွင် နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအတိုင်းအတာများသာမကဘဲ လူမှုရေးပိုင်းလည်း ပါဝင်နေသည်။ သို့သော်လည်း ခေတ်သစ်နိုင်ငံသားဖြစ်မှု၏ ကွဲပြားနေသောအစိတ်အပိုင်းများကို နိုင်ငံတော်က တန်းတူအာမခံလိမ့်မည်ဟု ယူဆထားလျှင် အမြော်အမြင်ကင်းမဲ့ရာ ကျပေလိမ့်မည်။ နိုင်ငံသားဆိုင်ရာနှင့် လူမှုရေးဆိုင်ရာများသည် မတူညီသောမူများနှင့် အခြေခံများအပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်သာမက သူတို့နှစ်ခုအကြားတွင် အားပြိုင်တင်းမာမှုများ ရှိနေနိုင်သည်။ လူမှုရေးဆိုင်ရာပိုင်ခွင့်များသည် နိုင်ငံသားဆိုင်ရာပိုင်ခွင့်များ၏ ဖယ်ထုတ်ပစ်မည့်အန္တရာယ်ကို အမြဲရင်ဆိုင်နေရပေသည်။

## ပိုင်ခွင့်များတိုးတက်လာမှု

လတ်တလောနှစ်များအတွင်း၌ နိုင်ငံသားဖြစ်ခြင်းဆိုင်ရာပိုင်ခွင့်များနှင့်ပတ်သက်သည့် အချေအတင်ဆွေးနွေးမှုများသည် "ပထမမျိုးဆက်ဖြစ်သော နိုင်ငံသားဆိုင်ရာရပိုင်ခွင့်များ" နှင့် "ဒုတိယမျိုးဆက်ဖြစ်သော လူမှုရေးဆိုင်ရာပိုင်ခွင့်များ" ကို အင်အားဖြည့်ပေးမည့် "တတိယမျိုးဆက်ပိုင်ခွင့်များ" ဟု အမည်တပ်ထားသည့် အခြားပိုင်ခွင့်အမျိုးမျိုးကို အသိအမှတ်ပြု၍ ထပ်မံထည့်သွင်းရန်အထိ ကျယ်ပြန့်လာခဲ့သည်။ ၎င်းတတိယမျိုးဆက်ပိုင်ခွင့်များသည် အုပ်စုပိုင်ခွင့်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပိုင်ခွင့်များဖြစ်သည်။ ပထမအချက်သည် အမျိုးသမီးများ၊ မျိုးနွယ်စုများ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားအရ လူနည်းစုဖြစ်နေသူများ၊ ဒုက္ခသည်များ၊ နိုင်ငံမဲ့များ၊ ကလေးသူငယ်အခွင့်အရေး၊ တတိယကမ္ဘာရှိ ဆင်းရဲသားများ စသည့် မိမိတို့ပိုင်ခွင့်များအတွက် ရှန်းကန်တိုက်ပွဲဝင်နေသူများ၏

အုပ်စုပိုင်ခွင့်များ ဖြစ်သည်။ နိုင်ငံသားဖြစ်မှုအတွက် ပတ်ဝန်းကျင်ဆိုင်ရာအပိုင်းသည် နေထိုင်မှုဘဝ၏ အရည်အသွေးပိုင်းနှင့်ဆက်စပ်နေသည်။ နိုင်ငံသားဖြစ်မှု၏ လူမှုရေးပိုင်းကဲ့သို့ပင် ယင်းအချက်နှင့်ပတ်သက်၍ ပိုင်ခွင့်များကို တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးရန်နှင့် ဥပဒေပြု၍ အကာအကွယ်ပေးရန် ခက်ခဲပေသည်။ သို့သော်လည်း လူအချို့သည် သာယာသော၊ အထောက်အကူပြုသော၊ ထိုက်ထိုက်တန်တန် ခံစားနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာခံစားခွင့်များ ငြင်းပယ်ခံနေရကာ သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကလည်း ကမ္ဘာနှင့်အဝန်း ခြိမ်းခြောက်ခံနေရခြင်းသည် အဖြစ်မှန်တစ်ရပ်ပင်ဖြစ်ချေသည်။ ရေ လေ အသံညစ်ညမ်းမှု၊ အိုဇုန်းလွှာပျက်စီးမှုကဲ့သို့သော ရာသီဥတုဆိုင်ရာအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှု၊ စက်မှုထူထောင်မှု၊ သဘာဝပတ်ဝန်းကျင် ပိုမိုညစ်ညမ်းလာမှု စသည်တို့ကိုအကြောင်းပြု၍ သယံဇာတများ လျော့ပါးလာခြင်း စသည်တို့သည် အကျွမ်းဝင်မှုရှိသော စာရင်းဇယားများဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော အင်အားစုများကို အမျိုးသားနိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်း၌သာ လှုပ်ရှားလုပ်ကိုင်နိုင်သော နိုင်ငံသားများ၏အခန်းကဏ္ဍက တားဆီးနိုင်ခြင်းမရှိသောကြောင့် ထိုကဲ့သို့သောပိုင်ခွင့်များက နိုင်ငံသားဖြစ်မှုအယူအဆအား သူ့ရှိရင်းစွဲနယ်ပယ်ကို ကျော်လွန်သွားသည်အထိကျယ်ပြန့်သွားစေသည်။ နိုင်ငံသားဖြစ်မှုက ပိုင်ခွင့်များပေးအပ်သည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပိုင်ခွင့်များကဘာလဲ၊ ဟိတာ၏ အလိုအရ တစ်ဦးချင်းဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာဟူ၍ ပိုင်ခွင့်နှစ်မျိုးနှစ်စားရှိသည်။ ပထမအချက်သည် လူတစ်ဦးချင်း၏ အလုပ်ခွင်တွင် အန္တရာယ်ရှိသော ဆေးလိပ်မီးခိုးများ ရှူရှိုက်နေရသည့် အခြေအနေ သို့မဟုတ် အိမ်နီးနားချင်းတို့ထံမှ နားမခံသာသည့်



ဗရုတ်သုတ်ခဆူညံသံများ ကြားနေရခြင်းမှ အကာအကွယ်ပေးနိုင်သော ပိုင်ခွင့်မျိုးဖြစ်သည်။ ကမ္ဘာချီပြောရလျှင် သန့်ရှင်းသော သောက်သုံးရေ လူတိုင်းရပိုင်ခွင့်မျိုး ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနိုင်ငံသားဖြစ်မှုကလည်း လူတစ်ဦးချင်းစီကို တာဝန်ပြန်လည်သတ်မှတ်ပေးထားသည်။ နိုင်ငံသားများကို သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးအပ်ထားသည်။ အဆိုပါအချက်သည် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်းမပြုရန်ဟူသော ရှောင်ကြဉ်ရန်အချက်ကိုသာမကဘဲ အခြားသူများက ဖျက်ဆီးခြင်းကို တားမြစ်ရာတွင် တက်တက်ကြွကြွပါဝင်ရန်ဟူသော တာဝန်ကိုပါပေးထားသည်။ ၎င်းသည် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဖျက်ဆီးခြင်း၊ ကျန်းမာခြင်းနှင့် နာမကျန်းဖြစ်ခြင်း၊ အသက်ရှင်ရေးနှင့် သေရေးပြဿနာစသည့် အကြောင်းအရာများ ဖြစ်သည်။

သို့သော်လည်း နိုင်ငံသားဖြစ်မှု၏ပိုင်ခွင့်များထဲသို့ ပတ်ဝန်းကျင်ဆိုင်ရာပိုင်ခွင့်များကို ထည့်သွင်းခြင်းတွင် ပင်ကိုသဘောအရပင် ရှေ့နောက်မညီညွတ်မှုများ ပါဝင်နေသည်။ ကမ္ဘာ့စီးပွားရေးစနစ်နှင့် ကမ္ဘာ့ဂေဟစနစ်တို့သည် မတူညီသော လားရာသို့သွားနေကြသည်။ ကမ္ဘာ့စီးပွားရေးစနစ်သည် အရင်းရှင်စီးပွားရေးစနစ်ဖြစ်သည်။ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အခြေခံထားသော နိုင်ငံသားဖြစ်မှုသည် အရင်းရှင်စနစ်မှ မွေးဖွားလာခြင်းဖြစ်ပြီး ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အခြေခံသော နိုင်ငံသားဖြစ်မှု၏ နိုင်ငံသားပိုင်ခွင့်များသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ဈေးကွက်လွတ်လပ်မှုကို အကာအကွယ်ပေးရန် တီထွင်ဖန်တီးထားခြင်းဖြစ်သည်။ ထိုသို့သော အခြေအနေများထဲတွင် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲနေခြင်းကို အားပေးသည့် နိုင်ငံသားဖြစ်မှု၏ နိုင်ငံသားပိုင်ခွင့်များသည် နိုင်ငံသားဖြစ်မှု၏ ပတ်ဝန်းကျင်ဆိုင်ရာပိုင်ခွင့်များနှင့် အတူယှဉ်တွဲနေထိုင်ရေးကိစ္စ

သည် မေးခွန်းထုတ်စရာ ကိစ္စကြီးဖြစ်နေသည်။ သတိပြုရန် အရေးပါသော အချက်တစ်ခုသည် ထိုပိုင်ခွင့်တစ်ခုတလေကမှ နိုင်ငံသားတစ်ဦး နေထိုင်သည့် နယ်မြေ သို့မဟုတ် နိုင်ငံတစ်ခုနှင့် ဆက်စပ်နေခြင်းမရှိဟူသော အချက်ဖြစ်သည်။ သူတို့သည် ကမ္ဘာတစ်ဝန်းလုံး အကျိုးဖြစ်ထွန်းစေသည့် ကျယ်ပြန့်သော ပိုင်ခွင့်များဖြစ်ကြောင်း နှလုံးသွင်းထားရန် လိုအပ်ပေသည်။

ယင်းအချက်နှင့် စပ်လျဉ်း၍ ကမ္ဘာ့လစ်ဘရယ်လ် (ပုဂ္ဂလိက လွတ်လပ်ခွင့်ကို အခြေခံသော) ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် မပါရှိသော ပိုင်ခွင့်အသစ်များကို ထည့်သွင်းဖော်ပြထားသည့် တောင်အာဖရိကနိုင်ငံ၏ပိုင်ခွင့်များ ကြေညာစာတမ်းကို မှတ်သားထားထိုက်ပေသည်။ ၎င်းကို ခေတ်အမီဆုံး ပိုင်ခွင့်များဆိုင်ရာ အနက်ဖွင့်ဆိုချက်အဖြစ် ယူဆထားကြသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံအတွင်း နေထိုင်ကြကုန်သော လူများစုကြီး၏ နိုင်ငံသားဖြစ်ခွင့်ကို ပြောင်ပြောင်တင်းတင်းအရှက်မရှိ ငြင်းပယ်သည့် အသားအရောင်ခွဲခြားအုပ်ချုပ်သည့် စနစ်နေရာတွင် အခွင့်အရေးတန်းတူညီမျှမှုရှိသော နိုင်ငံသားများပါဝင်သည့် နိုင်ငံ့ထူထောင်ရေးဟူသော အသားအရောင်ခွဲအုပ်ချုပ်သည့်စနစ်နှင့် မတူကွဲပြားမှုရှိကြောင်းကို ထောက်ပြရန် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်သည်။

အသားအရောင် ခွဲခြားအုပ်ချုပ်သည့်အစိုးရကို အမှတ်ရကာ ၎င်း၏မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများကို အမြစ်ပါမကျန် နုတ်ပယ်ပစ်ရန် စိတ်ပိုင်းဖြတ်ထားပြီး ပိုင်ခွင့်များ ကြေညာစာတမ်းတွင် အလေးအနက်စဉ်းစားရန်လိုအပ်သည့် ပေါ်လွင်နေသော ပိုင်ခွင့်ဆိုင်ရာ အကြောင်းအချက်များ ပါဝင်လျက်ရှိသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာပေါ်တွင် လွတ်လပ်ခွင့်အများဆုံးပေးထားသော ဥပဒေဖြစ်သည်။ မျှော်လင့်ထားသော နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များပါဝင်သည့်အပြင် အိမ်ရာနှင့်



ပတ်သက်သော လူမှုရေးပိုင်ခွင့်၊ သတိရှိရှိဖြင့် မျှတစွာသတ်မှတ်ပေးထားသော အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးလုံး၏ ပိုင်ခွင့်များစသော နိုင်ငံသားပိုင်ခွင့်နယ်ပယ်ကို တိုးချဲ့လိုသည့်အလားအလာများကို ပုံဖော်ပေးနေသော ထပ်တိုးပိုင်ခွင့်များလည်း ပါဝင်နေသည်။ အထူးထင်ရှားသည့် ပိုင်ခွင့်များသည်ကား သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်နေသည့် ကိစ္စများ၊ အစားအစာ၊ ရေနှင့် လူမှုဘဝလုံခြုံရေး ကိစ္စတို့ဖြစ်သည်။ “နိုင်ငံသားတိုင်း အစားအသောက်နှင့် ရေဖူလုံမှုရှိရေး” တည်းဟူသော အခြေခံရပိုင်ခွင့်အပြင် “လူတိုင်း (က) ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာရှိမှုကို အန္တရာယ်မပြုသောပတ်ဝန်းကျင် တစ်ရပ်ရရှိခံစားပိုင်ခွင့်၊ (ခ) လက်ရှိနှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအလို့ငှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်” စသည်တို့ကို အခြေခံဥပဒေတာ ကြေညာထားသည်။

နိုင်ငံသားဖြစ်ခြင်းဆိုင်ရာပိုင်ခွင့်များကို အမှန်တကယ်မည်သည့်အတိုင်းအတာအထိ ခံစားနိုင်သလဲဆိုသည်ကို မေးခွန်းထုတ်နိုင်ပေသည်။ နိုင်ငံအချို့၌ ၎င်းတို့ကြေညာထားသော နိုင်ငံသားဖြစ်မှုဆိုင်ရာ ပိုင်ခွင့်များနှင့် ထိုပိုင်ခွင့်များကို လက်တွေ့ခံစားနိုင်သည့် အခြေအနေများသည် အနီးစပ်ဆုံး လိုက်လျောညီထွေဖြစ်နေကြသည်။ သို့သော် ကမ္ဘာနှင့်ချီ၍ပြောရလျှင် ခြွင်းချက်များစွာ ရှိနေပေသည်။ အကျဉ်းချုပ်၍ လေးမျိုးလေးစား ထောက်ပြလိုသည်။ ပိုင်ခွင့်များကို ထိထိရောက်ရောက် ငြင်းပယ်ထားသည်။ (ဥပမာ- အရှေ့အလယ်ပိုင်းနိုင်ငံများ) ပိုင်ခွင့်များကို တိတိကျကျသတ်မှတ်ထားခြင်းမရှိသော်လည်း ခံစားခွင့်များရရှိနေသည်။ (ဥပမာ-ယူကေ) ပိုင်ခွင့်များကို ပုံပျက်ပန်းပျက် ဖွင့်ဆိုထားသည်။ (ဥပမာ- ယခင်ဆိုဗီယက်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ) ပိုင်ခွင့်များကို သတ်သတ်မှတ်မှတ်ပေးထားသော်လည်း လက်တွေ့ခံစားရာတွင် အခက်အခဲများ ရှိနေသည် (ရုရှား)။

## နိုင်ငံသားတို့၏ တာဝန်ဝတ္တရားများ

နိုင်ငံတစ်ခု၏ရှင်သန်မှုကို ထိုနိုင်ငံရှိ နိုင်ငံသားများအမိန့်နာခံမှုက ထောက်မထားသည်။ အမျိုးမျိုးသော သုံးသပ်ဆင်ခြင်မှုများက အစိုးရ၏အမိန့်များကို နာခံရန်စေ့ဆော်လျက်ရှိသည်။ ထိုအချက်များသည် ဥပဒေ၏အရည်အသွေးကောင်းမွန်မှု၊ နိုင်ငံတော်က ရပ်တည်ပေးနေသည့် တရားမျှတမှု၊ နိုင်ငံတော်၏အမိန့်များကို နာခံရန် အကျင့်ပါနေခြင်း စသည်တို့ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အဆိုပါယူဆချက်များကို သုံးမျိုးသုံးစားခွဲခြားနိုင်သည်။ ပထမအချက်မှာ နိုင်ငံသားများက သူတို့အကျိုးစီးပွားအတွက် အမိန့်များကို လိုက်နာရန်သင့်သည်ဟု ယူဆသောကြောင့် နိုင်ငံတော်၏အမိန့်များကို လိုက်နာကြခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် နိုင်ငံတော်၏ အမိန့်များကို လိုက်နာခြင်းဖြင့် သူတို့အဖို့အကျိုးများနိုင်သည်ဟု ယုံကြည်နေကြခြင်းဖြစ်သည်။ ဒုတိယအချက်မှာ အကြောက်တရားကို အခြေခံ၍ နိုင်ငံတော်၏အမိန့်များကို နာခံခြင်း ဖြစ်သည်။ နိုင်ငံတော်၏အမိန့်ကိုဖီဆန်လျှင် အရေးယူအပြစ်ပေးခြင်းခံရမည်ကို ကြောက်ရွံ့ကြသည်။ တတိယအချက်သည်ကား တရားဝင်အစိုးရဖြစ်သည်ဟု သူတို့လက်ခံသဖြင့် အမိန့်လိုက်နာကြခြင်းဖြစ်သည်။ ပြည်သူများက အစိုးရကိုသူတို့ပိုင်ဆိုင်ပြီး သူတို့အကျိုးစီးပွားကို ဖော်ဆောင်ပေးသည်ဟု ယူဆကြလျှင် အစိုးရကိုတရားဝင်အစိုးရဟု သတ်မှတ်သည်။ အစိုးရက တရားဝင်မှုဆုံးရှုံးသွားပြီဟု ယူဆကြလျှင် နိုင်ငံသားများက အစိုးရ၏အမိန့်ကို ဆက်လက်နာခံတော့မည်မဟုတ်ပေ။

နိုင်ငံသားဖြစ်မှုသည် တစ်လမ်းသွားမဟုတ်ပေ။ ရပိုင်ခွင့်များအပြင် တာဝန်များကိုလည်း သတ်မှတ်ပေးထားသည်။ နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်သည် ဆက်လက်တည်မြဲနေစေရေးအတွက် အစဉ်ကြိုးပမ်းနေရန် တာဝန်ရှိနေသည်။ ရန်သူများ၏ အန္တရာယ်ပြုမှုကို ကာကွယ်နေရန်လိုအပ်ပြီး ကွယ်လွန်သွားသော အဖွဲ့ဝင်များ၏နေရာကိုလည်း အစားထိုးနိုင်ရန် လိုအပ်သည်။ ထိုတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားဖြစ်မှုဖွံ့ဖြိုးလာရခြင်းဖြစ်သည်။ ဂရိနိုင်ငံမှစတင်၍ ပေါ်ပေါက်လာခဲ့သော နိုင်ငံသားဖြစ်မှုအယူအဆသည် ကုန်လွန်ခဲ့သောရာစုနှစ်ခုတစ်လျှောက်လုံး အဆိုပါပြဿနာကိုဖြေရှင်းရန် လုံးပန်းနေခဲ့ရသည်။ ခေတ်သစ် ဒီမိုကရေစီအခြေခံသော နိုင်ငံသားဖြစ်ခွင့်က အမြဲတစေ ရင်ဆိုင်နေရသောအချက်မှာ တစ်ဖက်၌ နိုင်ငံသားတစ်ဦးက အခြားနိုင်ငံသားများနှင့် သင့်တင့်လျောက်ပတ်သော ဆက်ဆံရေးရှိရန်နှင့် အခြားတစ်ဖက်တွင်လည်း နိုင်ငံသားတစ်ဦးနှင့် နိုင်ငံတော်အဖွဲ့အစည်းများအကြား လျော်ကန်သည့် ဆက်ဆံရေးပေါ်ပေါက်လာစေရန်ကိစ္စဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝါဒ မည်သို့ပင်ထွန်းကားနေစေကာမူ နိုင်ငံတစ်ခုချင်းစီ၏ နိုင်ငံရေးအရအရေးပါမှုသည် ပထမဦးစားပေးအဆင့်၌သာ ရှိနေသည်။ စစ်မက်ရေးရာလုံခြုံမှု၊ လူပုဂ္ဂိုလ်နှင့် ပစ္စည်းလုံခြုံမှုတို့အတွက် ပြည်သူလူထုတနိုင်ငံတော်ကိုသာ အားကိုးအားထား ပြုနေဆဲဖြစ်သည်။ လူထုသည် မိမိတို့၏ဘဝတူနိုင်ငံသားရောင်းရင်းများနှင့် လက်တွဲကာ သူတို့၏အခြေခံနိုင်ငံရေးလက္ခဏာများကို ပုံဖော်နေကြသည်။ သူတို့၏နိုင်ငံရေးအာနိသင်ထက်မြက်မှုကို ဘဝတူနိုင်ငံသားအချင်းချင်းပေါင်းဖက်လုပ်ကိုင်ခြင်းဖြင့်သာလျှင် ရရှိနိုင်ကြောင်း သိမြင်လာကြသည်။ နိုင်ငံတော်သည်သာ သူတို့၏သစ္စာစောင့်သိမှု၏ မဏ္ဍိုင်ဖြစ်လာခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများထက် သူတို့၏နိုင်ငံတော်အတွက်သာလျှင် အသက်ပေးဆပ်ရန် အသင့်ရှိနေကြသည်။ ထို့ကြောင့် သူတို့ကို အလေးမထားသော သို့မဟုတ် ရှုတ်ချသော နိုင်ငံသားဖြစ်မှုအယူအဆသည် မိုက်မဲသောသမိုင်းကြောင်းပင်ဖြစ်သည်။

ဖြည့်ဆည်းပေးရန် လိုအပ်သော တာဝန်တစ်ရပ်ဆိုသည်မှာ တစ်စုံတစ်ရာသော နည်းလမ်းဖြင့် ဆောင်ရွက်ပေးရမည့် သတ်မှတ်ချက် သို့မဟုတ် ဝတ္တရားတစ်ခုဖြစ်သည်။ အိပ်ချ်အယ်လ်အေဟတ် (၁၉၆၁) က အကျပ်ကိုင်မှုသဘောသက်ရောက်နေသည့် "မဖြစ်မနေလုပ်ပေးရန်" ဆိုသည့်စကားနှင့် ကိုယ်ကျင့်သိက္ခာတာဝန်သဘောသက်ရောက်နေသည့် "တာဝန်ရှိသည်" ဟူသော စကားရပ်တို့ကို ခွဲခြားပြသထားသည် (ပေ့ါဂီ ၂၀၀၄၊ ၉၈)။ ဘဏ်တိုက်တစ်ခု၏ ငွေကိုင်စာရေးသည် လက်နက်ကိုင်ထားသူတစ်ဦးထံ ငွေကို မဖြစ်မနေ လွှဲပေးလိုက်ရသော်လည်း သူ့တွင် ထိုငွေကို လွှဲပေးရန်တာဝန် (အထက် ဒုတိယအဓိပ္ပာယ်အရ) မရှိပေ။ ဤအချက်က ဥပဒေကြောင်းအရနှင့် ကိုယ်ကျင့်သိက္ခာပိုင်းအရ တာဝန်ရှိမှုကို ခွဲခြားသိမြင်လာစေသည်။ အခွန်ထမ်းဆောင်ရန်နှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်ဟူသည် ဥပဒေပြဋ္ဌာန်းချက်ပါ တာဝန်များကို လိုက်နာဆောင်ရွက်လာစေရန် တရားရုံးများမှတစ်ဆင့် ဖိအားပေးဆောင်ရွက်နိုင်ပြီး ယင်းလုပ်ငန်းကို ပြစ်ဒဏ်ပေးသည့် စနစ်ကကျားကန်ပေးထားသည်။

ထိုသို့သော တာဝန်ရှိမှုများကို သာမန်အမြော်အမြင်ရှိမှုအပေါ် အခြေခံ၍ လိုက်နာကြသည်။ ဥပဒေများ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အပြစ်ပေးခံရမည်ကို ကြောက်ရွံ့၍ လိုက်နာဆောင်ရွက်ကြသည်။ ဤအခန်းနှင့် ပတ်သက်နေသော ကိုယ်ကျင့်သိက္ခာဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ခြင်းသည် အခြေအနေအရလုပ်ရခြင်းမျိုး မဟုတ်ဘဲ မှန်ကန်သည် သို့မဟုတ် ကိုယ်ကျင့်သိက္ခာအရလုပ်သင့်သည်ဟုယူဆ၍ လုပ်ဆောင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ကတိတစ်ခုပေးခြင်းသည် ထိုကတိကို ဖောက်ဖျက်ခြင်းကြောင့် ပေါ်ပေါက်လာမည့် အကျိုးဆက်များကို ဂရုမပြုတော့ဘဲ ထိုကတိအတိုင်း ဆောင်ရွက်ပေးရန် ကိုယ်ကျင့်သိက္ခာပိုင်းအရ တာဝန်ရှိနေသည်။



ပိုင်ခွင့်များနှင့် တာဝန်များသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့် ပန်းပမာ အဓိပ္ပာယ်ကို ဆောင်နေသည်။ ပိုင်ခွင့်တစ်ခုရရှိခြင်းသည် ထိုပိုင်ခွင့်ကို ထိန်းသိမ်းထားရန် သို့မဟုတ် အလေးထားရန် လူတစ်ဦးကို တာဝန်ပေးအပ်ရာရောက်သည်။ ထိုသဘောအရ ယခင်အခန်းတွင် ဆွေးနွေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးချင်း၏ပိုင်ခွင့်များသည် နိုင်ငံတော်အပေါ် ကြီးလေးသောတာဝန်များ ပိနေစေတော့သည်။ ဥပမာ အသက်ရှင်ခွင့်ကို အဓိပ္ပာယ်ရှိလာစေရန်အတွက် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုအတွက် အစိုးရကဆောင်ရွက်ပေးရန် တာဝန်ရှိနေပေသည်။ "ရှောင်ကြဉ်ရန်" ပိုင်ခွင့်များတွင် နိုင်ငံတော်က ဩဇာအာဏာကို ကန့်သတ်ထားခြင်း သို့မဟုတ် အသုံးမပြုဘဲ ထိန်းချုပ်ထားခြင်းစသည့် တာဝန်များပါဝင်နေသည်။ "ဆောင်ရွက်ရန်" ပိုင်ခွင့်များတွင် စီးပွားရေးကို စီမံခန့်ခွဲခြင်း၊ သက်သာချောင်ချိရေးလုပ်ငန်းအဆင့်ဆင့်ကို တာဝန်ယူဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းများအတွက် တာဝန်ရှိနေသည်။

သို့သော်လည်း နိုင်ငံသားများသည် ပိုင်ခွင့်များကိုသာ သယ်ဆောင်လာသူများဖြစ်ပြီး တာဝန်မှန်သမျှ အစိုးရအပေါ်တွင်သာ ပုံချထားပါကစနစ်ကျ၍ သိက္ခာမြင့်မားသောဘဝကို ရနိုင်မည် မဟုတ်ပေ။ ပိုင်ခွင့်များကိုသာရယူထားပြီး တာဝန်များကို အသိအမှတ်မပြုသည့် ပုဂ္ဂိုလ်များသည် ဥပဒေလိုက်နာခြင်းမရှိဘဲ ထိန်းသိမ်းရခက်ခဲသူများ ဖြစ်ပေမည်။ ထို့ကြောင့် နိုင်ငံသားဖြစ်ခွင့်ဆိုသည်မှာ ပိုင်ခွင့်များနှင့် တာဝန်များကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အခြေခံအကျဆုံးအချက်သည်ကား နိုင်ငံသားတစ်ယောက်သည် နိုင်ငံတော်၏ဩဇာအာဏာကို အသိအမှတ်ပြုပြီး ၎င်း၏ဥပဒေများကို လိုက်နာရန်တာဝန်ရှိသည်ဟူသော အစဉ်အလာအရ သတ်မှတ်ထားသော နိုင်ငံရေးတာဝန်ဝတ္တရားပင် ဖြစ်ချေသည်။

## နိုင်ငံသားယဉ်ကျေးမှု

နိုင်ငံသားများ၏ပိုင်ခွင့်များကို ဖော်ထုတ်ပြုစုရာတွင် ယဉ်ကျေးမှုဆိုင်ရာအဆက်အစပ်များကို အသိအမှတ်ပြုခြင်းနှင့် အတူယှဉ်တွဲလျက် "နိုင်ငံသားသီလ" နှင့် "နိုင်ငံသားကောင်း" ဟူသော ရီပတ်ဘလီကန်အကောင်းဆုံးစံများသည်လည်း အမျိုးမျိုးသော အတွေးမျှင်တန်းများတွင် ပြန်လည်ပေါ်ထွန်းလာကြသည်။ ယခင်ကဆွေးနွေးခဲ့သလိုပင် နိုင်ငံသားယဉ်ကျေးမှု/သီလ၊ မျိုးချစ်စိတ်ဓာတ်၊ အများပါဝင်ဆောင်ရွက်ခွင့်ရသည့် နိုင်ငံသားဖြစ်မှုတို့ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့် ကောင်းမွန်သောနိုင်ငံသားဖြစ်မှု၏ အကောင်းဆုံးစံနမူနာသည် ရှေးဟောင်းဂရိဂန္ထဝင်ခေတ်က စတင်ပေါ်ပေါက်လာခဲ့ပြီး ပြန်လည်နိုးကြားလာခဲ့သော အီတလီ ၁၈ ရာစု အမေရိကန်နှင့် ပြင်သစ်တို့တွင် ထိုအချက်ကိုပင် အကောင်းဆုံး အဖြစ် ပြန်လည်ဖော်ထုတ်ခဲ့ကြသည်။

၁၈ ရာစုနှောင်းပိုင်းမှစတင်၍ တာဝန်ကျေပွန်သော နိုင်ငံသားဟူသည့် ရီပတ်ဘလီကန် အစဉ်အလာသည် လစ်ဘရယ်လ် (ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်) အယူအဆကို နေရာဖယ်ပေးလာခဲ့သည်။ တာဝန်ကျေပွန်သော နိုင်ငံသား ရီပတ်ဘလီကန်ဝါဒ (သို့) လက်သစ်ရီပတ်ဘလီကန်ဝါဒကို လစ်ဘရယ်လ်နှင့် လစ်ဘရယ်လ် မဟုတ်သော နိုင်ငံသားဖြစ်မှုဆိုင်ရာ ရှင်းလင်းချက်နှစ်မျိုးလုံးတွင် ပြန်လည်ဖော်ထုတ်လာခဲ့ကြပြီး သက်ဆိုင်ရာအတွေးအမြင်၏ အစဉ်အလာပေါ်မူတည်၍ ပုံစံကွဲပြားမှုရှိပေမည်။ ထိုသို့ ပြန်လည်ခေတ်စားလာခြင်းကို လူမှုဆက်ဆံရေးများနှင့် ပတ်သက်သည့် နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာ လစ်ဘရယ်လ်တို့၏ ပြောဟန်ဆိုဟန် သို့မဟုတ် နိုင်ငံသားဆိုင်ရာ ရီပတ်ဘလီကန်ဝါဒ၏ ပင်ကိုတန်ဖိုးကြောင့်ဟု များသောအားဖြင့် မှတ်ယူကြသည်။



ယေဘုယျအားဖြင့် "လက်သစ်ရီပတ်ဘလီကန်ဝါဒ" တွင် မျိုးကွဲ နှစ်ခုရှိနေကြောင်း သတ်မှတ်နိုင်သည်။ မျိုးကွဲတစ်ခုမှာ ကာလ အတန်ကြာစွာ လစ်ဘရယ်လ်နိုင်ငံသားဖြစ်မှု အယူအဆက ထုတ်လုပ်လိုက်သော နိုင်ငံရေးတွင် စိတ်မဝင်စားမှုနှင့် တက်ကြွစွာ ပါဝင်ခြင်းမရှိမှုတို့ပေါ်လွင်နေသည့် "ပါးလွှာသော ဒီမိုကရေစီ" အား စိတ်ပျက်လာမှုကို ဖော်ပြနေသည်။ လက်ဝဲအတွေးအခေါ်ရှင်များက နိုင်ငံသားများကို ဒီမိုကရေစီလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် လုပ်ပိုင်ခွင့်များကိုရရှိလာစေပြီး သူတို့၏ တက်ကြွမှုမရှိသော အနေအထားကို ပြောင်းပြန်လှန်ပစ်လိုကြကာ အစွန်းရောက်မှုမတူယှဉ်တွဲနေထိုင်မှုဝါဒီ ချန်တယ်လ်မော့ဖ် (၁၉၉၂) က နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်စေခြင်းနှင့် ကွဲလွဲမှုများ ထုတ်ဖော်ပြောဆိုစေခြင်းစသည်တို့အားဖြင့် "ဒီမိုကရေစီအခြေခံသောညီမျှမှု" ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ထားသည်။ ဤတက်ကြွသော နိုင်ငံသားဖြစ်မှုသဘောထားသည် လူထုလူတန်းစားအဖွဲ့အစည်းနှင့် နိုင်ငံရေးအဖွဲ့အစည်းတို့၏ ကွဲပြားခြားနားမှုနှင့် သဘောကိုက်ညီမှုရှိနေပေသည်။ လူထုလူတန်းစားအဖွဲ့အစည်းသည် နိုင်ငံရေးကစားကွင်း၏ ပြင်ပတွင်ရှိနေပြီး တစ်ဦးချင်းပုဂ္ဂိုလ်များသည် သူတို့၏ ကိုယ်ကျိုးစီးပွားကိစ္စများကို ထုတ်ဖော်ပြောဆိုရန် ပါဝင်လာကြခြင်း ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ တစ်ဦးချင်းပုဂ္ဂိုလ်များသည် သူတို့၏တစ်ဦးချင်းကိုယ်ကျိုးစီးပွားများ သက်သက်အတွက်မဟုတ်ဘဲ နိုင်ငံတော်ကို ဩဇာလွှမ်းမိုးရန် သို့မဟုတ် တောင်းဆိုမှုများ ပြုလုပ်ရန်ဟူသော စုပေါင်းအကျိုးစီးပွားများကို အလေးပေးပြောဆိုဆက်ဆံကြသောအခါ နိုင်ငံရေးအဖွဲ့အစည်း ပေါ်ပေါက်လာတော့သည်။

ကွဲပြားခြားနားသော တက်ကြွသည့် နိုင်ငံသားဖြစ်မှုအကြောင်း ပြောကြားချက်များကို မိုက်ကယ်လ်ဝေါလ်ဇာ၏ ရေးသားချက်များ

တွင် တွေ့ရှိရသည်။ လူမှုဘဝ၏ မတူယှဉ်တွဲနေထိုင်သော သဘော သဘာဝကို လက်ခံရင်းနိုင်ငံသားဖြစ်မှုက အားလုံးကို စုစည်းဖုံးအုပ်ထားသော ဘုံမူဝါဒဖြစ်ကြောင်း ဝေါလ်ဇာက အဆိုပြုထားသည်။ နိုင်ငံသားဖြစ်မှုသည် စုစည်းဖုံးအုပ်ပေးသည် အခြေခံမှုဖြစ်ကြောင်းကို ကွဲပြားခြားနားသည့် လူအုပ်စုများ၏ အစိတ်အပိုင်းဖြစ်သော တစ်ဦးချင်းလူပုဂ္ဂိုလ်များကို ယဉ်ကျေးသိမ်မွေ့မှုနှင့် ချုပ်တည်းနိုင်မှုတို့ကို လေ့ကျင့်ပေးသည့်နေရာကို ဖန်တီးပေးထားသော "အခင်းအကျင်းများ၏ အခင်းအကျင်း" (ဝေါလ်ဇာ ၁၉၈၉) ဟု ခေါ် ဆိုနိုင်သည့် လူထုလူတန်းစားအဖွဲ့အစည်းတွင် ပေါ်လွင်စွာတွေ့ရှိနေရပေသည်။

မတူကွဲပြားသည့်အုပ်စုများ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စင်မြင့်တည်းဟူသော လိုလားချက်များကို ဖွင့်ဟပြောဆိုကြသည့် အများပြည်သူနယ်ပယ်တွင် တစ်ဦးချင်းပုဂ္ဂိုလ်များသည် သူတို့ခံယူထားသည့် ကောင်းမွန်သောဘဝအယူအဆကို ကျော်လွန်ပြီး အများကောင်းကျိုးအတွက် စဉ်းစားတွေးခေါ် လာကြသည်။ "အလွန်အကျွံ ဘာသိဘာသာနေသူများ" သို့မဟုတ် အသံတိတ်နေသော နိုင်ငံကိုမှီခိုနေသူများ" ဟူသည့် လူတန်းစားများ တိုးတက်များပြားလာခြင်းကို သူက အပြစ်မြင်နေသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုသည်သာလျှင် တက်ကြွသောနိုင်ငံသားဖြစ်ခြင်း၏ တစ်ခုတည်းသော ပုံစံဖြစ်နေသည်ကိုလည်း ဝေါလ်ဇာက အလားတူစွာပင် စိတ်ကသိကအောက် ဖြစ်နေသည်။ သူက မျက်မှောက်ကမ္ဘာကြီးတွင် အသင်းအဖွဲ့နှင့် နေထိုင်သည့်ဘဝ၏ သိပ်သည်းမှု၊ ယင်းတို့၏ လှုပ်ရှားမှုများနှင့် ယင်းတို့အကြောင်းကို သိနားလည်မှုစသည်တို့ကို ပြန်လည်အမှတ်ရပြီး ပြန်လည်သင်ယူရန် လိုအပ်ကြောင်း ယုံကြည်ထားမှုအပေါ်တွင် အခြေခံသည့် "ဝေဖန်ဆန်းစစ်မှုရှိသည့် ပေါင်းသင်း



ဆက်ဆံမှု" ကို ယုံကြည်မှုရှိနေပြီး လူထုလူတန်းစား အဖွဲ့အစည်းနယ်ပယ်တွင် ပါဝင်နေသော အသင်းတော်များ၊ မိသားစုများ၊ မျိုးနွယ်စုဆိုင်ရာ အသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအုပ်စုများ၊ စာသင်ကျောင်းများစသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံသားများကို အပြန်အလှန် တာဝန်ရှိမှုဖြင့် ပတ်စည်းပေးသည့် နိုင်ငံသားသီလများကို စိတ်ထဲတွင် စွဲမြဲသွားစေရေး လုပ်ဆောင်ပေးရန် သူကအဆိုပြုထားသည်။

အခြားတစ်ဖက်တွင်လည်း အယူအဆမျိုးကွဲတစ်ခုကို ကိုယ်စားပြုကြသော "လူ့အသိုက်အဝန်း၏ အရေးပါမှုအယူအဆ" ကို လက်ခံသူများဖြစ်ကြသော အလီယာစ်ဒဲ မက္ကင်တိုင်ယာ (၁၉၈၁)၊ အာမီတိုင် အဲဇီယိုနီ (၁၉၉၅)၊ မိုက်ကယ်လ်ဆန်ဒဲလ် (၁၉၈၂) တို့က ခေတ်သစ်လူ့အဖွဲ့အစည်းများအတွင်း၌ လူမှုရေးသံယောဇဉ်ကြိုးများ တစ်စတစ်စ ယိုယွင်းပျက်စီးလာခြင်း၊ ကိုယ်ကျင့်တရားခေါင်းပါးသွားခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်စိမ်းစိမ်းနေခြင်းစသည်တို့အတွက် လစ်ဘရယ်လ်နိုင်ငံသားဖြစ်မှုအယူအဆ၏ တက်ကြွမှုကင်းမဲ့နေခြင်းအပေါ် အပြစ်ဖို့ကြသည်။ အကြမ်းဖျင်းပြောရလျှင် ယခုမျိုးကွဲသည် ယခင်ဆွေးနွေးချက်များကဲ့သို့ပင် လူ့အသိုင်းအဝိုင်းနှင့် တာဝန်ဝတ္တရားအပေါ် အခြေစိုက်သည့် ရီပတ်ဘလီကန် (သမ္မတနိုင်ငံစနစ်ကို လိုလားသော) အစဉ်အလာမှ ဆင်းသက်လာခဲ့သည်။ သို့သော်လည်း ၎င်းအစီအစဉ်၌ နိုင်ငံရေးတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ရေးနှင့် ရီပတ်ဘလီကန်တို့၏ လွတ်လပ်ခွင့်ဦးစားပေးမှုတို့ကို ချန်လှပ်ထားပေရာ ထိုရီပတ်ဘလီကန် အယူအဆနှင့် ကွဲပြားမှုရှိပေသည်။ ထို့အပြင် "အိမ်နီးချင်းကောင်းအယူအဆကို ပြန်လည်ဖော်ထုတ်ရေး"နှင့် တစ်မျိုးသားလုံး တစ်သားတည်းနေထိုင်ရေး"တို့အတွက် နည်းလမ်းရှာဖွေနေကြပေရာ အခြားမျိုးကွဲအယူအဆက

ထောက်ခံထားသော နိုင်ငံရေးနှင့် အခြားကိစ္စရပ်များတွင်မူ မတူအတူယှဉ်တွဲနေထိုင်ရေး အယူအဆများကို သူတို့ကလက်မခံကြပေ။ ထို့ကြောင့် မက္ကင်တိုင်ယာနှင့် ဆန်ဒဲလ်တို့သည် "ဝန်ထုပ်ဝန်ပိုးကင်းမဲ့သောအတ္တ" အယူအဆကို လက်မခံဘဲ မတူကွဲပြားမှုအားလုံးကို ငြင်းပယ်ပြီး "ရပိုင်ခွင့်ဆိုင်ရာနိုင်ငံရေး" ကို "အများကောင်းကျိုးပြုနိုင်ငံရေး" ဖြင့် အစားထိုးရန် တင်ပြဆွေးနွေးနေသည့် လူမှုရေးနှင့် စီးပွားရေးကိစ္စများတွင် ရှေးရိုးစွဲဝါဒကို စွဲကိုင်ထားသောမူကွဲအယူအဆကို ကိုယ်စားပြုသူများ ဖြစ်သည်။

လူမှုပိုင်ခွင့်များသည် ပိုင်ခွင့်များဖွံ့ဖြိုးလာမှု၏ တတိယအဆင့်ဖြစ်ပြီး ပဒေသာပင်နိုင်ငံဖွံ့ဖြိုးလာမှုနှင့် တိုက်ဆိုင်နေကာ ဆင်းရဲသားများ၊ နယ်မြေပြောင်းရွှေ့အခြေချနေထိုင်သူများ၊ လူနည်းစုဖြစ်သောမျိုးနွယ်စုများကို နိုင်ငံသားဖြစ်ခွင့်နှင့် ပေါင်းစည်းပေးနေကြောင်း မာရှယ်၏တင်ပြချက်များကို ကျွန်ုပ်တို့ ပြန်လည်အမှတ်ရစေသည်။ သို့သော်လည်း "လက်ယာဝါဒသစ်" အယူအဆများကမူ လူမှုပိုင်ခွင့်များသည် ဆင်းရဲသားများအတွင်း ဆိတ်ဆိတ်နေခြင်းနှင့် မှီခိုလိုခြင်း ယဉ်ကျေးမှုတိုးပွားလာစေရန် အားပေးအားမြှောက်ပြုနေသည်ဟု ရှုမြင်ကြသည်။ နိုင်ငံသားတိုင်း အများကောင်းကျိုးသယ်ပိုးရန်နှင့် စုပေါင်းတာဝန်ယူမှုရှိရန်ဟူသော မူဘောင်အတွင်းမှ လူမှုဖူလုံရေး အစီအစဉ်များနေရာတွင် အလုပ်အကိုင် ဖန်တီးပေးရေးအစီအစဉ်များ အစားထိုးဆောင်ရွက်ပေးနိုင်ရန် ဆင်းရဲသားများကိုအကာအကွယ်ပေးထားသည့်အစီအမံများကို လျှော့ချဖြတ်တောက်ပစ်ပြီး လူမှုဖူလုံရေးဆိုင်ရာခံစားခွင့်များကို အလုပ်တာဝန်ယူမှုနှင့်တွဲစပ်ပေးထားရန် သူတို့က အဆိုပြုတင်ပြကြသည်။ လူထုလူတန်းစားအဖွဲ့အစည်း၌ ပါဝင်နေသော အဖွဲ့အစည်းများတွင် ပါဝင်လုပ်ကိုင်စေခြင်းဖြင့် တာဝန်ကျေပွန်သော နိုင်ငံသားဖြစ်မှုကို



အားဖြည့်ပေးရန် ဆွေးနွေးကြသည့် လူထုလူတန်းစားအဖွဲ့အစည်းအယူအဆသမားများနှင့်မတူဘဲ "လက်ယာဝါဒသစ်" က လွတ်လပ်စွာကုန်သွယ်မှု၊ ထိန်းချုပ်မှုလျှော့ချခြင်း၊ အခွန်အတုတ်လျှော့ပေါ့ပေးခြင်း၊ အလုပ်သမားသမဂ္ဂများ အားပျော့လာခြင်းစသည့် လက္ခဏာများပေါ်လွင်နေသော ဈေးကွက်ကို အလေးထားကြသည် (ဟောတွန် ၁၉၉၅၊ ၆)။

## နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာပြောင်းလဲမှုများ၊ လူမျိုး၊ ဘာသာပေါင်းစုံ နိုင်ငံသားဖြစ်ခွင့်

နိုင်ငံသားဖြစ်ခွင့်နှင့် ပိုင်ခွင့်များဆိုင်ရာ မျက်မှောက်ခေတ်ဝေဖန်ဆွေးနွေးမှုများက နိုင်ငံသားတစ်ဦးသည် သက်ဆိုင်ရာနောက်ခံအခြေအနေများနှင့် ဆက်စပ်မှုမရှိဘဲ ရပိုင်ခွင့်များကိုခံစားနိုင်သည်ဟူသော အယူအဆကို မေးခွန်းထုတ်လာကြသည်။ ၁၉၈၀ ပြည့်နှစ်များမှစတင်၍ နိုင်ငံသားဖြစ်မှုအယူအဆနှင့်ပတ်သက်နေသော သိသာထင်ရှားသည့် အချေအတင်ငြင်းခုံရာနယ်ပယ်တစ်ခုပေါ်ထွက်လာခဲ့ပြီး လူမျိုး/ဘာသာမျိုးစုံ အတူယှဉ်တွဲနေထိုင်မှု အယူအဆ၊ လူ့အဖွဲ့အစည်းအတွင်း လူမျိုးစုတစ်မျိုးတည်းသာမက ရှိနေမှု၊ ထွေပြားနေမှုများ၊ ကွဲပြားခြားနားနေမှုများစသည်တို့သည် နိုင်ငံသားဖြစ်မှုကို ပြန်လည်ကောက်ချက်ချသည့်လုပ်ငန်းအတွက် ထင်ရှားသိသာသည့် ရည်ညွှန်းကိုးကားစရာ စကားရပ်များ ဖြစ်လာခဲ့သည်။ ဤပြိုင်ဆိုင်မှု၏ လက်တွေ့အကျိုးဆက်သည်ကား နိုင်ငံသားဖြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိဟု ယခင်က ယူဆထားသော ကွဲပြားမှုများနှင့်ပတ်သက်သည့် အမှန်တရားကိုဖော်ထုတ်လာနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ လူတစ်ဦးချင်းအကြားတွင်ရှိနေသည့် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှုများကို အလေးဂရုပြုပြီး နိုင်ငံအတွင်းရှိ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် လက္ခဏာ

တစ်ရပ်ကို တည်ဆောက်ရင်း ဘာသာရေး၊ လူမျိုးရေး၊ ဘာသာစကားဆိုင်ရာ ကိုယ်ပိုင်လက္ခဏာများကို ဟန်ချက်ညီညီ တစ်ဖက်တစ်လမ်းမှ လုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံသားဖြစ်မှုကို ပြန်လည်သတ်မှတ်ရန် ကြိုးပမ်းမှုများ ကြီးထွားလာလျက်ရှိသည်။ လူမျိုးစုံ၊ ဘာသာစုံ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် လူနည်းစုပိုင်ခွင့်အယူအဆများကို မျက်မှောက်ခေတ်တွင် ဒီမိုကရေစီတန်ဖိုးများအဖြစ် တိုင်တည်ကိုးကားလျက်ရှိကြပေရာ ယဉ်ကျေးမှုဆိုင်ရာ အသိုင်းအဝိုင်းများက မွေးရာပါအခွင့်အရေးများအဖြစ် တောင်းဆိုလာနိုင်ပြီး အမျိုးသားနိုင်ငံရေးနယ်ပယ်တွင် တရားမျှတမှုရှိသည့် အခွင့်အရေးသတ်မှတ်ချက်များကို ထည့်သွင်းပေးရန် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်လာကြသည်။ နိုင်ငံသားဖြစ်မှုဆိုင်ရာ အယူအဆဘောင်အတွင်းရှိ ဤဩဇာကြီးမားသော မျိုးကွဲအယူအဆသည် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှုများကို မြတ်နိုးတန်ဖိုးထားပြီး မိမိတို့၏ယဉ်ကျေးမှုဇာစ်မြစ်ကို ထိန်းသိမ်းထားရင်း အားလုံးကိုလွှမ်းခြုံသည့် လက္ခဏာတစ်ရပ်ကို ပုံသွင်းရန် ကြိုးစားနေကြသည့် ဒီမိုကရေစီအခြေခံသော နိုင်ငံသားဖြစ်မှု၏ အဓိကမဏ္ဍိုင်အဖြစ် လူမျိုးစုံ၊ ဘာသာစုံ အတူယှဉ်တွဲနေထိုင်မှုအယူအဆကို အသုံးချလိုသည်။

လူတန်းစားခွဲခြားမှုမရှိသော လူ့အဖွဲ့အစည်းအတွင်းရှိ လူဖြူအမျိုးသားများက (သူတို့အတွက် ရည်ရွယ်၍) စတင်အစပြုဖွင့်ဆိုထားသည့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သည့် အများနှင့်ဆိုင်သော ပိုင်ခွင့်များသည် အဆိုပါပိုင်ခွင့်များမှ ဖယ်ထုတ်ခြင်းခံထားရသည်ဟု ခံစားနေရသော လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကားအပေါ် အခြေခံ၍ဖွဲ့စည်းထားသည့် မြောက်မြားလှစွာသော အုပ်စုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်း မရှိဟု ခံစားမိကြသော အတွေးအခေါ်ပညာရှင်များက အခွင့်အရေးခွဲခြား



ပေးအပ်သည့် နိုင်ငံသားဖြစ်မှုအယူအဆကို တင်ပြလာကြသည်။ ပိုင်ခွင့်များပေးရာတွင် အဆိုပါကွဲပြားနေမှုများကို ဖုံးကွယ်ထားမည့်အစား နိုင်ငံသားများ၏ သီးသီးသန့်သန့် တည်ရှိနေသော မတူညီသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် ကြိုးပမ်းသင့်ကြောင်း သူတို့က အလေးပေးတင်ပြထားကြသည်။ တိုးပွားလာသောအတွေးအခေါ်ရှင်အချို့က တချို့သောအုပ်စုများ၏ အဖွဲ့ဝင်များကို တစ်ဦးချင်းအနေဖြင့်သာမက အုပ်စုတစ်စုအနေဖြင့်ပါ နေရာပေးသင့်ပြီး သူတို့၏ပိုင်ခွင့်များကို အုပ်စုအဖွဲ့ဝင်ဖြစ်မှုအပေါ် တစ်စိတ်တစ်ပိုင်းအခြေခံ၍ ပေးသင့်ကြောင်း၊ အိုင်းရစ်မာရီယွန်ယန်း (၁၉၈၅) ၏ "အဆင့်အတန်း ခွဲခြားထားသည့် နိုင်ငံသားဖြစ်မှု" မူကို လက်ခံကျင့်သုံးခြင်းဖြင့်သာလျှင် ယေဘုယျနိုင်ငံသားဖြစ်မှုတွင် ကွဲပြားခြားနားမှုရှိနေသည့် အုပ်စုများကို နေရာပေးလာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

လူတချို့က အခွင့်ထူးခံစားနေပြီး အခြားသူများက အဖိနှိပ်ခံနေရခြင်းကို ယန်းက ဆန့်ကျင်ဆွေးနွေးခဲ့ပြီး တစ်ဦးချင်းပုဂ္ဂိုလ်များသည် နိုင်ငံသားတစ်ယောက်အနေဖြင့် သူတို့၏သီးသန့်ဆက်နွယ်မှုများနှင့် အတွေ့အကြုံများကို ထားရစ်ခဲ့ပြီး အများလက်ခံထားသည့် သဘောထားအမြင်များကို လက်ခံရန်လိုအပ်ကြောင်း အခိုင်အမာပြောဆိုထားသည်။ အခွင့်ထူးခံများ၏ ရှုထောင့်အမြင်နှင့် ကိုယ်ကျိုးစီးပွားများကို အားဖြည့်ပေးမှုသည် စုထားမိသော လူထုအပေါ် လွှမ်းမိုးနေမည်ဖြစ်ပြီး အခြားအုပ်စုများကိုဘေးသို့ ရောက်သွားစေမည် သို့မဟုတ် နှုတ်ဆိတ်သွားစေမည်ဖြစ်သည်။

"လူမျိုး၊ ဘာသာပေါင်းစုံ အတူယှဉ်တွဲနေထိုင်သည့် လက်ရှိဘဝ" နှင့် လိုက်လျောညီထွေရှိစေရန်အတွက် သာနာညီမျှမှု အခြေခံမှုကို ပြင်ဆင်သတ်မှတ်ရန် ကြိုးပမ်းရာတွင် ဝီလ်ကင်မ်လီကာ (၁၉၉၆) က လူတစ်ဦး၏ အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်မှုနှင့် ယဉ်ကျေးမှု

ဆိုင်ရာ အဖွဲ့တစ်ဖွဲ့၏ အဖွဲ့ဝင်ဖြစ်မှုတို့က သူ့အတွက် အကျိုးနည်းမှု မဖြစ်စေဘဲ ယဉ်ကျေးမှုနှင့် အုပ်စုဆိုင်ရာကွဲပြားမှုကို လက်ခံနေရာ ပေးသော ကိုယ်စားပြုမှုနှင့် အဖွဲ့ဝင်ဖြစ်မှုဆိုင်ရာ မူဘောင်တစ်ခုကို သတ်မှတ်ပေးခဲ့သည်။ ထို့အပြင် သူက ယဉ်ကျေးမှုဆိုင်ရာ အသိုင်းအဝိုင်းများ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆုံတွေ့နိုင်မည့်နေရာတစ်ခု၊ ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်ပိုင်ခွင့်၊ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာပိုင်ခွင့်များအရ သတ်မှတ်ပေးထားသော တစ်ဦးချင်းပိုင်ခွင့်များ စသည်တို့ကို ရှာဖွေခဲ့သည်။

ဒီမိုကရေစီအခြေခံသော နိုင်ငံသားဖြစ်ခွင့် ဘောင်အတွင်း၌ လူမျိုးငယ်များနှင့် မျိုးနွယ်စုများ၏ တောင်းဆိုချက်များကို လိုက်လျောနေရာပေးနိုင်မည့် ဖော်ပြပါနည်းလမ်းများကို ကင်မ်လီကာက အကြံပြုတင်ပြထားသည်။ (က) လွတ်လပ်စွာ စုဝေးခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ အုပ်စုကွဲပြားခြားနားမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် နိုင်ငံရေးအဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်စသောတစ်ဦးချင်း၏ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ ပိုင်ခွင့်များကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောပိုင်ခွင့်များကို အကာအကွယ်ပေးခြင်း၊ (ခ) ဥပဒေကြောင်းအရနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထူးအစီအစဉ်များ ပြုလုပ်ပေးခြင်းဖြင့် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှုများကို လက်ခံနေရာပေးရန်ဖြစ်ပြီး သတ်မှတ်ထားသောအုပ်စုများအတွက် အထူးအခွင့်အရေးများကို အာမခံပေးခြင်း သို့မဟုတ် အုပ်စုအလိုက် သတ်မှတ်ပေးထားသော သို့မဟုတ် အုပ်စုအလိုက်ခွဲခြားပေးအပ်သောပိုင်ခွင့်များဟု ယန်း (၁၉၉၀) က ခေါ်ဆိုသည့် အခွင့်အရေးများကို အာမခံပေးရန်ဖြစ်သည် (ဘရက်ချာ ၂၀၀၀၊ ၉)။



အုပ်စုအလိုက် ခွဲပြားပေးအပ်သော ပိုင်ခွင့်များကို ကင်မ်လီကာက ပုံစံသုံးမျိုးခွဲခြားပြသထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ၊ မျိုးနွယ်ပေါင်းစုံ၏ ပိုင်ခွင့်များ၊ အထူးကိုယ်စားပြုခွင့်များ စသည်တို့ဖြစ်သည်။ ပိုမိုကျယ်ပြန့်သည့် နိုင်ငံ့နယ်မြေအတွင်းသို့ လူမျိုးငယ်များကို (များသောအားဖြင့် သူတို့ဆန္ဒမပါဘဲ) သွတ်သွင်းခဲ့စဉ်က သူတို့စွန့်လွှတ်ခဲ့ခြင်းမရှိကြောင်းပြောဆို၍ သူတို့ အခိုင်အမာတောင်းဆိုနေသည့် နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် လူမျိုးငယ်များ၏ နယ်မြေအလိုက် တရားစီရင်ပိုင်ခွင့်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်က အသိအမှတ်ပြုထားသည်။ ယင်းပိုင်ခွင့်များကို ပြည်နယ်များအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အထိုက်အလျောက်ပေးအပ်ထားသော ဖက်ဒရယ်လ်ပုံစံတွင် ထင်ရှားစွာတွေ့မြင်နိုင်သည်။

အထူးကိုယ်စားပြုခွင့်များက လူမျိုးနှင့် မျိုးနွယ်စုဆိုင်ရာ အုပ်စုများ၊ အမျိုးသမီးများ၊ ဆင်းရဲသားများ၊ မသန်စွမ်းသူများ စသော မျိုးနွယ်စုမဟုတ်သည့် အုပ်စုများ၏ စိတ်ပါဝင်စားမှုကို နှိုးဆွပေးသည်။ အဆိုပါအချက်က နိုင်ငံတော်၏ ဖွဲ့စည်းမှုပုံစံကို ပို၍ ဒီမိုကရေစီနည်းကျလာစေကာ ကိုယ်စားပြုခွင့်များ ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ပေရာ ဥပမာဆောင်ရလျှင် ဥပဒေပြုအဖွဲ့များတွင် လူမျိုးစုနှင့် မျိုးနွယ်စုငယ်များ၊ အမျိုးသမီးများ၊ ဆင်းရဲသားများ၊ မသန်စွမ်းသူများ၏ ကိုယ်စားပြုခွင့် ပိုမိုရရှိလာစေရန် ဆောင်ရွက်ပေးခြင်းမျိုးဖြစ်သည်။

လူမျိုးပေါင်းစုံ၏ပိုင်ခွင့်များသည် ပြည်ပမှလာရောက် အခြေချနေထိုင်လာကြသည့် လူမျိုးအုပ်စုများအတွက် သတ်သတ်မှတ်မှတ်ပေးအပ်ထားသည့် ပိုင်ခွင့်များနှင့် သက်ဆိုင်နေပေရာ ယင်းအခွင့်အရေးများက ပြောင်းရွှေ့အခြေချနေထိုင်သူများသည် သူတို့၏

မျိုးနွယ်ဆိုင်ရာ အမွေအနှစ်များကို မေ့ပျောက်ပစ်ပြီး တည်ဆဲယဉ်ကျေးမှုများနှင့် အလေ့အထများကို လက်ခံကျင့်သုံး၍ တစ်သားတည်းနေထိုင်ရေးဟူသော "အင်္ဂလိပ်ဓလေ့နှင့် လိုက်လျောညီထွေနေထိုင်ရေးမူ" အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပေသည်။ ပထမပိုင်းတွင် အဆိုပါပိုင်ခွင့်များသည် ပင်မရေစီးကြောင်း အသိုင်းအဝိုင်း၏ခွဲခြားဆက်ဆံမှု သို့မဟုတ် ဘက်လိုက်ဆက်ဆံမှုတို့ကို စိုးရိမ်စရာမလိုဘဲ သူတို့၏ထူးခြားချက်များနှင့် ကွဲပြားခြားနားမှုများကို ထုတ်ဖော်ခွင့်တောင်းဆိုသည့် ပုံစံဆောင်နေခဲ့သည်။ သို့သော်လည်း မျိုးနွယ်အုပ်စုများသည် အဆိုပါပိုင်ခွင့်များကို တိုးချဲ့လာကာ ခွဲခြားဆက်ဆံမှုများကို အမြစ်ပါမကျန် သုတ်သင်ပစ်ရန်နှင့် ထူးခြားသည့်အုပ်စုများအဖြစ် ဆက်လက်ရှင်သန်ရေးကို ထိန်းသိမ်းကာကွယ်ရန်တို့အတွက် အစိုးရကအကာအကွယ်ပေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုစုပျိုးထောင်ပေးခြင်းစသည့် ထိရောက်သောလုပ်ငန်းများ ဆောင်ရွက်ပေးရန် တောင်းဆိုလာကြသည်။ အချို့သောလူမျိုးနှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများက လူမျိုးစုဆိုင်ရာ အသင်းအဖွဲ့များ၊ မဂ္ဂဇင်းများ၊ ပွဲလမ်းသဘင်များစသော ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းစဉ်များကို ပြည်သူ့ဘဏ္ဍာဖြင့် အထောက်အပံ့ပေးရန် တောင်းဆိုမှုများ ပြုလုပ်လာကြသည်။ အငြင်းပွားဖွယ်အဖြစ် တောင်းဆိုချက်များသည် သူတို့၏ ဘာသာရေးကျင့်စဉ်များကို အကြောင်းပြု၍ သူတို့ကို ဆိုးကျိုးဖြစ်စေသော ဥပဒေလုပ်ထုံးလုပ်နည်းများမှ ကင်းလွတ်သည့် တောင်းခံလာခြင်းဖြစ်ပေရာ ဥပမာအဖြစ်တင်ပြရသော် ဗြိတိန်ရှိဂျူးများနှင့် မွတ်စလင်များက တနင်္ဂနွေပိတ်ရက်မှ ကင်းလွတ်ခွင့်ပြုရေး၊ အမေရိကန်ပြည်ထောင်စုရှိ ဂျူးများက စစ်မှုထမ်းဆဲကာလတွင် ဂျူးလူမျိုးများ၏ ဘာသာရေးအခမ်းအနားများတွင်ဆောင်းသော ဦးထုပ်ကိုဆောင်းခွင့်



ပြုရေး၊ ဗြင်သစ်နှင့် ဗြိတိန်ရှိ မွတ်စလင်မိန်းကလေးများက ကျောင်းဝတ်စုံစည်းကမ်းမှ ကင်းလွတ်ခွင့်ပေးပြီး ခေါင်းအုပ်ပုဝါ သို့မဟုတ် ခေါင်းနှင့် အထက်ပိုင်းဖုံးအုပ်နိုင်သည့် ပုဝါကိုဝတ်ဆင်ခွင့်ပြုရေးစသော တောင်းဆိုချက်များ ဖြစ်ကြသည်။

## ကျမ်းကိုးစာရင်း


၁။ ရက်ပ်တီမစ်ရှရာ၊ သုတေသနပညာရှင်၊ ဥပဒေနှင့် အုပ်ချုပ်မှုဆိုင်ရာ လေ့လာရေးဗဟိုဌာန၊ ဂျေအင်န်ယူ။
၂။ မန်နစ်ရှကူးမား၊ လက်ထောက်ပါမောက္ခ၊ နိုင်ငံရေးသိပ္ပံဌာန၊ ရမ်လားအာနန်ကောလိပ်၊ ဒေလီတက္ကသိုလ်။
၃။ ရှန့်မန်နီ၊ သုတေသနပညာရှင်၊ ဥပဒေနှင့် အုပ်ချုပ်မှုဆိုင်ရာ လေ့လာရေးဗဟိုဌာန၊ ဂျေအင်န်ယူ။
၄။ ဒေါက်တာတပန်ဘစ်ရှဝါးလ်၊ တွဲဖက်ပါမောက္ခ၊ နိုင်ငံရေးသိပ္ပံဌာန၊ အက်စ်အိုအယ်လ်၊ ဒေလီတက္ကသိုလ်။
၅။ ဒေါက်တာဘစ်ဝါရမ်ဂျန်မိုဟန်တီ၊ လက်ထောက်ပါမောက္ခ၊ နိုင်ငံရေးသိပ္ပံဌာန၊ အက်စ်ဂျီဒီပီခါလ်စာ ကောလိပ်၊ ဒေလီ တက္ကသိုလ်။




## စာကြည့်တိုက်တွင်သုံးရန်


တိုက်ပိုင်

၃၂၃.၆
အုပ်

အုပ်ချုပ်မှုနှင့် နိုင်ငံသားဖြစ်မှု/ ရက်ပ်တီမစ်ရှရာ ... [နှင့် အခြား]၊
တည်းဖြတ်သူ တာပန်ဘစ်ရှဝါးလ်၊ ဘာသာပြန်သူ တင်မောင်သန်း (ရွာမ)။
- - ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၁၇။
၂၃၂ စာ၊ ၁၉ စင်တီ။ - - (စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်)
၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု ဘာသာပြန်စာပေ ပထမဆုရစာအုပ် ဖြစ်ပါသည်။
၁။ နိုင်ငံသားဖြစ်မှု
(၁) မစ်ရှရာ၊ ရက်ပ်တီ
(၂) ဘစ်ရှဝါးလ်၊ တာပန်၊ တည်းဖြတ်သူ
(၃) တင်မောင်သန်း (ရွာမ)၊ ဘာသာပြန်သူ
(၄) စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်